www.burmeseclassic.com

ချောက်ချောက်ချားချား ပရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

ယင်းတိုက်တာဆွေ ငစနေ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

သက်မင်းဂျူလိုင် - ယင်းတိုက်တစ္ဆေခေနေ

**မီခဥ်ာသူ** ဦးအောင်ရိုး(မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၅၉၀၄၀၉

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၂၉၀၅၀၉

ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ်(၆၃)၊ သြဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)

အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၀၉၊ ဇွန်လ။

အုပ်ရေ/ တန်ဖိုး - ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး - **ခုနှစ်စဉ်ကြယ်စာပေ**

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ရန်ကုန်။ ဖုန်း- ၃၇၉၄၄၀

၈၉၅ ၈၃

သက်မင်းဂျူလိုင်

ယင်းတိုက်တစ္ဆေခေနေ / သက်မင်းဂျူလိုင် - ရန်ကုန်။

သိန်းမင်းစာပေ ၊ ၂၀၀၉ ။

၃၄၇ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ယင်းတိုက်တစ္ဆေခေနေ

BURMESE CLASSIC .com

# ယင်းတိုက်တစ္ဆေခေနေ

သက်မင်းဂျူလိုင်

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာဥဒါန်း

ဒေါသနဲ့ . . . အငြိုးတရား . . .
မိုးထားတဲ့ဓားတစ်စင်းအောက်က . . .
မကြေတဲ့အမုန်း . . .
ဆုံးရှုံးသွားခဲ့တဲ့နှလုံးသားများစွာအတွက် . . .
သံသရာအဆက်ဆက် . . .
ဘဝတွေ . . . အဆက်ဆက် . . .
ဘယ်ဘဝ . . . ဘယ်ကမ္ဘာ . . . ဘယ်နေရာရောက်ရောက်
ယုတ်မာကောက်ကျစ်တဲ့ သင်းတို့ကို . . .
လက်စားချေဒဏ်ခတ်ဖို့ . . .
ငါ့ရဲ့ သစ္စာသွေးနဲ့ . . .
ငါကိုယ်တိုင်ရေးထိုးခဲ့တယ် . . .။

(ယင်းတိုက်တစ္ဆေငစနေ)

# အပိုင်း (၁)

## ၁၉၄၅ခုနှစ်... တစ္ဆေတစ်ကောင်နိဒါန်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## သင်္ချိုင်းထဲက...တစ္ဆေတစ်ကောင်

သန်းခေါင်ယံ လမိုက်ည ...။

မိုးရိပ်မိုးငွေ့များကို မြှောက်အိုးသယ်ဆောင်လာသည့် မိုးသက်မုန်တိုင်းက တဝေါဝေါ တဖျောဖျောနှင့် တိုက်ခတ်လျက်။

ထို့ကြောင့် လမိုက်ညသည် ... လမိုက်ညသက်သက်မဟုတ်တော့ဘဲ မိုးသံလေသံများနှင့်အတူ အုံ့သင်းဖွဲ့လျက် ကမ္ဘာမြေပြင်ကို အမှောင်နက်နက်ထဲသို့ တရကြမ်းတွန်းပို့နေလေသည်သို့။

ညဉ့်ဦးယံကတွေ့မြင်မိခဲ့သော မိုတ်တုတ် မိုတ်တုတ်ကြယ်ရောင်မွဲမွဲကလေးများသည်ပင် ဘယ်ကမ္ဘာသို့ ထွက်ပြေး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားကြလေပြီမသိတော့ ...။

အနောက်တောင်အရပ်ဆီမှ တရိပ်ရိပ်နှင့် တလိပ်လိပ် တက်လာကြသည့် မိုးသားမိုးရိပ်များက သန်းခေါင်ယံညဉ့်လယ်ကို ပိုမိုပိန်းပိတ်နက်ရှိုင်းအောင်နက်နက်မှောင်စေခဲ့ပြီထင့် ...။ ဖြစ်တည်ဆဲလောကကြီးတစ်ခုလုံးအား ဘာဆိုဘာမှမမြင်ရ။

ထိုထိုသော ... ဘာမှမမြင်ရသည့် နက်ရှိုင်းလှသော အမှောင်ထဲကြီးထဲမှာပင် တဝေါဝေါနှင့်တိုက်ခတ်နေသည့် မိုးသက်လေပြင်းကြောင့် တစ္ဆေကောင်၏လက်တံရှည်ကြီးများကဲ့သို့ ဟိုသည်ယိမ်းခါလှုပ်ယမ်းနေကြသော ... သစ်ပင်သစ်ကိုင်း။ သစ်ခက်သစ်ရွက် မည်းမည်းရိပ်ရိပ်တို့ကိုလည်း လျှပ်ရောင်အပြက်တွင် တွေ့မြင်လိုက်ရသည်။

ဟုတ်သည် ...။

လမိုက်ည၏ ကောင်းကင်တစ်ခွင်လုံး ... လျှပ်စီးရောင် တဝင်းဝင်း တလက်လက်၊ မိုးခြိမ်းသံတို့က ဆင့်ကဲ ဆင့်ကဲ၊ လေနီကြမ်းတို့က အော်မြည်ဟစ်ယမ်းကြမ်းတမ်းနေကြဆဲ ...။

'ဂျိမ်း .. ဒိန်း .. ဒလိမ်း ..'

'ဂျွမ်း .. ဖြန်း .. ဖြန်း .. ဂျွမ်း ..'

ကမ္ဘာမြေပြင်ကြီး၏ တစ်နေရာရှိ သင်္ချိုင်းဇရပ်ပျက်ကြီးတစ်ခု၏ ခေါင်မိုးမှ သံချက်များပြုတ်ထွက်နေသည့် သွပ်ချပ်အပျက်အစီးများက မိုးသက်လေပြင်းကြောင့် တဂျွမ်းဂျွမ်း တဖြန်းဖြန်းနှင့် ရိုက်ခါနေကြသည်။ ရဲဖန်ရံခါ ငြိမ်သွားတော့မယောင်





နှင့် ဝေါခနဲ ဖျောခနဲ ... ဆောင့်၍ ဆောင့်၍ ... မွှေ့ယမ်းသွားသည့် လေသရမ်းနှင့်အတူ မိုးစက်မိုးပေါက်တို့ကလည်း ခပ်ကြမ်းကြမ်းပင် ရွာချလာခဲ့သည်။

ထို့အတူ ...

အချိန်ကာလကလည်း မြန်မာပြည်တွင်းသို့ ဖက်ဆစ်ဂျပန်များ စစ်ဖိနပ်သံခပ်ကြမ်းကြမ်းနှင့် စစ်ဦးဘီလူးဝင်ရောက်စီးနင်းခဲ့သဖြင့် 'နေမဝင်အင်ပါယာကြီး၏အရှင်သခင်များ' ဟု ကမ္ဘာအလယ်တွင် လေကျယ်ခဲ့သော ဗြိတိသျှအင်္ဂလိပ်တပ်မကြီးသည်ကား ရေစီးတစ်ခါရေသာတစ်လှည့်ဟူသော သင်္ခါရသဘောကို မလွန်ဆန်နိုင်တော့ဘဲ မြန်မာပြည်မှ ကစဉ့်ကလျားဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြပါသည်။

၁၉၄၂ခုနှစ်၊ မတ်လတွင် ဖက်ဆစ်ဂျပန်များက ရန်ကုန်မြို့ကြီးအား စစ်အင်အားအလုံးအရင်းနှင့် ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး အချုပ်အခြာအာဏာကို ရယူလိုက်သည်။ ထို့နောက် ခြောက်လ ကျော်ခန့်အတွင်းမှာပင် ... မြန်မာတစ်ပြည်လုံးကို လုံးဝ သိမ်းပိုက်နိုင်ခဲ့ပါလေ၏။ ထိုမှတစ်ဆင့် ... ဂျပန်တို့သည် မြန်မာပြည်တစ်ဝန်းအား စီရင်စု၊ မြို့နယ်၊ မြို့မ၊ ကျေးရွာ ... စသည်ဖြင့် နိပ္ပန်အုပ်ချုပ်ရေးစနစ်ဖြင့်အုပ်ချုပ်၍ အရှေ့အာရှ သာတူညီမျှရေးဝါဒကို အသံကောင်းဟစ်ကာ ကြွေးကြော်ခဲ့သည်။ ထိုသည်နောက်မှာတော့ နယ်ချဲ့ဖက်ဆစ်ဂျပန်တို့၏ ရက်စက်မှုဒဏ်၊ စစ်၏ဆိုးဝါးလှသော ဒဏ်ရာဒဏ်ချက်များကို မြန်မာတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



သားလုံး ခါးသီးဆိုးဝါးစွာ ခံစားခဲ့ကြရပါတော့သည်။

ထိုသို့သော အချိန်ကာလတွင် ...

ရှမ်းပြည်နယ်နှင့် မြန်မာပြည်နယ်စပ်တို့ကို ပိုင်းဖြတ်ကာရံထားဟန်တူသည့် ... ဆီဘူးကွဲတောင်၊ ကျောက်ပုံတောင်၊ နွယ်လှိုင်းတောင်ကြောတို့နှင့် ထိစပ်နေသော ... ယင်းတိုက်တောင်ကြောကြီးတစ်ပိုက်မှာတော့ သန်းခေါင်ယံညဉ့်အမှောင်မှာပင် မိုးသက်လေပြင်းက တဝေါဝေါနှင့် တိုက်စစ်ဆင်နေပါလေ၏။

နံနက်လင်းအားကြီးပိုင်းသို့ ရောက်လာသည့်အခါမှာတော့ တစ်ညဉ့်လုံး သဲသဲမဲမဲရွာသွန်ချခဲ့သော မိုးသည် မောပန်းနွမ်းလျသွားလေပြီထင့် ... ခပ်ကျဲကျဲရွာသွန်းလျက်ရှိရာမှ အတန်ငယ်ကျဲပါးစပြုလာပါသည်။ ထိုအချိန်တွင် ... ဂျပန်စစ်ဗိုလ်တစ်ယောက်ဦးစီးသည့် ဂျပန်စစ်သားခြောက်ယောက်နှင့် စကားပြန်တစ်ယောက်အပါအဝင် မြန်မာသုံးယောက်တို့သည် သေတ္တာကြီးတစ်လုံးကိုထမ်း၍ ယင်းတိုက်ရွာကြီးကို ကျောခိုင်း၍ ထွက်လာခဲ့ကြသည်။

သစ်ရိပ်ဝါးရိပ်များနှင့် မည်းမှောင်နေဆဲဖြစ်သည့် မိုးရိပ်မိုးသားများကြောင့် အမှောင်ထုကမှ နက်ရှိုင်းစွာကြီးစိုးမင်းမူထားဆဲပါပင် ...။ ဂျပန်စစ်ဗိုလ်တစ်ယောက်ဦးစီးသည့် လူတစ်စုသည် ယင်းတိုက်တောင်တန်းကြီးရှိရာသို့ ဦးတည်သွားနေကြခြင်းဖြစ်သည်။ ယင်းတိုက်ရွာကြီးနှင့် ယင်းတိုက်တောင်တန်းကြားတွင်





ရှေးယခင်က သုံးစွဲခဲ့ကြဟန်တူသော သချိုင်းပျက်ကြီးတစ်ခုလည်း ရှိပါသေး၏။ ယင်းတိုက်တောင်ကြောကိုသွားလိုလျှင် ထိုသချိုင်းဟောင်းပျက်ကြီးကို မလွှဲမသွေဖြတ်သန်းသွားရမည်ဖြစ်ပါ၏။

မိုးလေငြိမ်သက်သွားပြီဖြစ်ပါသော်လည်း လျှပ်စီးပြက်သံ၊ မိုးခြိမ်းသံများကမူ တစ်ချက် တစ်ချက် ... ထွက်ပေါ်လျက်ရှိပါသေးသည်။ ရံဖန်ရံခါ မည်းမှောင်နေသည့်ကောင်းကင်ပြင်တွင် အစင်းကြောင်းကြီး လင်းလက်ကာ ... ဂျုံးဂျုံးဂျိုင်းဂျိုင်းမြည်ဟည်းသွားလေ့ရှိသဖြင့် ဂျပန်စစ်သားများနှင့် အထမ်းသမားများမှာ ထိတ်ထိတ်လန့်လန့်နှင့် ခရီးနှင်နေရပါသည်။ လက်နှိပ်ဓာတ်မီးနှစ်လက်ပါသည့်တိုင်အောင် ဂျပန်စစ်ဗိုလ်ကြီးက ... မသုံးရဟု အမိန့်ထုတ်ပြန်ထားသဖြင့် လျှပ်ရောင်ကိုသာ အားပြုလျက် ယင်းတိုက်တောင်သို့ ဦးတည်၍သွားနေကြပါတော့သည်။

မကြာမီ မိုးမှောင်မှောင်၊ လမှောင်မှောင်တွင် သချိုင်းမြေပုံများ၊ မှတ်တိုင်ငုတ်ထိုးထိုးထောင်ထောင်များနှင့် အုတ်ဂူအပျက်အစီးများ၊ နွယ်ငန်းပင်ရှည်ချုံနွယ်ကြီးများ ကြီးစိုးမင်းမူရာ သချိုင်းပျက်ကြီးဆီသို့ ရောက်ရှိလာခဲ့ကြပါ၏။

မည်သည့်ခုနှစ်ကတည်းက တည်ရှိနေခဲ့ပြီး ... မည်သည့်အချိန်တွင် ပျက်သုဉ်းခဲ့လေသည်မသိသော သချိုင်းဇရပ်အိုကြီးကမူ သစ်ကြီးဝါးကြီးများပိတ်ဖုံးလုမတတ်ရှိနေသည့် ကုန်းမြေထက်တွင် မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးတစ်ကောင် ငုတ်



www.burmeseclassic.com

www.burmeseclassic.com



တုတ်ငိုက်မျဉ်းနေသကဲ့သို့ ထီးထီးကြီးတည်ရှိနေပါသည်။

သန်းခေါင်ယံလောက်က လေရောမိုးပါ သဲသဲမဲမဲချထားသဖြင့် သင်္ချိုင်းဇရပ်အိုကြီး၏နေရာအချို့တွင် မိုးရေတို့ဖြင့် ရွှဲနစ်လျက်ရှိပါ၏။

ထိုအခိုက် ဂျပန်စစ်ဗိုလ်က စကားပြန်ကို ဘာပြောလိုက်သည်မသိ ...စကားပြန်က သေတ္တာကြီးတစ်လုံးကိုထမ်းလာကြသည့် မြန်မာအထမ်းသမားများကို ဇရပ်ပျက်ကြီးတွင်ခေတ္တနားခိုခွင့်ပြုလိုက်သည်။

"ဒီ ...သင်္ချိုင်းဇရပ်ပျက်ကြီးမှာ ဆယ်မိနစ်လောက်နားကြမယ်ဟေ့"

"ဟင် ...ဒီ ...ဒီမှာ နား ...နားမယ် ...ဟုတ်လား"

လေးပင်လှသော သေတ္တာကြီးတစ်လုံးကိုချ၍ နားခွင့်ပေးလိုက်သည့်တိုင် မြန်မာအထမ်းသမားနှစ်ယောက်က ...သင်္ချိုင်းဇရပ်ပျက်ကြီးတွင် ခေတ္တနားခိုကြရမည်ကို မျက်လုံးပြူး မျက်ဆံပြူးနှင့်သွေးပျက်ချောက်ချားနေကြသည်သို့ ...

"အေးလေ ...ဂျပန်စစ်ဗိုလ်က နင်တို့ကိုသနားလို့ ခဏနားခွင့်ပေးလိုက်တာလေ၊ ဘာလဲ ...မနားချင်ဘူးလား ...ဒါဆိုရင် ဆက်သွားကြမယ်လေ"

"အာ ...မ ...မ ...မ ...မဟုတ် ..ပါ ..ဘူး၊ နား ...နား ..ချင် ..ပါတယ် ,...ဒါ ...ဒါပေမဲ့ ..ဒီ





..ဒီနေရာက ...ဟို ...ဟို ...ယင်း ...ယင်းတိုက်တစ္ဆေကောင်ကြီး ..ရှိတယ် ..လို့သတင်းကြီး ..နေတဲ့ ..သင်္ချိုင်း ..ကြီး ..မို့ ..ပါ"

"ဘာလဲ ...ယင်းတိုက်တစ္ဆေ ...ဘာတစ္ဆေလဲ ...ဘာတစ္ဆေသရဲကောင်တွေဖြစ်ဖြစ် ဂျပန်တွေရဲ့ သေနတ်ကျည်ဆန်ကြားမှာ ပြားသွားစေ့ရမယ် ...ဟွန်း ...ရှုပ်ပါ့ကွာ ...တကယ့်သတ္တိရှင်ကြီးတွေကိုမှ ခေါ်လာခဲ့မိတယ်လို့"

ကျောက်ပေါက်မာသဲ့သဲ့နှင့် ဂျပန်စကားပြန်လူရွယ်က မြန်မာအထမ်းသမားများကို အော်ဟစ်ပြောဆိုနေခိုက် ...ဂျပန်စစ်ဗိုလ်က ခေါင်ငင်နေသဖြင့် ဇရပ်ပျက်ကြီး၏အလယ်သို့ ရောက်ရှိသွားသည်။ ဇရပ်ပျက်ကြီး၏အလယ်တွင် ရေးဟောင်းအုတ်ချပ်များနှင့် အဖုအထစ်ပြုလုပ်ထားသည့် အလောင်းစင်တင်ရာ တလားစင်မြင့်တစ်ခုရှိနေပါ၏။ ထိုတလားစင်မြင့်ထက်တွင် ဂျပန်စစ်ဗိုလ်က ဖောင်တိန်ခန့်ရှိသော လက်နှိပ်ဓာတ်မီးအသေးစားလေးနှင့် စစ်သုံးမြေပုံတစ်ချပ်ကို သဲသဲမဲမဲ ကြည့်နေသည်။

တစ်ညလုံးရွာနေသည့်မိုးက ကျဲပါးသွားပြီဖြစ်သော်လည်း တစ်ချက် တစ်ချက် ...ဆောင့်၍ ဆောင့်၍ ...တိုက်ခတ်လာသောလေပြင်းဒဏ်ကြောင့် သင်္ချိုင်းဇရပ်ပျက်ကြီးမှ သွပ်ချပ်များက တဂျွမ်းဂျွမ်း တပြန်းပြန်းနှင့် ...။

ထိုစဉ်မှာပင် ...

"ဟင်း ..အင်း ..ဟင်း ..အင်း ..ဟီး ..အီး



www.burmeseclassic.com

www.burmeseclassic.com



ညည်းညူသံကြီးတစ်ခုက မိုးသက်လေကြမ်းနှင့်အတူ သင်္ချိုင်းဇရပ်ပျက်ကြီးဝန်းကျင်တွင် တဟင်းဟင်းနှင့်ကြားလိုက်ရသည်မို့ ဂျပန်စစ်ဗိုလ်နှင့် စကားပြန်တို့သည်ပင် ခေါင်းထောင်ကြည့်လိုက်ကြသည် ...။

''ဘာသံကြီးလဲဟ ... လူတစ်ယောက်ညည်းညူနေတဲ့အသံမျိုးပဲ''

''ဟိုင်း ... ခူးရကား ... ဘာဂဲရိုး''

တစ်ချိန်တည်းမှာပင် သင်္ချိုင်းဇရပ်ပျက်ကြီးမှာ တစ်စုံတစ်ယောက်က ဆွဲကိုင်လှုပ်ယမ်းလိုက်သကဲ့သို့ တဂျွမ်းဂျွမ်းတဖြန်းဖြန်းနှင့် ယမ်းခါသွားပြန်ပါ၏။

'ဂျွမ်း .. ဂျွမ်း .. ဖြန်း .. ဒုံး'

မတ်တတ်ရပ်နေသည့် ဂျပန်စစ်သားနှစ်ယောက်နှင့် စကားပြန်တို့ပင် ဇရပ်ပေါ်တွင်ယိမ်းယိုင်သွားကြသဖြင့် အနီးရှိတိုင်လုံးများကိုကိုင်ကာ ခန္ဓာကိုယ်များကို ထိန်းမတ်လိုက်ကြရသည်။ ထိုအခိုက် ...

''အား ... ဟို ... ဟို ... ဟိုမှာ ... ယင်း ... ယင်းတိုက် ... တ ... တ ... တစ္ဆေ''

''အား ... အီး''

မြန်မာအထမ်းသမားနှစ်ယောက်၏ကြောက်လန့်တကြားဟစ်အော်သံကြီးများကြောင့် ဂျပန်စစ်ဗိုလ်နှင့် ဂျပန်စစ်သားများ လှမ်း၍ကြည့်လိုက်ကြသည်။





''ဟာ ... ဘိရှုမာ ... ခူးရကား''

''ဟား''

သူတို့တွေ့မြင်လိုက်ရသည်ကတော့ ... ချုံနွယ်များနှင့် ထိစပ်ရှုပ်ထွေးနေသည့် ဇရပ်ပျက်အိုကြီး၏ နောက်ဘက်ခြမ်းရှိ ဇရပ်တာလက်ရန်းပေါ်တွင် ယိမ်းထိုးလှုပ်ယမ်းနေသည့် အရိပ်မည်းသဏ္ဌာန်ကြီးတစ်ခု ...။

လက်မြန်ခြေမြန်ရှိသည့် ဂျပန်စစ်သားနှစ်ယောက်တို့က လက်ထဲမှသေနတ်များဖြင့် အရိပ်မည်းကောင်ကြီးကို ပစ်ခတ်ရန် ချိန်ရွယ်လိုက်သည်နှင့် ...

'ဝုစ် .. ဝုစ် ..'

'ဖောင်း .. ဖောင်း'

''အင့် ... အား''

အရိပ်မည်းသဏ္ဌာန်ရှင်ကြီးထံမှ လျှပ်ပြက်သကဲ့သို့ ပြေးထွက်လာသည့်အရာများက ဂျပန်စစ်သားနှစ်ယောက်အား ထိမှန်သွားကာ ခွေခနဲ လဲကျသွားကြသည်။ မမျှော်လင့်ဘဲ ရုတ်တရက်ရောက်ရှိလာသည့်အန္တရာယ်ကြောင့် ဂျပန်စစ်ဗိုလ် ကြောင်အမ်းအမ်းဖြစ်သွားသည်။ သတိရ၍ သူ၏ဂျပန်စစ်သားများအား အမိန့်ပေးရန်ပြင်လိုက်တော့ သင်္ချိုင်းဇရပ်ဝရန်တာထက်တွင် ... အရိပ်မည်းကြီး မရှိပါလေတော့။ အမှောင်နက်ထဲတွင် ပျောက်ကွယ်သွားခဲ့ပါချေပြီကော ...။

''သတိထား မာစတာ ... ရန်သူဟာ အနားမှာပဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်''

''ဟုတ် ... ဟုတ်တယ် ... အဲ ... အဲဒါ ... ယင်းတိုက်တစ္ဆေကောင်ကြီးပဲ ကိုကျောက်ဒိုး၊ ဒီ ... ဒီသချိုင်းဇရပ်ပျက် ... ကြီးကနေ ... အမြန်ဆုံးခွာမှ ... ဖြစ်မယ်''

ကျောက်ပေါက်မာသက်သက်နှင့် စကားပြန်ကျောက်ဒိုးဆိုသူအား မြန်မာအထမ်းသမားတစ်ယောက်က ... ကြောက်ကြောက်လန့်လန့်နှင့်ပြောပြနေပါ၏။ စကားပြန်ကျောက်ဒိုးမှတစ်ဆင့်ကြားသိလိုက်ရသော သတင်းစကားကြောင့် ဂျပန်စစ်ဗိုလ်နှင့် ဂျပန်စစ်သားများမှာ သူတို့၏သေနတ်များကို အသင့်ပြင်လျက် ဘာမှမမြင်ရသည့်အမှောင်ထဲကြီးထဲသို့ ချိန်ရွယ်ထားလိုက်ကြသည်။

ထိုအခိုက် ...

'ဝုစ် .. ဖောင်း'

''အင့်''

'ဒိုင်း'

'ဒိန်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း'

အမှောင်ထုကြီးထဲမှ လျှပ်ပြက်သလိုပြေးဝင်လာသည့် အရာတစ်ခုက ဇရပ်ပျက်ကြီးထောင့်မှ ဂျပန်စစ်သား၏လည်တိုင်အား ဖောက်ခနဲထိမှန်သွားသည်။ ဂျပန်စစ်သား၏လက်ထဲမှ သေနတ်က မောင်းပြုတ်၍ သေနတ်သံတစ်ချက်ထွက်သွားသည်နှင့် ဆက်တိုက်ဆိုသလို ထွက်ပေါ်လာသော သေနတ်သံများက





သချိုင်းဇရပ်ပျက်ကြီး၏ အရှေ့ဘက်ဦးကို ဆူညံစွာပဲ့တင်ရိုက်ခတ်သွားပါလေတော့သည်။

တစ်ချိန်တည်းမှာပင် ဝင်းခနဲ ပြက်ခနဲလျှပ်ရောင်နှင့်အတူ ဝေါခနဲတိုက်ခတ်၍ပြေးဝင်လာသည့် မိုးသက်လေကြောင့် မိုးရေစက်တချို့ ဂျပန်စစ်သားများထံ လွင့်ပျံစဉ်ကျလာကြသည်။

''ဘီရမာ ကျောက်ဒိုး ... ဘယ်မှာလဲ ... ဘာတွေဖြစ်ကုန်ပြီလဲ''

ဂျပန်စစ်ဗိုလ်မှာ ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေကြောင့် ပစ္စတိုသေနတ်ကြီးကိုဆုပ်ကိုင်လျက် သူ၏စကားပြန်ကျောက်ဒိုးကို အော်ဟစ်ခေါ်ငင်နေပါ၏။ ယခုဆိုလျှင် သူ့အနီးတွင် ဂျပန်တပ်ကြပ်ကြီးတစ်ယောက်သာ ကျန်ရစ်တော့သည်မဟုတ်ပါလား။ ဟုတ်သည် ... စောစောက ရုတ်ရုတ်သဲသဲဖြစ်နေချိန်တွင် မြန်မာအထမ်းသမားများမှာ ကြောက်လန့်တကြားဖြင့် ထွက်ပြေးသွားခဲ့ကြသည်။ သချိုင်းဇရပ်ပျက်ကြီး၏ ကြမ်းပြင်ထက်မှာတော့ ဂျပန်စစ်သားငါးယောက်တို့၏ သက်မဲ့အလောင်းများက ဟိုတစ်စု သည်တစ်စု ... ပြန့်ကြဲလျက်။

''ဒီမှာပါ မာစတာ ... ထွက်ပြေးတဲ့ကောင်တွေနောက်ကို ပြေးလိုက်တာ မမီလိုက်ဘူး မာစတာ''

''တော်ပြီ ... မလိုက်နဲ့တော့ ... ဒီဇရပ်ပျက်ကြီးကနေ အခြေအနေကြည့်ပြီး ထွက်ကြမယ်၊ နင်နဲ့ တပ်ကြပ်ကြီး ရာမဒါ သေတ္တာထမ်းခဲ့ကြ''



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်ဗိုလ်၏စကားကြောင့် စကားပြန်ကျောက်ဒိုးစိတ်ပျက်သွားပါ၏။ မိုးထဲလေထဲ ညမှောင်မှောင်ထဲမှာပင် ယင်းတိုက်တစ္ဆေခေါ် . . . မမြင်ရသည့် ကိုယ်ပျောက်တစ္ဆေကောင်ကြီးကြောင့် အသက်နှင့်ခန္ဓာကိုယ်မြဲမြဲနေစေရေးအတွက် အသည်းအသန်ကြိုးစားရုန်းကန်နေရသည့်ကြားမှ ပစ္စည်းဥစ္စာဖက်တွယ်ရှုးသွပ်နေသေးသည့် ဂျပန်စစ်ဗိုလ်ကြောင့် ကျောက်ဒိုးခမျာ သက်ပြင်းမောကြီးကိုသာ ချလိုက်ပါတော့သည်။

နောက်ဆုံး မတတ်သာတော့သဖြင့် တပ်ကြပ်ကြီးရာမဒါနှင့် ကျောက်ဒိုးတို့နှစ်ယောက်သား သေတ္တာကြီးကို ထမ်းပိုးရန်ပြင်လိုက်ကြစဉ် . . .

''မထမ်းကြနဲ့ . . . ချထားခဲ့''

သံချိုင်းဖရုပ်ပျက်ကြီးထောင့် အမှောင်ရိပ်ဆီမှ တားဆီးဟန့်တားသံကြီးကိုကြားလိုက်ကြရသဖြင့် . . . သူတို့အားလုံး အံ့အားသင့်သွားကြစဉ် . . ဂျပန်စစ်ဗိုလ်က အသံကြားရာသို့ ပစ္စတိုသေနတ်နှင့်လှမ်းပစ်လိုက်သည်။

'ဒိုင်း'

ဝုစ် . . ဖောင်း'

''အင့်''

အမှောင်ထဲမှ ပြေးထွက်လာသော ဝုစ်ခနဲအသံတစ်ခုနှင့်အတူ ဂျပန်စစ်ဗိုလ်၏လက်ထဲမှ ပစ္စတိုသေနတ်လွင့်စဉ်ကျသွားပါ၏။ ထို့အတူ သေနတ်ကိုင်လက်တစ်ဖက်လုံးလည်း ထုံကျင်သွားသည်။





ထိတ်လန့်တကြားနှင့် လှမ်းကြည့်လိုက်တော့ စောစောက ပျောက်ကွယ်သွားသည့် အရိပ်မည်းတစ္ဆေကောင်ကြီးကို သူတို့ရှေ့တွင် ဘွားခနဲမြင်တွေ့လိုက်ရပါတော့သည်။

တစ်ချိန်တည်းမှာပင် . . . ဝင်းခနဲနှစ်ချက်ဆက်၍ ပြိုးပြက်သွားသည့် လျှပ်ရောင်တွင် အရိပ်မည်းကောင်ကြီးနှင့် သူ၏ညာလက်တွင်ဆုပ်ကိုင်ထားသော တစ်တောင်နှစ်ပြန်ခန့်ရှည်သည့် လုံးချောချောတုတ်တိုတစ်ချောင်းကို ဖျတ်ခနဲ မြင်တွေ့လိုက်ရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယမြောက်ရှင်သန်နိုးထလာသူ . . သို့မဟုတ် . . .

အရှေ့တစ်ခိုမှ အရုဏ်ဦးရောင်နီက ပျို့အံစပြုလာပါ သည်။ သို့သော် . . . သစ်ကြီးဝါးကြီးများဖြင့် အုံဆိုင်းညို့မှိုင်းနေသည့် သချိုင်းဇရပ်ပျက်အိုကြီးဝန်းကျင်မှာတော့ အမှောင်နှင့်အလင်းတို့က နယ်လုစစ်ခင်းနေကြဆဲ . . .။

ထိုအတူ . . .

သချိုင်းဇရပ်ပျက်အိုကြီးအတွင်းမှာလည်း ဂျပန်စစ်ဗိုလ်က သူ၏ခါးမှ ကင်ဒိုဓားရှည်ကြီးကို ရှမ်းခနဲဆွဲထုတ်လိုက်သလို အရိုပ်မည်းကောင်ကြီး၏ အဝေးပစ်တိုက်ခိုက်လိုက်ခြင်းကြောင့် လက်နက်မဲ့ဖြစ်သွားကြသည့် ဂျပန်တပ်ကြပ်ကြီးနှင့် စကားပြန်





ကျောက်ဒိုးတို့ကလည်း စစ်သုံးဓားမြှောင်ကိုယ်စီနှင့် အရိပ်မည်းကြီးကိုရင်ဆိုင်ကြရန် စစ်ခင်း၍စောင့်နေကြပါ၏။

တစ်ချက် တစ်ချက် . . . ပြိုးပြက်သွားသည့်လျှပ်ရောင်ကြောင့် အရိပ်မည်းကောင်ကြီး၏မျက်နှာတစ်ပိုင်းတစ်စကို မြင်တွေ့လိုက်ရသည်။ သို့သော် ရှည်လျားစွာဝဲကျနေကြသည့် ဆံပင်ရှည်ကြီးများကြောင့် သေချာသဲကွဲစွာမူ မတွေ့မြင်ကြရပါ။ အမည်းရောင်ရင်စေ့အင်္ကျီနှင့် ရှမ်းဘောင်းဘီရှည် အညိုရောင်တို့ကြောင့် အရိပ်မည်းတစ္ဆေတစ်ကောင်နှင့် မြင်တွေ့နေရခြင်း ဖြစ်သည်။

ထူးဆန်းသည်မှာ . . . သဏ္ဍာန်ရှင်၏ စူးရှလင်းလက်သောမျက်လုံးအစုံနှင့် ညာလက်တွင်ကိုင်တွယ်ထားသည့် တစ်တောင်နှစ်ပြန်ခန့်ရှည်သည့် လုံးချောချောတုတ်တိုတစ်ချောင်းက . . . ပေါက်တော့မည့် မြွေဟောက်တစ်ကောင်နှယ်။

''မင်း . . . ဘယ်သူလဲ''

''မင်းတို့ရဲ့သေမင်း . . . လို့ မင်းရဲ့မာစတာကြီးကို ပြောပြလိုက်''

ကျောက်ဒိုးနှင့်အမေးအဖြေလုပ်နေစဉ်မှာပင် ဂျပန်စစ်ဗိုလ်က စိတ်မရှည်နိုင်တော့ပြီထင့် . . . လက်ထဲမှ ကင်ဒိုဓားကြီးနှင့် အရိပ်မည်းတစ္ဆေကောင်ကို ဒေါသတကြီး ခုတ်ပိုင်းချလိုက်သည်။ ကင်ဒိုဓားကြီးက လျှပ်ရောင်အောက်တွင် လင်းလက်ပြိုးပြက်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်ဗိုလ်၏ဓားချက်ကို အရိပ်မည်းရှင်က ခြေတစ်လှမ်းမျှ ကိုယ်ကိုယို့ကာ လက်ထဲမှဝါးကျစ်လိမ်တုတ်တို့နှင့် ပြန်ပက်လိုက်သည်။

'ဝုစ် ..ဝုစ် ..ထန်း ..'

တစ်ချိန်တည်းမှာပင် ...ဂျပန်တပ်ကြပ်ကြီးရာမဒါက သူ၏ဓားမြှောင်ကြီးဖြင့် အရိပ်မည်း၏နောက်ကျောအား ဝိုက်၍ထိုးလိုက်သည်။ သို့သော် ..တပ်ကြပ်ကြီးမှာ လေကိုသာ ထိုးမွှေ့မိသည်။ အရိပ်မည်းကြီးကမူ သူ၏ရှေ့တွင်မရှိတော့။ မကြာမီ ...တဝီဝီနှင့်အော်မြည်သံကြီးကိုကြားလိုက်ရသဖြင့် ဖျတ်ခနဲလှည့်ကြည့်လိုက်ရာ အရိပ်မည်းသည် ညာလက်တစ်ဖက်တည်းဖြင့် တစ်တောင်နှစ်ပြန်မျှသာရှိသည့် တုတ်တိုကို မွှေ့ယမ်းနေသည်ကို တွေ့မြင်လိုက်ရပါ၏။

'ဝီ ..ဝီ ..ရွှီ ..ရွှီ ..ဝီ ..ဝ်'

ဤကဲ့သို့သော တုတ်ကွက်များကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသဖြင့် ဂျပန်စစ်ဗိုလ်နှင့်တပ်ကြပ်ကြီးတို့မှာ ကြောင်ငေး၍ကြည့်နေမိကြသည်။ တုတ်လေမွှေ့သံ၊ ... အပြင်ဘက်မှ မိုးထစ်ချုန်းသံ၊ မိုးသက်မုန်တိုင်းတိုက်ခတ်နေသည့်အသံများနှယ် တဝိုးဝိုးအော်မြည်လျက်ရှိသည်။ တုတ်မွှေ့သံကြောင့် ပစောက်ပုံသဏ္ဍာန်ခြေခင်းကာဓားမြှောင်နှင့်ထိုးရန်ဟန်ပြင်နေသည့် တပ်ကြပ်ကြီးရာမဒါ၏လက်ထဲမှ ဓားမြှောင်သည် တုတ်မွှေ့ဝှေ့ယမ်းနေသည့် လေဝဲဂယက်ထဲသို့ စုပ်၍ပါသွားတော့သည်။ လွန်စွာမှ





လျင်မြန်လွန်းလှပါ၏။ ဂျပန်တပ်ကြပ်ကြီးရာမဒါ၏ စစ်သုံးဓားမြှောင်ကြီးသည် သချိုင်းဇရပ်ပျက်အိုကြီး၏ ခေါင်တိုင်ထုပ်တန်းတွင် ... ဒုတ်ခနဲစိုက်ဝင်ကာ ဓားမြှောင်ရိုးက ယမ်းခါလျက်ရှိသည်ကို အံ့ဩစွာတွေ့မြင်လိုက်ကြရပါတော့သည်။

"ဟာ ...ဘယ်လိုလဲဟ"

"ဟိုင်း ...ယား"

ဂျပန်စစ်ဗိုလ်မှာ အရိပ်မည်းကြီး၏ အံ့မခန်းတုတ်သိုင်းပညာရပ်ကြောင့် အရမ်းကာရောမဝင်တော့ဘဲ ...ကင်းခြေများကဲ့သို့ ခြေကိုရွှေ့ကာ ကင်ဒိုဓားကြီးကြီးကွ... ်ဖြင့် တရစပ်မွှေ့၍ဝင်သည်။ ကင်ဒိုဓားရှက်သည် ပိတုန်းကောင်ကဲ့သို့ တဝီဝီအော်မြည်ရင်း ...ဓားရင်း၊ ဓားဖျားပင်ရွေး၍ မရစကောင်းတော့။ ပတ်ကာမွှေ့ကာဖြင့် ဝင်ရောက်လာသည့် ဓားချက်များသည် အောက်ခြေမှလည်းကောင်း၊ ခါးလယ်မှလည်းကောင်း၊ ခါးနှင့်ခေါင်းကို မလွတ်စတမ်းဖိ၍ဝင်လာသဖြင့် ...အရိပ်မည်းကြီးမှာ ကိုယ်ကိုယို့၍ လိမ်၍ပတ်ရှောင်သည်။

'ဝုစ် ..ဝုစ် ..ဝုစ် ..ဝုစ် ..'

'ဘန်း ..'

'ဝို ..ဝို'

သို့သော် ...ဂျပန်စစ်ဗိုလ်၏ ကင်ဒိုဓားစက်ကွင်းသည် အလယ်မှဖြတ်၍ ဓားဦးထိုး၍ ဝင်လာသဖြင့် ရှောင်ရတိမ်းရခက်၏။ ရုံဖန်ရုံခါ ...တုတ်တိုပင့်ရိုက်ချက်ကြားမှပင် ဓားသွားက



www.burmeseclassic.com

www.burmeseclassic.com



အရိပ်မည်းကြီး၏လည်မျိုကိုဖောက်ကာ သွေးသောက်တော့မည့်ကဲ့သို့ . . . ။

တစ်ကြိမ်တွင် . . . အရိပ်မည်းကြီးက ဂျပန်စစ်ဗိုလ်၏ ကင်ဒိုဓားစက်ကွင်းထဲမှ လွှားခနဲခုန်ထွက်လိုက်သည်။ ပြီးလျှင် သူ၏တုတ်တိုကိုသာ ဘယ်ဖြတ်၍ညာတင်လိုက်သည်။ ထို့နောက် မြွေလိမ်နည်းဖြင့် ဖြတ်ရိုက်၊ မွှေ့လိမ်၊ ဇောက်ရုတ်စသည့် မြန်မာ့ပညာစစ်စစ်တုတ်ခင်းသာအတတ်ကို ပီပီပြင်ပြင်အသုံးချကာ ဂျပန်စစ်ဗိုလ်၏ ကင်ဒိုဓားကွက်ကို ချေဖျက်ပစ်လိုက်သည်။ ပြီးသည်နှင့် အရိပ်မည်းကြီးက ခြေခင်းကိုရှေ့တင်ကာ ဘယ်လက်ပြန်နှင့် တုတ်ဦးကိုခပ်ပြင်းပြင်းလှည့်၍ ခတ်ဆတ်ဆတ်ရိုက်လိုက်ရာ ဂျပန်စစ်ဗိုလ်၏ကင်ဒိုဓားရှည်ကြီး လွင့်ကျသွားပါလေ၏။

'ဝှစ် . . ထောက်'

''အင့် . . . ဟာ''

တစ်ချိန်တည်းမှာပင် အရိပ်မည်း၏ပတ်ဝင်လာသည့် တုတ်ချက်က ဂျပန်စစ်ဗိုလ်၏ အကာအကွယ်မဲ့နေသော နံစောင်းဆီသို့ လှစ်ခနဲပြေးဝင်သွားသည်နှင့် . . .

'ဝှစ် . . ဘုန်း'

''အီး . . . အား''

ဂျပန်စစ်ဗိုလ်၏နံရိုးနှစ်ချောင်းကျိုးဝင်၍ အတွင်းသို့ စိုက်ဝင်သွားသည့်အသံကို အရိပ်မည်းကောင် ကြားလိုက်ရသည်။ ဂျပန်စစ်ဗိုလ်ကမူ နံစောင်းကိုလက်ဖြင့်အုပ်ကာ မတိုးမကျယ်





ညည်းညူရင်း ဇရပ်ကြမ်းပြင်ထက်သို့ ဒူးညွတ်ခွေကျသွားပါတော့သည်။

တိုက်ပွဲမှာ မရှည်ကြာလှပါ . . . ငါးမိနစ်သာသာခန့်သာ ကြာမြင့်မည်ထင်ပါ၏။ လောဘဇောတက်နေသည့် ဂျပန်စစ်ဗိုလ်ခမျာ . . . သူမက်မောတွယ်တာလှသော သေတ္တာကြီးရှေ့တွင် မျက်လုံးကြီးပြူးထွက်လျက် ငြိမ်သက်လျက်ရှိပါချေပြီတည်း။ ဂျပန်စစ်ဗိုလ်၏အနိဋ္ဌာရုံအဖြစ်ဆိုးကို မြင်တွေ့လိုက်ကြရသည့် ဂျပန်တပ်ကြပ်ကြီးနှင့် စကားပြန်ကျောက်ဒိုးမှာ . . . ဇရပ်ပျက်ကြီးပေါ်မှ ဒရောသောပါး ပြေးဆင်းသွားကြသည်။

သို့သော် . . . နှစ်ယောက်သား ခြေလှမ်းဆယ်လှမ်းပင် မပြည့်တတ် . . . နောက်ဘက်မှပြေးဝင်လာသော ဝါးကျစ်လိမ်တုတ်တိုက ဦးခေါင်းနှစ်ဝ ၏ဦးဆက်များကို ခွမ်းခနဲ ခွမ်းခနဲ . . . ရိုက်ခွဲသွားပါတော့သည်။

အပြင်မှာတော့ နံနက်ခင်း၏နေ့သစ်တစ်ခုသည် မှောင်ရိပ်အကြွင်းအကျန်များကိုဖယ်ရှင်းလျက် အလင်းစတချို့ကို ကြဲဖြန့်ကာ တိုးဝှေ့ဝင်ရောက်စပြုနေပါပြီ။ တစ်ညလုံး မိုးဒဏ်လေဒဏ်အောက်တွင် အလူးအလဲခံစားနေရသည့် သချိုင်းဇရပ်ပျက်အိုကြီးကမူ နံနက်အရုဏ်၏အလင်းရောက်ပိုးတဝါးအောက်တွင် ငြိမ်သက်ကိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ပါတော့သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## သွေးမုန်တိုင်းမီးလျှံကြားမှ ...ဥဿာန်တစ္ဆေ

ယင်းတိုက်တောင် ...။

ဆီဘူးကွဲတောင်၊ ကျောက်ပုံတောင်၊ နှယ်လှိုင်းတောင်တို့နှင့်တစ်ဆက်တည်း တစ်ကြောတည်းတည်ရှိနေသည့် မြင့်မားသီခေါင်လှသည့်တောင်မြင့်မြင့်ကို ... ယင်းတိုက်တောင်ဟု ခေါ်စမှတ်ပြုကြသည်။

ဆိုရပါမူ ... ဆီဘူးကွဲတောင်မှ အစချီ၍ ယင်းတိုက်တောင်တွင်အဆုံးသတ်သွားသည့် ညို့ဆိုင်းပြာမှောင်၊ မြူဆိုင်းမြူထွေး၊ တောင်ငွေ့ဝေဝေ၊ နှင်းထွေထွေ အထပ်ထပ်ရစ်ပတ်သိပ်သည်းလျက် တောအထပ်ထပ်၊ တောင်အနိမ့်အမြင့်ကြားမှ ချောင်း





များချောင်းပေါက်အဖြစ်ခံယူကာ ... ဒုဋ္ဌဝတီမြစ်အတွင်းသို့ စီးဝင်ခဲ့ကြသော မြစ်ငယ်ချောင်းငယ်တို့မှ ပေါက်ဖွားလာသည့် ရေတံခွန်ကြီးတစ်ခု ...။

ထိုရေတံခွန်ကြီးက ကျောက်တုံးကျောက်လွှာအဆင့်ဆင့်ကိုကျော်ဖြတ်လျက် တဝေါဝေါနှင့် စဉ်ဆက်မပြတ်စီးကျနေသည်မှာ သံစဉ်မဲ့ ခပ်ပြင်းပြင်းရုရုတေးသွားတစ်ပုဒ်နှယ်။ ရေတံခွန်ကြီး၏အောက်ခြေမှာတော့ တဝုန်းဝုန်းဖြင့်စီးကျနေသည့် ရေအလျင်အဟုန်ကြောင့် ရေစက်၊ ရေမှုန်ရေမွှား၊ ရေခိုးရေငွေ့တို့က လွင့်စဉ်ဝေ့ဝဲလျက် ...။

ထွက်ပြူစနေခြည်အလင်းတန်းနှင့် ရေစက်ရေမှုန်တို့ ထိခတ်ပေါင်းစည်းမှုတို့ကြောင့် ထွက်ပေါ်လာသည့် လှပသောသက်တံရောင်စဉ်တန်းလေးများကလည်း ရောင်စုံလက်ဖြာလျက်ရှိပါ၏။ ရေတံခွန်အောက်ခြေရှိ ရေအိုင်ကြီးမှတစ်ဆင့် ယှက်ဖြာစီးဆင်းကျနေသည့် ချောင်းရေစီးသံလေးများကလည်း သံစဉ်မညီညာသော တေးသွားတစ်ပုဒ်ကို ဟစ်ကြွေးရင်း ကျောက်တုံးကျောက်ဆောင်များကို တို့ထိရိုက်နမ်း၍ စီးဆင်းသွားကြပါ၏။

ပစ္စက္ခ၏ မြင်မြင်သမျှအရာအားလုံးသည် ယင်းတိုက်တောင်၏ သဘာဝအလှပန်းချီကားကြီးတစ်ချပ်နှယ်ပါတည်း။ ထိုသက်မဲ့သဘာဝအလှပန်းချီကားချပ်ထဲမှ သက်ရှိလူသားတစ်ဦး၏ပုံရိပ်ကလည်း နံနက်ခင်းနေခြည်အလင်းတန်းများအောက်တွင် ပျော်ဝင်နစ်မြုပ်လျက်ရှိသည်။

ခ နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည် . . . တဝေါဝေါ တဝုန်းဝုန်းအော်မြည်လျက် အရှိန်အဟုန်ပြင်းစွာစီးကျနေသည့် ရေတံခွန်ကြီးအောက်ခြေရှိ . . . ရေအိုင်ကြီးထက်ဝယ် ကျောက်တန်းကြီးတစ်ခုနှယ် ထိုးထွက်နေသည့် ကျောက်စွယ်တန်းကြီးထက်၌ တင်ပျဉ်ခွေထိုင်လျက် . . . ပိဘိ . . . ကျောက်ရုပ်တစ်ရုပ်နှယ် ငြိမ်သက်စွာတည်ရှိနေပါလေ၏။

ခန္ဓာကိုယ်အပေါ်ပိုင်း အကျီဗလာကျင်းထားသည်မို့ ညိုမောင်းသောအသားအရေ၊ ကျစ်လျစ်သန်စွမ်းသောခန္ဓာကိုယ် အချိုးအစားနှင့် အသက်နှစ်ဆယ်ကျော်စွန်းစွန်းခန့်ရှိသော လူရွယ်တစ်ယောက်၏ငြိမ်သက်မှုသည် ရှေးဟောင်းဂရိလူမျိုးတို့၏ ထုဆစ်ထားသည့် ပန်းပုရုပ်တုတစ်ခုနှယ်ပါတည်း။

လူရွယ်၏ခန္ဓာကိုယ်တစ်ခုလုံးတွင် လှုပ်ရှားမှုဆို၍ ဟူးဟူးရားရားတိုက်ခတ်နေသော လေရူးကြောင့် လွင့်ပျံလှုပ်ရှားနေကြသည့် ဆံနွယ်ရှည်ကြီးများကသာ ခပ်ရိုင်းရိုင်း လွင့်နေကြပါ၏။

မကြာမီ မှိုင်းညိုညို့တောင်စဉ်တောင်တန်းများထက်မှ နေလုံးနီနီကြီးက တစ်စ တစ်စ . . . မြင့်တက်လာခဲ့ပါသည်။ နေလုံးနီနီကြီးကို လူရွယ်၏စူးရှလင်းလက်သော မျက်လုံးအစုံက မမှိတ်မသုန်နှင့် စူးစူးနစ်နစ်ကြည့်နေသည်မှာ အရုဏ်ဦးကတည်းကပင် ဖြစ်ပါ၏။

ထန်းတစ်ဖျားကျော်ကျော်ခန့်မြင့်တက်လာသည့် စူးရှသောနေခြည်တန်းများက ညိုမောင်းစိုလင်းသော အသားအရေ၊ ခြေတံလက်ဆံ လုံးကျစ်သလောက် ဖုထစ်တင်းရင်းလျက်ရှိသော ရင်အုပ်ကြွက်သားက ကျားကျားလျားလျားနှင့်၊ မျက်နှာသွယ်သွယ်တွင် စူးရှလင်းလက်သော မျက်လုံး၊ ပိရိသေသပ်သော နှုတ်ခမ်းများနှင့် လုံးကျစ်သောပေါင်တံအောက်မှ ခြေသလုံးကြွက်သားထုမှာ တင်းပုတ်ဖုအလား ဖုထစ်မာကျောလျက်ရှိသည့် ခန္ဓာကိုယ်ပေါ်သို့ . . . စူးစူးရှရှထိုးကျနေပါလေ၏။

လူရွယ်၏ ဗဟိဒ္ဓိပြင်ပလက္ခဏာမှာ ပိဘိ ရောမကျောက်ဆစ်ရုပ်တုတစ်ခုကဲ့သို့ ငြိမ်သက်နေသည့်တိုင် . . အတွင်းအဇ္ဈတ္တနှလုံးသားမှာမူ အလျှံညီးညီးတောက်လောင်ဆူပွက်နေသည့် မီးတောင်ကြီးတစ်ခုလို . . . သို့မဟုတ် စကြဝဠာတစ်နံတစ်လျားထိတိုင် စူးရှအက်ကွဲစွာ ပွဲတင်ရိုက်ခတ်သွားတော့မလို ကမ္ဘာပျက်ခမန်း လှုးလွန့်ရုန်းကြွလျက်ရှိနေပါ၏။ ထိုအခိုက် . . .

သူ၏နှလုံးသားပေထက်အက္ခရာ၌ သစ္စာမဲ့သူ . . . သို့မဟုတ် လောကကြီးကို အနိဋ္ဌာရုံတို့နှင့်သွေးစွန်းစေခဲ့သူ၏ ပုံရိပ်သဏ္ဌာန်ကြီးက အာရုံတွင်းသို့ အတင်းထိုးဖောက်ဝင်ရောက်လာသည်နှင့် . . .

လူရွယ်မှာ သူ၏ညာလက်အနီးတွင် အဆင်သင့်ရှိနေသည့် 'တစ်တောင်နှစ်ပြန်' မျှရှိသည့် 'ဝါးကျစ်လိမ်ချည်တုတ်တို့'ကို လှစ်ခနဲဆွဲယူလိုက်ပြီး . . . မြားတစ်စင်း ကောင်းကင်ထက်သို့ ပစ်ခွင်းလိုက်သကဲ့သို့ ကျောက်စွယ်ကြီးထက်မှနေ၍ လေထဲသို့







www.burmeseclassic.com

www.burmeseclassic.com



ခုန်တက်သွားပါတော့သည်။

"ဟေး ... ဟိုင်း"

မာန်သွင်းအော်ဟစ်လိုက်သည့်အသံသည် တဝေါဝေါ ကျဆင်းနေသည့် ရေတံခွန်ကြီး၏ရေကျသံကိုပင် ရပ်တန့်သွားစေသည်လား။ ထို့အတူပင် ... ရင်ဘတ်ကြီးကိုဖောက်ခွဲကာ ထိုးခွဲထွက်လာသည့် လူရွယ်၏ အာခေါင်ခြစ်၍အော်ဟစ်ကြွေးဝါးသံကြီးက ... ဆီဘူးကွဲတောင်၊ ကျောက်ပုံတောင်၊ နွယ်လှိုင်းတောင်တို့နှင့် ယင်းတိုက်တောင်ကြီးများထိတိုင် ပဲ့တင်ရိုက်ခတ်မြည်ဟည်းသွားကြလေသည်သို့ ...။

ကျောက်စွန်းကြီးထက်သို့ လင်းယုန်ငှက်တစ်ကောင်နှယ် ပေါ့ပါးဖျတ်လတ်စွာ ပျံဝဲကျလာသည်နှင့် ညာလက်မှ ... ဝါကြိတ်လိမ်တုတ်တိုကို စကြာပုံလှည့်လိုက်သည်။ ညာလက်တစ်ဖက်တည်းဖြင့် တစ်တောင်နှစ်ပြန်မျှသာရှိသည့်တုတ်ကို စကြာပုံမွှေ့လိုက်သဖြင့် တုတ်မွှေ့သံသည် ... ရေတံခွန်ကြီးမှ ရေစီးကျသံ တဝုန်းဝုန်းကဲ့သို့ တဝီးဝီးတဝေါဝေါအော်မြည်နေပါ၏။

'ဝိုး ..ဝိုး ..ရွှီး ..ဝေါ ..ဝုန်း ..ဝုန်း'

ထိုအခိုက် ... လူရွယ်က တရစပ် လည်ပတ်မွှေ့ယမ်းနေသည့်တုတ်တိုကို ဖျတ်ခနဲဆွဲသိမ်းကာ ... ခြေနင်းကွက်ကို လေးကွက်လေးဌာန နဂါးလိမ်လျှောက်၍ အရပ်လေးမျက်နှာသို့ တရစပ်ရိုက်ချလိုက်သည်။ ခန္ဓာကိုယ်မှ ချွေးစက်ချွေးပေါက်များကလည်း နေရောင်အောက်တွင် ဖွာခနဲ ဖွာခနဲ လွင့်စဉ်ထွက်သွား





ကြသည်။

လူရွယ်ခင်းထားသည့် တုတ်တို၏အလျင်သည် စကြာလေဝဲဂယက်ကြီးထဲတွင် စုပ်၍ စုပ်၍ ပေါ်လာပြီး ကျင်းအနီးဝန်းကျင်ရှိ အရပ်လေးမျက်နှာမှာ ... သစ်ကိုင်း၊ သစ်ခက်၊ သစ်လက်တို့ အပိုင်းပိုင်းကျိုးပြတ်လွင့်စဉ်ကုန်ကြပါ၏။

'ဝိုး ..ဝိုး ..ဝှစ် ..ဝှစ် ..ဝှစ် ..'

'ဘုန်း ..ဝုန်း ..ဂျိုင်း ..ဝုန်း'

ထို့နောက် လူရွယ်သည် တုတ်တိုစကြာပုံပြန်မွှေ့၍ လှည့်ကာသိမ်းနှုတ်လိုက်ပြီး ...''စက္ကန္ဒတုတ္တ' တုတ်ခင်းအတတ်မှ အရပ်ရှစ်မျက်နှာသို့ စကြာပုံခြေကွက်ကို လွှန်းဖွင့်၍ရိုက်ပြလိုက်ပြန်သည်။ ထို ... ထူးဆန်းသော လွှန်းဖွင့်ရိုက်ချက်များကြောင့် သူ၏အောက်ရှိ ရေအိုင်ကြီးအတွင်းမှ ရေလုံးကြီးများမှာ ဝဲကတော့တိုး၍ ချာချာလည်လျက် ရေပန်းရေမွှားများကလည်း အရပ်ရှစ်မျက်နှာအနှံ့ လွင့်စဉ်ပြေးထွက်သွားပြီး ကမ်းစပ်သစ်ပင်ဝါးပင်များမှ သစ်ရွက်ဝါးရွက်များကို ကျိုးပြတ်ပြုတ်ကြွေစေခဲ့သည်။

တုတ်ရိုက်ချက်နှင့် အနီးဆုံးဆယ်လံကွာခန့်တွင်ရှိကြသည့် ကျောက်တုံးငယ်များ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားကြသည်။

လူရွယ်၏ ဝါးကျစ်လိမ်တုတ်သိုင်းအတတ်မှာ အံ့ဖွယ်သရဲ ရှိလှပါ၏။ ဝါးကျစ်လိမ်တုတ်၏ ဘယ်ညာစကြာလှည့်ပတ်မွှေ့သည့်အတိုင်း ... ရှေ့တိုးနောက်ငင်ပြုလုပ်နေသည့် လူ



www.burmeseclassic.com

www.burmeseclassic.com



ရွယ်၏သွင်ပြင်မှာ . . . အစွမ်းကုန် လောင်မြိုက်ဝါးမျိုတော့မည့် မီးတောက်မီးလျှံကြီးတစ်ခုနှယ် ယိမ်းထိုးလှုပ်ရှားနေပါလေ၏။

ထိုစဉ် . . . လူရွယ်၏ ရူးရူလင်းလက်သော မျက်လုံးအစုံတွင် သွေးပင်လယ်ကြီးကိုမြင်နေမိသည်။ ဆက်တိုက်ဆိုသလိုပင် . . . အနီဒြာရုံသွေးပင်လယ်ကြီးထဲမှ အော်ဟစ်ညည်းတွားသံများနှင့်အတူ လဲကျသေဆုံးသွားကြရှာသည့် ၊ သူ၏အဖေနှင့်အမေ။ ထို့နောက် သစ္စာမဲ့သူ၏ ဟားတိုက်ရယ်မောသံကြီးများ။

လူရွယ်မှာ အံကိုတင်းကျပ်စွာ ကြိတ်လိုက်သည်။ ပြီးလျှင် ဝါးကျစ်လိမ်တုတ်ကို ရွရွဆုပ်လျက် ဘယ်ညာဝှေ့ယမ်းလိုက်ပါ၏။ တဝီဝီနှင့်ပိတုန်းကောင်ကြီးများအော်မြည်သလို တုတ်ပတ်မွှေသံကြီးက ပေါ်ထွက်လာပြီး . . .

''ဟေး . . . ဟိုင်း''

အာခေါင်ခြစ်သံကြီးဖြင့် မာန်သွင်းဟစ်အော်ကာ . . . တုတ်တိုကို ဘယ်ညာဝှေ့လျက် . . . ဦးခေါင်းရစ်စိတ်ခွဲရိုက်နည်းအတိုင်း သူ၏ရှေ့မှ လူတစ်ဖက်ခန့်ရှိသော ကျောက်တုံးကြီးအား မိုး၍ရိုက်ချလိုက်ရာတွင် . . . ခြေနစ်ဖက်ကိုမြှောက်ခုန်လိုက်ကာ လေထဲတွင်လွှဲ၍ အားကုန်လွှဲရိုက်ချလိုက်သည်။

'ဖျောင်း . . ဘုန်း . . ဖျောင်း'

'ဝုန်း . . ဝွမ်း . . . ဝုန်း'

လျှပ်တစ်ပြက်အတွင်းမှာပင် ရိုက်ချက်ကို သုံးချက်ဆက်၍ရိုက်ချလိုက်သဖြင့် သုံးသံထွက်ကာ လူတစ်ဖက်စာခန့်ကြီးသော





ကျောက်တုံးကြီးမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားပါတော့သည်။ လက်အနေ၊ တုတ်အကျ . . . အားလုံးပိရိသေသပ်လှပြီး လေသံဝဲဂယက်က စုပ်တင်သွားသည်။

''ဟေး . . . အား''

လူရွယ်ကိုယ်တိုင်မှာလည်း ဝါးကျစ်လိမ်တုတ်ကို ကျောက်စွန်းပေါ်တွင်ထောက်ကာ ရှူးရှူးဝါးဝါးဟစ်အော်လိုက်သည့် နာကျင်ပေါက်ကွဲသံကြီးနှင့်အတူ ကျောက်စွန်းထက်သို့ ဒူးထောက်ကျသွားပြီး ခန္ဓာကိုယ်ကြီးတစ်ခုလုံး တဆတ်ဆတ်တုန်ခါနေပါတော့သည်။

ဖြစ်ပျက်လှုပ်ရှားမှုအစုစုတို့ကို အစမှအဆုံးတိုင် သစ်မြစ်ဆုံကြီးတစ်ခုပေါ်တွင် ထိုင်၍ကြည့်နေသည့် . . . ဒေါက်ခြာဆောင်းထားသော ရသေ့အိုကြီးက မြင်တွေ့နေရသည်။

လူရွယ်၏ နာကြည်းစွာကြုံးဝါးအော်ဟစ်လိုက်သည့် အသံနက်ကြီးကလည်း ရသေ့အိုကြီး၏ရင်ကို ထိရှကွဲကြေစေပါ၏။ သည်သို့သောမြင်ကွင်းမျိုးက . . . မြင်တွေ့နေကျမြင်ကွင်းဖြစ်သဖြင့် ရသေ့အိုကြီးအတွက်မူ ထူး၍မဆန်းတော့ပါ။

လူရွယ်၏ရင်ထဲတွင် နှစ်ပေါင်းများစွာတောက်လောင်နေခဲ့သော . . . အမုန်း၊ အငြိုး၊ အာဃာတ၊ ဒေါသ မီးတောက်မီးလျှံကြီးကမူ ယာယီအခိုက်တန့်မျှတော့ ငြိမ်သက်သွားပြန်ပြီ . . . ဟု ရသေ့ကြီးသုံးသပ်လိုက်ပါ၏။ ထို့အတူ . . . အင်အားကောင်းသော ဝိညာဉ်တစ္ဆေတစ်ကောင် သို့မဟုတ် . . . အမုန်း၊ အငြိုး



www.burmeseclassic.com

www.burmeseclassic.com

မီးတောက်ကြီးတစ်ခု ငြိမ်းသေထွက်ခွာသွားပြီဟုလည်း ရသေ့ကြီး ယူမှတ်လိုက်ပါလေတော့သည်။

ထို့နောက် ... ဆံပင်ရှည်ကြီးများ၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများ ရှည်လျားစွာရှိသော ရသေ့အိုကြီးမှာ ... ညာလက်မှ တောင်ဝေးတစ်ချောင်းကိုကိုင်ကာ လှုရွှယ်ရှိရာသို့ တဒေါက်ဒေါက်နှင့် လျှောက်လှမ်းလာနေပါ၏။ သူ၏ သစ်ခေါက်ဆိုးသင်္ကန်းမှာ နွမ်းဟောင်း၍ပင်နေသည်။ အချို့နေရာများတွင် သစ်ခေါက်ရောင်များပင် ဖျော့တော့လျက်ရှိပါ၏။

လှုရွှယ်၏အနားသို့ရောက်သည်နှင့် စိတ်ဓာတ်အင်အားဟူသမျှတို့ကို အစွမ်းကုန်ဖွင့်ထုတ်ပစ်လိုက်သဖြင့် အားပျော့နုံးခွေကျသွားဟန်တူသည့် လှုရွှယ်၏ပခုံးကို ဖက်သိုင်းကာ ကျောက်ဂူကြီးပေါ်မှ ဖြည်းညင်းစွာဆင်းသက်လာခဲ့ကြပါလေ၏။

ရှားပါးပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ‘စက္ကနှတုတ္တတုတ်ခင်း’ ဟုခေါ်သည့် အံ့မခန်းဖွယ်မြန်မာ့တုတ်ခင်းအတတ်ပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ကစားသွားခဲ့သော လှုရွှယ်၏အမည်မှာကား ... ...။

※ ※ ※





## အိပ်မက်သံသရာထဲမှ ...ဝိညာဉ်တစ္ဆေ

အချိန်မှာ နံနက်ဆယ့်တစ်နာရီကျော်ကျော်မျှသာ ရှိသေးသည်။ သို့သော် မိုးလုံးပြည့်မည်းမှောင်နေသည့် မိုးရိပ်မိုးသားများကြောင့် နေရောင်ကိုလုံးဝမမြင်ရချေ။ ထို့အပြင် မိုးသက်လေကလည်း တဟူးဟူးနှင့်တိုက်ခတ်နေသည်။ ဆီဘူးကွဲတောင်နှင့်ကျောက်ပုံတောင်ကြားရှိ ... မရဏာလျှိုကြီးထဲမှာတော့ ထူထပ်ပိတ်ဆီးလျက်ရှိသော တောရိပ်တောင်ရိပ်များကြောင့် ပို၍ မှိုင်းမှောင်နေပြီး ရာသီဥတုကလည်း စိမ့်နေအောင်အေးလှပါ၏။

သို့တိုင်အောင် ... တစ်ကုန်းကိုတက်၊ တစ်လျှိုကိုဖြတ်လာကြသည့် ဂျပန်ကင်ပေတိုင် ဗိုလ်မှူးကြီးဆာတိုးယာမနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဂျပန့်စစ်သားခြောက်ယောက်တို့မှာ . . . လက်နက်ကိုယ်စီကိုင်စွဲလျက် ချွေးတစိုစိုနှင့်ရှိနေပါလေ၏။ သူတို့အဖွဲ့နှင့်အတူ လိုက်ပါလာသည့် ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးဆာတိုးယာမ၏ အမဲလိုက်ခွေးကြီးကမူ ရှေ့ဆုံးမှ တက်ကြွရဲရင့်စွာ ပြေးလွှားတိုးဝင်လျက် . . .။

ထိုစဉ်မှာပင် . . . ဝုတ်ခနဲ အသံတိုတိုတုတ်တုတ်ပြုကာ အမဲလိုက်ခွေးကြီးမှာ ရှေ့ဆီမှပိတ်ဆို့ကာဆီးထားသည့် ဓနိတောကြီးထဲသို့ တိုးဝင်သွားသည်ကို တွေ့လိုက်ရသဖြင့် ဂျပန်ဗိုလ်မှူးကြီးဆာတိုးယာမမှာ ပြုံးလိုက်မိပါလေ၏။

“လုပ်လိုက်စမ်း ငါ့ရဲ့သူလက်ရုံးကြီးရေ . . . ဒီနေ့တစ်နေ့ သားကောင်ရဖို့ကတော့ နင့်ကိုပဲအားကိုးရတော့မလို ဖြစ်နေပြီ၊ ကိုင်း . . . တပ်ကြပ်ကြီးယာမာမိုတို . . . မင်းတို့အဖွဲ့ အသင့်ပြင်ထားကြတော့၊ ဒီကောင်ကြီးနောက်ကနေ လိုက်ကြမယ်”

ဂျပန်ဗိုလ်မှူးကြီးဆာတိုးယာမမှာ သူ၏ အမဲပစ်ရိုင်ဖယ်ကြီးကိုအသင့်ပြင်ရင်း ရှေ့မှ ဓနိတောကြီးထဲဝယ် ပျောက်ကွယ်လုလုနီးပါးမြင်တွေ့နေရသော အမဲလိုက်ခွေးကြီးကိုသာ မျက်ခြည်မပြတ်ကြည့်နေပါ၏။ ဟုတ်သည် . . .

သူ၏စိတ်ကို ကျေနပ်ပျော်ရွှင်သွားစေရန် ဖြည့်ဆည်းပေးမည့်သားကောင်တစ်ကောင်ကောင်သည် သူ၏ရှေ့ မရေမလှကြီးထဲဝယ် ရှိနေပြီဖြစ်ကြောင်း အမဲလိုက်ခွေးကြီး၏သွင်ပြင်





က ညွှန်ပြပေးနေသည်သို့ . . .။

ထို့နောက်မှာတော့ . . . ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးဆာတိုးယာမ ဦးစီးသော ဂျပန်စစ်သားအဖွဲ့မှာ အမဲလိုက်ခွေးကြီး တိုးဝင်ပျောက်ကွယ်သွားသည့် ဓနိတောကြီးဆီသို့ ခြေသံလုံလုံနှင့် ချီတက်လာခဲ့ကြသည်။ ရှေ့ဆုံးမှ . . . ဗိုလ်မှူးကြီးဆာတိုးယာမနှင့်ယှဉ်လျက် တပ်ကြပ်ကြီးယာမာမိုတို၊ နောက်ထပ် ဂျပန်စစ်သားနှစ်ယောက်ပါ ယှဉ်တွဲ၍ . . . ရှေ့လေးယောက် နောက်သုံးယောက် အစုခွဲ၍ ဓနိတောကြီးထဲသို့ သတိနှင့်တိုးဝင်လာခဲ့ကြပါ၏။ ဓနိတောဆိုသည်မှာ အောက်အရပ်ဘက်တွင် ဓနိကဲ့သို့ အိမ်မိုးရန်ဖက်တစ်မျိုးရရှိစေသည်။ ထန်းပင်၊ အုန်းပင်မျိုးမှ တစ်မျိုးအပါအဝင်ဖြစ်ပါ၏။

ဓနိတောပေါက်ရာနယ်မြေသည် အေးမြပြီး အမြဲထာဝစဉ်လိုလို စိမ်းစိမ်းစိုစိုရှိနေခြင်း၊ တောထူထပ်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများရောနှော၍ ပေါက်ရောက်နေသောကြောင့် ကျား၊ ကျားသစ်များသာမက . . . အခြားသောတောကောင်များပါ လက်မလွှတ်စတမ်း ခိုအောင်းနစ်သက်သော တောစိုတောမျိုး ဖြစ်ပါလေ၏။

သို့သော် . . . တောသတ္တဝါကြီးများအတွက် နေစရာ၊ မှီခိုစရာကောင်းလှသော်လည်း လူသားများအတွက်မူ အတားအဆီး၊ အရံအတားတစ်ခုလို ဖြစ်နေပါလေ၏။ အကြောင်းမှာ ဓနိဆူးသည် တစ်လက်မ၊ နှစ်လက်မခန့် ရှပ်၍ထိမိ၊ စူးမိခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်တက်လေသည်။

သူ၏အမဲလိုက်ခွေးကြီးကိုမှ ဂျပန်ဗိုလ်မှူးကြီးဆာကိုးယာမ . . . မမြင်ရပါလေတော့။ သို့သော် . . . ရှေ့မှနေ၍ ခနွန်းတောကြီးကိုတိုးဝင်နေသည့် တောတိုးသံကိုမူ ဗိုလ်မှူးကြီးဆာတိုးယာမ ကြားနေရသည်မို့ သေနတ်ကိုအသင့်ပြင်ကာ ကရွေ့ရွေ့တိုးဝင်လာခဲ့သည်။

မကြာမီ မနွန်းတောက ပါးလာပြီး . . . စင်ပြွမ်းပင်နှင့် သက်ကယ်တောတို့ရောနှောပေါက်နေသည့် တောပါးပါးအစပ်သို့ ဗိုလ်မှူးကြီးဆာတိုးယာမတို့ ရောက်ရှိလာခဲ့ကြပါ၏။ သစ်ပင်ကြီး ဝါးပင်ကြီးများကိုလည်း တွေ့မြင်နေရသည်မို့ ဒုက္ခပေးသည့် ခနွန်းတောကြီးကို အောင်မြင်စွာကျော်ဖြတ်နိုင်ပြီဟု တွေးနေစဉ်မှာပင် . . .

''ဂွဲ''

ဂွဲခနဲအော်မြည်ကာ ကြောက်လန့်တကြားနှင့် ကောင်းကင်ယံထက်သို့ ထိုးကာပျံသန်းသွားသည့် လင်းမြီးဆွဲငှက်တစ်ကောင်၏အော်သံကြောင့် ဂျပန်ဗိုလ်မှူးကြီးဆာတိုးယာမနှင့် တပ်ကြပ်ကြီးယာမာမိုတိုတို့က . . . အသံထွက်ပေါ်လာရာဘက်သို့ သေနတ်ပြောင်းဝများကို လှည့်လိုက်ကြသည်။

ဗိုလ်မှူးကြီးဆာတိုးယာမနှင့် အမဲပစ်ထွက်နေကျဖြစ်သည့် တပ်ကြပ်ကြီးယာမာမိုတိုမှာလည်း ချက်ဆို နားခွက်ကမီးတောက်ခဲ့သူပီပီ အဆင်သင့်ပစ်ခတ်ရန်အတွက် ရိုင်ဖယ်ဒင်အားသူ၏ပခုံးဆီသို့ နေရာချထားလိုက်သည်။ ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးဆာတိုးယာမပင် သူ၏ညာလက်ညှိုးကို ရိုင်ဖယ်မောင်းကွင်းပေါ်၌ ဖိကပ်လျက် လတ်တလောပစ်ခတ်နိုင်ရေးအတွက် အသင့်ပြင်ထားလိုက်ပါ၏။

ထိုစဉ် . . .

''ဝုတ် . . ဝုတ်''

သူ၏အမဲလိုက်ခွေးကြီးဟောင်သံကြားရာဘက်သို့ ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးဆာတိုးယာမတို့အဖွဲ့ သေနတ်များကို ပစ်ခတ်ရန်အဆင်သင့်ပြင်လျက် အတန်ငယ်မောင်နေသည့် လျှိုကြီးထဲသို့ချိုးကွေ့ဝင်လိုက်ကြသည်တွင် . . .

''ဟင်''

''ဟာ''

သူတို့မြင်တွေ့လိုက်ရသည်မှာ ကြောက်မက်ဖွယ်ရာ တောကောင်ကြီးမဟုတ်ပါ . . .။ ဖွေးဖွေးဖြူနေသော ဆံပင်ရှည်ကြီးများ၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများနှင့် ဦးခေါင်းထက်တွင် ဒေါက်ခြာကြီးတစ်ခုကိုဆောင်းလျက် တောင်ဝှေးတစ်ချောင်းကို ထောက်ကာ သစ်ပင်ရိပ်အောက်ဝယ် မားမားကြီးရပ်နေသည့် ရသေ့အိုကြီးတစ်ပါးဖြစ်နေပါ၏။

မျက်နှာထက်တွင် အရေးအမျှင်များက ပါးပျဉ်းကျလျက် မျက်လုံးအစုံကို မှေးမှိတ်ထားသည့် အသက်ခြောက်ဆယ်ကျော်ခန့်ရှိသည့် ရသေ့အိုကြီး၏သစ်ခေါက်ဆိုးသင်္ကန်းသည်ပင်လျှင်







www.burmeseclassic.com

www.burmeseclassic.com



ဟောင်းနွမ်း၍ အချို့နေရာများတွင် သစ်ခေါက်ရောင်ပင် ပြေပျောက်လျက်ရှိပါ၏။

ထုံးဆန်းသည်မှာ . . . ရသေ့အိုကြီး၏အပါးတွင် မိမိမှလွဲ၍ မည်သူ့ကိုမျှ မိတ်ဆွေရင်းချာလိုသဘောမထားနိုင်ဘဲ အမြဲတစေ အာသာတငမ်းငမ်းနှင့်ရန်လိုတတ်သည့် . . . မိမိ၏ ညာလက်ရုံးသဖွယ်အားကိုးရသော အမဲလိုက်ခွေးကြီး။

ထိုအမဲလိုက်ခွေးကြီးမှာ ရသေ့အိုကြီး၏အပါးဝယ် ရပ်လျက် အမြီးကြီးတခါခါနှင့် ပီတိ ယဉ်ကျေးလိမ်မာသော အိမ်မွေးတိရစ္ဆာန်တစ်ကောင်နှယ် တွေ့မြင်လိုက်ရသဖြင့် ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးဆာတိုးယာမတစ်ယောက် ပါးစပ်အဟောင်းသားမျက်လုံးအပြူးသားနှင့် အံ့သြမှင်တက်နေမိသည်။

တစ်ဆက်တည်းမှာပင် အလိုမကျသည့်အရိပ်အယောင်များက မျက်နှာပြင်တွင် ယှက်သန်းလာခဲ့သည်။

ထိုစဉ်နိုက်မှာပင် . . .

ရသေ့အိုကြီး၏မျက်လုံးများမှာ တဖြည်းဖြည်းပွင့်လာကြပြီး . . . ရုတ်တရက် သြဇာဓာတ်ကြီးမြင့်လှသော အသံတစ်ခုက ရသေ့အိုကြီး၏ နှုတ်ဖျားမှထွက်ကျလာပါ၏။

''ဆာ . . . တိုး . . . ယာ . . . မ''

ရုတ်တရက်မို့ . . . ဂျပန်ဗိုလ်မှူးကြီးဆာတိုးယာမ အံ့သြထိတ်လန့်သွားသည်။ သူ တစ်ပါတစ်ကြိမ်မျှ မမြင်ဖူး၊ မတွေ့ဖူးသော ရသေ့အိုကြီးက သူ့အမည်ကို တိတိပပခေါ်လိုက်သဖြင့်





ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးခမျာ ထိတ်ခနဲပင် ဖြစ်သွားရသည်။

တောင်ဝှေးတစ်ချောင်းကိုသာ ဆုပ်ကိုင်လျက် သူ့အား စူးစူးရဲရဲကြည့်နေသည့် ရသေ့အိုကြီး၏မျက်လုံးအစုံကို စိုက်ကြည့်မိလိုက်သည်နှင့် . . . ဗိုလ်မှူးကြီးဆာတိုးယာမ၏ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ရေခဲတုံးကြီးတစ်ခုနှယ် အေးခဲသွားလေသည်သို့။

''သေသေချာချာနားထောင်ပါ ဆာတိုးယာမ . . . ဒီနေ့ညကစပြီး သင့်ရဲ့အိပ်မက်ထဲကို ဝိညာဉ်တစ္ဆေတစ်ကောင် ရောက်လာလိမ့်မယ်၊ အဲဒီဝိညာဉ်တစ္ဆေဟာ သင့်ရဲ့နောက်ကို အရိပ်တစ်ခုလို ကပ်ငြိုးလိုက်နေတဲ့ သင်ကျူးလွန်ခဲ့တဲ့ သစ္စာမဲ့အတိတ်တစ်ခုရဲ့ ဝဋ်ကြွေးပဲ၊ နောင်လာမယ့် ရက်ပေါင်းသုံးဆယ်တိတိမှာ သင် သစ္စာမဲ့အတိတ်တစ်ခုရဲ့ဝဋ်ကြွေးကို သင်ကိုယ်တိုင် ပြန်ပြီး ပေးဆပ်ရလိမ့်မယ်''

''ဘာ . . . ဘာပြောတယ်''

ဂျပန်ဗိုလ်မှူးဆာတိုးယာမ၏ ထိတ်လန့်တကြားနှင့် ဒေါသတကြီးဟစ်အော်လိုက်သည့် အသံနက်ကြီးက မရဏလှိုင်ကြီးကို ထိုးဖောက်ရိုက်ခတ်ကာ . . . တောအထပ်ထပ် တောင်အဆင့်ဆင့်ထိတိုင် ပဲ့တင်လွင့်ပျံသွားလေသည်သို့ . . .။

''အေး . . . သင့်ကို ဝဋ်ကြွေးဆပ်မယ့်သူကတော့ . . . အသက်နှစ်ဆယ်လောက်သာရှိသေးတဲ့ ဟောဒီ မြန်မာပြည်ထဲက မြန်မာနိုင်ငံသားပဲ . . . သူ့နာမည်က စေနေတဲ့ . . . ယင်းတိုက် တစ္ဆေ စေနေ . . . တဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မသိ . . . လောလောဆယ် ပစ္စက္ခအခြေအနေမှာတော့ ယင်းတိုက်တစ္ဆေ စနေဆိုသော ထူးဆန်းသောနာမည်တစ်ခုက . . . သူ့၏ရင်တွင်းသို့ မီးတောက်မီးလျှံကြီးတစ်ခု တိုးဝင်လောင်မြိုက်သွားသလို သို့တည်းမဟုတ် . . . သူ၏နှလုံးသားကို မီးလောင်တိုက်သွင်းလိုက်သည်သို့ . . . ပူလောင်ပြင်းပြစွာ ခံစားလိုက်ရပါသည်။

ဟုတ်ပါသည် . . .။

မိမိတစ်ကြိမ်တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးသည့် ရသေ့အိုကြီးတစ်ပါးက . . . မိမိ၏နာမည်ကိုခေါ်၍ နောက်ထပ်ရက်ပေါင်းသုံးဆယ်အကြာတွင် အတိတ်ဘဝကသစ္စာမဲ့ခဲ့သည့်ဝဋ်ကြွေးကို ပြန်လည်ပေးဆပ်ရလိမ့်မည်. မိမိဝဋ်ကြွေးပေးဆပ်ရမည့်သူကလည်း မိမိဘဝတွင် နာမည်ကိုပင် တစ်ကြိမ်တစ်ခါမျှ မကြားဖူးခဲ့သည့် မြန်မာလူမျိုးတစ်ယောက် . . . တဲ့။

သူ့နာမည်က . . . ယင်းတိုက်တစ္ဆေစနေ . . . တဲ့လေ။

မိမိနှင့် လားလားမှမသက်ဆိုင်သည့် ပဟေဠိတစ်ပုဒ်အတွက် ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးဆာတိုးယာမ ဦးနှောက်အခြောက်မခံနိုင်။ ထို့အတူ . . . ရင်ထဲမှ ဒေါသလှိုင်းတံပိုးများကလည်း ဆူပွက်လှုပ်ရှားလာကြသည်။ မိမိကဲ့သို့ ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးတစ်ဦးအား အကြောင်းမဲ့ သက်သက်စော်ကားပြောဆိုနေသည့် တောကြိုအုံကြားမှ ရသေ့အိုကြီးထံသို့ သေနတ်ပြောင်းဝကို တည့်မတ်စွာချိန်ရွယ်လျက် တရစပ်ပစ်ချလိုက်ပါ





တော့သည်။

''ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

အကာအကွယ်မဲ့သည့် ရသေ့အိုကြီး၏ခန္ဓာကိုယ်တစ်ခုလုံး ကျည်ဆန်ရာဗရပွနှင့် ဒဏ်ရာတို့မှယိုစီးကျလာသည့် သွေးများက ခန္ဓာကိုယ်အနှံ့စီးဖြာကျလျက်။ သို့တိုင်အောင် . . . ရသေ့အိုကြီးက လဲကျမသွားဘဲ တောင်ဝှေးကိုထောက်ကာ မတ်မတ်ကြီးရပ်လျက်ရှိနေဆဲပါ . . .။

ထို့ထက်ပို၍ထူးဆန်းသည်မှာ . . . သူ၏ အမဲလိုက်ခွေးကြီးပင် ဖြစ်ပါ၏။ ရသေ့အိုကြီးအား ဂျပန်ဗိုလ်မှူးကြီးဆာတိုးယာမက သေနတ်ဖြင့်ပစ်ခတ်လိုက်သည်နှင့် သူ့ထံသို့ ဝေါခနဲ ဒေါသတကြီးခုန်ဝင်ကာ သခင်ရင်းဖြစ်သူအား ရန်မူတိုက်ခိုက်ရန် ကြိုးစားလိုက်သည်။

`ဝေါ . . ဂရား''

ဂျပန်ဗိုလ်မှူးကြီးဆာတိုးယာမ . . . ငေးကြောင်ကြည့်နေစဉ်မှာပင် အနီးမှ ဂျပန်တပ်ကြပ်ကြီးယာမာမိုတိုက အမဲလိုက်ခွေးကြီးကို လက်မြန်ခြေမြန်ပစ်ချလိုက်သည်။

'ဒိုင်း . . ဒိုင်း'

'ဝေါင်း . . ဂါး''

ရှိုင်ဖယ်သံနှစ်ချက်အောက်တွင် အမဲလိုက်ခွေးကြီးနောက်သို့လန်ထွက်သွားကာ မြက်ခင်းထက်တွင် တစ်ချက် နှစ်ချက်မျှ အကြောဆွဲကာ ငြိမ်သက်သွားပါလေ၏။ ထိုအချိန်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



ရသေ့အိုကြီးထံမှ စကားသံများက ပွဲတင်စီးမျောလာပြန်ပါသည်။

"ဒီမှာ . . . ဆာ . . . တိုး . . . ယာ . . . မ . . . အဲဒီဝင်္ဂ ကြွေးကို သင် . . . မလွှဲမသွေ ပေးဆပ်ရလိမ့်မယ် . . . ဘယ်လိုနည်းနဲ့မှ ရှောင်လွှဲလို့မရဘူး။ ဟိုး . . . လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာလောက်က သစ္စာတရားတစ်ခုရဲ့ဝင်္ဂကြွေးကို သင် ပြန်ပြီး . . . ပေး . . . ဆပ် . . . ရ . . . တော့ . . . မယ်"

ရသေ့အိုကြီးမှာ စကားဆုံးသည်နှင့် မြက်ခင်းပြင်ထက်သို့ တအိအိ လဲပြိုကျသွားပါတော့သည်။

"အား . . . အီး"

ထိတ်လန့်တကြားဟစ်အော်လိုက်သည့် အသံနက်ကြီးနှင့်အတူ ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီး ဆာတိုးယာမ . . . အိပ်မက်မှ လန့်နိုးလာခဲ့သည်။ ချမ်းစိမ့်သော ဆောင်းရာသီပင်ဖြစ်လင့်ကစား ဗိုလ်မှူးဆာတိုးယာမ၏မျက်နှာပြင်ထက်တွင် ချွေးသီးချွေးပေါက်များက ရွှဲနစ်လျက် . . .။

တိတ်ဆိတ်စွာ အိပ်မောကျနေသည့် သန်းခေါင်ယံညသည် ကြယ်ရောင်စွေးစွေး၊ လကွေးကွေးနှင့် နှင်းထွေးထွေးတို့ကြားတွင် စီးမောပျော်ဝင်လျက်ရှိသည်။ အိပ်ရာနံဘေး စားပွဲထက်ရှိ လက်ကျန်ဝီစကီပုလင်းထဲမှ ဝီစကီအရက်ကို ရေပင်မရောတော့ဘဲ ပုလင်းလိုက်မော့၍သောက်ခဲ့သည့်တိုင် . . . တုန်လှုပ်ချောက်ချားမှုကြီးက မပြေပျောက်ချင်သေးပါ။

ရသေ့အိုကြီး၏စူးရှလင်းလက်သော မျက်လုံးအစုံနှင့်





စကားသံများက သူ၏နားထဲတွင် ယနေ့တိုင် ပွဲတင်ထပ်မျှ ကြားယောင်နေဆဲ . . .။

"လွန် . . . ခဲ့ . . . တဲ့ . . . နှစ်ပေါင်း . . . တစ်ရာကျော်လောက်က . . . သစ္စာတရားတစ်ခုရဲ့ . . . ဝင်္ဂကြွေး . . . ကို သင် မလွှဲမသွေ . . . ပြန်ပြီး . . . ပေး . . . ဆပ် . . . ရ . . . လိမ့်မယ်"

"ဒီ . . . နေ့ . . . ကစပြီး . . . နောက် . . . ရက်ပေါင်း သုံးဆယ် . . . အတွင်း . . . ဒီ . . . ဝင်္ဂကြွေး . . . ကို . . . သင် ကိုယ်တိုင်ပြန်ပြီး . . . ပေး . . . ဆပ် . . . ရ . . . မယ်"

"သူ့နာမည်က . . . . ယင်းတိုက်တာရွှေ . . . ငစနေ . . . တဲ့"

"ယင်း . . . တိုက် . . . တာရွှေ . . . င စ . . . နေ"

"ယင်း . . . တိုက် . . . တာရွှေ . . . င စ . . . နေ"

ရသေ့အိုကြီး၏ စကားသံနှင့် ဗဟိဒ္ဓိရုပ်သွင်က . . . အာရုံထဲသို့ ပြက်ပြင်ထင်ထင် တိုးဝင်လာကြသည်။ ဗိုလ်မှူးကြီးဆာတိုးယာမ၏ အဆီပြန်နေသည့် အစ်တစ်တစ်မျက်နှာကြီးက အရက်နီး၊ ဒေါသနီးတို့ဖြင့် နီရဲပွက်လျှံလျက်။ တစ်ဆက်တည်းမှာပင် ဆူဝေအုံကြွလာကြသော ဒေါသမီးနှင့်အတူ လက်ထဲမှ ဝီစကီပုလင်းကြီးကို နံရံဆီသို့ ဒေါသတကြီး ပေါက်ခွဲပစ်လိုက်သည်။

'ဗိုး . .'

'ခွမ်း . . ဂွမ်း'



www.burmeseclassic.com

www.burmeseclassic.com



ဆာတိုးယာမ အိပ်ရာထက်တွင်ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ထို့နောက် စားပွဲထက်မှ သူ၏လက်စွဲတော် လေးဆယ့်ငါးမို့ပစ္စတိုသေနတ်ကြီးဆွဲယူ၍ ဗျောင်းခနဲ မောင်းတင်လိုက်သည် …။

“ဂုမ္ဘာန် … ဂုမ္ဘာန် … ဂုမ္ဘာန်”

ဆာတိုးယာမ၏ ဒေါသတကြီးအော်ဟစ်ခေါ်ငင်သံကြီးနှင့်အတူ အခန်းတံခါးကြီးက ဝုန်းခနဲပွင့်သွားကာ အရပ်ခြောက်ပေကျော်ခန့်ရှိသည့် သန်မာထွားကျိုင်းလှသော မြန်မာလူမျိုးစကားပြန် … ဂုမ္ဘာန် အပြေးဝင်ရောက်လာခဲ့သည်။ ထို့နောက် ဗိုလ်မှူးဆာတိုးယာမ၏ရှေ့သို့ လျှောက်လာပြီး ခန္ဓာကိုယ်ကြီးနှင့်မလိုက်ဖက်စွာပင် ကျိုးနွံစွာရပ်လိုက်ပါ၏။

“အမိန့်ရှိပါ မာစတာ”

ညဥ့်နက်သန်းခေါင် အရက်အဆိပြန်နေသော မျက်နှာနီနီရဲရဲကြီးဖြင့် လေးဆယ့်ငါးမို့ပစ္စတိုသေနတ်ကိုမောင်းတင်ကာ ဘီလူးသရဲစီးသကဲ့သို့ တုန်ယင်ချောက်ချားနေသည့် … သူ၏ အရှင် … ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးကို ဂုမ္ဘာန်တစ်ယောက် မသိမသာ စောင်းငဲ့ကြည့်လိုက်သည်။

“ဂုမ္ဘာန် … ယင်းတိုက်တစ္ဆေ စေနေကို သိသလား”

ရုတ်တရက် အဆက်အစပ်မရှိမေးလိုက်သည့် မေးခွန်းအတွက် ဂုမ္ဘာန်တွင် အဖြေမရှိ။ ဘုမသိ ဘမသိနှင့် ညဥ့်ကြီးသန်းခေါင်ခေါ်၍ မေးမြန်းလိုက်သည့် … နာမည်ဆန်းဆန်း

ခု နစ် စဉ် ကြယ် တာ ပေ



တစ်ခုကို … ဂုမ္ဘာန် အပြေးအလွှား၊ အပြန်အလှန်၊ အထပ်ထပ် အခါခါ စဉ်းစားရှာဖွေနေမိသည်။

သို့သော် … အဖြေက နတ္ထိ။

“အခုလောလောဆယ်တော့ ဒီနာမည်နဲ့လူကို မသိသေးပါဘူး မာစတာ၊ ဒါ … ဒါ … ဒါ … ပေ … မဲ့ …”

“တော်ပြီ … အဲဒီ ယင်းတိုက်တစ္ဆေ စေနေကို ငါ အမြန်ဆုံးသိချင်တယ်၊ အဲဒါ တစ်လအတွင်း အမြန်ဆုံးသိအောင် စုံစမ်းပါ ဂုမ္ဘာန်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းကို ပါဝါအကုန်လွှဲလိုက်ပြီ … သွားတော့”

စကားပြန်ဂုမ္ဘာန် ထွက်သွားသည်နှင့် ဗိုလ်မှူးဆာတိုးယာမမှာ … လက်ထဲမှ ပစ္စတိုသေနတ်ကြီးကို စားပွဲထက်သို့ ပစ်ချလိုက်သည်။ ပြီးသည်နှင့် အိပ်ရာပေါ်သို့ ဝုန်းခနဲ ပစ်လှဲချလိုက်ပါ၏။ ရင်အစုံမှာတော့ ထူးခြားလှသည့် အိပ်မက်ဆန်းကြီးကြောင့် လှုပ်ခတ်လျက်ရှိနေဆဲပါ။

သန်းခေါင်ယံထက်နက်သော ညဥ့်သည် ကျန်သည့်ညခရီးစဉ်နက်နက်ကို တစ်စစီ တစ်ဖွဲ့စီ … ဝါးမျိုလျက် ခရီးဆက်နေပါတော့သည်။

❊ ❊ ❊

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com

## စက္ကန္တုတ္တ...တုတ်ခင်းသစ္စာ

ရွှန်းစိုနုသစ်သော နံနက်ခင်းနေခြည်ပါးပါးကြားတွင် နှင်းမြူဇာပဝါသည် သိပ်သည်းထူထပ်စွာရစ်သိုင်းထားသဖြင့် တောတောင်တစ်ခွင်လုံးသည် ရိုးတွင်းချဉ်ဆီနိုက်မျှ အေးစိမ့်မှုတို့က စိုးမိုးသိမ်းပိုက်ထားကြသည်။

ကြည့်လေရာ မြင်လေရာတိုင်းတွင် ဝေ့ဝေ့ဝဲဝဲကျဆင်းနေသည့် ဘော်ငွေရောင်နှင်းမြူငွေ့များကသာ တဖွဲဖွဲ ဝဲလွင့်နေကြပါ၏။

ထိုသို့သော အေးစိမ့်စိမ့် နံနက်ခင်းနှင်းမြူဇာပဝါပါးပါးကြားမှာပင် ...စနေမှာ ချွေးပြိုက်ပြိုက်ကျနေပါ၏။ သို့တိုင်





အောင် ထုသားပေသားကျနေပြီဖြစ်သည့် သက်လုံကြောင့် မောပန်းနွမ်းနယ်မှုက လုံးဝမရှိ။

ဘရသေ့သင်ကြားလေ့ကျင့်ပေးထားသည့် 'စက္ကန္တုတ္တ တုတ်ခင်းအတတ်ပညာစွမ်းက ... သူ၏ခွန်အားသတ္တိနှင့် ဝိရိယအင်အားကို ဆထက်ထမ်းပိုး တိုးပွားလာစေခဲ့သည်ထင့်။ တစ်တောင်နှစ်ပြန်မျှရှိသော ဝါးကျစ်လိမ်တုတ်တို့၏ ...တစီစီ မြည်သံနက်သော တုတ်မွှေ့သံကိုနာခံရင်း အင်အားသည် ခွန်အားအဖြစ်သို့ ပြောင်းလဲလာခဲ့သည်။

နှစ်ကြာမြင့်လာသည်နှင့်အမျှ စက္ကန္တုတ္တတုတ်ခင်းအတတ်ကို တဖြည်းဖြည်း ပို၍ကျွမ်းဝင်လာခဲ့သည်။ စနေ၏ လက်ဖဝါးနှစ်ဖက်သည်ပင် တစ်စ တစ်စ ...ခက်မာကြမ်းရှလာ၏။ ဝါးကျစ်လိမ်၊ ဝါးဘူးပေါက်၊ ပိတောက်နှစ်၊ ဝါးနှစ် ... စသည့် ခေါင်းပိတ်ဝါးနှင့် ဝါးရင်းတုတ်များကိုသာ နေ့စဉ်လှည့်နေရသဖြင့် အမြှောင်းလိုက်ထ၍နေသော လက်အသားမာဖုများအပြင် လက်မောင်း၊ လက်ရင်း၊ လက်ဖျားတို့သည် သစ်ခေါက်တိုင်တစ်ခုပမာ မာကျစ်သိပ်သည်း၍လာသည်။

ထို့ပြင် စနေ၏ အကြောမျှင်များသည်လည်း အပြိုင်းပြိုင်းထကာ နုနယ်ပျိုမျစ်သောရုပ်ရည်တွင် မာကျောကျစ်လျစ်သော သံမဏိမျှင်များနှင့် ကာရံအုပ်ဆောင်းထားသကဲ့သို့ ဖုထစ်မာကျောသော အသားစိုင်များက သူ့နေရာနှင့်သူ အပိုအလိုမရှိပီဘိ ...အချိုးအစားကျနသော ခေါ်မ်စစ်သည်တော်ကြီးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



၏ ရုပ်ခန္ဓာကိုယ် အချိုးအဆစ်၊ အဖုအထစ်၊ ကျစ်လျစ်မာကျောမှုတို့က စနေ၏ခန္ဓာကိုယ်တွင်းသို့ ပူးဝင်ပေါင်းစပ်သွားကြသည်သို့ . . .။

စနေသည် တဗီဗီလည်နေသည့် ဝါးကျစ်လိမ်တုတ်တိုနှင့်အပြိုင် . . . 'အဌမှန် ခြေနင်း၊ ဖနောင့်ပုံ၊ လက်ထိုး မုတ်သာ . . . တောထွက် . . . အကွက်ပေါက်ကို နင်းလိုက်သည်။ 'အဌမှန်အကွက်' မှာ ခြေကွက်စကြာဖြစ်၍ တုတ်ပတ်အဆင်းကောင်းလှသည်။

'ခြေလုံ၊ ဖျောက်ကွက်၊ တုက်နှက်၊ ဝန်သာ၊ တည့်သာ လျှမ်းဘိ၊ ပတ်ဝိတုတ်ထမ်း၊ ဆန်ကန်း၊ တောတိုး၊ အမြီးခို၊ အမြီးပေါက် တုတ်ခင်းရောက်၊ ပတ်၍သူလိမ့်၊ လည်မျိုချိတ်၍ နံချောင်းနှစ်ရိုး၊ တုတ်ထိုးချိုးကော်၊ လက်ရည်ပျော်တဲ့ . . . ဟူသော ဘရသေ့၏ အဌမှန်ကွက်သင်ရိုးစာကဗျာကို တုတ်မွှေကစားရင်း အမှတ်ရနေမိပါသည်။

"ဟေး . . . ဟိုင်း"

ရုတ်ခြည်းဆိုသိုပင် . . . စနေမှာ မာန်သွင်းအော်ဟစ်လိုက်ရင်း အဌမှန်ခြေကွက်ဖြင့် ဝါးကျစ်လိမ်တုတ်ကို ခြေလိမ်ပတ်ပြီး လေကိုတဝကြီးရှူသွင်းကာ ကျောက်စွန်းထက်မှ ခုန်ထွက်လိုက်သည်။

'ဝီ . . ဝီ . . ဝို . . ဝို . . ဝို . . ရွှီ'

တုတ်သံသည် ပိတုန်းကောင်နှယ် တဂီဂီအော်မြည်





လျက် . . .။

ထိုစဉ်ခိုက်မှာပင် စနေ၏အာရုံထဲတွင် သစ္စာမဲ့သူ ရန်သူကောင်၏ အကျည်းတန်မျက်နှာကြီးကို ဖျတ်ခနဲ မြင်တွေ့လိုက်ရသည်။

အသွေးအသားတို့ ဆူပွက်သွားကြသည်။

အကြောအခြင်တို့ ဖျဉ်းခနဲ၊ တင်းခနဲဖြစ်သွားသည်။

ဒဏ်ရာရ နှလုံးသားမီးတောင်ကြီးသည် . . . ဝုန်းခနဲ၊ ဒိုင်းခနဲပေါက်ကွဲသွားသည်။

"ဆာတိုး . . . ယာမ၊ ဆာ . . . တိုး . . . ယာ . . . မ"

"နှစ်တစ်ရာကျော်က . . . ရန်သူတော်ကြီး"

ရန်သူ၏မျက်နှာပုံရိပ်တို့ထင်ဟပ်ရာ ကျောက်ကမူစွန်းကို စနေ၏တုတ်ရိုက်ချက် မိသွားသည်။

'ဝုန်း . . ဖျောင်း'

ကျောက်ကမူစွန်း အစိတ်စိတ်အမြွာမြွာ ကွဲပျက်သွားသည်။ ကျောက်စ၊ ကျောက်ပဲ့၊ ကျောက်ကွဲစများက အရပ်ရှစ်မျက်နှာသို့ တဖြန်းဖြန်းလွင့်စဉ်ထွက်သွားကြပြီးလျှင် ကျောက်ကမူစွန်းအနီးတွင် ပေါက်နေသည့် ညောင်ပိန္နဲပင်၏ သစ်ရွက်သစ်ခက်များအားလုံးမှာ လေထဲတွင်ဝဲပျံ၍ စုပ်လွင့်သွားပါတော့သည်။

စဏ္ဍာနတုတ္တာတုတ်ခင်းအတတ်၏ အံ့ဖွယ်ပညာစွမ်း တစ်ရပ်ပါတည်း . . .။

ထိုစဉ်မှာပင် . . . စနေမှာ ဆံပင်ရှည်ရှိုင်းရှိုင်းများ ဖွေ



www.burmeseclassic.com

www.burmeseclassic.com



တွင်လွင့်ပျံကာ ခန္ဓာကိုယ်မှ ချွေးစက်ချွေးပေါက်တို့က နေခြည်တွင် တလက်လက်နှင့်ဖွာကြဲလွင့်စဉ်သွားကြပြီး ... မုဆိုး ဒူးထောက် လက်ယာဖနောင့်၌ တုတ်ကိုချိတ်၍ လက်ဝဲဘက်လက်ဖျားတွင်တုတ်ကိုကိုင်စွဲကာ ကျောက်စွန်းအလယ်သို့ ပြန်၍ကျလာခဲ့သည်။

ထိုအခိုက် ...

'ဝေါင်း ..ဂရား'

မြည်ဟိန်းသံကြီးတစ်ချက်နှင့်အတူ ရေတံခွန်တောင်ကြောထိပ်ဆီမှ မည်းမည်းသဏ္ဌာန်သတ္တဝါတစ်ကောင်ကို ... စနေ ဖျတ်ခနဲတွေ့မြင်လိုက်ရသည်။ ထိုသတ္တဝါကြီးမှာ စနေရှိရာသို့ အတန်ကြာမျှ ကြည့်နေရာမှ ကျောက်တုံးများကို လွှားခနဲ လွှားခနဲ ... ခုန်ကူးသွားပါလေ၏။

"ဘာသတ္တဝါကောင်ကြီးပါလိမ့် ... ခန္ဓာကိုယ်တစ်ခုလုံးလည်း မည်းနက်နေတာပဲ"

စနေမှာ ... သက်လုံခွန်အားပြန်လည်ပြည့်တင်းရင်းလေ့ကျင့်စဉ်ကို ခေတ္တရပ်နားထားကာ ထိုသတ္တဝါကောင်ကိုသာ မျက်စိတစ်ဆုံး လိုက်၍ကြည့်နေမိသည်။ မည်းမည်းသတ္တဝါကောင်မှာ ကျောက်တုံးများပေါ်မှ ခုန်လွှားပြေးရင်း ရေတံခွန်တစ်ဖက်ထိပ်တွင် ... တောင်ဝေ့းတစ်ချောင်းထောက်ကာ ရပ်နေသည့် ရသေ့ကြီးတစ်ပါး၏အနီးတွင် ရပ်တန့်သွားသည်ကို ... စနေ ... အံ့သြစွာမြင်တွေ့လိုက်ရသည်။





"ဟာ ... ရသေ့ကြီးတစ်ပါးပါလား ... ဟို ... ဟို ... မည်းမည်းသတ္တဝါကောင်ကလည်း ကျားသစ်နက်ကြီးတစ်ကောင်ပဲ၊ ထူးဆန်းလိုက်တာ ... ရေတံခွန်အောက်မှာ သူတို့ကို တစ်ခါမှမမြင်ဖူးပါလား"

ဟုတ်သည် ...။ ရသေ့ကြီး၏နံဘေးတွင် ရပ်ကာ သူ့ထံသို့ စူးစူးရဲရဲကြည့်နေသည့် မည်းမည်းသတ္တဝါကြီးမှာ လွန်စွာကြီးမားလှသော ကျားသစ်နက်ကြီးတစ်ကောင်ဖြစ်နေသည်ကို တအံ့တသြပင်တွေ့မြင်လိုက်ရပါ၏။ စနေ ... တုတ်သိုင်းလေ့ကျင့်နေကျ ဤနေရာတွင် ... ယခုကဲ့သို့သော ရသေ့ကြီးနှင့် ကျားသစ်နက်ကြီးတစ်ကောင်ကို တစ်ကြိမ်တစ်ခါမျှပင် မြင်ဖူးတွေ့ဖူးခြင်း မရှိခဲ့ပါ ...။

စနေ ငေးစိုက်၍ကြည့်နေစဉ်မှာပင် ... ရသေ့ကြီးနှင့် ကျားသစ်နက်ကြီးတို့သည် အခိုးအငွေ့တစ်ခုလွင့်ပြယ်သွားကြသည့်နှယ် သူ၏မြင်ကွင်းထဲမှ ထူးဆန်းစွာပင် ပျောက်ကွယ်သွားကြပါတော့သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း ( ၂ )

## ၁၈၈၇ခုနှစ် ...သစ္စာမဲ့သူတို့၏နိဒါန်း



## ပန်းကလေးညှိုးနွမ်းရှာလေပြီ

အချိန်ကာလမှာ .. ၁၈၈၅ခုနှစ် နိုဝင်ဘာလ (၂၈)ရက်။

နေရာဒေသမှာကား ... မန္တလေးနေပြည်တော် နန်းရင်ပြင်ညီလာခံ ...။

သည်ကနေ့ ထူးထူးခြားခြား ... မန္တလေးနေပြည်တော်ကြီး၏ နန်းရင်ပြင်ကြီးတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါ၏။ ညီလာခံသို့ အရှင်သီပေါမင်းဘုရင်မင်းမြတ် ကြွချီလာခြင်းမရှိသေးသဖြင့်လည်း ... မင်းမှူးမတ်များနှင့်တကွ မောင်းမမိဿံ၊ အခြွေအရံများပါမကျန် ငံ့လင့်စောင့်စားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ... သီပေါအရှင်မင်းမြတ်သည် နန်းမတော်ကြီးစုဖုရားလတ်၏ လက်တော်ကိုဆွဲလျက် ကြွချီလာကြသည်ကို ဖူးမြင်လိုက်ကြရပါလေ၏။ အရှင်သီပေါဘုရင်သည် ပိတ်ဖြူအင်္ကျီကိုဝတ်ဆင်လျက် ပန်းရောင်နှင့်အဖြူကွက်များပါသော ခေါင်းပေါင်း၊ ပုဆိုးတော်တို့ကိုဆင်ယင်ကာ စံနန်းဆောင်ရှေ့ပြင်ခန်းကော်ဇောကြီးပေါ်တွင် ထိုင်လိုက်သည်။ မျက်နှာတော်ကမူ ညှိုးနွမ်းတော်မူနေပါ၏။

ကင်းဝန်မင်းကြီး၊ တိုင်းတားမင်းကြီး ... စသောမင်းကြီးများနှင့် ဝန်ကြီးများက ... စံနန်းဆောင်၏လက်ယာဘက်တွင် ပုဆစ်တုပ်ဒူးချလျက် ခစားနေကြသည်။ လက်ဝဲဘက်နှင့် အရှေ့ဘက် အတောင်သုံးဆယ်ခန့်တွင် အင်္ဂလိပ်စစ်သားများက မလှုပ်မယှက် စီတန်း၍ရပ်နေကြပါ၏။ အရှင်သီပေါဘုရင်မင်းမြတ်ကြွချီလာပြီး မကြာမီမှာပင် ... အင်္ဂလိပ်စစ်ဗိုလ်က သင်္ဘောပေါ်သို့ ကြွချီလိုက်ပါရန် အချိန်ရောက်ပြီဖြစ်ကြောင်း လျှောက်တင်လိုက်သည်။

ထိုအခါမှပင် ... သီပေါမင်းတရားကြီးသည် စိတ်လက်မချမ်းသာ၊ လွန်စွာမရွှင်ပျသော မျက်နှာတော်ဖြင့် ...

"အို ... မင်းကြီးများ ... ကျွန်ုပ်သည် ရန်သူကုလားဖြူများလက်သို့ ရောက်မှန်းမသိ ရောက်ရလေပြီ၊ မင်းကြီးများနှင့် နောက်ထပ်တစ်ဖန် ပြန်လည်၍ပင် တွေ့ရပါဦးမည်လော၊ ကျွန်ုပ်၏နောက်တော်သို့ မည်သူတွေလိုက်ပါနိုင်ကြမည်နည်း"





ဟု မိန့်တော်မူလိုက်ရာ တိုင်းတားမင်းကြီးက သူလည်းလိုက်ပါမည့်အကြောင်း လျှောက်တင်လိုက်သည်။ သို့သော် လက်ဝဲဘက်နန်းတော်တိုင်ထောင့်တွင်ထိုင်နေသည့် ကင်းဝန်မင်းကြီးမှာမူ စကားတစ်ခွန်းမျှ မတင်လျှောက်ဘဲ ခေါင်းငိုက်စိုက်ချ၍နေသောကြောင့် သီပေါမင်းတရားကြီးက အတန်ငယ်စိုက်ကြည့်ကာ

"မင်းကြီးရော ... ကျွန်ုပ်နှင့်အတူ လိုက်ပါမည်မဟုတ်လော"

"မှန်ပါ့ ... လိုက်ပါမည် အရှင်မင်းကြီး"

နောက်ဆုံး မတတ်သာသည့်အသွင်ဖြင့် ကင်းဝန်မင်းကြီးက လိုက်ပါမည်ဖြစ်ကြောင်း လျှောက်တင်လိုက်ပါတော့သည်။ ဤသို့ဖြင့် မကြာမီ ... အင်္ဂလိပ်စစ်ဗိုလ်ချုပ်၏ ကိုယ်ရံတော်နှစ်ယောက်တို့သည် သီပေါမင်းတရားကြီးကို တစ်ဖက်တစ်ချက်ညှပ်၍ လှေကားမှဆင်းစေခဲ့ပါသည်။ တံခါးနီသို့ရောက်လျှင် သီပေါအရှင်မှာ ... စုဖုရားလတ်၏လက်တော်ကိုဆွဲလျက် စံမြန်းတော်မူခဲ့သော နန်းတော်ကြီးဆီသို့ နောက်ဆုံးအကြိမ်လှည့်ကြည့်တော်မူပြီး မျက်ရည်ကျတော်မူခဲ့ရှာပါ၏။ သူနှင့်ရွှေနန်းတော်ကြီး၏ ကံဇာတာညှိုးနွမ်းချိန်ကို သီပေါအရှင်ကိုယ်တိုင် သိရှိသွားခဲ့ရပြီ မဟုတ်ပါလား ...။

သီပေါမင်းတရားကြီးအား သင်္ဘောသို့ယူဆောင်သော အစီအစဉ်မှာ ...

(၁) အင်္ဂလိပ်စစ်ဗိုလ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



(၂) အင်္ဂလိပ်ပြိတိသျှယူနီယံ ဂျက်အလံတော်
(၃) ကုလားခြေသည်စစ်သားများ
(၄) တိုင်တားမင်းကြီး
(၅) ထီးဖြူလေးစင်းစိုက်သော ဗိုလ်ရှရထား၌ သီပေါ မင်းတရားကြီး၊ မိဖုရားနှစ်ပါး မယ်ကော်တို့နှင့် ၎င်းဗိုလ်ရှရထားအား လုံ့စွပ်စွဲစစ်သည်တို့ ဝိုင်း လျက်
(၆) နောက်ဆုံးမှ ဥရောပတိုက်သား ဘင်ခရာစစ်သားများက တီးမှုတ်သီဆိုလျက် လိုက်ပါလာကြသည်။

၎င်းတို့သီဆိုကြသောသီချင်းမှာ . . . 'ပန်းကလေး ညှိုးနွမ်းရှာလေပြီ' ဟူသော သီချင်းပင်ဖြစ်ပါတော့သည်။

(စကားချပ် . . .
၁၃၀၂ခုနှစ် တန်ဆောင်မုန်းလဆုတ် (၉) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ကောက်နုတ်ချက်)

ထိုနေ့ ထိုရက် ထိုအချိန်မှစ၍ . . . မြန်မာတို့သည် ထီးကျိုးစည်ပေါက်၊ ထီးနန်းပျောက်ကာ နိုင်ငံတော်တစ်ဝန်းလုံး နယ်ချဲ့မိစ္ဆာကုလားဖြူအောက်သို့ ကျွန်သပေါက်ဘဝနယ် သက်ဆင်းကျရောက်ခဲ့ရပါတော့သည်။ လိုချင်သူသည် မရ,ရအောင် ယူငင်မည်သာ ဖြစ်ပါ၏။ သုံးကြိမ်သုံးခါတိုင်တိုင် ရယူရန်အတွက်လည်း နည်းမျိုးစုံသုံး၍ ကြိုးစားခဲ့သည်။ နောက်ဆုံး . . . ယခု





တစ်ကြိမ်တွင်ကား . . . ကြက်ကလေး၊ ငှက်ကလေးတစ်ကောင် ခမ်းယူသကဲ့သို့ အလွယ်တကူပင် ရရှိသွားခဲ့ပြီ မဟုတ်ပါလား။

ယခုတော့ . . . ကိုယ့်ထီး၊ ကိုယ့်ကြဲ့ဗွာန်း၊ ကိုယ့်နန်း၊ ကိုယ်ဘုံဖြင့် တင့်တယ်စွာ ခံစားစံမြန်းခဲ့ရသော အတန်းအစားမှ တိုင်းတစ်ပါးခြားကုလားနယ်တွင် ရွှေမျက်နှာတော်ငယ်ငယ်နှင့် စံပယ်တော်မူရသော ဘဝရှင်သီပေါမင်းတရားကြီးမှာ ဘုရားရှင်ကိုယ်တိုင်သော်မှ မလွန်ဆန်နိုင်သော သုံးလူ့ထွတ်ထား မြတ်ဘုရား၏ မိန့်ကြားဗျာဒိတ်တော်အတိုင်းပင် . . .

'ခြသေ့်သားငယ် . . .
နဂါးကြယ် . . .
နန်းနွယ်ထီးရိုး ဆက်လိမ့်မည် . . .။
နဂါးစံရာ . . .
နန်းယာဉ်သာ . . .
မိစ္ဆာလူမျိုးဖျက်လိမ့်မည် . . .

ဟူသည်နှင့်အညီ ပြောင်းလဲသွားသော ကံကြမ္မာအဟုန်ကို ဘုန်းသမ္ဘာတော်အရှိန်ဖြင့် မဟန့်တားတော်မူနိုင်ခဲ့ပေ။ ဆိုရပါမူ . . . ထိုခေတ်နှင့်ထိုမင်းအား ချဉ်းနင်းဝင်ရောက်သုတ်သင်လိုက်ကြသူတို့မှာ ကုန်းဘောင်ဆယ့်တစ်ဆက် သီပေါဘုရင်လက်ထက်၌ ကြွေလတ္တံ့သော သစ်သီးမှည့်ကို အလွယ်တကူနှင့်ခြွေချိုင်သွားသည်ဟု ယူကျုံးမရဖြစ်မိသော်လည်း . . . တကယ့်တကယ် နက်နဲစွာဝေဖန်ထောက်ချင့်ကြည့်မည်ဆိုလျှင်မူကား



www.burmeseclassic.com

www.burmeseclassic.com



ဆီးဘန်နီဆရာတော်၏ ရတုလင်္ကာ အလာကဲ့သို့ ...

"ဖြစ်ကပျက်မြဲ၊ မလွဲစသာ၊ ကြုံကြလာသား၊ သံသရာ သဘော၊ တွေ့ရသြဟု၊ စိတ်ဖောသိမ်မွေ့၊ တထေ့ထေ့ဖြင့် စေ့စေ့မှတ်သား၊ ထပ်ထပ်ပွား၍၊ တရားသံဝေ ယူကြလေ" ... ဟူ၍လည်းကောင်း ... မြန်မာပြည်သူတို့၏ ဒေါသထုကို တရားနှင့်ချေ ဉာဏ်နှင့်ဖြေနိုင်စေရန် ... ရည်ညွှန်းခဲ့ပါသော်လည်း ...

ဖြေမဆည်နိုင်၊ မခံစားနိုင်ကြသည့် မျိုးချစ်တိုင်းရင်းသား စစ်သည်ရဲမက်များ၏ နာကြည်းအံကြိတ်သံ၊ တောက်ခေါက်သံတို့က နေပြည်တော်တစ်ဝန်းသာမက မြန်မာတစ်နိုင်ငံလုံး ပဲ့တင်ရိုက်ခတ်လျက်ရှိပါတော့သည်။

မန္တလေးနေပြည်တော်ကြီး ကျသွားခဲ့ပြီးနောက် ... မြန်မာတပ်မှူး၊ စစ်သည်ရဲမက်များသည် ... နေပြည်တော်ကြီးမှ လက်နက်ချရန် အမိန့်ပေးခဲ့သည်ကို မနာခံကြတော့ဘဲ ဗြိတိသျှတပ်တော်ကြီး ကမ်းပေါ်သို့မတက်ရောက်နိုင်မီ စစ်သည်ရဲမက် လက်နက်ဗိုလ်ပါ အပြည့်အစုံနှင့် နေပြည်တော်မှ ရှောင်တိမ်းကာ မြန်မာနိုင်ငံအနှံ့အပြားသို့ တပ်ဖြန့်ချထားလိုက်သည်။

ထိုအတောအတွင်း .. ၁၈၈၆ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် 'မြန်မာနိုင်ငံအား ဗြိတိသျှအင်ပါယာကြီးအတွင်းသို့ သွတ်သွင်းလိုက်ပြီ' ဟု အိန္ဒိယဘုရင်ခံချုပ် 'လော့ဒ်ဒပ်ဖရင်' (Lord Dufcrin) က ဗြိတိသျှဘုရင်မ ဗိတိုရိယကိုယ်စား ကြေညာခဲ့





သည်။

နဂိုကတည်းက ခံပြင်းဒေါသစိတ်များနှင့် အမြုတေခဲ့ကြသည့် မြန်မာမျိုးချစ်စစ်သည်ရဲမက်တို့မှာ အိန္ဒိယဘုရင်ခံချုပ်၏ ကြေညာချက်စာတမ်းကြောင့် ဒေါသမုန်တိုင်းတို့ ဆူဝေပေါက်ကွဲကာ မြန်မာပြည်နေရာအနှံ့အပြားရှိ သူ့ကျွန်မခံလိုကြသော တိုင်းရင်းသားသားများနှင့်ပူးပေါင်းကာ ဗြိတိသျှနယ်ချဲ့အစိုးရအား တွန်းလှန်တိုက်ခိုက်ကြပါလေတော့သည်။

ထိုအချိန်မှစ၍ သီပေါအရှင်စိုးစံခဲ့ရာ နေရာဟောင်းဖြစ်သော ... မန္တလေးနေပြည်တော်ကြီးသည် သုသာန်တစပြင်ကဲ့သို့ သွေ့ခြောက်လျက် ကျိုးနှင့်ဖုတ်လိုက်သာ ဖြစ်နေပါလေ၏။ ခေါင်းလောင်းသံလည်း တိတ်ခဲ့ပြီ၊ စည်သံကြီးလည်း ဆိတ်ခဲ့ပါပြီ။ ထိုနေရာတွင် မျက်နှာဖြူကုလားစစ်တာရီများ၏ စစ်ခရာ တွတ်သံများ၊ အမြောက်လက်နက် ပစ်ခတ်သံကြီးများနှင့် အင်္ဂလိပ်စစ်သားများ ရင်ပေါင်တန်း၍ ဘွတ်ဖိနပ်များခြေညီညီချကာ တကြော်ကြော်သံပြိုင်ဟစ်ကြွေးသံများကသာ အစားထိုးနေရာယူလာခဲ့ကြသည်မဟုတ်ပါလား။

အင်္ဂလိပ်အစိုးရမှာ ... မြန်မာပြည်ကြီးကို အုပ်ချုပ်မှုဒွဲဦးထွက်တွင် စေ့စပ်သေချာခဲ့သော်လည်း မန္တလေးနေပြည်တော် တစ်ဝိုက်မှစ၍ မြောက်သို့လားသော် နေပြည်တော်ကြီးနှင့်နီးစပ်သော မတ္တရာတောကြီးမှ စပြီးလျှင် ... ရွှေဥတောင်၊ တန့်တည်၊ ဂန့်ဂေါ၊ မင်းချင်း၊ စကားတောင် ... စသည့် တောတောင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



မြောင်များ၊ အနောက်ဘက်တစ်ကြောတွင် မာလာ၊ ဖိုးတောင် စသော တောတောင်ကြီးများနှင့် ပုပ္ပါး၊ ကျောက်ဆည်၊ ရဲရမန်း စသော နယ်မြေကြီးများနှင့် တောင်ဘက်၊ အရှေ့ဘက်နယ်မြေ တစ်လွှားပါမကျန် မြန်မာပြည်ကြီး၏ နက်ရှိုင်းသောတောတောင် လျှိုမြောင်ကြီးများကို အမှီသဟဲပြုကာ သူ့ကျွန်မခံလိုသည့် ရဲ မက်စစ်သည်များက . . . မိမိတို့၏အစုအဖွဲ့အလိုက် တော်လှန်ပုန် ကန်တိုက်ခိုက်ခဲ့ကြသည်။

ဤကဲ့သို့သော ခေတ်ပျက်၊ ကပ်ဆိုး၊ ရုပ်ထွေးဆူပွက် နေသောကာလတွင် တောမီးလောင် တောကြောင်လက်ပန်း ပေါင်းခတ်ဆိုသကဲ့သို့ . . . ကိုယ်ကျိုးရှာသူများ၊ နယ်ချဲ့အလိုတော် ရိများနှင့် အသားထဲမှလောက်ထွက်ကြသည့် သစ္စာဖောက်တို့မှာ မိမိတို့အကျိုးစီးပွားအတွက် တိုင်းပြည်၏မျက်နှာကိုလည်း မထောက၊ မည်သူ့မျက်နှာကိုမှလည်းမထောက်ဘဲ အချင်းချင်း များအပေါ်တွင် ယုတ်မာကောက်ကျစ်ကာ သတင်းပေးခြင်း၊ သူလျှိုပြုလုပ်ခြင်း၊ ဖမ်းဆီးနိုင်ရန် လက်ထောက်ချခြင်း . . . စသည်ဖြင့် ရွက်ပုန်းသီးသစ္စာမဲ့သူများကလည်း မျိုးချစ်သူရဲ ကောင်းများ၏နောက်ကျောအား ဓားနှင့်ထိုးလျက်ရှိကြပါချေပြီ တည်း။

ထိုသူများထဲတွင် . . . မြန်မာ့တပ်တော်ကြီးမှ လက်ယာ စစ်ကဲမှူးကြီး တပ်မှူးကြီးနေမျိုးကျော်စွာ၏ညီတော်ဖြစ်သူ ဗိုလ် မှူးကျော်ခေါင်တစ်ယောက်လည်း ရွက်ပုန်းသီးသစ္စာဖောက်တစ်





ယောက်ဖြစ်ခဲ့ပါသည်။

ဗိုလ်မှူးကျော်ခေါင်၏ အတွင်းစိတ်သဏ္ဌာန်က . . . မြေ ခွေးတစ်ကောင်နှင့်တူသည်။ အပေါ်ယံ သကာချိုသလောက် အတွင်းအဖွဲ့ဗွာမှာမူ လွန်စွာကောက်ကျစ်သူ၊ အလိုရမ္မက်ကြီးသူ၊ အာဏာကို လွန်ကျူးစွာမက်မက်မောမောရှိသည့် စစ်သူကြီးတစ် ယောက် ဖြစ်သည်။

အစ်ကိုတော်ဖြစ်သူ လက်ယာစစ်ကဲမှူးကြီး မဟာမင်း လှစည်သူဘွဲ့ရ တပ်မှူးကြီးနေမျိုးကျော်စွာမှာမူ . . . သတ္တိဗျတ္တိ ပြည့်စုံကုံလုံသည်သာမက နှလုံးရည်ရော၊ လက်ရုံးရည်ပါ ကြွယ် ဝသည့် တိုက်ရဲခိုက်ရဲသောသူရဲကောင်းတပ်မှူးကြီးတစ်ယောက် ဖြစ်ပါချေ၏။ သီပေါအရှင်မင်းမြတ်ကြီးရှိခဲ့စဉ်ကာလက . . . မြန် မာ့တပ်တော်ကြီး၏ အားထားရဆုံးသော . . . 'တိုက်တိုင်းအောင်' လက်ယာစစ်ကဲမှူးကြီးတစ်ယောက်လည်း ဖြစ်ခဲ့သည်။

စင်စစ် . . . တပ်မှူးကြီးနေမျိုးကျော်စွာသည် ငါ့နိုင်ငံ တော်၊ ငါ့လူမျိုး၊ ငါ့အရှင်သခင်အတွက် မိမိ၏အသက်ဝိညာဉ် ကိုပင် ပဓာနမထားဘဲ မိမိ၏အရှင်သခင်နှင့် နိုင်ငံတော်ကြီး အပေါ်တွင်ထားသည့် . . . 'သစ္စာ' ကိုသာ အလေးပေးဦးခိုက် သော သတ်ရဲ၊ သေရဲသည့် သစ္စာရှိ မျိုးချစ်တပ်မှူးကြီးဖြစ်ပါ သည်။

ယခုကဲ့သို့ နိုင်ငံတော်ကြီးတစ်ခုလုံး အင်္ဂလိပ်နယ်ချဲ့တို့၏ သူ့ကျွန်ဘဝရောက်ရှိသွားရချိန်မှာတော့ လက်ယာတပ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com




နေမျိုးကျော်စွာမှာလည်း သူ၏လက်ရွေးစင်ရဲမက်စစ်သည်များနှင့်အတူ နေပြည်တော်ကြီးမှစွန့်ခွာ၍ ရှမ်းပြည်နယ်စပ်ဘက်သို့ ရှောင်တိမ်းထွက်ခွာခဲ့ကြရသည်မဟုတ်ပါလား။

ထိုအချိန် ထိုကာလမှစတင်၍ မင်းဘူးနယ်၊ မြင်းခြံနယ်နှင့် ပခုက္ကူတစ်ဝိုက်တွင် ခိုအောင်းတိမ်းရှောင်လျက် အင်္ဂလိပ်ဗြိတိသျှမိစ္ဆာများအား နည်းမျိုးစုံနှင့်တော်လှန်တိုက်ခိုက်နေကြသော ဗိုလ်မင်းရောင်၊ ဗိုလ်ဗလ၊ ဗိုလ်ကြင် ...စသော မျိုးချစ်သူရဲကောင်းကြီးများကဲ့သို့ ဆီဘူးကွဲတောင်၊ ကျောက်ပုံတောင်၊ နွယ်လှိုင်းတောင်နှင့် ယင်းတိုက်တောင်တစ်ဝိုက်တွင် ခိုအောင်းကာ တပ်မှူးကြီးနေမျိုးကျော်စွာတို့မှာ အင်္ဂလိပ်အစိုးရအား တော်လှန်တိုက်ခိုက်ကြပါလေတော့သည်။

* * *





## ယင်းတိုက်တောင်မှ ...တာခွေတစ်တောင်

'သွေးသောက်ကြီး ...ကိုယ်ရံတော်တပ်မှူး ငပေ'

လက်ယာစစ်ကဲမှူးကြီး မဟာမင်းလှစည်သူဘွဲ့ရ ...တပ်မှူးကြီးနေမျိုးကျော်စွာ၏ ညာလက်ရုံး။ ကိုယ်ရံတော်တပ်မှူးငပေခေါ် ဗိုလ်ပေ ...အထူးသဖြင့် တပ်မှူးကြီး နေမျိုးကျော်စွာ၏ အားအထားရဆုံး သွေးသောက်တပ်မှူးတစ်ယောက်ဖြစ်သကဲ့သို့ အရှင်သခင်ကဲ့သို့ပင် အသက်တစ်ချောင်းထက် သစ္စာကိုသာ အလေးထားသည့် သဟ်ရဲသေရဲသော သွေးသောက်ကြီးဖြစ်သည်။

ထို့အပြင် တပ်မှူးငပေ၏ ထူးခြားသောစွမ်းရည်သတ္တိ



www.burmeseclassic.com

www.burmeseclassic.com

မှာ 'ရှားပါးပျောက်ကွယ်လုနီးပြီဖြစ်သည့် ရှေးမြန်မာကြီးတို့၏ ပညာရပ်တစ်ခုဖြစ်သော . . . 'စက္ကန္ဓတုတ္တ' တုတ်ခင်းတုတ်သိုင်း ပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ခြင်းပင်တည်း။

သူ၏အဘိုးဖြစ်သူမှာ . . . အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏လက်ရုံးအကျော်အမော် (စလွယ်နီကြိုးနှင့် ငွေပြားဆုရ) တုတ်ခင်းဝန်ခန့်အပ်ခံရသည့် 'ခါးတောင်ကြားမောင်ဗျိုင်း' ပင် ဖြစ်ပါ၏။

(စကားချပ်- စလွယ်နီကြိုး . . . ဘုရင်ကိုယ်တိုင်ချီးမြှင့်သော ရှေးသူရဲကောင်းများလွယ်ခွင့်ရသည့် ပိုးကြိုးတွင် ငွေပြား ခတ်ထားသည့်ဘွဲ့တံဆိပ်တော်ဖြစ်သည်။ အဆောင်ရ ဓားမှူးကဲ့သို့ဖြစ်သည်။)

တပ်မှူးဗိုလ်ငပေသည် ဓားသမားမဟုတ် . . . တုတ်သမားတစ်ဦး ဖြစ်သည်။ တိုက်ပွဲတိုင်းတွင် ဓားကိုမဆွဲ . . . သူ၏ ကျောတွင် ကတ္တီပါအနီအိတ်စွပ်ထားသည့် တစ်တောင်နှစ်ပြန် မျှရှိသော ပြောင်လက်ချောမွတ်နေသည့် . . . 'ဝါးကျစ်လိမ်တုတ်တို' ကိုသာ ဆွဲ၍တိုက်ခိုက်သည်။ ထိုတုတ်တိုတစ်ချောင်း၊ မြင်းကောင်းတစ်စီးဖြင့် ရန်သူလက်ရွေးစင်သူရဲတစ်ကျိတ်ကျော်ကို ရင်ဆိုင်တိုက်ခိုက်ကာ ဖြိုခွင်းနိုင်ခဲ့ဖူးသည်။

သူ၏အရှင်သခင် . . . လက်ယာတပ်မှူးကြီး နေမျိုးကျော်စွာ နေပြည်တော်ကြီးအား စွန့်ခွာ၍ ကုလားဖြူမိစ္ဆာကောင်များအား တော်လှန်တိုက်ခိုက်ရန် ရှမ်းပြည်နယ်စပ်သို့ တပ်လုံး





ချောက်၍ထွက်ခွာလာသည့်အခါတွင်လည်း အရှင်သခင်၏အပါး မှ တစ်ဆံချည်မျှမခွဲဘဲ လိုက်ပါလာခဲ့သည်။

ထို့နောက် . . . ဆီဘူးကွဲတောင်၊ ကျောက်ပုံတောင်၊ ယင်းတိုက်တောင်များတွင် ခြေကုပ်ယူကာ ကုလားဖြူမိစ္ဆာကောင် များအား နည်းမျိုးစုံဖြင့် တော်လှန်တိုက်ခိုက်ခဲ့ကြပါလေ၏။

အဓိက အင်အားစုကို ယင်းတိုက်တောင်တွင်လျှို့ဝှက်စွာ ခြေကုပ်ယူစေပြီး . . . ကျန်ကြွင်းသော တပ်သား၊ ရဲမက်၊ စစ်သည်များကို ဆီဘူးကွဲနှင့် ကျောက်ပုံတောင်တို့တွင် တပ်ဖြန့်၍ရှိစေခြင်းကြောင့်လည်း အင်္ဂလိပ်ကုလားဖြူစစ်တပ်တို့က အလွယ်တကူနှိမ်နင်း၍မရနိုင်အောင် ရှိနေပါချေ၏။ ဤသို့ဖြင့် တောင်သုံးတောင်တွင်လှည့်လည်ခိုအောင်း၍ အင်္ဂလိပ်စစ်တပ်များလာရောက်တိုက်ခိုက်ခဲ့လျှင် သရဲတစ္ဆေတစ်ကောင်နှယ် ထွက်ချည်ကွယ်ချည်၊ ပျောက်ချည်နှင့် စိတ်ချောက်ချားအောင် ပုံသဏ္ဌာန် အမျိုးမျိုးနှင့်ဝင်ရောက်တိုက်ခိုက်လေ့ရှိသဖြင့် . . . 'ယင်းတိုက် တစ္ဆေ ငပေ' ဟူပင် နာမည်ကျော်ကြား သတင်းကြီးလာခဲ့ပါတော့ သည်။

ဤသို့ဖြင့် အချိန်ကြာမြင့်လာသည်နှင့်အမျှ 'ယင်းတိုက် တစ္ဆေ ငပေ' သည် လက်ယာစစ်ကဲမှူးကြီး၊ တပ်မှူးကြီး နေမျိုး ကျော်စွာနှင့် မျိုးချစ်တော်လှန်ရေးသမားများ၏ ခံတပ်တံတိုင်း ကြီးနှယ် ဖြစ်လာခဲ့သည်မဟုတ်ပါလား။

ဤသည်ကို တပ်မှူးကြီးနေမျိုးကျော်စွာ၏ညီတော် ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



မှုးကျော်ခေါင်က မနှစ်မြို့နိုင်။ စင်စစ် . . . ဗိုလ်မှုးကျော်ခေါင်၏ အတွင်းစိတ်သဏ္ဌာန်က လွန်စွာမှကြောက်မက်ဖွယ်ကောင်းသ လောက် ယုတ်မာကောက်ကျစ်လှသည်။ သူသည် အခွင့်သာ လျှင် အစ်ကိုတော်တပ်မှုးကြီးကိုသတ်ကာ နယ်ခဲ့ကုလားဖြူတို့ လက်အောက်သို့နိဝင်ကာ ရာထူး၊ အာဏာ . . . တစ်ခုခုကို ရ ယူလိုသူ ဖြစ်သည်။

သေနတ်ဝန်ဦးမြဲဆိုလျှင် အင်္ဂလိပ်အစိုးရမင်းများထံမှ လွှတ်လိုက်သော အထောက်တော်၊ သံပျင်၊ ကလန်တို့မှတစ်ဆင့် လျှို့ဝှက်ဆက်သွယ်၍ လက်နက်ချအညံ့ခံလိုက်သည်။ ထို့နောက် . . . အင်္ဂလိပ်အစိုးရမင်းတို့က ချီးမြှောက်သော အခွင့်၊ အာဏာ၊ ရာထူးတွင် . . . မိန့်မိန့်ကြီးခံစားစံစားနေကြပေပြီ။ သူ့မှာတော့ ထိုကဲ့သို့မဟုတ် . . . သားရဲထူပြောလှသည့် တောကြီးမျက်မည်း ထဲတွင် အငတ်ငတ်အပြတ်ပြတ်နှင့်ပင် ပန်းဆင်းရဲကြီးစွာ နေ နေရသည်။ မည်သည့်အချိန်တွင် အဖမ်းခံရမည် . . . သို့မဟုတ် အသတ်ခံကြရမည်ကို ရင်တထိတ်ထိတ်နှင့် စောင့်မျှော်နေရသည့် ဘဝ . . .။

သည်လို ဘဝမျိုးကို သူ . . . စွန့်ခွာလိုလှပြီ။ ငြီးငွေ့ မုန်းတီးလှပြီ။ ထို့ကြောင့် အချိန်ရှိသရွေ့ သူစည်းရုံးသိမ်းသွင်း ၍ရသော ရဲမက်အချို့နှင့် အစ်ကိုတော်လက်ယာစစ်ကဲကြီး၏ လက်အောက်တွင် မြွေပွေးတစ်ကောင်ကဲ့သို့ တွင်းအောင်းကာ ခွေနေခြင်းဖြစ်ပါချေ၏။

---

ခု နှစ် စဉ် ကြယ် တာ ပေ



ယခုလည်း ဗိုလ်မှုးကျော်ခေါင်တစ်ယောက် သူ၏ သစ် ခက်တဲထဲမှာပင် တပည့်ကျော်တစ်ယောက်လာ၍ပို့သော တော ကြက်တစ်ကောင်နှင့် သူရာရည်ကို သောက်ကာ ကြောက်မက် ဖွယ်ရာစီမံကိန်းကြီးတစ်ခုကို တစ်ကိုယ်တည်း ကျိတ်၍ကြံစည်နေ ပါသည်ကော . . .။

``အင်း . . . အခုပုံအတိုင်းသာဆိုရင်တော့ နောက် ပြောင်းလာတဲ့ ရဲရမန်းသူကြီးနဲ့ တိတ်တဆိတ်ပူးပေါင်းမှဖြစ်တော့ မယ်၊ အခြေအနေက . . . ဒီကောင် လက်စောင်းကက်နေပုံမျိုးနဲ့ သာဆိုရင် သိပ်တော့မလွယ်ဘူး၊ ငါ့အစ်ကိုတော်အပေါ်မှာ သစ္စာ ရှိရှိနဲ့ ဆက်ပြီးပူးပေါင်းနေရင် မကြာခင် . . . ခွေးသေဝက်သေ သေဖို့က သေချာတယ်၊ ဟုတ်တယ် . . . ဒီတော့ သူတို့အပေါ် သစ္စာရှိဖို့ထက် ငါ့ဘဝတည်မြဲနိုင်မှာစေဖို့, ရာထူးအာဏာရဖို့ ပိုပြီးအရေးကြီးတယ်''

ဗိုလ်မှုးကျော်ခေါင်မှာ သေရည်ခွက်ကို တစ်ကျိုက် ကျိုက်လိုက်၊ တောကြက်ကင်တစ်ဖဲ့ကို ကိုက်လိုက်နှင့် သူ၏ မရေရာသောရှေ့ရေးအတွက် ကြံစည်တွေးတောနေမိသည်။ သူ၏အကြံအစည်အောင်မြင်ရေးတွင် အစ်ကိုတော်၏ညာလက်ရုံး 'ယင်းတိုက်ထွေ့ ငပေ' ခေါ် တပ်မှုးဗိုလ်ငပေက . . . အတား အဆီး ခလုတ်ကံသင်းဖြစ်နေသည်။

ဟုတ်သည် . . . သူ၏အစ်ကို တော်လက်ယာတပ်မှုး ကြီး နေမျိုးကျော်စွာအားလုပ်ကြံသတ်ဖြတ်ရန်အတွက် ခံတပ်ဖွဲ့

---

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကြီးတစ်ခုနှင့်တူသော ... ညာလက်ရုံးကြီးငပေကို အရင်ဦးဆုံးဖယ်ရှင်းမှ ဖြစ်ပေမည်။

''အင်း ... ဟုတ်တယ် ... ဒီကောင့်ကိုလည်း တစ်နည်းနည်းနဲ့ အစ်ကိုတော်ရဲ့အပါးကနေ ရာသက်ပန်ရှင်းထုတ်သုတ်သင်ပစ်ရမယ် ... ဟင်း ဟင်း''

သို့သော် ... တပ်မှူးဗိုလ်ငပေကို သုတ်သင်ရှင်းလင်းဖို့က လောလောဆယ် အိပ်မက်ထဲမှာပင် ထည့်၍မမက်ဝံ့။ 'စဏ္ဍနှတုဏ္ဍ' တုတ်ခင်းအတတ်တွင် ပြိုင်ဘက်ကင်းသူရဲကောင်းတပ်မှူးဖြစ်သည်က တစ်ကြောင်း၊ သူ၏လက်စွဲတော် 'ဝါးကျစ်လိမ်တုတ်ဖျားတွင်သွေးစွန်းမခံနိုင်သေးသည်ကတစ်ကြောင်းမို့ လောလောဆယ် ... ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးသကဲ့သို့ နေနေရသည် မဟုတ်ပါလား ...။

ဟုတ်သည် ...။

လွန်ခဲ့သော ရက်တစ်ပတ်ခန့်က 'သွေးသောက်တပ်မှူးငပေ' သို့မဟုတ် 'ယင်းတိုက်တစ္ဆေ ငပေ'နှင့်စပ်လျဉ်း၍ ကြုံတွေ့ခဲ့ရသောအဖြစ်က ... သူ၏ရင်ကို မုန်တိုင်းထန်စေခဲ့သည်အထိ သွေးပျက်ချောက်ချားခဲ့ရပါသည်။ ထိုအဖြစ်အပျက်ကို ပြန်လည်တွေးမိလေတိုင်း သူ၏အကြံအစည်များကို လက်လျှော့ပစ်ချင်စိတ်ပင် ပေါက်သွားခဲ့ရသည်။

ဗိုလ်မှူးကျော်ခေါင်မှာ ... သူ၏အစ်ကိုတော် လက်ယာတပ်မှူးကြီးနေမျိုးကျော်စွာ ငှက်ဖျားရောဂါပြန်လည်၍ဝင်လာ





သဖြင့် အစ်ကိုတော်၏ သစ်လုံးစံအိမ်သို့အရောက်တွင် သူ၏အစ်ကိုတော်၏ရှေ့တွင် သွေးသောက်ကြီးဗိုလ်ငပေကိုတွေ့လိုက်ရခြင်းဖြစ်ပါ၏။

သူ၏အစ်ကိုတော်၏ စိတ်ဓာတ်နှင့်ခွန်အားကိုမူ ဗိုလ်မှူးကျော်ခေါင် သြချယူရမတတ်ပင်။ ငှက်ဖျားဒဏ်ခံစားနေရသည့်ကြားထဲမှ သူ၏လက်ရုံးတစ်ဆူဖြစ်သူ သွေးသောက်ကြီးငပေကိုတွေ့မြင်လိုက်ရသည်နှင့် ... လဲလျောင်းနေရာမှထကာ တင်ပျဉ်ခွေ၍ စကားပြောဆိုသည်။

သွေးသောက်ရင်း ငပေကလည်း ... သူ၏အရှင်သခင်တပ်မှူးကြီးနေမျိုးကျော်စွာရှေ့တွင် ဒူးထောက်လျက် မိန့်မှာမည့်နှုတ်ထွက်စကားကို တိတ်ဆိတ်စွာနားစွင့်လျက် ...။

''ဒီမှာ ငပေ .. ရဲရမန်းမြို့ကြီးမှာ ငါတို့ရဲ့တိုက်ပွဲကြောင့် ဖော်တော်လေး အခြေပျက်သွားခဲ့တယ်မဟုတ်လား။ အေး ... အဲဒီအတွက် အင်္ဂလိပ်တွေက ငါတို့ရဲ့ တော်လှန်ရေးတပ်သားတွေကို အခဲကျေမှာတော့မဟုတ်ဘူး၊ အခုလောလောဆယ် ... ကျောက်ဆည်မြို့ကြီးမှာတာဝန်ကျနေတဲ့ အင်္ဂလိပ်အရေးပိုင်မင်းဆာဗားနာဒ်က စကားဝါတောင်နဲ့ နွယ်လှိုင်းတောင်တွေမှာ တော်လှန်ထကြွနေကြတဲ့ မျိုးချစ်တော်လှန်ရေးတပ်တွေဆီကို လက်နက်ချဖို့ ရာဇသံစာချွန်လွှာတွေ ပို့ထားတယ်''

လက်ယာတပ်မှူးကြီးနေမျိုးကျော်စွာ၏ စကားသံကို သွေးသောက်ကြီးငပေသာမက .. ညီတော်ရင်းဗိုလ်မှူးကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



ကပါ စိတ်ဝင်တစားနှင့် နားစိုက်ထောင်နေပါ၏။ သို့သော် သူတို့နှစ်ဦး မတူညီကြသည့်အချက်မှာမူ သွေး သောက်ကြီးငပေါ်နှလုံးသွေးတို့က စစ်သွေးစစ်သံကြားသည်နှင့် ဆူပွက်လှုပ်ရှားလာကြသကဲ့သို့ စူးရဲသောမျက်လုံးအစုံမှာလည်း သွေးဆာမှုးမှုးဖြစ်လာသည်သို့ တဝင်းဝင်းတလက်လက်နှင့် ...။

ဗိုလ်မှူးကျော်ခေါင်ကမူ ... သူ၏ကျဉ်းမြောင်းသောမျက်ပေါက်ကို ပိုမို၍ကျဉ်းမြောင်းသွားအောင်ပင် မျက်မှောင်ကြုတ်၍ တစ်စုံတစ်ရာကို ကြံစည်တွေးတောနေသကဲ့သို့ ...။

''အဲဒါ ငါတို့ရဲ့ ယင်းတိုက်တောင်နဲ့ ဆီဘူးကွဲတောင်ကတော်လှန်ရေးသမားတွေဆီကို စာချွန်ပို့ရင်းနဲ့ ရဲရမန်းမြို့သူကြီးဆီမှာ ဝင်ပြီးတစ်ထောက်နားမယ်လို့ သိရတယ်၊ မင်းက သူတို့လာမယ့်လမ်းဖြစ်တဲ့ ရဲရမန်းမြို့ပြင်က ဇရပ်ပျက်ကြီးကနေ သွားစောင့်ပြီး အကုန်လုံးရှင်းပစ်ခဲ့ ... ကြားလား ငပေ''

''ကြားပါတယ် အရှင် ... စိတ်ချပါ ... ရဲရမန်းမြို့ပြင်က ဇရပ်ပျက်ကြီးဟာ သူတို့မိစ္ဆာကောင်တွေရဲ့ သင်္ချိုင်းဇရပ်ဖြစ်ရပါစေ့မယ်''

ရင်ဘတ်ထဲမှ အံထွက်ကျလာသည့် ... တပ်မှူးငပေ၏ စကားကြောင့် တပ်မှူးကြီးနေမျိုးကျော်စွာ အားရကျေနပ်သွားပါ၏။

''အေး ... တစ်ခုသတိပြုရမှာက ... စာချွန်လွှာပို့တဲ့ တပ်စုခေါင်းဆောင် ကာနယ်ကလင့်ဖိုဒ်ဟာ သေနတ်ပစ်ကောင်း





သလို ဓားရေးမှာလည်း လက်ရည်မညံ့ဘူးလို့ သိရတယ်၊ နောက်ပြီး သစ္စာဖောက်စကားပြန် ဗိုလ်သီဟတို့ရဲ့မက်တွေလည်း ပါမယ်၊ ငပေရေ ... အဲဒီရှေ့ပြေးစာချွန်အဖွဲ့ဟာ တကယ့်လက်ရွေးစင်တွေချည်း စုဖွဲ့ထားတာတဲ့ ... အားလုံး ကာနယ်ကလင့်ဖို့ဒ်အပါအဝင် ဂေါ်ရာစစ်သားရှစ်ယောက်နဲ့ စကားပြန်ဗိုလ်သီဟတို့အဖွဲ့နှစ်ယောက်ဆိုတော့ ... ဆယ်တစ်ယောက် တိတိရောက်လာကြလိမ့်မယ်၊ တစ်ယောက်မှ အသက်ရှင်လျက်နဲ့ လွတ်မသွားစေနဲ့ ... ငပေ''

''စိတ်ချပါ ... အရှင်''

အရှင်သခင်၏စကားသည် သွေးသောက်ကြီးငပေ အတွက် မိုးကြိုးသွားနှယ်ပါတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ၆

## ရဲရမန်းမြို့ပြင်ဇရပ်က…အရွှေတစ်ဆောင်

အချိန်က …နေဝင်ရီသရော …နွားရိုင်းသွင်းချိန်။

နေရာကား …ရဲရမန်းမြို့ပြင်မှ ခရီးသွားတို့ခိုနားရာ ဇရပ်ပျက်ကြီးတစ်ဆောင် …။

ရာသီဥတုကား …ကြမ်းရိုင်းခက်ထန်လှသည့် မြင်းရိုင်းတစ်ကောင် ကဆုန်စိုင်းနေသကဲ့သို့။ တဝေါဝေါနှင့် တိုက်ခတ်ကာ မုန်တိုင်းဆင်လာသည့် အနောက်တောင်လေနီကြမ်းက တလိပ်လိပ်တက်လာသော မိုးသားတိမ်လိပ်များကိုပါ အဖော်ပြုကာ ရဲရမန်းမြို့ကြီးဆီသို့ ဦးတည်ရွေ့လျားလာနေပါသည်။

ထို့ကြောင့် နေဝင်ရီသရော သဘာဝအမှောင်ညတစ်ည





တွင် …မည်းညစ်သောမိုးသားမိုးရိပ်များက ဖုံးလွှမ်းရစ်သိုင်းလာသည့်အခါမှာတော့ ရဲရမန်းမြို့ပြင်ရှိ ဇရပ်ပျက်ကြီးတစ်ဝိုက်ဝယ် အလင်းစများက တစ်စတစ်မျှင်ပင် မကျန်ရစ်ပါလေတော့။ စောစီးစွာပင် အမှောင်ရိပ်တို့က ဖုံးလွှမ်းစပြုနေပါပြီ။

ထိုအမှောင်ရိပ်ထဲမှာပင် မိုးသက်လေပြင်းကြောင့် တစ္ဆေကောင်များ၏လက်တံရှည်ကြီးများကဲ့သို့ ယိမ်းထိုးလှုပ်ယမ်းလျက်ရှိကြသည့် …သစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်၊ သစ်လက်မည်းမည်းတို့ကို လျှပ်ရောင်အပြက်တွင်မြင်တွေ့နေရသည်။

'ဂျိမ်း ..ဒလိန်း ..ဂျိမ်း'

လျှပ်ရောင်တို့က ကောင်းကင်တစ်ပြင်လုံး …ပြိုးပြိုးပြက်ပြက်။

မိုးခြိမ်းသံတို့ကလည်း ဆင့်ကဲ ဆင့်ကဲ …ဂျိုင်းခနဲ အသံနက်ကြီးများဖြင့် ကောင်းကင်ကြမ်းမညီမညာတွင် သံစည်ပိုင်းအခွံကြီးများ လိမ့်ချလိုက်သလို တဂျိမ်းဂျိမ်း တဒိန်းဒိန်းနှင့် အော်မြည်လိမ့်ဆင်းနေကြသည်သို့ …။

'ဝေါ ..ဝေါ ..ဖရော ..ဝေါ ..'

'ဖြန်း ..ဂွမ်း ..ဖြန်း'

ခရီးသွားလူအပေါင်းတို့ နားခိုရာ ဇရပ်ပျက်ကြီး၏ ခေါင်မိုးထက်မှ ပြုတ်ကျွာလုလုသွပ်ချပ်များကလည်း …မိုးသက်လေပြင်းကြောင့် တဖြန်းဖြန်း တဂွမ်းဂွမ်း ရိုက်ခါနေကြသည်။ မိုးသည် အနောက်တောင်မှစွေ၍ အရှေ့သို့ယွန်းသည့် မိုးဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အားလျော့စွာ လေကြမ်းပါရောသမွှေခြင်းကိုခံလိုက်ရသည့်အခါမှာတော့ . . တရှိန်းရှိန်း၊ တဖန်းဖန်းအော်မြည်သံတို့က ရဲရမန်းမြို့ပြင်ဇရပ်တစ်ခွင်ဝယ် ပဲ့တင်ညံလျက်ရှိပါလေတော့၏။

ထို့ကြောင့် . . . ရဲရမန်းမြို့ပြင်တစ်ပိုက်တွင် စောစီးစွာပင် လူသူကင်းမဲ့နေသည်။ မိုးသက်လေပြင်းအောက်တွင် ထွက်ခဲ့သူ မရှိ၊ ရီးသွားလာဝံ့သူပင် မရှိကြတော့ဘဲ လူသွားလူလာကင်းပြတ်လျက်ရှိပါလေ၏။ သို့သော် . . .

ရဲရမန်းမြို့ပြင်ဇရပ်ပျက်ကြီးရှိရာသို့ သည်းသည်းထန်ထန်တိုက်ခတ်ရွာသွန်းနေသည့် မိုးသက်လေပြင်းကိုပင် အမှုမထားဘဲ . . . မြင်းစီးခရီးသည်တစ်ဦးကတော့ သူ၏မြင်းညိုကြီးကို အသော့နှင်လျက်လာနေပါ၏။ ဦးခေါင်းတွင် ကြီးမားလှသော မြက်ခမောက်ဝိုင်းကြီးကို မျက်နှာဖုံးလုမတတ်ဆောင်းထားပြီး ခြုံထည်ကြီးတစ်ထည်ကိုပါ လွှမ်းခြုံထားသဖြင့် မည်သို့မျှ သွင်ပြင်လက္ခဏာကို မခန့်မှန်းနိုင်။ ခန္ဓာကိုယ်တစ်ခုလုံးနီးပါး လွှမ်းခြုံထားသည့် ခြုံထည်ကြီးမှာမူ မိုးရေများနှင့်ရွှဲနစ်လျက် . . .။

မြင်းစီးပုဂ္ဂိုလ်မှာ . . . ဇရပ်ပျက်ကြီးအနီးသို့ရောက်လျှင် မြင်းကြီးကိုရပ်တန့်ကာ ဇရပ်ပျက်ကြီး၏ ဘေးဘယ်ညာ၊ ဝဲယာပတ်လည်ကို အတန်ကြာမျှ တိတ်ဆိတ်စွာအကဲခတ်နေပါ၏။ စိတ်ချရလောက်သည်ဟု ယူဆရမှ မြင်းကြီးပေါ်မှ လွှားခနဲဆင်းကာ မြင်းရောလူပါ ဇရပ်ပျက်ကြီးပေါ်သို့ တက်လာခဲ့သည်။

ထို့နောက် . . . မြင်းကြီးကို ဇရပ်တိုင်တစ်တိုင်တွင် ချည်





နှောင်လိုက်ပြီး ခန္ဓာကိုယ်ထက်မှခြုံထည်ကြီးကို လွှားခနဲ ခွာချလိုက်သည်။ ကျောထက်မှ ကတ္တီပါအိတ်နီဖြင့်စွပ်ထားသည့် . . . ဘစ်တောင်နှစ်ပြန်မျှရှည်သည့် လုံးလုံးချောချောတုတ်တိုတစ်ချောင်းကို ဆွဲထုတ်ယူလိုက်သည်။ ခြုံထည်ကိုခွာချလိုက်တော့မှပင် ဘီလူးကြီးတစ်ကောင်နှယ် သန်မာထွားကျိုင်းလှသည့် ခန္ဓာကိုယ်ကြီးကို တွေ့မြင်လိုက်ရပါ၏။ သို့သော် . . . မိုးထဲလေထဲတွင် ဖြတ်သန်းလာခဲ့ရသဖြင့် ထို . . . ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်ကြီးပင်လျှင် ချမ်းအေးမှုဒဏ်ကြောင့် ခိုက်ခိုက်တုန်လျက်ရှိသည်။

တစ်ဆက်တည်းမှာပင် . . မျက်နှာအုပ်လုနီးပါး ဆောင်းလာသည့် မြက်ခမောက်ဝိုင်းကြီးကို ချွတ်လိုက်သည်။ ပြီးလျှင် အနီးရှိဇရပ်တိုင်တွင် ချိတ်ကာ ရေးအုတ်ကမာတို့ဖြင့် ဆောက်လုပ်ထားသည့် အုတ်အင်္ဂတေကြမ်းပြင်ထက်သို့ တက်လာခဲ့ပါ၏။ နောက် အိတ်ထဲမှ မီးခတ်စုံကိုထုတ်ကာ ဇရပ်ပေါ်တွင်တွေ့ရှိရသော သစ်ချောင်းသစ်စများကို စုဆောင်း၍ မီးဖိုတစ်ဖိုဖြစ်လာစေရန် ဖန်တီးနေသည်။

သို့သော် . . . မိုးသက်လေပြင်းက တရှိန်ရှိန်နှင့် ကြမ်းရမ်းစွာ တိုက်ခတ်ရွာသွန်းနေသဖြင့် မီးမွှေး၍မရ ဖြစ်နေပါ၏။ မြင်းစီးပုဂ္ဂိုလ်မှာ ဖြုတ်ခနဲ မြင်းညိုကြီးရှိရာသို့ထသွားကာ . . ကုန်းနှီးဘေးတွင်ချိတ်ထားသည့် အိတ်ညိုကြီးထဲသို့လက်နှိုက်ပြီး ပုလင်းတစ်လုံးကို ထုတ်ယူလိုက်သည်။ ထို့နောက် ပုလင်းထဲမှ အရည်အချို့ကို ထင်းစများပေါ်သို့ အနည်းငယ်လောင်းချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မီးခတ်စုံနှင့်ခတ်ကာ မီးမွှေးလိုက်ပါ၏။ မကြာခင် တဖျစ်ဖျစ်မြည်သံများနှင့်အတူ မီးဖိုလေးမှာ မီးလောင်စွဲလာခဲ့ပါတော့သည်။

ထိုအချိန်ကျမှ မြင်းစီးပုဂ္ဂိုလ်၏မျက်နှာကို မီးဖိုအလင်းရောင်တွင် ဖျက်ခနဲ တွေ့မြင်လိုက်ရပါ၏။ အသားညိုညို၊ နှာတပေါ်ပေါ်နှင့် နှုတ်ခမ်းမွေးစစတွင် မုတ်ဆိတ်ကျင်စွယ်များဖြင့် ပိရိသေသပ်သော နှုတ်ခမ်း။ စူးရှလင်းလက်သောမျက်လုံးအစုံကနက်ရှိုင်းသောအမှောင်ထုကိုပင် ထွင်းဖောက်မြင်နိုင်သည်သို့။

ထိုပုဂ္ဂိုလ်သည်ကား . . . လက်ယာစစ်ကဲမှူးတပ်မှူးကြီးနေမျိုးကျော်စွာ၏ အားအထားရဆုံး ညာလက်ရုံးကြီး . . . သွေးသောက်တပ်မှူး ဗိုလ်ငပေ . . . သို့မဟုတ် ယင်းတိုက်တစ္ဆေဟုနာမည်ကြီးနေသည့် ငပေ . . . ပင်တည်း။

ငပေမှာ စောစောက မီးဖိုအားပက်ဖျန်းထားသည့် ပုလင်းထဲမှအရည်တချို့ကို တစ်ကျိုက်နှစ်ကျိုက်ခန့်မျှ မော့သောက်လိုက်သည်။

"အား . . . ဖွိုး . . . အခုမှပဲ နေသာထိုင်သာရှိသွားတော့တယ်"

ယင်းတိုက်သစ်လုံးတပ်စခန်းမှ ယူဆောင်လာခဲ့သော မီးတောက်ဖိုဦးအရက်ပင် ဖြစ်သည်။ နှုတ်ခမ်းထောင့်စွန်းမှ စီးကျလာသော အရက်တချို့ကို လက်ခုံနှင့် ခပ်ကြမ်းကြမ်းသုတ်ဖယ်လိုက်ပြီး နောက်ထပ်နှစ်ကျိုက်ခန့် ထပ်မံ၍ သောက်လိုက်ပြန်



www.burmeseclassic.com



ပါ၏။ အပြင်ဘက်တွင်မူ မိုးသက်လေပြင်းက တစ်ရုံမလပ်တာရစပ်ပင် တိုက်ခတ်ရွာသွန်းလျက်ရှိနေဆဲ . . .။ ဇရပ်ပျက်ကြီးမှ ခေါင်မိုးသွပ်ပြားများကလည်း တပြန်းပြန်းနှင့် ရိုက်ခတ်အော်မြည်နေကြဆဲ . . .။

ထိုစဉ် . . .

'ရှူး''

မြင်းညိုကြီးအနီးမှ . . . ရှူးခနဲ နှာမှုတ်သံကြီးထွက်လာပြီး သူ၏မြင်းညိုကြီးမှာလည်း အလန့်တကြားဟီလိုက်ကာ . . . ရှေ့လက်နှစ်ဖက်ကို မြှောက်ချီလိုက်သည်။ ထူးခြားသောဖြစ်စဉ်ကြောင့် ငပေ . . . ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ မြင်းကြီးအနီးတွင် ပါးပျဉ်းကြီးထောင်ကာ ပေါက်တော့မည့်ဆဲဆဲ . . ငန်းမြွေကြီးကို မီးဖိုမီးမျှအလင်းရောင်တွင် တွေ့မြင်လိုက်ရသဖြင့် . . .

"ဟာ . . . ငန်း . . . ငန်းမြွေကြီးပါလား"

ဖျတ်ခနဲ သူ့အနီးမှ . . . ပွတ်လုံးတိုင်မျှချောမွတ်နေသည့် တုတ်တိုဖြင့် လွှဲပစ်လိုက်သည်။

'ဝှစ် . . ဖောင်း''

'ရှူး . . ဖရူး'

ဝှစ်ခနဲ ပြေးဝင်သွားသော'ဝါးကျစ်လိမ်တုတ်တို' က မာန်ဖီနေသည့် ငန်းမြွေကြီး၏ပါးပျဉ်းခွက်ထဲသို့ တိုက်ရိုက်ထိမှန်သွားသဖြင့် ငန်းမြွေကြီးမှာ ဇရပ်ထောင့်အထိ ဖုန်းခနဲလွင့်စဉ်သွားကာ တစ်ချက်နှစ်ချက်မျှ တွန့်ခါသွားပြီး ငြိမ်သက်သွားပါ



www.burmeseclassic.com

www.burmeseclassic.com

လေ၏။

''ဟား . . . မိုးအေးအေးနဲ့ မြွေသားကင်တော့ စားရချည် ‌ေသးရဲ့ . . . ဟင်း ဟင်း''

ငပေသည် ဇရပ်ထောင့်ဆီသို့ ခပ်သွက်သွက်ထသွားကာ မြွေအသေကောင်ကြီးကို မီးဖိုအနီးသို့ ယူဆောင်လာခဲ့သည်။ ထို့နောက် ခါးကြားမှနှစ်ဖက်သွားဓားမြှောင်ကို ဆွဲထုတ်ကာ မြွေသေကြီးကို ကျွမ်းကျင်စွာလှီးဖြတ်၍ အရေခွံကြီးကိုခွာချလိုက်သည်။ ပြီးလျှင် . . . ငန်းမြွေကြီးကိုဗိုက်ခွဲကာ ဝါးတံစို့တွင်ညှပ်၍ အရှိန်ကောင်းစွာရရှိနေပြီဖြစ်သော မီးဖိုတွင် ဟိုဘက်သည်ဘက်လှည့်ကာ ကင်နေပါတော့သည်။

ငပေသည် အတိုက်အခိုက်တွင် တစ္ဆေသရဲတစ်ကောင်နှယ် ကျွမ်းကျင်လိမ္မာသလောက် . . . သူကိုင်ဆောင်သည့် တစ်တောင်နှစ်ပြန်ခန့်ရှည်သည့် ဝါးကျစ်လိမ်တုတ်တိုကိုလည်း လွန်စွာမှ ထဲထဲဝင်ဝင် ကျွမ်းကျင်ပိုင်နိုင်လှပါ၏။ ယခုပင် . . . လွန်စွာအန္တရာယ်ကြီးမားလွန်းလှသည့် ငန်းမြွေလိုသတ္တဝါအား ထိုင်ရာမထ ပစ်ခတ်လိုက်ပုံက သူ၏ မမြင်နိုင်သော အတွင်းအားစုစည်းမှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှုကို ပြဆိုညွှန်းလိုက်သည်သို့ . . .

ထိုစဉ်မှာပင် . . . ငန်းမြွေသားမှ မွှေးကြိုင်သောအနံ့တို့ပင် သင်းပျံ့လာပါ၏။ မီးအရှိန်ကောင်းသဖြင့် နီရဲကြွပ်ရွလာသည့် ငန်းမြွေသားသည် အဆီများပင် တရွှဲရွှဲဖြစ်လာပြီး စားချင်စဖွယ် ဖြစ်လာသည်။ မီးကင်နေသည့် တံစူးဝါးညှပ်ပင် မီးအရှိန်





ကြောင့် မည်းချိတ်နေပါပြီကော . . .။

ထို့နောက် . . . ငပေတစ်ယောက် မွှေးကြိုင်နေသည့် ငန်းမြွေသားကြွပ်ကြွပ်ရွရွ၊ နီနီရဲရဲကို တံစို့ညှပ်ပင်မဖြုတ်တော့ဘဲ အသားစိုင်များကို ကိုက်ဖဲ့၍စားလိုက်သည်။ ပြီးလျှင် ပုလင်းထဲမှ ဗိုဦးမီးတောက်အရက်နှင့် မြည်းသည်။ သည့်နောက်မှာတော့ ငပေမှာ မီးလင်းဖိုအနီးတွင်ထိုင်ကာ . . ငန်းမြွေသားကိုစားလိုက်၊ မီးတောက်အရက်ကိုသောက်လိုက်နှင့် မိုးအေးအေးတွင် လောကီစည်းစိမ်ကို အပြည့်အဝစံစားနေပါလေတော့သည် . . .။

အပြင်ဘက်တွင်မူ မိုးနှင့်လေက တဝေါဝေါနှင့် ရွာသွန်းချနေဆဲ . . .။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## မိုးညစေညီသည်များ ရောက်ရှိလာကြခြင်း

ညနေခင်းတစ်ခု၏ နေဝင်ရီသရောအချိန်ကို မိုးသက်လေပြင်းနှင့်အတူ အမှောင်ထုကြီးက နက်ရှိုင်းစွာဖုံးအုပ်သွားပါချေပြီ ...။

လေက တိုးဝှေ့တိုက်ခတ်. ယက်သက် မဟုတ်တော့။ ဟစ်အော်ကြွေးကြော်နေသည့်အသံမျိုး။ လေထဲတွင် မိုးသီးမိုးပေါက်များက သိပ်သည့်ပိတ်ဆိုကာ အပြင်ဘက်ဆီသို့ပင် မမြင်နိုင်ဘဲရှိသည်။ ဇရပ်ပျက်ကြီးပင် လေကြမ်းရိုင်းအဆောင့်တွင် သိမ့်ခနဲ ညိမ့်ခနဲ ..။ လေက စူးစူးဝါးဝါး ဟူးဟူးရားရား ..။ လေအော်သံ၊ မိုးအော်သံများကြားတွင် ဇရပ်ပျက်ကြီး၏ ညည်း





ဘွားသံကိုပါ ကြားနေရသလိုလို ...။

ထိုကဲ့သို့သော အော်မြည်သံမျိုးစုံကြားမှ ... ထူးခြားသောအသံတချို့ကို လောကီစည်းစိမ်ယစ်နေသည့် သွေးသောက်ကြီးငပေ ... သတိထားလိုက်မိပါ၏။ တံစို့ညှပ်ကင်ထားသည့် မြွေသားကင်တစ်ဖွဲ့ကို ကိုက်ဝါးနေရာမှ ရပ်ကာ ... ဇရပ်ပျက်ကြီးအပြင်ဘက်ရှိ အမှောင်ရင်ခွင်ထဲမှ အသံဗလံတချို့ကို နားစွင့်နေမိသည်။

ဟုတ်သည် ...။

မိုးသံလေသံများကြားထဲမှ တစ်ကောင်ထက်မကသော မြင်းခွာသံတချို့ကို ခပ်သဲ့သဲ့ကြားလိုက်ရသည်။ မိုးရေများဖြင့် ပျော်ဝင်နေသည့် ရွှံ့ဗွက်တလင်းခွက်ထဲသို့ ... စွပ်ခနဲ၊ စွပ်ခနဲ မြင်းခွာခြေချသံများကို အာရုံတွင်ဖမ်းမိလိုက်သည်။

မကြာမီ ... ချူတိုးသံ၊ မြင်းနှာမှုတ်သံ၊ သဘာဝမဟုတ်သော မိုးစက်ကျသံများက အာရုံလွှင့်ထားသည့် သူ၏နားစည်ထဲသို့ တိုးဝှေ့ဝင်ရောက်လာကြသည်မို့ ... သူ၏ညာဘက်တွင်ရှိသော 'ဝါးကျစ်လိမ်တုတ်တို' ကို ဆုပ်ကိုင်လိုက်သည်။ ငပေ၏အာရုံသွေးတို့က နိုးထဆူပွက်လာကြပါချေပြီကော ...။

"အင်း ... နောက်ဆုံးတော့ သူတို့ရောက်လာကြရပြီကိုး"

ငပေ၏နှုတ်မှ ဖွဖွညင်ညင်ပြော၍မဆုံးသေးခင်မှာပင် ... ဇရပ်ပျက်ရှေ့အမှောင်ထုကြီးထဲတွင် မည်းမည်းသဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



တစ်စုကို တွေ့မြင်လိုက်ရသည်။ ထိုမည်းမည်းရိပ်ရိပ်သဏ္ဍာန်ရှင်များမှာလည်း သည်းထန်စွာရှာသွန်းလျက်ရှိသော မိုးသက်လေကြောင့် ဇရပ်ပျက်တွင်ခိုနားရန် ရောက်ရှိလာကြခြင်းဖြစ်ဟန်တူပါ၏။

မကြာခင် မြင်းခွာသံ၊ မြင်းဟီသံများနှင့်အတူ မြင်းစီးသမားတစ်စုမှာ ရဲရမန်းမြို့ဝင်ဇရပ်ပျက်ကြီးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာကြသည်။

ရှေ့ဆုံးမှ . . . မြန်မာတပ်ဗိုလ်ဝတ်စုံနှင့် ဆောင်းလွယ်ထားသည့် ပုဂ္ဂိုလ်တစ်ယောက်က မြင်းကြီးတစ်ကောင်ကိုစီးလျက်။ ဖော့ဦးထုပ်မြင့်မြင့်ကြီးဆောင်းကာ မိုးကာခြုံထည်ကြီးတစ်ထည်ခြုံလွှမ်းထားသည့် အင်္ဂလိပ်စစ်ဗိုလ်ဖြစ်ဟန်တူသူမှာလည်း ဒေါင်ကောင်းလှသည့် မြင်းဖြူကြီးကိုစီးနင်း၍ ကုလားဂေါ်ရာစစ်သားများခြံရံကာ ဇရပ်ပျက်ကြီး၏လှေကားရင်းသို့တိုင်ရောက်ရှိလာကြသည်။ မကြာမီ သူတို့လူစုအားလုံး မြင်းများပေါ်မှ အသီးသီးဆင်းကာ ဇရပ်ပျက်ကြီးအတွင်းသို့ ဝင်ရောက်လာကြပါ၏။

ရှေ့ဆုံးမှတက်လာသည့် မြန်မာတပ်ဗိုလ်မှာ ဇရပ်ကြီး၏အရှေ့ဘက်ထောင့်တွင် မီးဖိုတစ်ခုနှင့်အတူ အရက်ပုလင်းတစ်လုံး၊ မြွေသားကင်တစ်ကင်ကို ကိုက်ဖဲ့စားသောက်နေသည့် ခပ်ထွားထွားပုဂ္ဂိုလ်ကိုတွေ့မြင်လိုက်ရသည်နှင့် တန့်သွားပါ၏။

ပြီးလျှင် မီးဖိုမီးအလင်းရောင်တွင် တွေ့မြင်နေရသည့်





လူထွားကြီး၏မျက်နှာကို အံ့သြစွာဖြင့် စူးစူးရဲရဲကြည့်လိုက်ရင်းအနီးမှ အင်္ဂလိပ်စစ်ဗိုလ်ကို တီးတိုးပြောကြားလိုက်သည်။

''အော . . . ကာနယ်ကလင့်ဖို့ဒ် . . . 'ယင်းတိုက်တစ္ဆေငပေ' ဆိုတာ သူပဲပေါ့''

''အိုး . . . ဂေါ့ဒ် . . . အဆင်သင့်လိုက်လေ ဗိုလ်သီဟရာ၊ မစ္စတာဆာဗားနာဒ်သဘောကျနေတဲ့ တစ္ဆေကောင်ပဲ''

ကြားလိုက်ရသောစကားများကြောင့် ငပေ၏သွေးတို့ကနွေးခနဲဖြစ်လာကြသည်။ သို့သော် . . . သူ့စိတ်က သူ့အသာထိန်းရင်း ငန်းမြွေသားကိုသာ ဖိခနဲကိုက်ဝါးကာ တမြုံ့မြုံ့နှင့် စားနေပါ၏။

မီးဖိုမီးလေးမှာ အရှိန်ကောင်းကောင်းနှင့် တောက်လောင်နေဆဲ . . .။

ထို့အတူ . . . မိုးသက်လေကလည်း တဝေါဝေါနှင့် ရွာသွန်းလျက်ရှိနေဆဲ . . .။

ထိုအခိုက် . . . အင်္ဂလိပ်စစ်ဗိုလ် ကာနယ်ကလင့်ဖို့ဒ်က မိုးရေစက်စက်ကျနေသည့် မိုးကာခြုံထည်ကြီးကို လွှားခနဲချွတ်လိုက်သဖြင့် ပခုံးပေါ်မှရွှေရောင်ဒေါက်က မီးရောင်တွင်လက်ခနဲဖြစ်သွားပါ၏။ တစ်ဆက်တည်းမှာပင် ခါးတွင်ချိတ်ထားသည့် ပစ္စတိုခေါ် ပြောင်းတိုသေနတ်တစ်လက်နှင့် ဓားကြီးကိုလည်း ခန့်ထည်ဝင့်ကြွားစွာ မြင်တွေ့လိုက်ရသည်။

တစ်ချိန်တည်းမှာပင် . . မြန်မာတပ်ဗိုလ်လေး ဗိုလ်သီ



www.burmeseclassic.com

www.burmeseclassic.com



က လွယ်ထားသည့်ဆောင်ဓားကို ဖြုတ်ယူလိုက်ပြီး မီးဖိုအနီးသို့ တိုးဝင်လာကာ ...

''အင်း ... ယင်းတိုက်တစ္ဆေငပေကို ကိုင်နိုင်ခဲ့ရင် ယင်းတိုက်တောင်နဲ့ ဆီဘူးကွဲတောင်ကြောတွေကို လက်ဖျစ်တစ်ညှစ်ညှစ်နိုင်ပြီလို့ ပြောကြတယ် ကာနယ် ... ဒီတော့ ကျုပ်တို့အပြန်ခရီးမှာ မစ္စတာဆာဗားနာဒ်အတွက် လက်ဆောင်ကောင်းတစ်ခု ပေးရအောင် ဓားပွဲလေးတစ်ပွဲလောက် လက်နွေးလိုက်ရင်ကောင်းမယ်ထင်တယ် ... ဟင်း ဟင်း ဟင်း''

သစ္စာဖောက်လောက်ကောင် ဗိုလ်သီဟ၏စကားကြောင့် မီးတောက်အရက်နှင့်ပူနွေးနေသည့် သူ၏နှလုံးသွေးတို့သည် မြန်မာ့သွေးဟူသော ဇာတိမာန်သွေးတို့ဖြင့် ပေါင်းစည်းကာ ... သွေးကြောအနှံ့ ပျံ့နှံ့ဆူပွက်လာကြသည်သို့ ...။ လက်တွင်းမှ စားလက်စငန်းမြွေကျပ်ကင်ကို လွှင့်ပစ်လိုက်သည်။ နိုင်ငံအတွက် အရှင့်သခင်အတွက် ... သစ္စာဖောက်လောက်ကောင်နှင့် ကုလားဖြူတစ်စုကို ရှင်းလင်းသုတ်သင်ပစ်ရဦးမည်မဟုတ်ပါလား။

လက်ထဲမှ 'ဝါးကျစ်လိမ်တုတ်တို' ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်သည်။ ခန္ဓာကိုယ်တွင်းမှ နီရဲသောသွေးတို့သည် ... လက်ဖျားမှတစ်ဆင့် ဝါးကျစ်လိမ်တုတ်အတွင်းသို့ ဒုတ်ဒုတ်ထိစီးဝင်သွားကြလေပြီထင့် ...။

ဆည်းဆာချိန်ကို ကျော်လွန်လာခဲ့ပြီမို့ အမှောင်သည် ပိုမို၍ နက်ရှိုင်းလာခဲ့သည်။ အပြင်ဘက်တွင် တိုက်ခတ်ရှာသွန်း





နေသည့် မိုးသက်လေသည် တစ်ကျော့ပြန်တိုက်ခတ်လာပြန်သည်ထင့် ...။ မှန်တိုင်းည၏ အမှောင်နက်နက်အောက်တွင် မိုးသက်လေ၏ တစ္ဆေတစ်ကောင်နှယ် ဟစ်အော်ခြောက်လှန့်သံများ၊ မိုးပေါက်မိုးခဲတို့၏ ကြမ်းရှစွာရိုက်ပုတ်ခြင်းဒဏ်များကို အားကိုးရာမဲ့စွာဖြင့် ဇရပ်ပျက်ကြီးမှာ လည်စင်း၍ခံနေရပါလေ၏။

ဇရပ်ပျက်ကြီးမှာတော့ ... ကျားရဲတစ်ကောင်ကို မြေခွေးတစ်အုပ် ဝိုင်းရံကိုက်ခဲရန် ကြိုးစားနေကြပါချေပြီကော ...။

ထိုစဉ်မှာပင် ... သစ္စာဖောက်တပ်မင်းငယ် ဗိုလ်သီဟအား တွန်းဖယ်လျက် အင်္ဂလိပ်စစ်ဗိုလ် ကာနယ်ကလင့်ဖို့ဒ်က ရှေ့သို့တိုးဝင်လာသည်။ ပြီးလျှင် ... သူ၏ခါးမှငွေဓားကို ရွှမ်းခနဲ ဆွဲထုတ်လိုက်သည်။ နှစ်ဖက်သွားဓားလွလွသည် မီးရောင်တွင် လက်လက်ထ၍သွားပါ၏။ ဓားသွားမျှင်သည် လျှော်အူကြိုးကဲ့သို့ရှိချေသည်။

ကာနယ်ကလင့်ဖို့ဒ်ဆိုသူသည် သူ၏ဓားကို လေထဲတွင် တစ်ချက်မျှခတ်၍ ဝှေ့လိုက်သည်တွင် ဓားသံသည် ရွှမ်းရွှမ်းထ၍ မီးရောင်အောက်ဝယ် လက်လက်စိုသွားပါ၏။

''သင့် ... နာမည် ... ယင်းတိုက်တစ္ဆေကောင် ... ဟုတ်သလား''

အင်္ဂလိပ်စစ်ဗိုလ် ကာနယ်ကလင့်ဖို့ဒ်က မြန်မာစကားသံလေးလေးတွဲတွဲကြီးနှင့် မေးလိုက်သည်။ သို့သော် ... သွေးသောက်ကြီး ငပေက ... မဖြေ။ သူ၏လက်တွင်ကိုင်စွဲထားသည်



www.burmeseclassic.com

www.burmeseclassic.com



`ဝါးကျစ်လိမ်တုတ်တို' ကိုသာ ခပ်ရွရွကိုင်လျက် ကာနယ်ကလင့်ဖို့ဒ်ကိုသာ စူးစူးရဲရဲကြည့်နေပါ၏။ ခြေခင်းလက်ခင်းအနေအထားမှာမူ ... ဘယ်တင်၍ညာယို့ပြီး ဘယ်လက်ကို အသားပေး၍ ညာလက်ကိုစီးထားသည်။

"ဟေး ... မေးနေတာကို မကြားရဘူးလား ငပေ"

သူ၏ ယာဘက်မှ ဗိုလ်သီဟက ... ဓားဦးနှင့်ဆတ်ခနဲ ထိုးချိန်ရင်း ခပ်ငေါက်ငေါက်မေးလိုက်သည်ကို ဝါးကျစ်လိမ်တုတ်တိုပိုင်ရှင် သွေးသောက်ကြီးငပေက ... ပါးစပ်နှင့်မဖြေဘဲ သူ၏ တုတ်စကို ထောင်လိုက်သည်။ သည့်ထက်ပို၍ ရှေ့သို့တိုးဝင်လာခဲ့လျှင် တုတ်ဖျားဖြင့် ခတ်တော့မည်ကဲ့သို့ ...။

"အိုး ... ဟိုး ... ယင်းတိုက်တစ္ဆေကောင်က အလာကြီးပါလား ... ဟင်း ဟင်း"

ထိုစဉ် ... ကာနယ်ကလင့်ဖို့ဒ်က ဓားဦးကို မလွှဲဖယ်ဘဲ ခြေခင်းကို ဗိုပုံသဏ္ဍာန်ခင်း၍ ခွဝင်လိုက်သည်။ ကာနယ်ကြီးက ယင်းတိုက်တစ္ဆေကောင်ကို ခါးလယ်မှဖြတ်ပိုင်းမည့်ပုံစံဖြင့် ...

"အပိုတွေ မမေးနဲ့လေ ... ဟောဒီဇရပ်ပျက်ဟာ နင်တို့ရဲ့သင်္ချိုင်းရာပဲလို့ မှတ်ယူလိုက်တော့ ... ဟင်း ဟင်း ... လာစမ်းပ ... မြန်မာတွေရဲ့တုတ်သိုင်းပညာကို မြည်းစမ်းရအောင်"

အင်္ဂလိပ်စစ်ဗိုလ်သည် ... ဓားဦးဖြင့်ထိုးထည့်ချိန်ဆထားရာမှ သွေးသောက်ကြီးငပေအား ဓားချက်ကိုတစ်ချက် ပတ်မွှေ၍ ခါးလယ်ဆီသို့ ဓားဦးဖြင့် ထိုးပတ်မွှေ့လိုက်သည်။ သို့သော်





မွှေ့ယမ်း၍ဝင်လာသည့် ဓားချက်က အရှောင်ရခက်လှပါ၏။

သွေးသောက်ကြီးငပေက ဝမ်းပိုက်သားကိုချုပ်၍ နောက်သို့ အသာယို့ကာ ဓားဦးကိုလွတ်သည်ဆိုရုံမျှ ရှောင်ကွင်းလိုက်သည်။ ထို့နောက် ညာလက်တစ်ဖက်တည်းဖြင့် တစ်တောင်နှစ်ပြန်သာရှိသည့် ဝါးကျစ်လိမ်တုတ်ကိုမွှေ့လိုက်သည်။

`ဝိုး ..ဝိုး ..ဝိုး ..ဝေါ ..ဝေါ ..ဝေါ ..'

သွေးသောက်ကြီးငပေ၏ တုတ်လေပွေမွှေ့သံက အပြင်ဘက်တွင် တိုက်ခတ်မြည်ဟည်းနေသည့် မိုးထစ်ချုန်းသံကြီးကဲ့သို့ တဝိုးဝိုး တဝေါဝေါနှင့် ...။ တုတ်မွှေ့သံကြောင့် ဗိုပုံသဏ္ဍာန် ခြေခင်းထားသည့် ကာနယ်ကလင့်ဖို့ဒ်၏ဓားသည် တုတ်မွှေ့ယမ်းဝှေ့သည့် လေစီးဝဲကြီးထဲသို့ စုပ်၍ပါသွားပါတော့သည်။

`ဝိုး ..ဝိုး ..ဖြန်း ..ဖလမ်း ..ဖန်း ..ဝိုး ..ဝိုး'

အဖြစ်အပျက်က မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ဖြစ်သည်။ လွန်စွာကောင်းမွန်လှသည့် အင်္ဂလိပ်စစ်ဗိုလ်၏ဓားကြီးသည် လေစီးဝဲနှင့် စုပ်ယူသွားရာမှ ဇရပ်ပျက်ကြီး၏ ခေါင်တိုင်တွင် စွဲ၍ ဓားရိုးကြီးသာ လှုပ်ခါယမ်းလျက်ရှိသည်ကို ထိတ်လန့်အံ့ဩစွာတွေ့မြင်လိုက်ကြရပါတော့သည်။

`ဝိုး ..ဝိုး ..ဒုတ်'

"အိုး ...ဂေါ့ဒ်"

ကာနယ်ကလင့်ဖို့ဒ်သည် သူ၏လက်ထဲမှ ဓားလွတ်ထွက်သွားသဖြင့် အံ့ဩတုန်လှုပ်သွားသည်နှင့်အတူ မျက်နှာကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးရှက်ဒေါသဖြင့် နီမြန်းလာပြီး ခါးမှပြောင်းတိုသေနတ်ကို ဖျတ်ခနဲဆွဲထုတ်လိုက်သည်။ သို့သော် ...

‘ဗိုး ‥ ဖောင်း’’

‘‘ဒေါက် ‥ ဖမရာ ‥ ဖျော’’

သွေးသောက်ကြီးငပေ၏တုတ်ဖျားက တစ်ပတ်လည်လာကာ ကာနယ်ကလင့်ဖိုဒ်၏ သေနတ်ကိုင်လက်အား ခပ်ဆတ်ဆတ် ဖြတ်၍ထိသွားသဖြင့် မြောင်းတိုသေနတ်မှာ ဇရပ်ပျက်ကြီး၏ထောင့် အမှောင်ရိပ်ထဲသို့ လွင့်စဉ်ပြုတ်ကျသွားပါလေ၏။

‘‘ဟိုင်း ... သေပေတော့ တစ္ဆေကောင်’’

‘ဝုတ် ‥ ဗိုး ‥ ဗိုး ‥ ဝုတ် ‥’

‘ထန်း ‥ ထန်း ‥ ထောင်’’

သစ္စာဖောက်လောက်ကောင် ဗိုလ်သီဟမှာ ဓားရေးကြမ်းကြမ်းနှင့် တရကြမ်းထိုးမွှေ့ဝင်ရောက်လာသည်မို့ သွေးသောက်ကြီးငပေမှာ ... တုတ်တိုစကြာခင်း၍ သျှင်မြန်စွာ မွှေ့ကာလိုက်သည်။ ဗိုလ်သီဟ၏ဓားချက်မှာ ပတ်သာ၊ မွှေ့သာ၊ လှူးသာဓားချက်ဖြစ်၍ အရှောင်အတိမ်းအထွက် ခက်လှသည်။ အောက်ခြေမှလည်းကောင်း၊ အလယ်မှလည်းကောင်း ဝိုက်၍မိုး၍ ဝင်လာသဖြင့် ခါးနှင့်ခေါင်းကိုလွတ်သည်ဆိုရုံမျှ ယို့၍ရှောင်သော်လည်း ဓားစက်ကွင်းသည် စက်ဝိုင်းသာဓားချက်မို့ ... အဖြို့ရခက်လှသည်။

‘ဝုတ် ‥ ဝုတ် ‥ ဗိုး ‥’

---

ခု နှစ် စဉ် ကြယ် တာ ပေ



ဗိုလ်သီဟ၏ဓားချက်သည် သွေးသောက်ကြီးငပေ၏ ညှည်မျိုးကိုဖြတ်၍ သွေးသောက်တော့မည့်နယ် ပြေးဝင်လာသည်။ ငပေက ကိုယ်ကိုတစ်ပတ်လှည့်၍ရှောင်တိမ်းကာ ဗိုလ်သီဟ၏ နောက်စေ့သို့ ပင့်တင်ရိုက်ထုတ်လိုက်သည်။

‘ဗိုး ‥ ဝုတ် ‥’

‘‘အ ... ဟာ’’

ဗိုလ်သီဟ အလန့်တကြား ဓားဖြင့်ကာလိုက်သဖြင့် သက်သာရာရသွားခဲ့သည်။ ထို့နောက်မှာတော့ သွေးသောက်ကြီးငပေခေါ် ယင်းတိုက်တစ္ဆေကောင်ကြီးက ‘စဣန္ဒတုဏှ’ တုတ်ခင်းပညာရပ်နှင့် တိုက်စစ်ကို လျင်လျင်မြန်မြန်ဖွင့်ပါတော့သည်။ တစ်ချိန်တည်းမှာပင် ဂေါ်ရာစစ်သားများက သူတို့၏သေနတ်များကို တစ်ပြိုင်တည်းမောင်းတင်လိုက်ကြသည်။

‘‘ချောက် ‥ ချောက် ‥ ချောက် ‥ ချောက် ‥ ချောက်’’

‘‘FIRE’’

အင်္ဂလိပ်စစ်ဗိုလ်၏ အမိန့်ပေးသံနှင့်အတူ ... သွေးသောက်ကြီးငပေ၏ တုတ်ထောင်မောင်းတင်ခြေခတ်ချက်ကြောင့် ဗိုလ်သီဟ၏နံရိုးနှစ်ချောင်း ကျိုးဝင်၍ အတွင်းသို့ စိုက်ဝင်သွားသည်ထင့် ...။ ဗိုလ်သီဟ ဓားလွတ်ကျကာ ဇရပ်ပျက်ကြီး၏ထောင့်တွင် ခွေညွတ်လဲကျသွားသည်။

‘ဖျောင်း ‥’

---

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အီး ... အင့်"

'ဒိန်း ..ဒိန်း ..ဒိန်း ..ဒိန်း ..ဒိန်း'

တစ်ချိန်တည်းမှာပင် ဂေါ်ရာစစ်သားများထံမှ သေနတ်သံများ တဒိန်းဒိန်းနှင့်ထွက်လာသည်နှင့် သွေးသောက်ကြီး ငွေ... ခေါ် ယင်းတိုက်တစ္ဆေကောင်ကြီးက ..လွှားခနဲခုန်ကာ အမှောင်ထဲတွင် ပျောက်ကွယ်သွားပါလေတော့သည်။

အင်္ဂလိပ်စစ်ဗိုလ်မှာ လဲကျသေဆုံးသွားပြီဖြစ်သည့် ဗိုလ်သီဟ လွတ်ကျသွားသည့်ဓားကို ကောက်ယူလိုက်သည်။ ယင်းတိုက်တစ္ဆေကောင်ကြီးကိုကြည့်လိုက်တော့ မီးဖိုမီးရောင်တွင် မတွေ့ရပါလေတော့ ...။

"အိုး ..ဂေါ့ဒ် ...ဘလယ်ဒီဖူးလ် ...ဘယ်ကိုရောက်သွားပြီလဲ၊ တစ္ဆေကောင်ထွက်လာရင် အသေပစ်သတ်ကြ"

ကာနယ်ကလင့်ဖို့ဒ်၏ အော်ဟစ်အမိန့်ပေးသံ မဆုံးမီမှာပင် ဇရပ်ပျက်၏ထုပ်တန်းပေါ်မှ ...ယင်းတိုက်တစ္ဆေကောင်ကြီး ဝဲပျံကျလာပြီး တဗိုးဗိုးနှင့် တုတ်မွှေ့သံအောက်တွင် ဂေါ်ရာစစ်သားများ သေနတ်တစ်ချက်ပင် မဖောက်နိုင်ကြဘဲ ပြိုလဲလွင့်စဉ်ကျသွားကြပါတော့သည်။

'ဗိုး ..ဗိုး ..ဗိုး ..ဗိုး ..'

'ဖောင်း ..ဖျောင်း ..ဒုတ် ..ဖောင်း'

"အ ...အီး ...အင့် ...အု ...အား"

စင်စစ် ...သူ၏တုတ်တို့ဖြင့် 'အဌမှခ်အကွက် ...ခြေ





ကွက်စကြာဖြင့် လေထဲ၌ဝဲပျံကာ ဂေါ်ရာစစ်သားများ၏ ဦးခေါင်းပေါ်သို့ ဆွဲမွှေ့ရိုက်ချလိုက်ခြင်းကြောင့် ဂေါ်ရာစစ်သားအားလုံး ဦးဆက်ပွင့်ကာ သေဆုံးသွားကြခြင်းဖြစ်သည်။ အင်္ဂလိပ်စစ်ဗိုလ် ကာနယ်ကလင့်ဖို့သာ နောက်သို့ ကပျာကယာဖြင့် ခုန်လွှားဆုတ်လိုက်သည့်အတွက် သီသီကလေးလွတ်မြောက်သွားခြင်းဖြစ်ပါ၏။

ယင်းတိုက်တစ္ဆေ၏ လေမွှေ့ဝဲရိုက်ချက်ကြောင့် ဇရပ်ပျက်ကြီးသည် တဂျိုင်းဂျိုင်းနှင့် သိမ့်သိမ့်ခါသွားသည်။ ဇရပ်ပျက်ကြီး၏ တံခါးဝ မျောတိုင်ကြီးများပင်လျှင် တဝုန်းဝုန်းနှင့် လှုပ်ယမ်းလျက်ရှိကြသည်။

'ဝေါ ..ဝေါ ..ဝုန်း ..ဝုန်း'

'ကျိ ..ကျိ ..ဂျိမ်း ..ဂျိမ်း'

ယင်းတိုက်တစ္ဆေပေကာတော့ သူ၏တုတ်ကိုဝှေ့ယမ်းနေရာမှ ...ဘယ်ဖြတ်၍ ညာတင်လိုက်သည်။ ထို့နောက်မှာတော့ ဖြတ်ရိုက်၊ မွှေ့လိမ်၊ ပေါက်ရုတ် ...စသဖြင့် ရှေးမြန်မာကြီး တမ္ပဒီပတိုင်းသားနွယ်ဝင်တို့၏ မိခင်ရင်းပညာရပ်ကြီးဖြစ်သည့် 'စက္ကုန္ဒတ္တတုတ်ခင်း' သာအတတ်ကို ပီပီပြင်ပြင်အသုံးပြုလိုက်ရာ အင်္ဂလိပ်စစ်ဗိုလ် ကာနယ်ကလင့်ဖို့ဒ်မှာ ဇရပ်ပျက်အပေါက်ဝထိတိုင် ခုန်၍ခုန်၍ ဆုတ်သွားရသည်။

မျက်နှာကြီးမှာလည်း ...ရက်ရွံ့စိတ်၊ မခံချင်စိတ်၊ အံ့ဩစိတ်တို့ကြောင့် ရဲရဲနီနေပါပြီကော။ ဒေါသကြောင့် လက်ထဲတွင်ကိုင်ထားသည့် ဗိုလ်သီဟ၏ဓားရှည်ကြီးက တဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခါလျက် . . .။

ယင်းတိုက်တာရွှေဟု နာမည်သတင်းကြီးနေသည့် သွေးသောက်တပ်မှူး ငပေသည် နာမည်နှင့်လိုက်ဖက်အောင်ပင် တာရွှေတစ်ကောင်နှယ် . . . ပျောက်ချည်၊ ပေါ်ချည်၊ ဝင်ချည်၊ ငုပ်ချည်ဖြင့် . . . 'ဝါးကျစ်လိမ်တုတ်တို'ဖြင့် သူ၏ပညာစွမ်းကို ပြသလျက်ရှိပါချေပြီတည်း။

'ဒိုး . . ဒိုး . . ဝှစ် . . ဝှစ် . . ဒိုး . . ဒိုး . .'

ယင်းတိုက်တာရွှေ ငပေနှင့် သူ၏တုတ်တို၊ တုတ်တိုနှင့် ငပေ . . . ခွဲခြား၍မရပါလေတော့။ တဒိုးဒိုးလည်နေသည့် လေစုပ်ဂဲထဲတွင် ငပေ၏ခန္ဓာကိုယ်ကြီးက ပျောက်ကွယ်နေသည်သို့။

ပညာစဉ် . . . ယှဉ်၍မရမှန်းသိသွားပြီမို့ အင်္ဂလိပ်စစ်ဗိုလ်မှာ နောက်ဆုံး ဓားရှက်ကိုဆုပ်ကိုင်ကာ . . . ယင်းတိုက်တာရွှေကောင်ကြီး၏ လပ်ဟာနေသော ကျောပြင်ဆီသို့ လျှပ်တစ်ပြက် ထိုးသွင်းပစ်လိုက်သည်။

'ဝှစ် . . ထန်း . . ဒုတ်'

ယင်းတိုက်တာရွှေ ငပေမှာ . . . လှစ်ခနဲ ခြေကိုထောက်၍ စကြာဖြတ်လိမ်ကာ တုတ်တိုကို ဓားသွားရာလမ်းကြောင်းထဲသို့ ပစ်ထည့်လိုက်သည်။ တုတ်တိုသည် ချာရပတ်လည်၍ ဓားလျှင်ဦးကိုဖြတ်၍ထိမှန်သဖြင့် ဓားသည် မြေ၌ပြုတ်ကျ စိုက်ဝင်သွားသည်။ ငပေ၏ လျင်မြန်မှုနှင့် တိကျမှုတို့က အံ့ဖွယ်သူရဲ ရှိလှပါ၏။





''ဟေး . . . ဟိုင်း''

တစ်ဆက်တည်းမှာပင် ကျောတွင်လွယ်ထားသည့် ကတ္တီပါအိတ်နီထဲမှ ဝါးကျစ်လိမ်တုတ်တစ်ချောင်းကို ဖျတ်ခနဲဆွဲထုတ်ကာ အံ့သြမှင်တက်နေသော ကာနယ်ကလင်ဖို့ဒ်၏ နဖူးဆံစတည့်တည့်ဆီသို့ လျှပ်တစ်ပြက်ထိမှန်သွားပါသည်။

'ဖျောင်း'

''အင် . . . အု''

အင်္ဂလိပ်စစ်ဗိုလ် ကာနယ်ကလင့်ဖို့ဒ်မှာ ယင်းတိုက်တာရွှေ၏တုတ်ချက်ကြောင့် ဒူးညွှတ်ခွေယိမ်းကာ မျက်စိများ ပြာဝေလာပြီး ဒူးထောက်ကျသွားသည်ကိုသာ သိလိုက်ရသည် သူ၏ခန္ဓာကိုယ်မှ ဝိညာဉ်သည် ခရစ်တော်ထံပါးသို့ ပြေးဝင်ခိုလှုံသွားကြပါတော့သည်။

အပြင်မှာတော့ . . . သခင်မဲ့မြင်း (၁၁) ကောင်က မိုးရေထဲတွင် ခိုက်ခိုက်တုန်လျက်။ ရဲရမန်းမြို့အဝင် ဇရပ်ပျက်ကြီးပေါ်မှာတော့ . . . အလောင်း (၁၁)လောင်းက ပိုးလိုးပက်လက် . . . သွေးသံရဲရဲဖြင့် နေရာအနှံ့ ပြန့်ကြဲလျက်ကျန်ရစ်ခဲ့ပါတော့သည်။

အပြင်ဘက် အမှောင်နက်နက်ထဲမှာတော့ . . . မိုးသံလေသံက အော်ဟစ်မြည်ကြွေးနေကြဆဲ။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## ရဲရမန်း ...မှသည် နိဒါန်းချီခဲ့သော

ရဲရမန်းမြို့ ...။

ရှမ်းပြည်နယ်နှင့်မြန်မာနယ်စပ် ...၊

ဆီဘူးကွဲတောင်၊ ကျောက်ပုံတောင်၊ နွယ်လှိုင်းတောင်၊ ယင်းတိုက်တောင် စသော ညို့ဆိုင်းပြာမှောင် တောင်အထပ်ထပ် တောအနိုနိုကြားမှ ချောင်းဖျားချောင်းပေါက်အဖြစ်ခံယူကာ ဒုဋ္ဌဝတီမြစ်အတွင်းသို့စီးဝင်ကြသော မြစ်ငယ်ချောင်းငယ်များတွင် ရဲရမန်းဆိုသော မြို့ကြီးတစ်မြို့ရှိပါ၏။ ရဲရမန်းသည် တြိဂံပုံ သဏ္ဌာန်ဖြင့် ကုန်းလမ်း၊ ရေလမ်းဖြစ်တည်ရာ နယ်စပ်ဒေသဖြစ်သဖြင့်လည်း ကုန်သွယ်မှုဖြင့် စီးပွားရေးကောင်းမွန်တိုးတက်သော





ဆိပ်ကမ်းမြို့တစ်မြို့လည်းဖြစ်ပါသည်။ မြို့အနေအထားမှာ တြိဂံပုံသဏ္ဌာန်ဖြစ်၍ တြိဂံ၏အောက်ခြေမှာ ဒုဋ္ဌဝတီမြစ်ကမ်းခြေ၊ အထက်ထောင့်စွန်းတွင် ညို့မှိုင်းသော ယင်းတိုက်တောင်ကြောကြီးနှင့် မြို့လယ်ရှိ တောင်ကုန်းမြင့်မြင့်များတွင်မူ ဘုရား၊ ပုထိုး၊ ကျောင်းကန်များနှင့် ခေတ်ပျက်ကာလမှာပင် သာယာကြည်နူးဖွယ် ကောင်းလှသည်။

ရဲရမန်းခေါ် ...တောင်ရိုးတောင်စွယ် အသွယ်သွယ်ဖြင့် စိမ်းလန်းစိုပြည်လှသော ရမန်းနယ်ကား ဒုဋ္ဌဝတီခေါ် မြစ်ငယ်မြစ်ကြီး၏မြစ်ဝှမ်းတစ်လျှောက်တွင် ရှည်လျားစွာတည်ရှိပါ၏။ ဟဲလယ်၊ နန်းဟူး၊ ကုန်းသာ၊ အုန်းကျော၊ သရက်ပင်၊ ဇရစ်ခဲ စသော ရွာကြီးရွာငယ်အသွယ်သွယ်တို့၏အမည်များနှင့်ပင် ရှမ်းနှင့်မြန်မာ ရောယှက်ပေါင်းစပ်ထားသည့် နယ်ခြားအရပ်ဒေသမှန်း သိသာထင်ရှားလှပါ၏။

နတ်တော်၊ ပြာသို နှင်းစိုစိုတွင် ခွာညိုသင်းစ ဆောင်းလရာသီဖြစ်သဖြင့် တောင်စဉ်တောင်တန်း တောင်ခါးပန်းတို့တွင် နှင်းထွေး၊ နှင်းမြူ၊ နှင်းခဲများက ပိန်းပိတ်၍ဆိုင်းအုံ့နေပါလေ၏။ နေလည်းမပြူ ...နှင်းတမြူမြူတွင် ရှေ့သို့ ဝါးတစ်ရိုက်မျှထက် ပို၍မမြင်နိုင်ပေ။ အတက်အဆင်း အကွေ့အဝိုက် များပြားလှရုံမျှမက ကျောက်စရစ်၊ ဂဝံ၊ သလင်းဂျွန်းစသော ကျောက်ရိုင်းကျောက်တုံးများမှာလည်း မညီမညာ ဟိုတဲ့သည်တင်နှင့် တဲတဲမျှသာကပ်နေကြသဖြင့် မြင်းများ၊ နွားလှည်းများ ခြေချော်၍တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ချောက်ကမ်းပါးထဲသို့ကျသွားမည်ကိုပင် စိုးရိမ်ကြရပါသည်။

နှင်းရည်နှင်းစက်တို့ဖြင့် လေးအိနေကြသော တောပင် တောင်ပင်၊ သစ်ကြီး ဝါးကြီး အပင်ကြီးများနှင့် နွယ်ပင်၊ ကြိမ်ပင် ဝါးပင်ကြီးများကိုတိုးဝှေ့တွန်းဖယ်၍ ချီတက်လာသည့် အင်္ဂလိပ် ဂေါ်ရခါးစစ်သားများနှင့် မြင်းစုတစ်စု၊ နွားလှည်းငါးစီးကို့သည် ဆီဘူးကွဲတောင်ခြေကိုပတ်ကာ ရဲရမန်းမြို့ကြီးဆီသို့တရွေ့ရွေ့ချီ တက်နေလျက်ရှိကြပါသည်။

ရဲရမန်းနှင့် နောက်ခံနယ်မြေဒေသတစ်လျှောက်လုံး လက်ယာစစ်ကဲမှူးကြီးနေမျိုးကျော်စွာ၏ တော်လှန်ရေးအင်အားစု များသြဇာသက်ရောက်ရာ နယ်မြေကြီးတစ်ခုဖြစ်သည်။ မကြာမီ လပိုင်းကပင် စစ်ကဲတပ်မှူးကြီးနေမျိုးကျော်စွာ၏ ညာလက်ရုံး ကြီး သွေးသောက်တပ်မှူးဗိုလ်ငပေခေါ် ယင်းတိုက်တာ့ရွှေငပေတို့ တော်လှန်ရေးတပ်သားများ၏ စွမ်းပကားဖြင့် ရဲရမန်းမြို့စောင့် အင်္ဂလိပ်ဂေါ်ရခါးတပ်အား မောင်းထုတ်တိုက်ခိုက်ခဲ့ကြသည် မဟုတ်ပါလား။

ထို့ပြင် ... ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း ဆီဘူး ကွဲတောင်၊ ကျောက်ပုံတောင်နှင့် ယင်းတိုက်တောင်တစ်ဝိုက်ရှိ တော်လှန်ရေးရဲမက်စစ်သည်များထံသို့ လက်နက်ခဲယမ်း ရာဇသံ စာချွန်လွှာများ လာရောက်ပို့ဆောင်သည့် အင်္ဂလိပ်စစ်ဗိုလ် ကာ နယ်ကလင်းဖွဲ့နှင့်သူ၏လက်ရွေးစင်စစ်သားတစ်စုကိုလည်း ယင်းတိုက်တာ့ရွှေငပေက ရဲရမန်းမြို့အဝင်ဖရပ်မှ စောင့်ဆိုင်းကာ





တစ်ယောက်မကျန် ဇီဝိန်ဖြုတ်ချွေခဲ့ပါသေးသည်။

ထို့ကြောင့် ယခုတစ်ကြိမ်တွင်မူ အင်္ဂလိပ်အရေးပိုင်မင်း ကြီး ဆာဗားနာဒ်က အင်အားကြီးမားလှသော ဂေါ်ရာစစ်တပ်ကြီး တစ်တပ်ကို ရဲရမန်းသို့စေလွှတ်ခဲ့ခြင်းဖြစ်ပါချေ၏။ ထိုစစ်တပ် ကြီးနှင့်အတူ ရဲရမန်းမြို့ကြီးကို စီမံအုပ်ချုပ်နိုင်ရန် ငွေစားဆုရ အင်္ဂလိပ်အလိုရှိ မြန်မာသူကြီးကိုလည်း သူ၏မိသားစုများနှင့် အတူ တစ်ပါတည်း လိုက်ပါစေခဲ့ပါ၏။

မကြာမီ နှင်းမြူကွဲစ နေခြည်အလင်းတန်းများအောက် တွင် မျက်နှာဖြူအင်္ဂလိပ်စစ်ဗိုလ် ဒေါ်နယ်စမစ်ဦးစီးသော ဂေါ်ရာ စစ်တပ်ကြီးနှင့် မြင်းတပ်စု၊ နွားလှည်းသုံးစီးတို့က ရဲရမန်းမြို့တွင်း သို့ တသီတတန်းကြီးစီတန်း၍ ဝင်လာကြပါတော့သည်။ ဂေါ်ရာ စစ်သားများမှာ ဘောင်းဘီပတ်ဖုံးပြည့်၊ ဖော့ဦးထုပ်များဖြင့် သေ နတ်များကိုထမ်းကာ မြို့လယ်လမ်းမကြီးတစ်လျှောက် ဖုန် တထောင်းထောင်းဖြင့်ချီတက်လာကြခြင်းဖြစ်သည်။ သူတို့နောက် မှ မြင်းစီးစစ်တပ်ကလည်း လက်နက်အင်အားအပြည့်အစုံ ချီ တက်လာကြသကဲ့သို့ မြို့သူကြီး၏လှည်းသုံးစီးတို့အား ဝိုင်းရံ လျက် လိုက်ပါလာကြသည်။

မြင်းညိုကြီးနှစ်ကောင်စီးနှင်းလိုက်ပါလာသည့် မျက်နှာ ဖြူတပ်ကြပ်ကြီးနှစ်ဦးရံလျက် အလယ်မှ မြင်းဖြူကြီးစီးနင်းလာ သည့်အင်္ဂလိပ်စစ်ဗိုလ်ဒေါ်နယ်စမစ်သည် ဖော့ဦးထုပ်မြင့်မြင့်ကြီး ကိုဆောင်း၍ ပခုံးတွင် ရွှေရောင်ဒေါက်တပ်ဆင်ပြီး ခါးတွင်



www.burmeseclassic.com

www.burmeseclassic.com



ငွေဓားကြီးတစ်လက်နှင့် ပြောင်းတိုသေနတ်တစ်လက်ကိုချိတ်ကာ မြင်းဖြူကြီးကို အသားကျ လှုလှုရွရွနှင့် ခန့်ထည်စွာစီးနင်းလာပါ၏။

ဂေါ်ရာစစ်သားတစ်ထောင်နီးပါးရှိသော စစ်တပ်ကြီးကို ကြည့်ကာ ရဲရမန်းမြို့သူမြို့သားများမှာ အံ့သားသင့်ခြင်း၊ အထင်ကြီးခြင်းတို့မှအစပြု၍ တစ်စစ တစိမ့်စိမ့်ကြောက်သွေးဖြန်းစေမည့် အရိပ်အယောင်များပင် ယှက်သန်းစပြုလာကြသည်။ တချို့ကမူ . . . မကျေနပ်ဟန်၊ မလိုလားဟန်အမူအရာများကိုပြုလျက် စောင်ပေပေနှင့်ကြည့်နေကြပါ၏။

''အင်း . . . ကြည့်ရတာ . . . ဒီသူကြီးကတော့ အင်္ဂလိပ်အလိုတော်ရိဖြစ်ဖို့များတယ်ဟေ့၊ လည်းပေါ်ကနေကြည့်နေတဲ့ပုံစံကိုက နှုတ်ခမ်းမွေးကြီးတကားကားနဲ့ တစ်လောကလုံး သူ့ရဲ့လုပ်စာ စားနေကြရတဲ့အတိုင်းပဲဟေ့''

''သတိထားသာ နေကြတော့ဟေ့ . . . သူကြီးရဲ့အခြေအနေကတော့ သိပ်မကောင်းဘူး၊ အင်း . . . နာမည်က ဦးကြောင်ဖားဆိုလားပဲ ငထိန်ရေ''

ဟုတ်သည်။ ဝဝဖိုင့်ဖိုင့် အသားဖြူစပ်စပ်နှင့် မျက်နှာတစ်ခုလုံး အဆီများဖြင့်အစ်နေပြီး နှုတ်ခမ်းမွေးကားကားကြီးနှင့် ကြယ်တာရာခေါင်းပေါင်းဖြူကိုပေါင်းထားသည့် သူကြီးဦးကြောင်ဖားမှာ နာမည်နှင့်လိုက်ဖက်လွန်းလှပါပေ၏။ မြို့သူကြီးဦးကြောင်ဖားကိုတင်ဆောင်လာသည့် နွားလှည်းကြီးက မြို့လယ်လမ်းမကြီး





အတိုင်း မောင်းနှင်လာခဲ့ရာမှ ရဲရမန်းမြို့လယ်ရှိ ရေနံချေးများ ဝအိနေသည့် နှစ်ဆောင်ပြိုင်အိမ်ကြီးရှေ့တွင်ရပ်တန့်သွားပါ၏။

''ဒီစံအိမ်ပါပဲ သူကြီးမင်း၊ အရင်မြို့သူကြီးဟောင်း ဦးရာကျော်နေသွားခဲ့တယ်ဆိုတဲ့ စံအိမ်ဟောင်းကြီးဟာ ဟောဒီနှစ်ဆောင်ပြိုင်အိမ်ကြီးပါပဲခင်ဗျား''

လှည်းမောင်းလာသည့်သူက ကုန်းမြင့်လေးပေါ်မှ သပ်ယပ်ခန့်ထည်သော နှစ်ဆောင်ပြိုင်အိမ်ကြီးကို မြို့သူကြီးဦးကြောင်ဖားကို ညွှန်ပြပြောဆိုနေပါ၏။ ခြံကျယ်ဝင်းကျယ်နှင့် ခန့်ထည်သပ်ယပ်စွာနှင့် လုံခြုံစိတ်ချရသော မြို့သူကြီးဟောင်းဦးရာကျော်၏နေအိမ်ကြီးကို . . . ဦးကြောင်ဖား နှုတ်ခမ်းမွေးကြီးကိုသပ်ရင်း သေချာစေ့ငုစွာကြည့်ရှုနေပါ၏။

''အင်း . . . ဒီနှစ်ဆောင်ပြိုင်အိမ်ကြီးက တော်တော်ခန့်သွားတာပဲ၊ နောက်ပြီး အရင်က . . . မြို့သူကြီးဟောင်းနေသွားခဲ့တဲ့ စံအိမ်ဆိုတော့လည်း နောက်ထပ်မြို့သူကြီးက ရွေးချယ်ပြီး နေသင့်တာပေါ့၊ ဒါမှ ငါ့မိသားစုနဲ့ ထည်ထည်ဝါဝါနေနိုင်မယ်''

မြို့သူကြီးဦးကြောင်ဖားမှာ ဇနီးသည် မရှိပါလေတော့။ သမီးလေးမွေးဖွားပြီးအခါလည်သာသာမှာပင် ဆုံးပါးသွားခဲ့ရခြင်းဖြစ်သည်။ ယခုအချိန်တွင် . . . သမီးငယ်မှာ ဆယ့်ရှစ်နှစ်အရွယ် အပျိုဖော်ဝင်ပြီဖြစ်၍ လုံခြုံစိတ်ချရသော နှစ်ဆောင်ပြိုင်အိမ်ကြီးကိုသာ ဦးကြောင်ဖား ရွေးချယ်လိုက်ပါတော့သည်။

သည်နေ့အဖို့တော့ ရဲရမန်းမြို့သူမြို့သားများ အလွန်



www.burmeseclassic.com

www.burmeseclassic.com



ပျက်ကြရပြီဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် ဂေါ်ရာစစ်သားများနောက်မှ လိုက်လံ၍ကြည့်ရှုကြခြင်း၊ နောက်ရောက်ရှိလာသည့် မြို့သူကြီးဦးကြောင်ဖားတို့မိသားစုအား မသိမသာ အကဲခတ်လေ့လာကြခြင်းဖြင့် ဟိုစုစု သည်စုစု . . . နှင့်ရှိနေကြပါ၏။

ပြီးခဲ့သည့် တန်ဆောင်မုန်းလဆန်းပိုင်းက ရဲရမန်းမြို့စောင့်တပ် အင်္ဂလိပ်စစ်ဗိုလ်က ရဲရမန်းမြို့သူကြီးဦးရာကျော်အား ယင်းတိုက်တောင်မှသူပုန်ခေါင်းဆောင် လက်ယာစစ်ကဲမှူးကြီး နေမျိုးကျော်စွာတို့သူပုန်အဖွဲ့နှင့် ဆက်သွယ်မှုရှိသည်ဆိုကာ ဖမ်းဆီးစစ်ဆေးရင်း . . ရက်ရက်စက်စက်သတ်ဖြတ်ခြင်း ခံခဲ့ရသည်။

ထိုအဖြစ်အပျက်ကြောင့် တပ်မှူးကြီးနေမျိုးကျော်စွာမှာ ယင်းတိုက်တရွှေဘွဲ့ရ သွေးသောက်ကြီး ငပေနှင့် ဝေဘုလုန်ရေး တပ်သားများကို ရဲရမန်းမြို့စောင့်တပ်မှအင်္ဂလိပ်စစ်ဗိုလ်အား သုတ်သင်သတ်ဖြတ်စေပြီး မြို့စောင့်ဂေါ်ရာစစ်တပ်ကိုပါ အပြတ်ရှင်းလင်းကာ ဦးရာကျော်အတွက် သွေးကြွေးဆပ်ခဲ့သည်မဟုတ်ပါလား။

သို့သော် . . . မြို့ကိုမူ ရေရှည်ထိန်းသိမ်းကာကွယ်နိုင်ရန် မလွယ်ကူလှသည်မို့ သူတို့၏လျှို့ဝှက်စခန်းရှိရာ ယင်းတိုက်တောင်မှာပင် လူသူလက်နက်စုရုံးလျက် . . . အခွင့်သင့်လျှင် သင့်သလို အင်္ဂလိပ်စစ်တပ်အား တိုက်ခိုက်နှိမ်နင်းလျက်ရှိပါတော့သည်။

ယခုတော့ . . . စစ်ကဲတပ်မှူးကြီး နေမျိုးကျော်စွာ တွေး





ထင်ထားသကဲ့သို့ပင် မျက်နှာဖြူအရေးပိုင်မင်းဆာဗားနာဒ်က ရှုန်းစွာအင်အားတောင့်တင်းလှသည့် အင်္ဂလိပ်ဂေါ်ရာစစ်တပ်ကြီးတစ်တပ်ကို ရဲရမန်းသို့ လက်နက်အင်္ဂါအပြည့်အစုံနှင့် စေလွှတ်လိုက်ခြင်း ဖြစ်ပါတော့သည်။

ထိုအချိန်တွင် . . . အင်္ဂလိပ်မျက်နှာဖြူစစ်ဗိုလ် ဒေါ်နယ်မေစ်ကလည်း သူ၏ဂေါ်ရာစစ်တပ်ကြီးတစ်တပ်ကို နေရာချရန်အတွက် အသင့်တော်ဆုံးနေရာကို ရှာဖွေခဲ့ရာတွင် မြို့လယ်ကောင် ကုန်းမြင့်များပေါ်မှ ဘုန်းတော်ကြီးကျောင်းများကို ရွေးချယ်သိမ်းပိုက်လိုက်ပါတော့၏။ ခရီးရောက်မဆိုက်မှာပင် . . . အင်္ဂလိပ်ဂေါ်ရာစစ်သားများက လက်စွမ်းပြကြပါတော့သည်။ ဘုန်းတော်ကြီးများ၊ ရဟန်းသံဃာပျိုများနှင့် ကျောင်းသားများကို ကျောင်းများပေါ်မှ ဖွတ်အတင်းအဓမ္မနှင်ထုတ်နေကြသည်ကို မြို့ခံလူထုကြီးသိရှိသွားပါလေသည်။

ဤတွင် အမျိုးဘာသာ သာသနာကိုထိပါးစော်ကားလာကြပြီမို့ မြို့ခံလူထုမှာ ဒေါသများထွက်ရှိလာကြကာ . . . တုတ်များ၊ ဓားများကိုပင် ဆွဲသူကဆွဲကိုင်ကြပေပြီ။

"ဟေ့ . . . ဂေါ်ရာကုလားတွေ . . . ဒါ ငါတို့ဘုန်းတော်ကြီးတွေရဲ့ သာသနာ့နယ်မြေကွ၊ တောက် . . . စော်စော်ကားကားနဲ့ကွာ"

"ဟုတ်ပ . . . ဟို . . . မြန်မာသူကြီးကလည်း မတားဘူးလား၊ ကိုယ့်မြန်မာဘုန်းကြီးတွေကို . . . ရိုင်းရိုင်းပျပျဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



နေတာကို ... သူမို့လို့ကြည့်နေတယ်''

''ဟေး ... ဂေါ်ရာကုလားတွေ ... ခုချက်ချင်း ဘုန်းကြီးကျောင်းပေါ်က ဆင်းကြစမ်း''

ရုတ်တရက် ... မြို့ခံလူထုကြီး၏ တင်းမာလာသော အခြေအနေကြောင့် အင်္ဂလိပ်ဂေါ်ရာစစ်သားများက အတင်းအဓမ္မတိုးဝင်ရန်ကြိုးစားလာကြသည့် မြို့သားများအား လက်နက်များဖြင့်ခြိမ်းခြောက်ကာ ဟန့်တားနေရသည်။

ရုတ်ရုတ်သဲသဲအခြေအနေကြောင့် ... မြင်းဖြူကြီးစီးနင်းထားသည့် အင်္ဂလိပ်စစ်ဗိုလ်ဒေါ်နယ်စမစ်နှင့် မြို့သူကြီးလက်သစ် ဦးကြောင်ဖားတို့က ... ဘုန်းကြီးကျောင်းဝင်းထဲသို့ အပြေးအလွှားရောက်ရှိလာကြသည်။ မြို့သူကြီးဦးကြောင်ဖားမှာ လက်ထဲတွင် နှစ်လုံးပြူးသေနတ်ကြီးတကားကားနှင့် တိုးဝင်တိုက်ခိုက်ရန်ကြိုးစားနေကြသည့် မြို့ခံလူထု၏ ဦးခေါင်းပေါ်သို့ကျော်၍ သေနတ်တစ်ချက်ပစ်ဖောက်လိုက်သည်။

'ဒိုန်း'

ဆူညံ့ဗွာပေါက်ကွဲထွက်လာသော သေနတ်သံကြီးတစ်ချက်နှင့်အတူ ဘုန်းကြီးကျောင်းလှေကားထိပ်တွင်ရပ်နေသည့် သူကြီးလက်သစ်ဦးကြောင်ဖား၏ ဩရရအသံဆိုးကြီးက ထွက်ပေါ်လာပါလေ၏။

''ဟေ့ ... ရပ်ကြစမ်း ... ငါ့နာမည် ကြောင်ဖားတဲ့၊ ဒီရဲ့ရမန်းမြို့ကိုအုပ်ချုပ်ဖို့ အင်္ဂလိပ်မင်းများက စေလွှတ်လိုက်တဲ့





မြို့သူကြီးပဲ၊ ဒါဟာ ... ဟောဒီဒေသတစ်လျှောက်မှာ နိုးဆိုးလှုယက်နေတဲ့ ဓားပြသူပုန် နေမျိုးကျော်စွာနဲ့ ယင်းတိုက်တာရွှေကောင်ရဲ့အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးဖို့ ရောက်လာခဲ့တာပဲ''

''ဘာဓားပြလဲ ... ဘာသူပုန်လဲ ... မသိဘူး၊ စစ်ကဲကြီးနေမျိုးကျော်စွာနဲ့ ယင်းတိုက်တာရွှေဟာ ကျုပ်တို့ရဲ့မိတ်ဆွေကောင်းကြီးတွေဗျ ... ဘာဓားပြသူပုန်မှမဟုတ်ဘူး''

''ဟုတ်တယ် ... ဘယ့်နှယ့် ... နယ်ချဲ့မိစ္ဆာကောင်တွေကို ရဲရာလက်နက်နဲ့ တော်လှန်တိုက်ခိုက်နေတဲ့ မြန်မာမျိုးချစ်သူရဲကောင်းတစ်ဦးဗျ၊ ဘယ့်နှယ့် ... စော်စော်ကားကားနဲ့ ဓားပြသူပုန်လို့ အမည်တပ်ရတယ်လို့''

ဘုန်းကြီးကျောင်းအုတ်လှေကားရင်းတွင် ဝိုင်းအုံနေကြသည့် မြို့သားများက ... သူကြီးလက်သစ်၏စကားကို လက်သင့်မခံကြဘဲ တစ်ယောက်တစ်ပေါက်နှင့် ခံပက်ပြောဆိုနေကြပါသည်။ ထိုစကားသံများကြောင့် မြို့သူကြီးဦးကြောင်ဖားမှာ ... မျက်စိမျက်နှာပျက်သွားကာ ဒေါသခြောင်းခြောင်းထွက်သွားပါ၏။

''ဘာကွ ... ဘာပြောလိုက်တယ် ... မင်းတို့ကများကြီးကြီးကျယ်ကျယ်နဲ့ ... ဟွန်း ... အင်္ဂလိပ်မင်းကိုတော်လှန်တဲ့သူဆိုရင် သူပုန်ပဲဟေ့၊ ရုတ်ရုတ်သဲသဲတော့ မလုပ်ကြနဲ့နော် ... မင်းတို့ကိုပါ သူပုန်အဖြစ်နဲ့ အချောင်အဖမ်းခံချင်ကြလို့လားကွ ... ဟေ ... နောက်ဆုတ်ကြစမ်း''



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံကြောင့် အတန်ငယ်ရှဲသွားကြသည့် မြို့ခံလူထုမှာ . . . သူကြီးလက်သစ် ဦးကြောင်ဖားဏ် တရားလက်လွှတ်ပြောဆိုမှုကြောင့် ပြန်လည်၍ ဝိုင်းအုံလာကြပြန်ပါ၏။

"အိုး . . . ကျုပ်တို့က မှန်တာကိုပြောတာပဲဟာ . . . ဘာကြောင့် သူပုန်ဖြစ်ရမှာလဲ၊ ကျုပ်တို့ကိုဖမ်းရင် သူကြီးကိုလည်း သတ်မှာပဲ"

"အိုး . . . ကြာတယ်ကွာ . . . ဒီအသားထဲက လောက်ထွက်တဲ့ သူကြီးစုတ်ကိုလည်း သတ်ပစ်မယ်ကွာ"

ပြောပြောဆိုဆိုနှင့် မခံမရပ်နိုင်ဖြစ်နေကြသည့် လူရွယ်မြို့ခံနှစ်ယောက်က ဓားဆွဲကာ . . . သူကြီးလက်သစ် ဦးကြောင်ဖားထံ ပြေးဝင်လာကြသည်နှင့် . . .

'ဒိန်း . . ဒိန်း'

သူကြီးဦးကြောင်ဖားလက်ထဲမှ နှစ်လုံးပြူးသေနတ်ကြီးနှင့် အင်္ဂလိပ်စစ်ဗိုလ်ဒေါ်နယ်စမစ်၏ ပြောင်းဘိုသေနတ်တို့မှ ကျည်ဆန်နှစ်တောင့်က ဓားဆွဲ၍ပြေးဝင်လာသည့် မြို့ခံလူရွယ်နှစ်ယောက်အား ထိမှန်သွားကြသည်။

"အား"

"အင့် . . . အီး"

သေနတ်ထိမှန်သွားကြသော လူရွယ်နှစ်ယောက်တို့မှာ နေရာတွင်ပင် ခွေခနဲလဲကျကာ သေဆုံးသွားကြပါတော့သည်။ ဆူညံစွာထွက်ပေါ်လာသော သေနတ်သံများကြောင့် . . ဘုန်းကြီး





ကျောင်းလေ့ကားတွင် စုပြုံနေကြသည့် မြို့ခံလူထုမှာ ဝရုန်းသုန်းကားနှင့် ဆုတ်ခွာသွားကြပါလေ၏။

"ကိုင်းဟေ့ . . . မြင်ကြတယ်မဟုတ်လား . . . မြို့လူထုနဲ့ လုံခြုံရေးနဲ့ ငြိမ်ဝပ်ပိပြားရေးအတွက် ရောက်လာခဲ့တာကွ၊ တဲ့ . . . နောက်ထပ် ဘယ်သူ ဆူဆူပူပူလုပ်ချင်ကြသေးလဲ . . . သွားကြ . . . အခုချက်ချင်း လူစုခွဲကြ၊ ဒီထက် ပိုပြီးကဲလာရင် ဘယ်သူ့ကိုမှ ညှာနေမှာမဟုတ်ဘူးနော် . . . အားလုံးဖမ်းပြီး ဒုတ်တုံးခတ်ပစ်လိုက်မယ်"

မြို့သူကြီးလက်သစ် ဦးကြောင်ဖား၏ ရက်စက်လှသော သုပ်ရပ်ကြောင့် မြို့ခံလူထုကြီးမှာ မကျေနပ်ကြသော်လည်း လက်နက်အားကိုးဖြင့် ရက်စက်ရမ်းကားမှုကို မယှဉ်သာသဖြင့် . . . နောက်ဆုံး လူစုခွဲကာ အလျိုလျိုနှင့် ပျောက်ကွယ်သွားကြပါလေတော့သည်။

ဘုန်းကြီးကျောင်း သာသနာ့နယ်မြေထဲမှာတော့ . . . ရက်စက်သလောက် လက်ရဲဇက်ရဲနိုင်လွန်းလှသော မြို့သူကြီးလက်သစ် ဦးကြောင်ဖားတို့၏လက်ချက်ဖြင့် အနိဋ္ဌာရုံသွေးညှီနံ့တို့က စွန်းထင်းပေကျံခဲ့ပါချေပြီတည်း . . .၊

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၃)

## ၁၉၈၃ခုနှစ် ...မမေ့နိုင်သောနေ့စွဲများ



## တစ္ဆေတစ်ကောင်ရဲ့ည

ညဥ့်ဦးယံ တစ်ခြမ်းပဲ့လကလေးကား ...လုံးလုံးလျားလျား ဝင်ရောက်ပျောက်ကွယ်သွားပြီမို့ ညဥ့်ကောင်းကင်တွင် ကြယ်ရောင်တချို့ဖြင့်သာ မှုန်မှုန်မွှားမွှားရှိနေပါ၏။ ရဲရမန်းမြို့ လယ်ရှိ တောင်ကုန်းမြင့်ထက်မှ သူကြီးလက်သစ်ဦးကြောင်ဖား၏ နှစ်ဆောင်ပြိုင်အိမ်မြင့်ကြီးသည် မှုန်မွှားမွှားကြယ်ရောင်ပျပျ အောက်တွင် တစ္ဆေအိုကြီးတစ်ကောင် ...ငုတ်တုတ်ငိုက်မျဉ်းနေသကဲ့သို့။

ထန်းပင်ကြီးများ တန်းစိုက်ထားရာ ထန်းအုပ်ကြားသို့ လေတိုးနေသံကို သဲ့သဲ့ညင်ညင်ကြားရသည်။ ကုန်းမြင့်အောက်



www.burmeseclassic.com

ခြေရှိ မန်ကျည်းပင်များမှာလည်း ရွက်နုရွက်သစ်တွေစုံနေသဖြ
ပိန်းပိတ်မှုန်နေသော အရိပ်မည်းကြီးများနှင့် ဝင်ထွက်သွားလာ
လမ်းကြောဖုံဖုံလေးအား နက်နက်ရှိုင်းရှိုင်းပင် အမှောင်ချထား
လေ၏။ ထို့အတူ နှစ်ဆောင်ပြိုင်အိမ်ကြီး၏ ပတ်ပတ်လည်တွ
ပေါက်နေကြသည့် ထနောင်း၊ တမာ၊ ကုက္ကို၊ သရက်ပင် ...
စသော အပင်ကြီးများကလည်း မှောင်ပိန်းနေသည့်ညအား န
နက်မည်းအောင် ကြဲဆောင်နေကြသည်သို့ ...။

ထိုစဉ်မှာပင် ... မည်းမည်းရိပ်ရိပ်သဏ္ဍာန်နှစ်ခုက မြ
ကြီးနှစ်ကောင်ထက်မှ အသံစိုးစဉ်းမျှမထွက်အောင် လွှားခနဲဆ
လိုက်ကြသည်။ ထို့နောက် သစ်ပင်ရိပ်တို့ ပိုမိုထူထပ်သေ
မြောက်ဘက်ကြောမှတစ်ဆင့် ... နှစ်ဆောင်ပြိုင်အိမ်ကြီးဆီသ
တိတ်တဆိတ်ချဉ်းနင်းဝင်ရောက်လျက်ရှိနေပါ၏။

မြို့တွင်းမြို့ပြင် အစောင့်အကြပ်တို့ ထူထပ်စွာချထာ
သည့်ကြားမှ အရိပ်မည်းတစ္ဆေကောင်ကြီးများမှာ ... နှစ်ဆော
ပြိုင်အိမ်မြင့်ကြီး၏ ဝရန်တာထက်သို့ သစ်ပင်ကြီးများမှတစ်ဆ
တွယ်၍တက်သွားကြသည်။

နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်အိမ်လုံး အပ်ကျသံပင်ကြ
ရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါ၏။ အရာအ
လုံးသည် ညဥ့်အမှောင်ထဲ ပျော်ဝင်လျက်ရှိသည်သို့ ...။ စင်
နှစ်ဆောင်ပြိုင်အိမ်တွင်းသို့ အတင့်ရဲစွာထိုးဖောက်ဝင်ရောက်
ကြသည့် အရိပ်မည်းကြီးနှစ်ခုမှာ ... ယင်းတိုက်တစ္ဆေ





သတင်းကြီးနေသည့် သွေးသောက်ကြီးဗိုလ်ငပေနှင့် သူ၏ လူယုံ
တော် ငတွန်တို့ပင်ဖြစ်ကြပါသည်။

နှစ်ယောက်သား သစ်ပင်ထက်မှတစ်ဆင့် ဝရန်တာ၊ ဝရန်တာမှတစ်ဆင့် နှစ်ဆောင်ပြိုင်အိမ်ကြီး၏ လသာဆောင်ဘက်သို့ သတိနှင့်တိုးဝင်လာခဲ့သည်။ ထိုစဉ် ... သူတို့ကျောကပ်ထားရာ အခန်း ်က်ဆီမှ တံခါးချက်ဖွင့်သံကြီးနှင့်အတူ အရိပ်မည်းတစ်ခုကို ဖျတ်ခနဲတွေ့မြင်လိုက်ရသည်။

''ဟင်''

''အမယ်လေး ... အ ... အု''

သွေးသောက်တပ်မှူးဗိုလ်ငပေက အရိပ်မည်းအား လျင်မြန်စွာ ချုပ်ကိုင်လိုက်ပြီး ပါးစပ်ကိုပိတ်လိုက်စဉ် ... ရုတ်တရက်သေးကျင်သောခါးနှင့် နူးညံ့သောအတွေ့အထိကို ခံစားလိုက်ရသဖြင့် ...

''ဟိတ် ... မအော်နဲ့ ... အသံလုံးဝမထွက်နဲ့''

တစ်ဆက်တည်းမှာပင် အရိပ်မည်းရှင်ကို ချုပ်ကိုင်ဖက်တွယ်ကာ အခန်းထဲသို့တိုးဝင်လိုက်ကြသည်။ အခန်းထဲရှိ မှိန်ပျပျမီးရောင်အောက်သို့ရောက်မှ ဖြူစင်ဝင်းမွတ်သော မိန်းမပျိုလေးတစ်ယောက်၏ ကြောက်ရွံ့ထိတ်လန့်နေသည့် အလှမျက်နှာလေးကို တွေ့မြင်လိုက်သည်နှင့် ...

''ငတွန် ... မင်းရဲ့ဓားကြီးကို ဖယ်လိုက်တော့''

''အို ... ရှင် ... ရှင် ... ရှင်တို့ဘယ်သူတွေလဲ''



www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်တို့ ရန်သူတွေမဟုတ်ပါဘူး . . . မိတ်ဆွေပါ မိန်းကလေး . . .''

မှန်အိမ်မီးရောင်ကို ကျောပေးကာရပ်လျက်ရှိသည့်မို့ သွေးသောက်ကြီးပေ၏မျက်နှာကို မိန်းမချောလေး ကောင်းစွာမတွေ့မြင်ရသေးပါ။ သူ၏မြင်ကွင်းထဲမှာတော့ . . . ဓားလွတ်ကို ဆွဲကိုင်ထားသည့် တွေန်၏ ချွေးစေးများပြန်နေသည့်မျက်နှာကြီးကိုသာ တွေ့မြင်နေရသည် မဟုတ်ပါလား . . .။

''အို . . . မိတ်ဆွေပါလည်းဆိုသေး . . . ညဥ့်ကြီးအချိန်မတော် ဓားကြီးတကားကားနဲ့ . . . ရှင်တို့ဟာက ဟုတ်သေးရဲ့လား''

''ဟုတ်ပါတယ် မိန်းကလေးရဲ့ . . . ကျုပ်တို့က သူကြီးနဲ့ ဆွေးနွေးချင်လို့ လာခဲ့ကြတာပါ''

မိန်းမချောလေးမှာ အမည်မသိသော ယောကျ်ားသားသားတို့ကြားတွင်ရောက်ရှိနေသည်မို့ ထိတ်လန့်တုန်လှုပ်နေရှာသည်ထင့် . . . မို့ယောင်ယောင်ရွှေရင်အုံကလေးမှာ ပန်းရောင် ဖျင်အင်္ကျီအောက်မှ ကြွချည်ဖောင်းချည်နှင့်ရှိနေပါ၏။

''ဟင် . . . ရှင် . . . ရှင်တို့ ဘယ် . . . ဘယ်သူတွေလဲ''

''စိတ်မရှိပါနဲ့ မိန်းကလေး . . . မလိုလားအပ်တဲ့ အသံတွေထွက်လာမှာစိုးလို့ ရမ်းရမ်းကားကားပြုမူသလို ဖြစ်သွားတာ ခွင့်လွှတ်ပါ၊ ကျုပ်နာမည်က . . . မသွေးသောက်တပ်မှူးပေပေပါ၊ သူကတော့ . . . ကျုပ်ရဲ့သစ္စာရှိလူယုံတော် တွေန်တဲ့





နာမည်ကိုကြားလိုက်ရတော့မှပင် . . . မှန်အိမ်မီးရောင်တွင် မျက်နှာတစ်ခြမ်းခန့်မြင်တွေ့ရသည့် . . . သွေးသောက်ကြီးပေပေကိုကြည့်ကာ မိန်းမချောလေးမှာ နောက်သို့ မသိမသာဆုတ်သွားပါ၏။

''ဟင် . . . ဒါ . . . ဒါဆိုရင် . . . ရှင် . . . ရှင် . . . ရှင်ဟာ . . . ယင်းတိုက်တရွှေ . . . ဗိုလ်ပေဆိုတာပေါ့ . . . ဟုတ်လား''

''ဟုတ်တယ် . . . အင်္ဂလိပ်မျက်နှာဖြူကောင်တွေနဲ့ သစ္စာဖောက်အလိုတော်ရိတွေက ကျုပ်ကို . . . 'ယင်းတိုက်တရွှေပေ' လို့ နာမည်ပေးထားကြတယ်၊ နေပါဦး . . . ကျုပ်တို့ကိုချည်း မေးနေတယ် . . . မင်းကရော ဘယ်သူလဲ . . . သူကြီးလက်သစ်နဲ့ ဘာတော်လဲ''

ဆီဘူးကွဲတောင်၊ ကျောက်ပုံတောင်၊ နွယ်လှိုင်းတောင်နှင့် ယင်းတိုက်တောင်တစ်ကြောတွင် နယ်ချဲ့မျက်နှာဖြူ အင်္ဂလိပ်အစိုးရတို့ ဖိမ့်ဖိမ့်တုန်အောင် နာမည်ကျော်သတင်းကြီးနေသည့် 'ယင်းတိုက်တရွှေ' အား မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသည်မို့ . . . ရင်ကလေးပင် လှိုက်ဖိုသွားမိသည်။

''ဟို . . . ဟို . . . ကျွန်မနာမည်က ခင်ဘုန်းပါ . . . သူကြီးဦးကြောင်ဖားရဲ့ သမီးပေါ့''

ထိုအချိန်တွင် ခပ်ဟဟပွင့်နေသော အခန်းတံခါးမှာ ဝုန်းခနဲပွင့်လာပြီး နှစ်လုံးပြူးသေနတ်ကြီးတကားကားနှင့် အခန်း



www.burmeseclassic.com

www.burmeseclassic.com



တွင်းသို့ ဝင်ရောက်လာသည့် ရဲရမန်းမြို့သူကြီးပုပုနွေးနွေး ဦးကြောင်ဖားကို တွေ့န်တွေ့မြင်လိုက်ရသဖြင့် ...

''ဟင် ... မင်း ... မင်း ... မင်းတို့''

ရုတ်တရက် သမီးဖြစ်သူ၏အခန်းတွင်းဝယ် ဓားလွတ်ကိုင်ရန်သူနှစ်ယောက်ကိုတွေ့မြင်လိုက်ရသည်မို့ အော်ဟစ်ဖမ်းဆီးမည်ပြုစဉ် ...

''ဟိတ်''

'ဖောင်း '

''အား''

''ဝမ်းနည်းပါတယ် ... သူကြီးမင်း''

တွေ့န်က လွှားခနဲခုန်ကာ သူ၏ခြေဖျားစောင်းနှင့် သူကြီးဦးကြောင်ဖားအား လျှပ်တစ်ပြက်ခုန်ကန်လိုက်သဖြင့် သူကြီးမင်းခမျာ သေနတ်တခြား၊ လူတခြားဖြစ်ကာ အခန်းထောင့်သို့တိုင် လွင့်စဉ်လဲကျသွားပါ၏။

''အို ... ရှင် ... ရှင်တို့ အဖေ့ကို ဘယ်လိုလုပ်လိုက်ကြတာလဲ''

''ခွင့်လွှတ်ပါ ခင်ဘုန်း ... တွေ့န့်ရဲ့အပြုအမူကြောင့် တောင်းပန်ပါတယ်၊ ဒါပေမဲ့ အဲဒီလိုမလုပ်ရင်လည်း သူကြီးမင်းရဲ့နှစ်လုံးပြူးကျည်တွေက ကျုပ်တို့ရဲ့သွေးကို သောက်သွားကြမှာပေါ့ ... မဟုတ်ဘူးလား သူကြီးမင်း''

''တောက် ... မင်း ... မင်းတို့ ဘယ်သူတွေလဲ၊





ာကိစ္စနဲ့ ငါ့အိမ်ကို ကျူးကျော်ပြီးဝင်လာကြတာလဲ ... ထို''

သူကြီးဦးကြောင်ဖားမှာ လဲပြိုကျရာမှ ကုန်း၍ထလိုက်သည်။ သမီးဖြစ်သူခင်ဘုန်းမှာ မျက်ရည်တစမ်းစမ်းနှင့် ဖခင်ဖြစ်ကိုတွဲ၍ ထူပေးနေပါ၏။ သူကြီးဦးကြောင်ဖားမှာမူ ဒေါသကြောင့် တဆတ်ဆတ်တုန်ယင်လျက် ...

''ဟင်း ... ဟင်း ... မင်းတို့တော့လားကွာ ... နက်ချင်းဖမ်းချုပ်ပြီး အပြစ်ပေးရမယ်''

သွေးသောက်ကြီးတပ်မှူး ငပေက ... အခန်းထောင့်တွင်ကျနေသည့် သူကြီး၏နှစ်လုံးပြူးသေနတ်ကြီးကို ကောက်ယူ၍ တွေ့န်ထံသို့ ကမ်းပေးလိုက်သည်။ ပြီးမှ ... မြို့သူကြီးလက်သစ် ဦးကြောင်ဖားဆိုသူထံသို့ လျှောက်သွားပြီး ...

''ဒေါသကြီးလှချည်လား သူကြီးမင်းရဲ့ ... မနေ့ကနေ့လယ်ခင်းမှာ ခင်ဗျားနဲ့ကုလားဖြူကောင်တွေ ဘာသာသာသနာနဲ့ ကိုယ့်လူမျိုးအပေါ်မှာ စော်ကားရိုင်းပျ ရက်စက်ခဲ့တဲ့ကိစ္စတွေကို ပြေပြေလည်လည်ဆွေးနွေးချင်လို့ ကျုပ်တို့လာခဲ့တာပါ''

မြို့သူကြီးဦးကြောက်ဖားမှာ ... တွေ့န်၏ကန်ချက်ကြောင့် နာသွားသည့်ပခုံးစွန်းကို နှိပ်နယ်ရင်း သွေးသောက်ကြီးငပေကို မကျေမချမ်းဖြင့်ကြည့်နေရာမှ ...

''နေ ... နေပါဦး ... မင်းတို့ ငါလို မြို့သူကြီးတစ်ဦးနဲ့ ဆွေးနွေးမယ့်ဘာမယ်နဲ့ ပြောရအောင် မင်းတို့က ဘယ်သူတွေလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်တော့ . . . တွန်က မြို့သူကြီး ဦးကြော
ဖား၏ နှစ်လုံးပြူးသေနတ်မောင်းကို ဂျောက်ခနဲဆွဲတင်လိုက်ပြ
နဖူးတည့်တည့်ဆီသို့ ဆတ်ခနဲထိုးချိန်လိုက်သည်။

"စကားကို ချောချောငင်ငင်ပြောပါ သူကြီးမင်း . . . အ
သူကြီးမင်းရှေ့မှာရောက်နေတဲ့သူဟာ . . . ခင်ဗျားတို့ရဲ့ ပထ
မျက်နှာဖြူကောင်တွေကိုယ်တိုင် ဖိမ့်ဖိမ့်တုန်အောင်ကြောက်လ
နေရတဲ့ ယင်းတိုက်တစ္ဆေဗိုလ်ပေ . . . ဆိုတာပဲ"

"ဟုတ်တယ် သူကြီးမင်း . . . အဲဒီရှိင်းပျရက်စက်ခဲ့တ
ပြစ်မှုကြီးအတွက် ကျေအေးစေချင်တယ်ဆိုရင်တော့ ဟော
ရဲရမန်းမြို့လေးမှာ ရောက်နေကြတဲ့ အင်္ဂလိပ်ကုလားဖြူကော
တွေကို အမြန်ဆုံးထွက်သွားဖို့ တာဝန်ယူပါ၊ ဒီလိုမှမဟုတ်ရ
လည်း . . . တိုင်းတစ်ပါးနယ်ချဲ့အင်္ဂလိပ်မိစ္ဆာကောင်တွေဆီမှ
ကျွန်ခံနေမယ့်အစား ကျုပ်တို့နဲ့ပူးပေါင်းပါ သူကြီးမင်း . . .
ဒါဆိုရင် သူကြီးမင်းရဲ့အသက်ဟာ ဓာတာရက်ချုပ်ထဲကအတို
အသက်တစ်ရာ့နှစ်ဆယ်ရှည်စေသောဝ်ပဲ သူကြီးရေ . . . ဟ
ဟင်း"

သွေးသောက်တပ်မှူး ငပေက ခြိမ်းခြောက်သည်လည
မပြည်သော စည်းရုံးရေးစကားများဖြင့် . . . သူကြီးလက်သစ်ပ
နွေးနွေးကို ပြောဆိုစည်းရုံးကြည့်လိုက်သည်။

သို့သော် . . . ဘယ်သူသေသေ ငတေမာရင်ပြီးရော
ဟူသော အတ္တစိတ်ကြီးမားလှသည့် ဦးကြောင်ဖားလိုလူစားမျိ





ထံမှ သူလိုချင်သည့် ငြိမ်းချမ်းရေးအရိပ်အယောင်များကို တစ်
စက်ကလေးမျှပင် မတွေ့ရပါချေပြီကော။

"ဘာကွ . . . ဘာပြောလိုက်တယ် . . . ဟင်း ဟင်း
. . . မင်းတို့လို သူခိုးဓားပြ သူပုန်တွေနဲ့ ငါလို . . . အင်္ဂလိပ်အစိုး
ရဆီးမြှင့်တဲ့ ငွေစားဆုရမြို့သူကြီးမင်းက ဘာကြောင့်ပူးပေါင်းရမှာ
လဲကွ . . . ဘယ်တော့မှ မပူးပေါင်းဘူး သူပုန်ကောင်ရဲ့ . . . ထွီ"

"စဉ်းစားပါဦး သူကြီးမင်းရဲ့ . . . ကျုပ်တို့အားလုံးဟာ
တိုင်းရင်းသားညီအစ်ကိုတစ်တွေပဲ မဟုတ်လား၊ လက်သည်း
ဆိတ်ရင် လက်ထိပ်တော့နာကြတာပဲလေ၊ ကိုယ့်တိုင်းပြည် ကိုယ့်
လူမျိုး . . . ကုလားဖြူကျွန်ဘဝကနေ လွတ်မြောက်အောင် အ
သက်သွေးချွေးတွေကို စတေးပြီး တိုက်ပွဲဝင်နေကြတဲ့သူတွေဟာ
တကယ့်မျိုးချစ်သူရဲကောင်းတွေပါ . . . သူခိုးတွေ၊ သူပုန်တွေ
မဟုတ်ပါဘူး သူကြီးမင်း"

ဟုတ်သည် . . . ယင်းတိုက်တစ္ဆေ ဗိုလ်ပေ ပြောနေသည်
မှာ အမှန်တရားများပင်ဖြစ်သည်ဟု . . . ခင်ဘုန်းလက်ခံ ယုံ
ကြည်ပါ၏။ သူမကိုယ်တိုင်မှာလည်း ဖခင်ကြီးကို မလွန်ဆန်နိုင်
သဖြင့်သာ ယခုကဲ့သို့ လူတကာတံတွေးထွေးခံရသည့် . . . ကု
လားဖြူကျွန်ဘဝတွင် နေထိုင်နေရခြင်းသာဖြစ်ပါ၏။ သူမ၏စိတ်
ဆန္ဒအလိုအတိုင်းသာဆိုလျှင် . . . ယင်းတိုက်တစ္ဆေဗိုလ်ပေတို့ကဲ့
သို့ တိုင်းပြည်နှင့်လူမျိုးအတွက် ရှေ့ဆုံးမှပါဝင်ချင်သူသာ ဖြစ်
သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... လက်တွေ့ဘဝတွင်မူ ဆန္ဒနှင့်ဘဝသည် တခြားစီသာတည်း။

ညဥ့်သည် တိတ်ဆိတ်ငြိမ်သက်လျက်သာရှိပါ၏။ အပြင် ဘက်မှာတော့ သစ်ရွက်သစ်ခက်များကို လေတိုးသံတရှဲရှဲကသာ ကြီးစိုးနေသည်။

"အချိန်မနှောင်းသေးပါဘူး သူကြီးမင်း ... မြန်မာလူ မျိုးဖြစ်ရဲ့နဲ့ သူတကာတံတွေးခွက်ထဲမှာ ပက်လက်မျောနေရတဲ့ သစ္စာဖောက်လောက်ကောင်လို နယ်ချဲ့မျက်နှာဖြူတွေရဲ့ လက် ပါးစေအဖြစ် နေမယ့်အစား အဖိနှိပ်ခံမြန်မာပြည်သူတွေရဲ့ ဘက် တော်သားအဖြစ် ရပ်တည်ပေးပါလို့ .. သူကြီးမင်းကို နောက်ဆုံး တောင်းပန်ချင်ပါတယ်"

"ဟား ဟား .. ဟား ဟား ... ကျလည်းကျတဲ့ကောင် တွေပဲကွာ၊ နယ်ချဲ့လက်ပါးစေမကလို့ ဘာပဲဖြစ်ဖြစ် ... ငါ့ရဲ့ အကျိုးစီးပွားနဲ့ ငါ့ရဲ့ရာထူးဂုဏ်ရှိန်အတွက် ငါ့ဆုံးဖြတ်ချက်ကို မပြောင်းနိုင်ဘူး၊ နောက်ပြီး မင်းတို့နဲ့လည်း မပူးပေါင်းနိုင် ဘူးဟေ့" .

သွေးသောက်တပ်မှူးကြီးငပေက ... ပေကတ်ကတ်နှင့် ခေါင်းကြောမာလှသည့် သူကြီးဦးကြောင်ဖားဧ်စကားကြောင့် တွေနှိုကိုကြည့်ကာ ပခုံးတစ်ချက်မျှ တွန့်လိုက်ပါ၏။ ပြီးလျှင် အခန်းတံခါးဝဘက်သို့ မျက်နှာမူလိုက်သည်။

"ကောင်းပြီလေ ... ဒါဆိုရင်တော့ နှောင်တစ်ချိန်ချိန်





မှာ ဖြစ်ပေါ်ခံစားရမယ့် ကောင်းကျိုးဆိုးကျိုးကိုတော့ သူကြီးမင်း ရဲ့ ကုသိုလ်အကုသိုလ်ကပဲ ဆုံးဖြတ်ပေးပါလိမ့်မယ် ... ကိုင်း ... တွေနှိုရေ ... သွားကြစို့ရဲ့"

"သွား ... သွားကြ ... သွားကြ ... မြန်မြန်ထွက် သွားကြ"

သွေးသောက်ကြီးငပေမှာ ... ပခင်ကြီးအနီးတွင်ရပ်နေ ရင်း သူ့ထံသို့ အကြည့်တစ်ချက်ပို့လွှတ်လိုက်သည့် ခင်ဘုန်းဧ် မျက်နှာနွမ်းနွမ်းလေးကို စိုက်ကြည့်နေပြီးမှ ... ဆတ်ခနဲလှည့် ကာ အခန်းတွင်းမှ ထွက်လာခဲ့ကြပါတော့သည်။

ထိုစဉ်မှာပင် ...

'ဒို .. ဒို .. ဒို .. ဒို .. ဒို .. ဒို'

သွေးသောက်ကြီးငပေနှင့် တွေနှိုတို့ လသာဆောင်သို့အ ရောက်တွင် ကျယ်လောင်စွာထွက်ပေါ်လာသော အချက်ပေး မောင်းက ဆူညံစွာထွက်ပေါ်လာပါတော့သည်။

"ဟိုက် ... ဒီသူကြီးယုတ်ကတော့ အကျင့်တန်ပြီ"

"ဟင်း ဟင်း ... ငါထင်တဲ့အတိုင်းပဲ တွေနှိုရေ ... ကိုင်း ... မြင်းတွေဆီကို ပြေးကြစို့ရဲ့"

ထို့နောက်မှာတော့ ... နှစ်ဦးသား ဝရန်တာမှတစ်ဆင့် မြေပြင်ထက်သို့ လွှားခနဲ ပြိုင်တူခုန်ဆင်းလိုက်ကြပါတော့သည်။ မြေပြင်ထက်သို့ရောက်သည်နှင့် သဲစ်ပင်ရိပ်အမှောင်ထဲမှ မြင်းများ ဆီသို့ ခုန်လွှားတက်ကာ နှစ်ဆောင်ပြိုင်ခြံကျယ်ကြီးထဲမှ အပြင်



www.burmeseclassic.com

www.burmeseclassic.com



စိုင်းနှင်၍ ပြေးထွက်လာခဲ့ကြပါတော့သည်။

'ဒူ ‥ ဒူ ‥ ဒူ ‥ ဒူ ‥ ဒူ'

''ဓားပြဟေ့ …ဓားပြ ‥ ဓားပြ ‥ ဓားပြ''

နောက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သော အမှောင်နက်နက်ထဲရှိ သူကြီးဦးကြောင်ဖား၏ နှစ်ဆောင်ပြိုင်အိမ်ကြီးဝန်းကျင်မှာတော့ …မောင်းထုသံ၊ အော်ဟစ်ဆဲဆိုသံကြီးများက တိတ်ဆိတ်စွာအိပ်မောကျနေသည့် သန်းခေါင်ယံညဥ့်တွင် ကမ္ဘာပျက်ခမန်း ဆူညံစွာ ပွဲတင်ရိုက်ခတ်သွားခဲ့ပါချေပြီတည်း …။

❊ ❊ ❊





# အသိုရှိသည် …ဆုငွေငါးထောင်

နံနက်ခင်းနှင်းမြူဖာပဝါကို မရဲတရဲတိုးဝှေ့လာသည့် နေခြည်တန်းတချို့က ရဲရမန်းမြို့လယ်ဈေးကြီးပေါ်သို့ ဖြန့်ကျက်ကျဆင်းလာလျက်ရှိသည်။

ရဲရမန်းမြို့သည် ရေလမ်း၊ ကုန်းလမ်းတို့ ဆုံစည်းရာဆိပ်ကမ်းမြို့လည်းဖြစ်သဖြင့် …ဈေးဝယ်ဈေးသည်များနှင့် နယ်ရပ်များမှလာကြသော နယ်ဈေးသည်များဖြင့် စည်ကားရှုပ်ထွေးလျက်ရှိပါ၏။

ထိုစဉ်မှာပင် …မောင်းသံတဒူဒူနှင့် ကြေးထမ်းကြီးတစ်ယောက်နှင့် ရွာဆော်တချို့ ကြော်ငြာစာရွက်များကို သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များ၊ ဈေးဆိုင်များတွင်ကပ်လျက် ... နှုတ်မှလည်း တတွတ်တွတ် နှင့်ရွတ်ဆိုအော်ဟစ်ကာ ရဲရမန်းဈေးကြီးအတွင်းသို့ ရောက်ရှိလာကြသည်။

'ဒူ ..ဒူ ..ဒူ ..ဒူ'

"ရဲရမန်းမြို့သူ မြို့သားအပေါင်းတို့သိစေရန် ကြေညာလိုက်သည် ... ယင်းတိုက်တောင်နှင့် ဆီဘူးကွဲတောင်ကြောတစ်ဝိုက်တွင် နိုးဆိုးတိုက်ခိုက်နေသည့် ယင်းတိုက်တစ္ဆေ ငပေသည် ယခုဆိုလျှင် ရဲရမန်းမြို့တွင်းထိတိုင် အတင့်ရဲစွာ ကျူးကျော်ဝင်ရောက်လျက်ရှိပါပြီ။ သို့အတွက် ဓားပြဗိုလ် ယင်းတိုက်တစ္ဆေငပေအား လက်ရဖမ်းဆီးပေးနိုင်သူအား ဆုတော်ငွေ ငါးထောင်ချီးမြှင့်မည် ... အရေးပိုင်မင်း၊ အမိန့်တော်"

'ဒူ ..ဒူ ..ဒူ'

အောင်မြင်စွာထွက်ပေါ်လာသော ရှာဆော်ကြီး၏ အမိန့်ကြေညာသံကြီးနှင့် မောင်းသံတဒူဒူတို့က ... နံနက်ခင်းဈေးအစည်ကားဆုံးအချိန်တွင် ပဲ့တင်ညံလျက်ထွက်ပေါ်လာပါလေ၏။ ဖြစ်ချင်တော့ ... မြို့သူကြီးဦးကြောင်ဖား၏သမီး ခင်ဘုန်းမှာ အထိန်းတော် ဒေါ်သူဇာကြီးနှင့်အတူ ရဲရမန်းဈေးကြီးထဲသို့ ရောက်ရှိနေကြချိန်နှင့် တိုက်ဆိုင်နေပါလေ၏။

ကြေးထမ်းကြီးနှင့် ရှာဆော်လေးငါးယောက်တို့ကမူ ... ပန်းချီကျော်တစ်ဦးရေးဆွဲထားသည့် ယင်းတိုက်တစ္ဆေ ဗိုလ်ငပေ၏ ပုံတူပန်းချီနှင့်အောက်တွင် 'အလိုရှိသည် ... ဆုငွေငါး





ထောင်" ဟု ရေးထိုးထားသည့် စာတန်းပါစာရွက်များကို လူမြင်သူမြင် ... ရုံးများ၊ ဆိုင်များနှင့် သစ်ပင်ကြီးများတွင် လိုက်လံချိတ်ဆွဲနေသည်ကို တွေ့မြင်နေရသည်။

"ရော် ... ဒီသူကြီးလက်သစ်နဲ့တော့ ခက်ပြီ ... ယင်းတိုက်တစ္ဆေ ဗိုလ်ပေဟာ ဓားပြသူပုန်မဟုတ်ဘူး ... လူကောင်းတစ်ယောက်ပါ၊ နယ်ချဲ့ကုလားဖြူတွေကို တွန်းလှန်နေတဲ့ မျိုးချစ်သူရဲကောင်းဗျ"

"ဟုတ်တယ်ဟေ့ ... ယင်းတိုက်တစ္ဆေ ဗိုလ်ပေဟာ ရဲရမန်းနယ်ရဲ့ ကျေးဇူးရှင်တစ်ယောက်ကွ၊ ဒီလူတွေတော့ ရူးနေကြပြီထင်တယ်"

ဈေးထဲတွင်ရောက်ရှိနေကြသော ရဲရမန်းမြို့လူထုမှာ.. သူတို့လေးစားအားကိုးသည့် ယင်းတိုက်တစ္ဆေဘွဲ့ရ သွေးသောက်တပ်မှူးဗိုလ်ပေအား ... ဓားပြသူခိုးဟု ပြောဆိုစွပ်စွဲသဖြင့် ဒေါသထွက်ကာ ပြောဆိုနေကြခြင်းဖြစ်သည်။

"ဟေး ... ဘာတွေပြောနေကြတာလဲ ... ဒါ အရေးပိုင်မင်းရဲ့ အမိန့်တော်ကွ ... သိရဲ့လား"

အမိန့်စာချွန်ဖတ်ကြားနေသည့် ရှာဆော်ကြီးက ကြားနေရသော စကားသံများကြောင့်စိတ်အနှောင့်အယှက်ဖြစ်ကာ အော်ဟစ်ဆူပူလိုက်ပါ၏။

"ဘာ အရေးပိုင်မင်းလဲ ... မသိဘူး ... နားမလည်ဘူး၊ ငါတို့သိတာကတော့ နင်တို့အားလုံး အာဏာရူးတွေ၊ ရူး



www.burmeseclassic.com

www.burmeseclassic.com



ရှူးတွေချည်းပဲ၊ အလကား ... သူခိုးဓားပြကမ်းတဲ့ ကျွန်ကောင်တွေ''

''ဟုတ်တယ် ... ကုလားဖြူကျွန်တွေဟေ့ ... ကုလားဖြူကျွန်တွေ ... ဒီကောင်တွေကို ဈေးထဲကနေ မောင်းထုတ်ကြပါတော့လား''

''ဟုတ်တယ်ဟေ့ ... မောင်းထုတ်ကြ ... မောင်းထုတ်ကြဟေ့''

''ဟေး ... ဟေး ... ကုလားကျွန်တွေ ထွက်သွားကြ''

ရဲရမန်းဈေးထဲမှာတော့ မြို့သူကြီးလက်သစ်၏ ရှာဆော်အဖွဲ့များနှင့် ဈေးဝယ် မြို့ခံလူထုတို့ အော်ကြဟစ်ကြနှင့် ရုတ်ရုတ်သဲသဲဖြစ်နေပါတော့သည်။ မြို့ခံလူထုမှာ မခံမရပ်နိုင်ဖြစ်နေကြသည်မို့ ... ဈေးအတွင်းမှ ခရမ်းချဉ်သီးအပုပ်များ၊ တုတ်များ၊ ခဲကျောက်များနှင့် ပစ်ပေါက်နှင်ထုတ်ကြလေရာ ငကြေးထမ်းကြီးနှင့် ရှာဆော်များပါမကျန် ကသောင်းကနင်းနှင့်ထွက်ပြေးကြရပါလေတော့သည်။

''ဟား ဟား ဟား ... ကောင်းတယ်ဟေ့ ... ကုလားဖြူကျွန်ကောင်တွေ ထွက်ပြေးကြတာ အမြီးကို တန်းနေတာပဲ ... ဟား ဟား ဟား''

''ဟေး ... ငါတို့က ... ယင်းတိုက်တစ္ဆေဗိုလ်ပေရဲ့ဘက်တော်သားတွေကွ''

''ဟေး ... ယင်းတိုက်တစ္ဆေကို မထိနဲ့ဟေ့ ... ငါတို့က





မခံဘူးဟေ့နော်''

မြို့သူကြီးဦးကြောင်ဖားၡ၏သမီး ခင်ဘုန်းမှာ .. ဆူညံစွာ ဟစ်အော်နေကြသည့် ဈေးသူဈေးသားများအနီးသို့ မယောင်မလည်နှင့် တိုးကပ်လာခဲ့သည်။ ခင်ဘုန်းကို ရှာသူကြီးလက်သစ်ဦးကြောင်ဖား၏သမီးဖြစ်မှန်း မည်သူမျှမသိကြပေ။ ထိုအခိုက်သူမအနီးမှ ဈေးတောင်းရွက်ထားသည့် မိန်းမကြီးတစ်ယောက်က ခင်ဘုန်းဘက်သို့လှည့်ကာ ... ယင်းတိုက်တစ္ဆေ ဗိုလ်ပေ၏အကြောင်းကို ချီးမွမ်းပြောဆိုလိုက်ပါ၏။

''အံ့ပါရဲ့အေ ... ဟောဒီရဲရမန်းနယ်က ရပ်ရွာလူထုကို သူခိုးဓားပြရန်တွေကနေ ကာကွယ်စောင့်ရှောက်ပေးပြီး မရှိဆင်းရဲသားတွေကို ကူညီထောက်ပံ့ပေးနေတဲ့ သူတော်ကောင်း၊ တပ်မှူးကြီးကိုများ သူတို့က ဒုက္ခပေးချင်ကြသေးတယ် ... ဟွန်း''

''အင်း ... ဒီလိုဆို ဟို ... အားလုံးက တပ်မှူးဗိုလ်ပေကို ချစ်ခင်လေးစားကြတာပေါ့နော် ... ဒေါ်ကြီး''

ခင်ဘုန်းက လိုက်လိုက်လျောလျောပင်ပြောဆိုလိုက်ပြီး တပ်မှူးဗိုလ်ပေခေါ် ယင်းတိုက်တစ္ဆေအကြောင်းကို စပ်စုမေးမြန်းလိုက်ပါ၏။

''ဟုတ်တာပေါ့အေ ... သူတို့ကုလားဖြူအလိုတော်ရိတွေ၊ တစ်ပါးကျွန်ကောင်တွေအတွက်တော့ ... ဗိုလ်ပေဟာ ယင်းတိုက်တစ္ဆေတစ်ကောင်လို ထိတ်လန့်ကြောက်ရွံ့စရာကောင်းပေမယ့် ... ညည်းတို့ငါတို့လို ပြည်သူတွေအတွက်ကတော့ ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ပေဟာ ကျေးဖူးရှင်သူရဲကောင်းကြီးပဲအေ့ . . . မဟုတ်ဘူးလား''

မိန်းမကြီးက ပြောပြောဆိုဆိုနှင့် ထိုနေရာမှ ဖယ်ခွာသွားပါတော့သည်။ ခင်ဘုန်းမှာလည်း အထိန်းတော်ဒေါ်သူဇာနှင့်အတူ ပြန်လည်၍စည်ကားနေသည့် ဈေးတန်းကြီးထဲသို့ တိုးဝင်လာခဲ့ပါ၏။

ထိုစဉ်မှာပင် . . . ရဲရမန်းဈေးကြီးအတွင်းသို့ မြင်းခွာသံတဖျောင်းဖျောင်း သေနတ်တဒိန်းဒိန်းနှင့် မြင်းစီးဂေါ်ရာစစ်သားများ ဒုန်းစိုင်း၍ဝင်ရောက်လာကြသည်။

'ဒိန်း . . ဒိန်း . . ဒိန်း'

'ဖျောင်း . . ဖျောင်း . . ဖျောင်း . . ဖျောင်း'

''ဟေး . . . ဟိုင်း''

စောစောကဖြစ်ရပ်ကြောင့် သေနတ်ကြီးများတကားကားနှင့် ခြောက်လှန့်ပစ်ဖောက်ကာ အပြေးအလွှားရောက်ရှိလာကြသည့် ဂေါ်ရာစစ်သားများကြောင့် ရဲရမန်းဈေးကြီးမှာ ရုတ်ရုတ်သဲသဲဖြစ်သွားပါလေတော့သည်။

'ဖြန်း . . ရွှမ်း . .'

''အား . . . အူး . . . အင့်''

ဂေါ်ရာစစ်သားများမှာ တွေ့ရာလူသူများအား ဆွဲလွဲရိုက်နက်ကြသည်။ ကျာပွတ်များနှင့်လည်း ရိုက်သည်။ စီးနင်းလာကြသော မြင်းကြီးများဖြင့်လည်း ဈေးဆိုင်များကို တွန်းတိုက်ဖျက်ဆီးသွားကြသည်။

---

ခု နှစ် စဉ် ကြယ် တ ပေ



'ဟိုး . . ဟိုး . . ဟိုး'

'ဝုန်း . . ဖရော . . ဖျော . . ဝုန်း'

''အား . . . အင့် . . . အီး''

''ပြေးဟေ့ . . . ပြေးကြ . . . ဂေါ်ရာစစ်သားတွေ ဈေးထဲကိုဝင်ပြီး သောင်းကျန်းနေကြပြီ . . . ပြေးကြ . . . ပြေးကြတော့''

အချိန်တိုတိုအတွင်းမှာပင် . . . ရဲရမန်းဈေးတန်းကြီးမှာ မြင်းဟီသံ၊ အော်ဟစ်ပြေးလွှားသံ၊ ပြိုလဲကျသံ၊ ရိုက်နက်ဆွဲလွဲသံများနှင့် ကမ္ဘာပြိုပျက်သည့်အလား ဆူညံစွာရှိပါချေတော့သည်။ ထိုအထဲတွင် . . . မြို့သူကြီး၏သမီးနှင့်ဒေါ်သူဇာတို့မှာလည်း ကြောက်လန့်တကြားနှင့် ပြေးရင်းလွှားရင်း လူချင်းကွဲသွားကြပါလေ၏။

''ဟေး . . . ဟိုင်း''

အော်သံ၊ ဆူသံ၊ ဟစ်ကြွေးသံများအကြားတွင် ခင်ဘုန်းမှာ လူအုပ်ကြီးနှင့်အတူ ရောယောင်၍ပါသွားရင်းမှ ဈေးကွေ့တစ်နေရာတွင် မြင်းစီးသမားဂေါ်ရာစစ်သားနှစ်ယောက်နှင့် ထိပ်တိုက်ရင်ဆိုင်တိုးမိပါလေတော့သည်။

''ဟေး . . . ဟေး . . . ဟေး''

''အား . . . အမေ့''

ဂေါ်ရာစစ်သားနှစ်ယောက်မှာ ခင်ဘုန်းကို ရဲရမန်းမြို့သူတစ်ယောက်ဟုထင်မှတ်ကာ မြင်းထက်သို့ဆွဲတင်ခေါ်ယူရန် ကြိုးစားနေပါ၏။

---

ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟား ..ဟား ..ဟား ..ဟား ...ဟား"

"အို ...လွှတ် ...လွှတ် ...ဒီ ...ဒီမှာ ...ကယ်ကယ်ကြပါဦးရှင်"

ခင်ဘုန်းတစ်ယောက် ...မမျှော်လင့်ဘဲ ရုတ်ရုတ်သဲသဲကြားတွင် ဂေါ်ရာစစ်သားနှစ်ယောက်၏ အဓမ္မပြုဖမ်းဆီးခြင်းကို ခံလိုက်ရပါတော့သည်။

ခင်ဘုန်းခမျာ ကြောက်ကြောက်လန့်လန့်နှင့် ရုန်းကန်ရင်း ဟစ်အော်အကူအညီတောင်းနေမိပါတော့သည်။

ထိုအခိုက် ...

'ဝှစ် ..ဝှစ် ..ဖောင်း ..ဖောင်း'

"အင့် ...အိုး"

မည်သည့်အရပ်ဆီက မသိ ...ပြေးဝင်လာသော တုတ်တိုတစ်ချောင်းက ...ခင်ဘုန်းအား မြင်းပေါ်သို့ဆွဲတင်နေသည့် ဂေါ်ရာစစ်သားနှစ်ယောက်အား ရှေ့ဆင့်နောက်ဆင့် ထိမှန်ကာ မြင်းများပေါ်မှ လွင့်စဥ်ပြုတ်ကျသွားကြပါသည်။

ခင်ဘုန်းတစ်ယောက် အဖြစ်အပျက်ကို ငေးငိုင်ကြည့်နေစဥ်မှာပင် ...သစ်ပင်ကွယ်မှ သွေးသောက်တပ်မှူးဗိုလ်ငပေက မြင်းတစ်စီးနှင့် သူမထံသို့ စိုင်းနှင်လာသည့်ကို မြင်တွေ့လိုက်ရသည်။

"ခင်ဘုန်း"

"ဟင် ...ဗိုလ်ပေ"





တပ်မှူးငပေက ခင်ဘုန်းကို ပြေးရင်းလွှားရင်းမှပင် မြင်းကြီးပေါ်သို့ ဆွဲတင်သွားပါ၏။ ရဲရမန်းဈေးကြီးဝန်းကျင်မှာတော့ ...များပြားလှသောဂေါ်ရာစစ်သားများနှင့် တပ်မှူးဗိုလ်ငပေ၏ တော်လှန်ရေးတပ်သားများ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားနေကြပါချေပြီကော ...။

"ကျေး ...ကျေးဇူးပါပဲ ...မောင်ကြီးရယ်"

"ကုလားဖြူတွေ, ဂေါ်ရာစစ်သားတွေ ဒီလောက်ခြေရှုပ်နေမှန်းသိရဲ့နဲ့ ဘာကြောင့် ဒီနေရာမျိုးကို ရောက်နေရတာလဲ အမိရယ်"

ခင်ဘုန်းက ...ဂေါ်ရာစစ်သားနှစ်ယောက်၏လက်ထဲမှ အချိန်မီရုံလေး ကယ်တင်ပေးလိုက်နိုင်သည့် ...တပ်မှူးဗိုလ်ပေကို ထိတ်ထိတ်လန့်လန့်ကြားမှပင် ကျေးဇူးတင်စကားပြောကြားလိုက်သည်။

သွေးသောက်ကြီးဗိုလ်ငပေကလည်း ..ခင်ဘုန်းအတွက် ကရုဏာဒေါသသံလေးနှင့် ပြောဆိုနေရင်းမှ ထွက်ပေါက်ကို အလျှင်အမြန်ရှာဖွေနေမိသည်။ သို့သော် နောက်ထပ်ရောက်ရှိလာကြသော ဂေါ်ရာစစ်သားများနှင့် သူ၏ယင်းတိုက်တောင် တော်လှန်ရေးတပ်သားများ သဲသဲမဲမဲရင်ဆိုင်ကာတိုက်ခိုက်နေသဖြင့် သွေးသောက်ကြီးဗိုလ်ပေမှာ ...မြင်းညိုကြီးကို တစ်ဖက်လမ်းကြောဘက်သို့ ခြေဦးလှည့်လိုက်သည်။

ထိုအခါမှ ...ဂေါ်ရာစစ်သားများနှင့် အပြေးဝင်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် မြို့သူကြီးဦးကြောင်ဖားတို့အဖွဲ့ ပူးပေါင်းမိကာ တပ်မှူးဗိုလ်ပေနှင့် ရင်ဆိုင်တိုးမိပါတော့သည်။

''ဟော ...အဘတို့လိုက်လာကြပြီ''

''အဲဒါမှ ဒုက္ခပဲ ...ဘယ်လိုလုပ်ကြမလဲ ခင်ဘုန်း''

ဦးကြောင်ဖားမှာ သမီးဖြစ်သူအား ...သူပုန်ကောင် ယင်းတိုက်တာရွှေနှင့် မြင်းတစ်စီးတည်းတွင် အတူတကွယှဉ်တွဲ၍ တွေ့မြင်လိုက်ရသဖြင့် အကြီးအကျယ်ဒေါသထွက်နေပါပြီ။

''ဟင်း ..ရာရာစစ ...သူပုန်ကောင်ကများကွာ ...သိကြသေးတာပေါ့''

ဒေါသအမျောင်ဖုံးသွားသည့်ဦးကြောင်ဖားမှာ ...ယင်းတိုက်တာရွှေသူပုန်ကောင်အား နှစ်လုံးပြူးသေနတ်ကြီးနှင့် ထိုးချိန်လိုက်သည်။

''ဟာ ...အဘ ...မပစ်နဲ့လေ ...မ ...ပစ်နဲ့''

'ဒိန်း'

သေနတ်ကျည်ဆန်က ယင်းတိုက်တာရွှေ၏ခေါင်းပေါ်မှ ကျော်ဖြတ်သွားသည်။ တင်းမာလာသောအခြေအနေကြောင့် ဗိုလ်ပေမှာ ...သူ၏မြင်းညိုကြီးနှင့် တစ်ဖက်လမ်းကြားထဲသို့ ချိုးကွေ့ကာ စိုင်းနှင်လိုက်ပါတော့သည်။ ထိုအချိန်မှာပင် ဂေါ်ရာစစ်သားများထံမှ သေနတ်သံများက ဆူညံစွာထွက်ပေါ်လာခဲ့သည်။

'ဒိုင်း ..ဒိန်း ..ဒိန်း ..ဒိုင်း'

''အို ...ခင်ဘုန်းကို တား ...တားခဲ့တော့လေ''





''မဖြစ်နိုင်တော့ဘူး ခင်ဘုန်း ...ဒီလိုနေရာမျိုးမှာ အမိကို ချထားပေးခဲ့ရင် ကျုပ် တမလွန်ကို အမြန်ဆုံးရောက်သွားတော့မှာပေါ့''

မတတ်သာတော့ ...။ အကျပ်အတည်းကြားတွင် ပိတ်မိနေပြီမို့ ခင်ဘုန်းကို သူ၏လွတ်မြောက်ရေးအတွက် ဓားစာခံအဖြစ် အသုံးပြုလိုက်ရပါတော့သည်။

သို့သော် ...ဂေါ်ရာစစ်သားများမှာ သွေးသောက်ငပေအား သဲသဲမဲမဲပင် ဝိုင်းဝန်းပစ်ခတ်ကြသည်မို့ ...

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

''ကိုင်း ...ကျုပ်တို့ကို အလွတ်ပေးချင်ဟန်မတူဘူး ...သဲသဲမဲမဲ ဝိုင်းပြီးပစ်နေကြပြီ အမိရေ ...ဒီတော့ ကျုပ်ကိုသာ မြဲမြဲဖက်ထားပေတော့ ...ဟိုင်း''

တပ်မှူးငပေမှာ ခင်ဘုန်းကိုသတိပေးလိုက်ပြီး မြင်းကြီးကို ဇက်ကုန်ဖွင့်ကာ အသော့နှင်၍ထွက်ပြေးလာခဲ့ပါလေ၏။ သို့သော် ...များပြားလှသော ဂေါ်ရာစစ်သားများ၏လက်မှ ယင်းတိုက်တာရွှေကောင်ကြီးလွတ်မြောက်သွားနိုင်မည်လော ...။

ဟုတ်သည် ...။ တစ်ကြိမ်တွင် ...မြင်းကြီးကို အားသွန်၍ နှင်လိုက်သည်။ မြို့ပြင်တောစပ်သို့အရောက် ...နောက်ဘက်မှ ဂေါ်ရာစစ်သားများ ပစ်လွှတ်လိုက်သည့် ရန်သူ့ကျည်က မြင်းညိုကြီးအား ထိမှန်သွားပါလေတော့သည်။ တစ်ချိန်ကည်းမှာပင် တပ်မှူးဗိုလ်ပေနှင့် ခင်ဘုန်းတို့မှာလည်း မြင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ထက်မှ ဝရုန်းသုန်းကားပင် လွင့်စဉ်ပြုတ်ကျသွားကြပါလေတော့၏။

'ဝုန်း ..ဟိုး ..ဟိုး'

''အင့် ...အား''

ထိုအခိုက် ...တောစပ်ဘက်မှထွက်လာကြသော ဂေါ်ရာစစ်သားသုံးယောက်ကို တပ်မှူးဗိုလ်ပေ တွေ့မြင်လိုက်ရသဖြင့်

''ဟင် ...ဂေါ်ရာသုံးကောင်က ဘယ်ကရောက်လာကြတာပါလိမ့်''

''အင့် ...ဗိုလ် ...ဗိုလ်ပေ ...မောင်ကြီး ...ခင် ...ခင်ဘုန်းကို မ ...မထားခဲ့ပါနဲ့ ...ထူ ...ထူပါဦး''

''ဟာ ...အရေးထဲမှာ ...ဒုက္ခပါပဲ ...ကိုင်း ...မ်ထူးတော့ပါဘူး ...ခင်ဘုန်းကိုလည်း ထားခဲ့လို့မရတဲ့အတူတူတော့ လာမယ့်ဘေး ပြေးတွေ့လိုက်တော့မယ်''

တပ်မှူးဗိုလ်ပေမှာ သူ့အား ထိတ်လန့်စွာဖက်တွယ်ထားသည့် ခင်ဘုန်း၏လက်ကို ဖြည်ထုတ်ဖယ်လိုက်ပြီး နောက်ကျောတွင် လွယ်ထားသည့်ကတ္တီပါအိတ်နီလေးထဲမှ ...'ဝါးကျစ်လိမ်တုတ်တို' ကို ဖျတ်ခနဲဆွဲထုတ်ယူလိုက်သည်။

ပြီးလျှင် သူ့ထံလုံ့စွပ်ကြီးနှင့် အတင်းပြေးတိုးလာသည့် ဂေါ်ရာစစ်သား၏ လွတ်နေသော နံစောင်းသို့ ပတ်ရိုက်လိုက်သည်။

'ဖျောင်း'





''အား''

ခန္ဓာကိုယ်ကြီးထဲမှ နံရိုးနှစ်ချောင်းကျိုး၍စိုက်ဝင်သွားသံသဲ့သဲ့ကို တပ်မှူးဗိုလ်ငပေ ...ကြားလိုက်ရသည်။ နောက်ထပ် ဘယ်ဘက်ခြမ်းမှပြေးဝင်လာသည့် ဂေါ်ရာတစ်ယောက်၏ရင်ဝအား ဝါးကျစ်လိမ်တုတ်ဖျားနှင့် တဖြောင့်ထိုးချလိုက်ပြန်ပါ၏။

''သွားစမ်း ...နောက်တစ်လောင်း''

စက္ကန့်ပိုင်းအတွင်းမှာပင် ဂေါ်ရာစစ်သားနှစ်ယောက် ပုံလဲကျသွားသဖြင့် နောက်ဆုံးကျန်ရှိသော ဂေါ်ရာစစ်သားခမျာရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်ဖြစ်နေပါချေ၏။ သို့သော်ယင်းတိုက်တစ္ဆေပေက အချိန်ကုန်မခံနိုင် ...။ နောက်ထပ်ရန်သူဂေါ်ရာစစ်သားများ ရောက်မလာမီ ...တိုက်ပွဲလက်ကျန်ကို အမြန်ဆုံးအပြီးသတ်လိုက်သည်။

''ကိုင်း ...သွားပေတော့''

သွေးရူးသွေးတန်းနှင့် ယင်းတိုက်တစ္ဆေအား သူ၏လက်ထဲမှသေနတ်ဖြင့် ပစ်ခတ်ရန်ပြင်လိုက်စဉ်မှာပင် ...တစ္ဆေကောင်ဗိုလ်ငပေ၏လက်ထဲမှ 'ဝါးကျစ်လိမ်တုတ်' က ရန်သူဂေါ်ရာစစ်သား၏ လည်မျိုဆီသို့ ...ဗိုးခနဲ ပြေးဝင်သွားပါလေတော့သည်။

'ဖျောင်း'

''အား ...အင့်''

သွေးပျက်ရင်ခုန်ဖွယ် အနီးကပ်တိုက်ပွဲက ...လျှင်မြန်



www.burmeseclassic.com

www.burmeseclassic.com



စွာအဆုံးသတ်သွားခဲ့ပါချေပြီ။ ရင်တမမ အသည်းတအေးအေးနှင့် စောင့်ကြည့်နေရှာသည့် ခင်ဘုန်းမှာလည်း ယခုမှပင် အသက်ရှူနိုင်ပါတော့သည်။ သို့တိုင်အောင် နိမ့်တုံမြင့်တုံဖြစ်နေရှာသည့် ရွှေရင်အုံမို့မို့စုံစုံလေးကမူ ချောက်ချားထိတ်လန့်မှုမပြေနိုင်ရှာသေးသည်သို့ ...။

❊ ❊ ❊





## တစ္ဆေတစ်ကောင်၏ရင်ခွင်သို့တိုးဝင်ခြင်း

အချိန်က ... နေ့လယ်ဆယ့်နှစ်နာရီခန့်သာရှိသေးသော်လည်း ကောင်းကင်တစ်ပြင်လုံး တရိပ်ရိပ်တက်လာသည့် မိုးရိပ်မိုးသားများကြောင့် နေလုံးကိုမမြင်ရတော့ ...။

မိုးသက်လေလေးပင် သုတ်သုတ်ဖြူးလာသည်သို့ ...။

ရဲရမန်းမြို့ဘက်ဆီမှာတော့ သေနတ်သံများကကြားနေရဆဲ ...။ မိုးရိပ်မိုးငွေ့များနှင့်အတူ ယမ်းငွေ့များကလည်း ဝေနေဆဲပင်ဖြစ်ပါ၏။ အကြောက်လွန်နေသည့် ခင်ဘုန်းအား ဖေးကူလိုက်ရင်း ...တပ်မှူးဗိုလ်ပေက ရဲရမန်းမြို့ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



''အင်း ...မြို့ထဲမှာလည်း ကုလားဖြူဂေါ်ရာစစ်သား တွေ ပစ်ခတ်သောင်းကျန်းနေကြတုန်းပဲ ခင်ဘုန်းရေ ... ဒီတော့ အမိ ဒီနေရာကပဲ လှည့်ပြန်သွားပေတော့ ...ကျုပ်ကတော့ အမိကို လိုက်ပို့လို့မဖြစ်ဘူး''

''အိုး ...နေ ...နေ ...နေပါဦးရှင့် ...ခင် ...ခင်ဘုန်းကို တစ်ယောက်တည်း ပစ်မထားခဲ့ပါနဲ့ ရှင်ရယ်၊ ခင်ဘုန်း ကြောက် ...ကြောက်လို့ပါ''

မျက်စိပျက်မျက်နှာပျက်နှင့် တပ်မှူးဗိုလ်ပေ၏လက်ကို အတင်းဆွဲကာ တောင်းပန်တိုးလျှိုးနေသည့် ခင်ဘုန်းကိုကြည့်ကာ ခေါင်းရှုပ်သွားပါလေ၏။

''နောက် ...နောက်ပြီး မြင်းပေါ်ကပြုတ်ကျလို့ ခြေခေါက်သွားတာလာမသိဘူး .. ခင်ဘုန်းရဲ့ဘယ်ဘက်ခြေထောက်က ထောက်လို့မရဘူး ဖြစ်နေတယ်''

''ဟင် ...အဲ ...အဲဒါမှ အခက်ပဲ''

တပ်မှူးဗိုလ်ပေ မျက်လုံးပြူးသွားသည်။ ယခုမှ ...ဘူးလေးရာ ဖရုံဆင့်ပြီထင့် ...။ သူ ဓားစာခံအဖြစ်ခေါ်လာခဲ့သည့် ရဲရမန်းမြို့သူကြီး၏သမီး ခင်ဘုန်း၏အဖြစ်ကြောင့် ဘာလုပ်၍ ဘာကိုင်ရမည် မသိ ...ဦးနှောက်ခြောက်သွားပါလေ၏။

ခင်ဘုန်းက ကိုင်နေရာမှ အားယူ၍ရပ်ကြည့်လိုက်သည်။ သို့သော် ...ချက်ချင်းပင် ညည်းညူရင်း လဲပြိုကျသွားပါ၏။

''အ ..အင့် ...ဟုတ်တယ် ...ခင်ဘုန်း ခြေ ...





ခြေခေါက်သွားပြီထင်တယ် ...လုပ် ...လုပ်ပါဦး''

''အဲဒါမှခက်ပြီ ခင်ဘုန်းရေ ...ဒီနေရာက ကျုပ်အတွက် စိတ်မချရတဲ့ အန္တရာယ်နယ်မြေထဲမှာပဲ ရှိသေးတယ် ...ဒီတော့ အမိကို ကျုပ် ပွေ့ချီခေါ်သွားမှ ဖြစ်တော့မယ်''

''အိုး''

ယင်းတိုက်တရွှေဗိုလ်ပေက ပြောပြောဆိုဆိုနှင့် ခင်ဘုန်း၏ကိုယ်လေးကို ဆတ်ခနဲပွေ့ချီလိုက်သည်။ ခင်ဘုန်း၏မျက်နှာလေးက ရဲခနဲဖြစ်သွားပါ၏။ နောက်ဆုံးတော့ သူ၏ အရှက်မျက်နှာလေးကို ယင်းတိုက်တရွှေ၏ရင်ခွင်တွင် မြှုပ်နှံသိုဝှက်ထားလိုက်ရင်း ရှက်ရွံ့အားနာစွာဖြင့် လိုက်ပါလာခဲ့ပါတော့သည်။

''ဟို ...ဟို ...မောင်ကြီးလည်း ခင်ဘုန်းအတွက် အလုပ်တွေပိုနေပြီကော ရှင်ရယ်''

''အင်း ...မတတ်နိုင်တော့ဘူးလေ ...တော်ကြာရန်သူလိုက်လာရင် အခက်တွေ့နေမယ်၊ လောလောဆယ်တော့ ဘေးလွတ်ရာနေရာကို ကျုပ်ခေါ်သွားရတော့မှာပဲ ...နောက်မှပဲ အမိကို ပြန်ပြီးလိုက်ပို့ပေးတော့မယ်''

နွေးထွေးသောအထိအတွေ့ကြောင့် နှစ်ဦးစလုံး ရင်ဖိုသွားကြသည်သို့ ...။ ရဲရမန်းမြို့နှင့် တစ်စတစ်စ အလှမ်းဝေးလာခဲ့သည်။ ယခုတော့ ...မြို့သူကြီးဦးကြောင်ဖား၏သမီး အပျိုစင်မလေးတစ်ယောက်သည် ယင်းတိုက်တရွှေကောင်၏ ရင်ခွင်တွင်းဝယ် တသိမ့်သိမ့်ဖိုသောရင်နှင့် တငြိမ့်ငြိမ့်လိုက်ပါလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မောင်ကြီးရယ် ... ရှင်လည်း မောလှရောပေါ့ ခင်ဘုန်းကို အသာချပေးပါဦး ... နောက်ကနေ အသာမှေးပြီး လိုက်ကြည့်ပါဦးမယ်"

ခရီးအတန်ပေါက်လာခဲ့ပြီမို့ တပ်မှူးဗိုလ်ပေကာ ခင်ဘုန်းကို မြေပေါ်သို့ အသာအယာချပေးလိုက်သည်။ ထိုအချိန်တွင် ကောင်းကင်တစ်ပြင်လုံး မိုးရိပ်မိုးသက်များဖြင့် မှိုင်းမှောင်နေပါချေပြီ။ စောစောက ... သာသာညင်ညင်တိုက်ခတ်နေသည့် မိုးသက်လေသည်ပင် တဝေါဝေါနှင့်အော်မြည်ကာ တိုက်ခတ်စပြုနေပါတော့သည်။

"ရော် ... ဒီတစ်ခါတော့ တကယ့်ကိုခက်ပြီ အမိရေ ... ချိန်ခါမဟုတ်ဘဲ မိုးက ရွာတော့မယ်ထင်တယ်၊ ကဲ ... သိပ်နားလို့မဖြစ်ဘူး ... တော်ကြာ မိုးရွာလာတော့မယ်၊ ဟော ... ဟိုရှေ့မှာမြင်နေရတဲ့ ဇရပ်ပျက်ကြီးထဲမှာ မိုးဝင်ခိုရင်း နားကြမှ ဖြစ်မယ် ခင်ဘုန်း"

"အို ... မ ... မဟုတ်တာ ... ဖြစ် ... ဖြစ်ပါ့မလား ရှင်"

ထိုစဉ်မှာပင် ... မိုးကတဖျောက်ဖျောက်နှင့် ကျဆင်းလာပြီး မိုးသက်လေပြင်းကလည်း တစ်ချက် တစ်ချက် ... ဆောင့်၍တိုက်ခတ်လာနေပါ၏။ မထူးတော့ပြီမို့ တပ်မှူးငပေမှာ ခင်ဘုန်း၏ခန္ဓာကိုယ်လေးအား ဒုတိယအချီပွေ့ချီ၍ ဇရပ်ပျက်ကြီး ရှိရာသို့ သုတ်ခြေတင်ခေါ်လာခဲ့ပါတော့သည်။





"အို ... အို ... ဒုက္ခ ... ဒုက္ခပါပဲရှင်"

တစ်ချိန်တည်းမှာပင် ချိန်ခါမဲ့မိုးကြီးက သဲသဲမဲမဲရွာချလိုက်ပါတော့သည်။ နောက်ဆုံး ဇရပ်ပျက်ကြီးသို့ ရောက်ရှိလာသောအခါမှာတော့ ... နှစ်ဦးစလုံး မိုးရွှဲရွှဲစိုနေကြပါလေ၏။ မိုးလေကင်းလွတ်ရာ ဇရပ်ကြီး၏ထောင့်ကွယ်တစ်နေရာတွင် ခင်ဘုန်းကို အသာအယာချပေးလိုက်ပါ၏။

"ဟင်း ... ဒုက္ခပါပဲရှင် ... မိုးကြီးကတော့ တော်တော်စဲတိတ်မယ့်ပုံမပေါ်ဘူး၊ အဘကတော့ ခင်ဘုန်းကို ဒေါင်းတောက်အောင်ရှာနေတော့မှာပဲ မောင်ကြီးရယ်"

"အင်း ... ဒီလောက်အထိဖြစ်လာလိမ့်မယ်လို့ ကျုပ်တွေးခဲ့မိဘူး၊ အမိကို မြင်းပေါ်တင်ခေါ်လာခဲ့တုန်းက ... ကျုပ်နားကင်းရာကိုရောက်ရင် ပြန်လွှတ်ပေးလိုက်မယ်ဆိုပြီး ရည်ရွယ်ခဲ့တာပါ၊ အခုတော့ ..."

"တော် ... တော်ပါတော့ရှင် ... မောင်ကြီးနဲ့ အဘကြားမှာ ခင်ဘုန်းက မြေစာပင်သက်သက်ဖြစ်ရတာပါရှင်ရယ် ... အင်း ဟင်း ... ချမ်း ... ချမ်းလိုက်တာ မောင်ကြီးရယ်"

မိုးလေသဲသဲတွင် အအေးဓာတ်ကပါ ဆင့်ကဲ၍ဝင်ရောက်လာသဖြင့် ခင်ဘုန်းတစ်ယောက် မိုးရေစိုအဝတ်အစားများနှင့် ခိုက်ခိုက်တုန်နေရှာပါလေ၏။

"အမိ ... သိပ်ချမ်းနေပြီထင်တယ် ... ခဏလေးစောင့် ... ကျုပ် အခုပဲ မီးဖိုတစ်ခု အမြန်ဆုံးမွှေးပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ . . . ဗိုလ်မှူးငပေမှ ဇရပ်ပျက်ကြ
ထဲမှ သစ်တိုသစ်စများကို ရှာဖွေစုဆောင်းကာ သူ့တွင်ပါ
သည့် မီးခတ်စုံနှင့် ခက်ခက်ခဲခဲပင် မီးဖိုနေပါလေ၏။ ခါတိုင်း
လျှင် သူ၏မြင်းညိုကြီး၏ ကုန်းနှီးအောက်တွင်ချိတ်ဆွဲထားသ
အိတ်မည်းကြီးထဲမှ မီးတောက်အရက်နှင့် မွှေးလိုက်လျှင် မီး
ချက်ချင်း ဝုတ်ခနဲတောက်လောင်သည်။ ယခုတော့ မီးတောက်
ရက်ပုလင်းပါသည့် အိပ်ညိုကြီးသည် ကျည်ဆန်ထိမှန်၍ 
ဆုံးသွားခဲ့ရပြီဖြစ်သည့် မြင်းကြီးနှင့်အတူ ကျန်ရစ်ခဲ့ပြီမဟုတ်
လား။

မကြာမီ ခဲခဲယဉ်းယဉ်း မီးဖိုလေးသည် တဖျစ်ဖျစ်မြည်
နှင့်အတူ မီးညွန့်မီးစွယ်လေးတွေ ထွက်လာကြသည်။ တပ်
ဗိုလ်ပေက သူ၏အင်္ကျီကိုချွတ်၍ မီးကင်နေပါလေ၏။ ခင်ဘုန်း
မှု ဘာရယ်မသိ . . . မီးဖိုနံဘေးတွင်ထိုင်၍ ယင်းတိုက်တ
ဗိုလ်ပေလုပ်ကိုင်သမျှကို မျက်လုံးပြူးလေးဖြင့်သာ ငေးကြည့်
ပါသည်။ ယင်းတိုက်တစ္ဆေဟု သတင်းကြီးနေသည့် တပ်မှူးဗို
ငပေ၏ အင်္ကျီချွတ်အောက်မှ . . . ဖုထစ်လုံးကျစ်နေသော လ
မောင်း၊ လက်ဖျံ၊ မောင်းအိုးကြီးများနှင့် အမွေးအမျှင်နတ
ယှက်သန်းနေကြသည့် မောက်ကြွနေသည့် ရင်အုပ်ကားကား
ကိုကြည့်ကာ အပျိုစင်မလေး၏ရင်သည် လှိုင်းတံပိုးငယ်တ
လှုပ်ခါသွားလေသည်သို့ . . .။

စောစောပိုင်းလောက်ကမှ . . . သူမ နိဝင်ခဲ့ရသေ





စ္ဆေတစ်ကောင်၏ ရှန်းကြွမို့မောက်နေသည့် ရင်ခွင်ကျယ်ကြီး
ကို မကြည့်ချင် မြင်လျက်သားနှင့် တမ်းမူးမိန်းမောနေသည့်နှယ်။

"ကဲ . . . ရော့ . . . အမိအင်္ကျီကို လဲဝတ်ထားလိုက်
. . တော်ကြာ အအေးမိပြီးဖျားနေရင် ထပ်ပြီးဒုက္ခရောက်နေဦး
ယ် . . . ရော့ . . . ရော့"

ရုတ်တရက်ကြားလိုက်ရသည့် တပ်မှူးဗိုလ်ပေ၏ စကား
ကြောင့် အသိဝင်လာပြီး ရှက်ရွံ့တုန်လှုပ်သွားသယောင် . . .

"အို . . ရှင်ရယ် . . . ရှက်စရာကြီး . . . မလဲဝံ့ပေါင်ရှင်"

"လဲလိုက်ပါ ခင်ဘုန်း . . . ကျုပ် ထင်းစရှာရင်း တခြား
သွားရှောင်ပေးပါမယ်"

တော်လှန်ရေးတပ်မှူးကြီးဗိုလ်ပေက သူ၏အင်္ကျီနွေးနွေး
ထွေးကို ခင်ဘုန်းအားပေးကာ တခြားဘက်သို့ထွက်သွားဟန်
ပြင်လိုက်စဉ် . . .

"ဟို . . . ဟို . . . မောင်ကြီး . . . အဝေးကြီးကို မသွား
နဲ့နော် . . . မိုးချုန်းသံကို ခင် . . . ခင်ဘုန်း ကြောက်လွန်းလို့ပါ
"

တပ်မှူးဗိုလ်ငပေက ခင်ဘုန်းကို ကျောခိုင်းထွက်သွား
မှပင် ခေါင်းညိတ်ပြသွားပါလေ၏။ ဇရပ်ကြီး၏အပြင်ဘက်မှာ
တော့ အချိန်ခါမဲ့ ရွာသွန်းနေသည့် မိုးသက်လေပြင်းက တဝေါ
ဝေါ တဝုန်းဝုန်းနှင့် မြင်းရိုင်းတစ်ကောင် ကဆုန်စိုင်းနေသကဲ့သို့
ရှိသည်။ တစ်ချက်တစ်ချက် ဆောင့်၍ ဆောင့်၍ . . . တိုက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော မိုးသက်လေကြမ်းက ဇရပ်ပျက်ကြီးအား သွက်သွက်
ခါ၍ ရမ်းခါသွားစေသည်။

လျှပ်စီးအလင်းတန်းများက တဝင်းဝင်းတလက်လက်

ဝုန်းခနဲ ဂျိမ်းခနဲ . . . ပစ်ခွင်းလိုက်သည့် မိုးခြိမ်းသံကြ
ထွက်ပေါ်လာပြီသည်နှင့် ခင်ဘုန်း၏ ကြောက်လန့်တကြား
ငင်သံလေးက မိုးသံလေသံကိုဖောက်ကာ ထွက်လာခဲ့သည်

"မောင်ကြီး . . . မောင်ကြီး . . . ခင်ဘုန်းဆီ လာပြီး
ပါ . . . ခင်ဘုန်း ကြောက် . . . ကြောက်လွန်းလို့ပါရှင်"

"ခင်ဘုန်း . . . ခင်ဘုန်း . . . မကြောက်ပါနဲ့ . . . ကျ
ဘယ်ကိုမှမသွားပါဘူး . . . အမိအနားမှာပဲ ရှိပါတယ်"

ခင်ဘုန်းနောက်ဘက်မှ ထွက်လာရင်း တပ်မှူးဗိုလ်
မှာ သစ်စအချို့ပွေ့ပိုက်လျက် မီးဖိုရှေ့သို့ရောက်လာပါ၏။
နောက် မီးဖိုထဲသို့ သစ်စသုံးလေးချောင်းမျှထိုးထည့်လိုက်သ
မီးတောက်အရှိန်က ပို၍အားကောင်းလာခဲ့သည်။

ခင်ဘုန်းမှာ ဗိုလ်ပေ၏မျက်နှာအား မျက်လုံးရွဲကြီးမျ
နှင့် မော့ကြည့်လိုက်ပြီးမှ ဖျတ်ခနဲ ခေါင်းငုံ့သွားသည်။ ခင်ဘု
၏ မို့ယောင်ယောင်ရင်အုံလေးမှာ ဗိုလ်ငပေ၏ ပွရောင်းရော
ဖျင်အကျီအောက်မှ ကြွချည်ဖောင်းချည်နှင့် လှုပ်ခါနေသည့် နှ
သားကြောင့် သူမ၏ မို့မို့ပိပိရင်သားအိအိလေးမှာ တရိရိတုန်
သလို အသက်ရှူမလုံ၊ နှုတ်ခမ်းပါးလေးစိထားပြီး လည်ပင်းထဲ
အစ်တက်လာကာ . . . တစ်ကိုယ်လုံး ပူရှိန်းရှိန်းကြီးဖြစ်နေပါ

---





မီးဖိုနံဘေးတွင် နှစ်ဦးသား ထိုင်နေကြရင်း အတန်ကြာ
မျှ နှုတ်ဆိတ်နေကြသည်။ တစ်ဦး၏ရင်ခုန်သံကို တစ်ဦးက
ကြားယောင်နေမိကြသည်အလား . . .။

"ဟို . . . အမ်း . . . ခွင့်ပြုမယ်ဆိုရင် ကျုပ် ခင်ဘုန်းရဲ့
ခြေထောက်ဒဏ်ရာကို ကြည့်ပါရစေလား . . . အချိန်ရှိတုန်း
နှိပ်နယ်ပေးထားရင် သက်သာသွားနိုင်တယ်"

"အို . . . မ . . . မလုပ်ပါနဲ့ရှင် . . . ငရဲအုံတွေကြီးနေ
မယ် မောင်ကြီးရယ်"

သို့သော် ဗိုလ်ပေကြည့်မြင်နိုင်စေရန်အတွက်မှ ဘယ်
ဘက်ခြေသလုံးသားလေးကို အသာအယာ လှစ်ဟပြလိုက်သည်။
မီးဖိုမီးမှမီးအလင်းရောက်အောက်တွင် တွေ့မြင်လိုက်ရသော ခင်
ဘုန်း၏ သလုံးသားဖွေးဖွေးလေးက တော်လှန်ရေးသမားကြီး
ယင်းတိုက်တစ္ဆေ၏ရင်ကို လှုပ်ခါသွားစေသည်သို့ . . .။

ဒဏ်ရာကြောင့် အတန်ငယ်ယောင်ယမ်းနေသည့် ခြေ
ကျစ်အထက်နားတစ်ပိုက် ညင်သာစွာနှိပ်နယ်ပေးနေစဉ် . . .
ယင်းတိုက်တစ္ဆေ ဗိုလ်ပေ၏ရင်ခုန်သံတို့သည် တဒိန်းဒိန်းနှင့်
ခင်ဘုန်း၏မျက်နှာလေးအား သတိလက်လွတ်ငေးမောကြည့်နေ
ရင်းမှ သူ၏ရင်အုံမောက်မောက်ကြီးမှာ နိမ့်ချည်မြင့်ချည်ဖြစ်နေ
ပါ၏။ သွေးပူပူကလေးမှာ ခြေဖျားလက်ဖျားမှ တရွရွတိုးဝင်လျက်
နားထင်နားသယ်သို့တိုင် ဒုတ်ဒုတ်ထိ ထိုးဖောက်ဝင်ရောက်လာ
ကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ...

'ဂျိမ်း ..ဒလိန်း ..ဂျိမ်း'

ရုတ်တရက် ထစ်ချုန်းမြည်ဟည်းလိုက်သည့် မိုးခြိမ်းသံကြီးကြောင့် ခင်ဘုန်းမှာ ကြောက်လန့်တကြားဖြင့် ဗိုလ်ပေအား လှမ်း၍ဖက်တွယ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ... လူကြမ်းလူရိုင်း တော်လှန်ရေးသမားကြီး ဗိုလ်ပေ၏လက်များကလည်း တဆတ်ဆတ်တုန်နေရှာသည့် ခင်ဘုန်း၏ခန္ဓာကိုယ်လေးကို ဖွဖွညင်ညင်ဖက်ကာ အားပေးနှစ်သိမ့်လိုက်ပါ၏။

ယင်းတိုက်တစ္ဆေကောင်ကြီး၏ ရင်မှာ ... လှိုင်းတံပိုးတို့ နိမ့်တုန်မြင့်တုန်နှင့် လှုပ်ခါလျက်ရှိပါပြီ။ အသိစိတ်၊ သတိသမ္ပဇဉ်ယောက်ျားကောင်းတို့၏ကတိသစ္စာ၊ နိုင်းချင်ဝေဖန်မှု အစုစုတို့နှင့် ခိုင်ကျည်သောသစ္စာတရားတို့ကိုသာ ရိုက်ချိုးဖျက်ဆီးလိုက်မည်ဆိုလျှင် ...

အပြင်ဘက်မှာတော့ အခါမဲ့မိုးက အငြိုးနှင့်ရွာနေဆဲ။

❊ ❊ ❊




# အပိုင်း (၄)

## ၁၈၈၆ ခုနှစ် ... ဒီဇင်ဘာသစ္စာဥဒါန်း

www.burmeseclassic.com

www.burmeseclassic.com



## တစ္ဆေတစ်ကောင်၏ သစ္စာတရား

နရဟော ကရောတိပါပနိ၊ အရဟံတေနဝုစ္စတိ ...။

ယောဘဂဝါ ... အကြင်မြတ်စွာဘုရားသည်၊ ရယော ဆိတ်ကွယ်ရာအရပ်၌၊ ပါပနိ ... မကောင်းမှုတို့ကို၊ နကရောတိ ... ပြုတော်မမူ၊ ထို့ကြောင့် ... သောဘဂဝါ ... ထိုမြတ်စွာဘုရားကို၊ အရဟံ ... အရဟံဟူ၍၊ ဝုစ္စတိ ... ဆိုအပ်၏။

(အဋ္ဌကထာပါဠိ)

ဆိတ်ကွယ်ရာအရပ်၌ မကောင်းသောအမှုကို မပြုအပ်ဟု ... မြစ်တားဆုံးမ၊ ဩဝါဒပေးသနာ ကြားတော်မူရာသော





ဘုရားရှင်၏တရားတော်မြတ်ကို မပြတ်လေ့လာနိုင်မှသာလျှင် ဘုရားရှင်ကို ယုံကြည်ရာ၊ ကိုးကွယ်ရာ ရောက်ပေသည်။

ပစ္စုသီကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်ဟုဆိုလင့်ကစား ထိုပုဆိုးကို မြဲမြဲအောင်စည်းရသော ခါးစည်းကြိုးနှင့်တူသည့် ကိုယ့်ကျင့်တရား မရှိကြားမူ ပုဆိုးမြဲမည်မဟုတ်ပါ။ မည်မျှပင် ဉာဏ်အသိတရား ကြီးမားသူဖြစ်ပါစေ ... ခါးစည်းကြိုးမမြဲသူ ကိုယ်ကျင့်တရားပျက်ပြားမှုရှိခဲ့ပါလျှင် လောကအလယ်တွင် သစ္စာတရားပျက်ယွင်းသူဟု မည်ပါလေ၏။

မည်မျှပင် ဟောရမ်းသော့သွမ်း ကြော့ကြမ်းသူဖြစ်ပါစေ ... တကယ့်အရေးတွင် တကယ်အရာရောက်အောင် လက်ထိ ပေါက်ရောက် ကိုယ်နှုတ်နှလုံးကိုစောင့်ထိန်းလျက် မကောင်းမသင့် တထင်သောအမှုကို အခွင့်အရေးမည်မျှပင် ကြုံရသည်ဖြစ်စေ ချုံးနှိမ်ပဲ့ပြင်နိုင်ခဲ့မည်ဆိုလျှင် ... ထိုသူသည် အကျင့်သိက္ခာမြင့် မြတ်သော၊ သစ္စာတရား၏ အကြီးအမျိုးဖြစ်သော ယောက်ျား ကောင်း၊ ယောက်ျားမြတ် မည်ပါပေ၏။

လမိုက်ညသည် မှောင်မိုက်၏။ ထို့ထက် သန်းခေါင်ယံ လမိုက်ညဥ့်သည် ပို၍နက်မှောင်၏။ ထို့ထက် သန်းခေါင်ထက် ပို၍နက်ရှိုင်းသောညဥ့်သည် ပိုမို၍နက်နက်မှောင်၏။ ထို ... နက် နက်မှောင်သော အမှောင်အားလုံးထက် ပို၍နက်ရှိုင်းမည်းမှောင် သော ကိလေသာအမှောင်သည် ... ... ...

ထိုစဉ်မှာပင် ... မိုးသံလေသံများကြားမှ မြင်းခွာသံ



www.burmeseclassic.com

www.burmeseclassic.com



တဖြောင်းဖြောင်းကို ရုတ်တရက်ကြားလိုက်ရသဖြင့် ယင်းတို တစ္ဆေ ငပေတစ်ယောက် အယောင်ယောင်အလွဲလွဲဖြင့် အိပ်မ မှ လန့်ဖျပ်နိုးထလာသူကဲ့သို့ ...

ရင်ခွင်ထဲတွင် လုံးလုံးလျားလျားကျရောက်နေပြီဖြ သည့် ခင်ဘုန်း၏ခန္ဓာကိုယ်လေးကို ဖျတ်ခနဲ ဆွဲခွာလိုက်သည် ဗိုလ်ပေ၏ ရုတ်ခြည်းပြောင်းလဲသွားသော အပြုအမူကြောင့် ဘုန်းပင် နားမလည်နိုင်ဖြစ်သွားရပါလေ၏။

တပ်မှူးဗိုလ်ပေမှာ ခင်ဘုန်းကို လက်တစ်ဖက်က ဆွဲ သူ၏ညာလက်က ပခုံးထက်တွင်လွယ်ထားသည့် ကတ္တီပါအိတ် ထဲမှ ဝါးကျစ်လိမ်တုတ်တိုကို ဆွဲထုတ်လိုက်ပြီး ကျားရဲတ ကောင်နှယ် အသင့်ပြင်လိုက်သည်။

ဇရပ်ပျက်ကြီးထဲမှ မီးဖိုအလင်းရောင်ကို အပြင်မှ တွေ့သွားကြမည်မှာ မလွဲပါ။ မြင်းခွာသံများနှင့် မြင်းဟီသံတ ချက်က ဇရပ်ပျက်ကြီး၏ဝင်ပေါက်အနီးမှ ထွက်ပေါ်လာကြ ဇရပ်ပေါ်သို့တက်လာသည့် ခြေသံအချို့ကိုပါ တစ်ဆက်တည ကြားလိုက်ရသည်။

''တပ်မှူး ... တပ်မှူး ... ဇရပ်ပေါ်က တပ်မှူးလာ

ဇရပ်အပျက်တံခါးဝဆီမှ တွေန်၏အသံကိုကြားလို ရသဖြင့် ဗိုလ်ပေ ... ထိတ်ခနဲ ဝမ်းသာသွားပါ၏။ သူ၏ရဲမ များမှာ ... စခန်းသို့ အချိန်မီ သူရောက်ရှိမလာခဲ့သဖြင့် လမ်းတစ်လျှောက် မိုးထဲလေထဲတွင် လိုက်လံရှာဖွေနေကြ





ဖြစ်ပေလိမ့်မည်။

''ဟေး ... တွေန်လားဟေ့ ... ငါ ဒီမှာရှိတယ် ... ဝင်လာခဲ့ကြ''

မကြာခင် ... မီးဖိုမီး၏အလင်းရောင်အောက်တွင် သူ၏ သုယုံတော် တွေန်နှင့် အကြပ်ကြီးနှစ်ယောက်တို့ကို ဗိုလ်ငပေ မြင်တွေ့လိုက်ရသကဲ့သို့ တွေန်တို့ကလည်း ... သူတို့၏ဆရာ တပ်မှူးဗိုလ်ပေနှင့် ခင်ဘုန်းတို့ကို ပဟေဠိဆန်သောအတွေးများ နှင့်ငေးကြည့်နေကြပါလေ၏။

''လာကြဟေ့ ... ကုလားဖြူတွေက နောက်ကနေ လွှတ်တမ်းလိုက်နေကြတာနဲ့ ပြေးရင်းလွှားရင်း ဒီနေရာကို ရောက်လာကြတာလေ၊ ဒီကြားထဲ ဟောဒီက ခင်ဘုန်း ... မြင်း ပေါ်ကပြုတ်ကျခဲ့ရာက ခြေထောက်အဆစ်လွဲသွားတာရယ်, မိုး တွေရွာနေတာရယ်ကြောင့် ဒီဇရပ်ပျက်ကြီးမှာပဲ ခဏခိုနားနေကြ တာကွဲ့''

ဗိုလ်ပေမှာ သူ၏ရဲမက်များ ခင်ဘုန်းအပေါ်တွင် အထင် အမြင်မသေးစေရန်နှင့် သူတို့နှစ်ဦးအပေါ်တွင် အမြင်မလွဲမှားစေ ရန် အဖြစ်အပျက်တချို့ကို ရှင်းပြပြောဆိုလိုက်ပါ၏။ သို့တိုင် အောင် ... ခင်ဘုန်း၏မျက်နှာထက်မှာတော့ ရှက်ရွံ့နေသည့် အရိပ်သဏ္ဍာန်တို့က ယှက်သန်းလျက်ရှိနေဆဲ ...။

''ဟုတ် ... ဟုတ်ပါတယ်ရှင် ... ခင်ဘုန်းကို ဓားစာခံ ခေါ်လာရင်းက အခုလိုဖြစ်သွားရတာပါ၊ အခုဆိုရင် ခင်ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



. . . အိမ်ကို . . . မ . . . မပြန်ရဲတော့ဘူး''

ခင်ဘုန်း၏စကားသံလေးက တုန်တုန်ယင်ယင်နှင့် ထွက်ကျလာပါ၏။ ဟုတ်သည် . . . ခြေခေါက်၍မထနိုင်သည့်အထဲ အငြိုးတကြီးနှင့်ရှာသွန်းနေသည့်မိုးကြောင့် မည်သို့မျှ ပြန်ခွင့်မကြုံတော့ဘဲ အချိန်လင့်ခဲ့ရခြင်းပင်ဖြစ်သည်။ ယခု ဤအရေးကိစ္စကြီးကို မည်ကဲ့သို့ ဖြေရှင်းကြပါမည်နည်း . . .။

''မပြန်လို့တော့ မဖြစ်ဘူးခင်ဘုန်း . . . တော်ကြာ မင်းရဲ့အဖေ မြို့သူကြီးကြောင့် အားလုံးပိုပြီး ရှုပ်ထွေးကုန်မယ်''

''ဒါပေမဲ့ အခုဟာက မိုးလည်းချုပ်နေပြီ တပ်မှူးနောက်ပြီး အချိန်လည်းလင့်သွားပြီ . . . ဟိုမှာ ဂေါ်ရာစစ်သားတွေလည်း တစ်ညဥ့်လုံးခြေရှုပ်နေကြမှာ သေချာတယ်၊ မြို့သူကြီးရဲ့သမီးကို သူပုန်ဗိုလ်တစ်ယောက် ဓားစာခံခေါ်သွားတဲ့ကိစ္စကို ဘယ်လိုမှ ကျေနပ်ကြမှာမဟုတ်ဘူးလေ''

တွန်၏စကားကြောင့် မြို့သူကြီး၏သမီး ခင်ဘုန်း၏အရေးမှာ လွယ်မယောင်နှင့်ခက်သွားပါလေ၏။ တပ်မှူးဗိုလ်ပေကိုယ်တိုင်ပင် ဆုံးဖြတ်ရခက်ခဲနေသည်သို့ . . .။

''ဒီ . . . ဒီ . . . ဒီလိုဆိုရင် . . . ခင် . . . ခင်ဘုန်းဘာဆက်လုပ်ရမှာလဲဟင်''

''ကိုင်း . . . အခုချိန်ကျမှတော့ မထူးတော့ဘူး . . . ဒီမိုးကလည်း တစ်ညဥ့်လုံးစဲမယ့်ပုံ မပေါ်ဘူး၊ အဲဒီတော့ အားလုံးလည်း အန္တရာယ်ကင်းအောင် . . . မင်းကို မနက်မိုးလင်းတာနဲ့





အိမ်ကိုပြန်ပို့ပေးပါ့မယ်၊ ဒီတစ်ညဥ့်တော့ ကျုပ်တို့နဲ့အတူ . . . ဟောဒီဇရပ်ပျက်ကြီးထဲမှာပဲ သည်းခံပြီးနေပေတော့ အမိရေ''

တပ်မှူးဗိုလ်ပေ၏ ပြတ်သားသော ဆုံးဖြတ်ချက်စကားသံက ဂျိမ်းခနဲ မြည်ဟည်းထွက်ပေါ်လာသည့် မိုးခြိမ်းသံကြီးအောက်တွင် တိုးတိမ်ပျောက်ကွယ်သွားပါ၏။ မည်းမှောင်နေသည့် မိုးသက်မုန်တိုင်းညအမှောင်နက်နက်အောက်တွင် တစ်လှည့်စီခြိမ်းခြောက်ဟစ်ကြွေးနေကြသော လေပြင်းမုန်တိုင်းဒဏ်၊ မိုးပေါက်မိုးခဲတို့၏ ကြမ်းတမ်းစွာရိုက်ပုတ်ခြင်းဒဏ်တို့ကို ဇရပ်ပျက်ကြီးခမျာ အားကိုးရာမဲ့စွာဖြင့် လည်စင်း၍ခံနေရပါတော့သည်။

မိုးက ဘယ်သောအခါကာလမှ . . . မလင်းတော့ဟု ထင်နေသည့်ကြားမှ မုန်တိုင်းက တဖြည်းဖြည်းစဲလာခဲ့သည်။ မိုးက မိုးပေါက်ကြဲကြဲနှင့် ခပ်ဖွဲဖွဲသာရွာတော့သည်။ သို့သော် အမှောင်ထုက မပြယ်သေးသည်မို့ . . . ညဥ့်သန်းခေါင်လား . . . အရုဏ်တက်ခါနီးလား . . . မမှန်းတတ်ပါလေတော့ . . .။

မကြာမီပင် မိုးသက်မုန်တိုင်းက မောပန်းသွားရှာသည် ထင့် . .။ အမှန်တကယ်ပင် မုန်တိုင်းမိုးကျ စဲသွားပါချေပြီတည်း။

❊



www.burmeseclassic.com

www.burmeseclassic.com



အရှေ့တစ်ခိုမှ ရောင်နီစတို့ ပျို့အန်ကျလာချိန်လောက်တွင် တပ်မှူးဗိုလ်ပေတို့လူစု ဇရပ်ပျက်ကြီးမှထွက်လာခဲ့ကြသည်။ မြင်းသုံးစီး၊ လူငါးယောက် ...။ တပ်မှူးဗိုလ်ပေက တွေ့နှင့်ထံမှ မြင်းကိုယူကာ ခင်ဘုန်းတစ်ယောက်တည်းကိုသာ မြင်းပေါ်သို့ တင်ပေးလိုက်ပြီး သူကိုယ်တိုင်ကမူ ... ဇက်ကြိုးကိုကိုင်ကာ ရှေ့ဆီမှ လမ်းလျှောက်လာခဲ့သည်။

အကြပ်မှူးတစ်ယောက်၏ မြင်းကြီးပေါ်တွင် တွေ့နှင့်တစ်ယောက်ကစီးပြီး ကျန်တစ်စီးကိုမူ အကြပ်ရဲမက်တစ်ယောက် ရှေ့ပြေးအဖြစ် သွားနှင့်ပေပြီ။ တောင်စောင်း တောင်ခါးပန်းတို့မှ ဝေ့ကာပတ်ကာတိုက်ခတ်လာသော လေပြည်က နှင်းစက်နှင်းရည်တို့ကို သိမ်းကျုံးယူငင်လာသည်ထင့် ... ခန္ဓာကိုယ်တစ်ခုလုံး ကျုံ့ဝင်သွားအောင် အေးခဲမတတ်ရှိနေပါ၏။ လမ်းဘေးတစ်ဖက်တစ်ချက်မှာတော့ နှင်းထွေး၊ နှင်းခဲတို့ဖြင့် အိကျနေသည့် သစ်ရွက်၊ သစ်ကိုင်း၊ နွယ်တန်းများက ငိုက်ဆင်းကျလျက် ...။

မြို့သူကြီး ဦးကြောင်ဖား၏သမီး ခင်ဘုန်း၏ အပြန်ခရီးပင်တည်း ...။ ဤခရီးသည် ခင်ဘုန်းအတွက် ဝမ်းသာပျော်ရွှင်ရမည့်အစား ... သိသိသာသာပင် မျက်နှာလေးညှိုးရော်နေသည်မှာ အဘယ်ကြောင့်ပါနည်း။ ဤမေးခွန်းကို ကာယကံရှင်ခင်ဘုန်းကိုယ်တိုင်ပင် မဖြေနိုင်ပါ။ စိတ်အစဉ်ကမူ ... ယင်းတိုက်တာရွှေကြီးကို အလိုမကျသယောင် ...။

အတွေးကိုယ်စီနှင့်မို့ အားလုံးနှုတ်ဆိတ်နေကြပါ၏။ အာ





ဘန်ကြာမှ ... ဗိုလ်ငပေက တိတ်ဆိတ်မှုကိုဖြိုခွင်းလိုက်သည်။

''ဘယ်လိုလဲ အမိရဲ့ ... ငြိမ်လှချည်လား၊ ခြေထောက်က ဒဏ်ရာရော သက်သာသွားပြီလား''

''အင်း ... ခြေထောက်နာတာကတော့ ... သက်သာနေပါပြီ ... ဒါ ... ပေ ... မဲ့''

သူမအား သိသိသာသာမျက်နှာလွှဲထားသည့် ဗိုလ်ငပေကိုကြည့်ကာ ခင်ဘုန်း ... မချင့်မရဲဖြစ်လာသလို နှလုံးသွေးတို့ကလည်း တဒိတ်ဒိတ်ခုန်လာပါ၏။

''ဘာမှဒါပေမဲ့မနေနဲ့တော့ အမိရေ ... အိမ်ကိုပြန်ရောက်ရင်သာ နိုင်လုံတဲ့အကြောင်းပြချက်တစ်ခုခုနဲ့ အဆင်ပြေအောင်ပြောနိုင်ဖို့ အရေးကြီးတယ်နော် အမိ''

''အင်း ... အဲဒီလိုပဲ လုပ်ရတော့မှာပေါ့ ရှင်ရယ် ... ဒီထက်ပိုပြီး ခင်ဘုန်းက ဘာတွေများတတ်နိုင်မှာမို့လဲ''

ဗိုလ်ငပေထံသို့ စိတ်မှတ်မဲ့ မျက်စောင်းလေးတစ်ချက်ဝဲလိုက်ရင်း ခင်ဘုန်းနှုတ်ဖျားမှ .. နာလိုခံခက်စကားတချို့ ထွက်ကျသွားပါ၏။ နောက်မှ သတိရလိုက်ပြီး ... ဆင်ခြင်တုံတရားလေးကိုကပ်ကာ လေပြေထိုးလိုက်ရသည်။

''ဩော် ... အဘကြောင့်လည်း ခက်ပါတယ် မောင်ကြီးရယ်''

''အင်း ... ကျုပ်ကတော့ ခင်ဘုန်းအဖေကို မြန်မာလူမျိုးတစ်ဦးဖြစ်လျက်နဲ့ နယ်ချဲ့ကုလားဖြူတွေရဲ့ အလိုတော်ရိ



www.burmeseclassic.com

လက်ပါးစေဖြစ်နေတာကို မလိုလားဘူး။ ဖြစ်နိုင်ရင် ကျုပ်တို့နဲ့ပူးပေါင်းပြီး ဒီကုလားဖြူမိစ္ဆာကောင်တွေကို တိုက်ထုတ်စေချင်တယ်''

''ဟုတ်ပါတယ် မောင်ကြီးရယ် ... အဘဟာ ဟိုတုန်းကဆိုရင် ဒီလိုမျိုးမဟုတ်ပါဘူးရှင် ... ကောင်းရောင်းကောင်းဝယ်နဲ့ သမ္မာအာဇီဝကျ ဈေးကုန်သည်ကြီးတစ်ယောက်ပါရှင်၊ အင်း ... ပြီးခဲ့တဲ့နှစ်ကမှ ကုလားဖြူတွေနဲ့ ဆက်သွယ်မိပြီး အခုလို နယ်ချဲ့မိစ္ဆာကောင်တွေရဲ့အမှုထမ်းဘဝကို ကူးပြောင်းသွားခဲ့ရတာပါ မောင်ကြီးရယ်''

ခင်ဘုန်းမှာ မြင်းကြီးပေါ်မှ တငြိမ့်ငြိမ့်လိုက်ပါလာရင်းမှ သူမဖခင်ကြီး ရှင်သန်ကြီးပြင်းလာခဲ့ရသည့် ဘဝလေးကို ... ဗိုလ်ငပေအား ပြောပြနေခြင်းဖြစ်သည်။ တောင်စောင်းလမ်းကလေး တစ်စတစ်စ ပြေပြစ်လာသည်မို့ အတန်ငယ် စိတ်လက်ပေါ့ပါးလာခဲ့ပါ၏။

တပ်မှူးဗိုလ်ငပေခေါ် ယင်းတိုက်တာဆွေကြီးမှာ ခင်ဘုန်း၏အနီးမှ ယှဉ်လျှက်လျှောက်လာရင်း ...

''အဲဒါ ... နယ်ချဲ့တွေရဲ့ စည်းရုံးရေးပျူဟာတစ်ရပ်လေ၊ ကုလားဖြူနယ်ချဲ့တွေဟာ ဒီလိုပဲ ခင်ဘုန်း ... လာဘ်လာဘ, ရာထူးစည်းစိမ်တွေနဲ့ လူတွေကို မက်လုံးပေး အကြိုက်ဆောင်ပြီးမှ သူတို့အလိုရှိရာကို ဖြားယောင်းသိမ်းသွင်းတတ်ကြတယ်၊ ကိုယ့်အကျိုးစီးပွားတစ်ခုတည်းကိုပဲကြည့်ပြီး နယ်ချဲ့





လက်ပါးစေဘဝမှာ ပျော်နေမယ်ဆိုရင်တော့ သက်ဆိုးရှည်မယ် မထင်ဘူး ခင်ဘုန်း''

''ခင် ... ခင်ဘုန်း အဘကို နားချကြည့်ပါဦး မယ်ရှင် ... လောလောဆယ်တော့ အဘကို ရန်မပြုစေချင်ဘူး မောင်ကြီးရယ်''

''အင်း ... ခက်တယ် ခင်ဘုန်း ... ကုလားဖြူနယ်ချဲ့ကောင်တွေနဲ့ သစ္စာဖောက်တွေ, အလိုတော်ရိတွေဟာ ကျုပ်တို့ပြည်သူတွေရဲ့ အဓိကရန်သူကြီးတွေပဲ၊ ပြည်သူတွေရဲ့ရန်သူဟာလည်း ကျုပ်တို့ရဲ့ရန်သူပဲ ခင်ဘုန်း၊ တိုက်ပွဲမှာ ရန်သူကိုရန်သူလိုပဲ ဆက်ဆံရမယ်၊ ခြေမ,မကောင်းရင် ခြေမ, လက်မ,မကောင်းရင် လက်မ ... ဖြတ်သင့်ရင်တော့ ဖြတ်ပစ်ရမှာပဲ ခင်ဘုန်း''

ရဲရင့်ပြတ်သားသော ယင်းတိုက်တာဆွေဗိုလ်ပေ၏ စကားများကြောင့် ခင်ဘုန်း၏မျက်နှာလေးမှာ နေလောင်ပန်းတစ်ပွင့်နယ် ညှိုးရော်ကျသွားရှာပါ၏။ ထိုအချိန်တွင် ရဲရမန်းမြို့အစပ်သို့ ရောက်ရှိနေကြပါပြီ။ တောင်စောင်းအောက်ခြေ မြူနှင်းများကြားတွင် ငြိမ်သက်တိတ်ဆိတ်နေသည့် ရဲရမန်းမြို့ကြီးနှင့် ရစ်ခွေစီးဆင်းနေသည့် ဒုဌဝတီမြစ်ကြီးကို ... ဝေဝေဝါးဝါးတွေ့မြင်နေရပြီမဟုတ်ပါလား ...။

''ကိုင်း ... ခင်ဘုန်း ... ကျုပ်တို့ရဲ့ လုံခြုံရေးအတွက် မင်းကို ဒီ ... မြို့ပြင်အစပ်လောက်မှာပဲ ထားခဲ့ရတော့မယ်၊ ဒ်အတွက် ကျုပ်ကိုခွင့်လွှတ်ပါ ခင်ဘုန်း''

www.burmeseclassic.com



"ဟင်း ဟင်း . . . အခုလို တာဝန်သိသိနဲ့ ပြန်ပို့ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါသတဲ့ ယင်းတိုက်တစ္ဆေကြီးရယ်"

"ဩော် . . . ခင်ဘုန်းရယ်"

သူ့အား ခပ်ရွဲ့ရွဲ့လေးပြောဆိုနေသည့် ခင်ဘုန်းကို ခွင့်လွှတ်အပြုံးဖြင့်ကြည့်ရင်း ခါးသိမ်သိမ်လေးကိုကိုင်ကာ မြင်းကြီးပေါ်မှ အသာအယာချပေးလိုက်သည်။ ခင်ဘုန်းကမူ ပြောချင်ရာပြောပြီးပြီမို့ မျက်လွှာကိုအသာချထားပါ၏။ သို့သော် . . . မျက်နှာလေးကမူ သိသိသာသာပင်ညှိုးရော်နေပါသည်။

"ကိုင်း . . . ဒီကနေပဲ သွားပေတော့ ခင်ဘုန်း"

မာတောင့်တောင့်ပြောလိုက်သည့် . . . ဗိုလ်ပေ၏စကားသံပင် အနည်းငယ် လှုပ်ခတ်နေသည်သို့။ ခင်ဘုန်းမှာ လမ်းဖုံဖုံလေးတစ်လျှောက် လေးတွဲ့စွာသွားနေရာမှ . . . ဗိုလ်ပေ ရပ်၍ကျန်ခဲ့သည့်နေရာသို့ လှည့်ကြည့်ရင်း ရပ်နေပြန်ပါ၏။

ငွေနှင့် အကြပ်ရဲမက်နှစ်ယောက်တို့မှာ အခြေအနေကိုကြည့်ကာ အလိုက်တသိပင် ခပ်လှမ်းလှမ်းသစ်ပင်ကြီးအောက်သို့ ထွက်ခွာသွားကြသည်။ နေမင်းအား အနိုင်ကျင့်ထားကြသည့် နှင်းထွေးနှင်းခဲများမှာ ယခုမှ ပျော်ကာ . . . ကြေကာ . . . ကွဲကာ . . . ဖွဲကာနှင့် ဖွာ၍ပြုတ်ကျစပြုလာသည်။ မြက်ခင်းပြင်တစ်လျှောက်မှာတော့ နှင်းရည်တို့က ပျော်ဝင်နေကြသည်ကော . .။

"သွား . . . သွားတော့လေ ခင်ဘုန်း"





ဗိုလ်ပေက အာခေါင်ခြောက်သံကြီးနှင့် နှင်နေပါ၏။

"ဒီလောက်ကြီးလည်း နှင်ထုတ်မနေပါနဲ့ရှင် . . . သွားပါ့မယ်၊ တစ်နေ့ကျရင် ကိုယ့်လမ်းကိုသွားကြရမယ့်သူတွေမို့ ကံအလှည့်သင့်လို့ ကြုံတုန်းဆုံခိုက်မှာ အမုန်းမပွားဘဲ နှုတ်ဆက်ပါရစေလား မောင်ကြီးရယ်"

အရဲစွန့်၍သာ ပြောလိုက်ရသည်။ မိန်းမသားဟူသော အသိစိတ်ကြောင့် . . . သူမတစ်ကိုယ်လုံး ပူရှိန်းရှိန်းကြီးဖြစ်သွားပါ၏။ ထို့ကြောင့် မျက်နှာကိုသာ တွင်တွင်ချထားသည်။

"ရော် . . . ဘယ်သူက မုန်းတယ်လို့ ပြောနေလို့လဲ"

ဗိုလ်ပေက ပြောရင်းဆိုရင်း ခင်ဘုန်းရှိရာသို့ လျှောက်လှမ်းလာသကဲ့သို့ ခင်ဘုန်းကလည်း ဗိုလ်ပေရှိရာသို့ တိုးဝင်လာခဲ့သည်။ နှစ်ဦးစလုံး၏ နှလုံးသားတို့ တဆတ်ဆတ်လှုပ်ခါနေကြသည်မို့ ခင်ဘုန်း၏ မို့ယောင်ယောင်ရင်အုံလေးမှာ . . . ပဒုမ္မာအင်္ကျီအောက်မှ မြင့်ချည်နိမ့်ချည်နှင့် . . .။

"သိနိုင်ဘူးလေရှင် . . . မောင်ကြီးက တနှင်တည်းနှင်နေတော့လည်း ခင်ဘုန်းရဲ့အဘနဲ့ပတ်သက်ပြီး . . . ခင်ဘုန်းကိုပါ မုန်းများသွားပြီလားလို့"

"အို . . . ဘာဆိုင်လို့လဲ ခင်ဘုန်းရယ် . . . ခင်ဘုန်းကို ကျုပ်မမုန်းပါဘူး၊ နောက်ပြီး မမုန်းလည်း မမုန်းရက်ဘူး"

"ဟင် . . . တကယ်"

"တကယ်ပေါ့ ခင်ဘုန်းရယ် . . . ဒီလောက် ပြစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မထင် ချောမောလှပတဲ့ မိန်းမချောလေးတစ်ယောက်ကို မုန်းတယ်ဆိုရင် ဒီလူဟာ လူမိုက်ပေါ့၊ မောင်ကြီး လူမိုက်တစ်ယောက် မဖြစ်ပါရစေနဲ့ ခင်ဘုန်းရယ်''

ဗိုလ်ပေမှာ သူ့ထံသို့ နီးကပ်စွာတိုးဝင်လာသည့် ခင်ဘုန်းထံ လက်လှမ်းလိုက်သည်။ ခင်ဘုန်း၏လက်ကလေးကို ဆုပ်ကိုင်လိုက်မိသောအခါ နှစ်ဦးစလုံး အသားများတုန်နေကြသည်ကို သတိပြုမိကြပြီး ... ပြုံးယောင်ယောင်ဖြစ်သွားကြသည်။

''ရော် ... ယင်းတိုက်တခွန်ကြီးက အခုလိုကျတော့လည်း စကားတွေတတ်သားပဲ ...နော်''

''စကားတတ်တယ်လို့ မဟုတ်ပါဘူး ခင်ဘုန်းရယ် ... ဟောဒီ ယင်းတိုက်တခွန်ကောင်ကြီးရဲ့ ရင်ဘတ်ကြီးထဲက ထွက်ကျလာတဲ့စကားတွေပါ၊ ဒါ ...ဒါပေမဲ့ ...ခင်ဘုန်းဆီက ဘာကိုမှ ကျုပ် ... မျှော်လင့်မထားပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ရဲ့ဘဝဟာ တိုက်ပွဲတွေကြားမှာ နေ့နေ့ညည ...ရှင်သန်လှုပ်ရှားနေရတာဆိုတော့ ...နေ့ သေမလား ...ည ...ည ...အ ...အ''

ဗိုလ်ပေ၏ပါးစပ်ကို ...ခင်ဘုန်းလက်ဝါးလေးက ဖျတ်ခနဲ ဖိအုပ်လိုက်သည်။ ခင်ဘုန်း၏ မျက်ဝန်းအိမ်မှာတော့ အချစ်ရေကြည်တို့ ရွှန်းစိုလင်းလက်နေသည်သို့ ...။

''နိမိတ်မရှိတဲ့စကားတွေ ဆက်ပြီးပြောမနေပါနဲ့တော့၊ မောင်ကြီးကို ခင်ဘုန်းယုံပါတယ် ...အခြေအနေကြောင့်သာ''





ခင်ဘုန်း ရှေ့ဆက်စကားမဆိုဝံ့တော့။ ဗိုလ်ပေအား ကြည့်နေသည့်မျက်ဝန်းများကိုသာ ကမ္ဘာကသီ ရုပ်သိမ်းလိုက်သည်။

''ကိုင်း ...အချိန်လင့်နေပြီ၊ ပြန်တော့နော် ခင်ဘုန်း''

ဗိုလ်ပေမှာ ခင်ဘုန်း၏လက်ကလေးကို လွှတ်ပေးလိုက်သည်။ ရင်ထဲတွင် တစ်စုံတရာ လစ်ဟာသွားသည်သို့ ...။ သည်တစ်ကြိမ်တော့ ခင်ဘုန်းတစ်ယောက် မည်သည့်စကားမှ မဆိုတော့ပါ။ နှင်းရည်တို့ပျော်ဝင်နေသည့် မြက်ခင်းစိမ်းစိမ်းများပေါ်မှ တရွေ့ရွေ့လျှောက်လှမ်းသွားပါလေသည်။

ယင်းတိုက်တခွန်ခေါ် ...လူကြမ်းကြီး၊ တော်လှန်ရေးသမားကြီး ဗိုလ်ပေမှာမူ တဖြည်းဖြည်းဝေးကွာသွားပြီဖြစ်သော ခင်ဘုန်း၏ကျောပြင်လေးကိုသာ ငေးမောကြည့်ကာ သက်ပြင်းကြီးတစ်ချက်ချရင်း ကျန်ရစ်ခဲ့ပါတော့သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## ခါးပိုက်ထဲက မြွေဆွေးတစ်ကောင် ...သို့မဟုတ်

ကွဲလက်စ နှင်းခဲ၊ နှင်းထွေးများ သွဲ့ပျော်စပြုနေပြီ ... သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်ဖျားမှ တစက်စက် တပေါက်ပေါက် ညင်းသွဲ့သွဲ့ယိုးလေးနိုပြီး မြေပြင်ထက်သို့ တဖြုတ်ဖြုတ် ခုန်ဆင်းနေကြသော နှင်းရည်ဥကလေးများ ဆော့သံ၊ နေ့သံ ... မလှမ်းမကမ်းရှိ သစ်ပင်သစ်ကိုင်းများပေါ်မှ နေပူစာလုံ့ရင်း တဖျတ်ဖျတ်တောင်ပံခတ်ကာ လွန့်မြူးနေကြရင်း တီတီတာတာ အော်မြည်နေကြသော ကျေးငှက်ငယ်လေးများ၏ သော့သံ၊ ကျေး သံလေးများက နှင်းခဲများအရည်ပျော်စပြုနေသည့် နေခြည်တန်း များအောက်တွင် ပွဲတင်ညံလျက်ရှိပါသည်။





ရေးရေးမျှမထင်သော တောင်ဆင်းလမ်းကြောတစ်ခု အောင် မြင်းစီးလာကြသည့် မြက်ခမောက်ဆောင်းမြင်းစီးသမားသုံး ယောက် ...။

တစ်တောဝင်ခို ... တစ်တောဝင်ကပ် ... မြင်းများကို နားစတမ်း တရစပ်နှင်လာကြသည့် မြင်းစီးသမားသုံးယောက် မှာ ခရီးပန်းလာကြသည်ထင့် ... တောတောင်၏ သာယာခြင်း၊ ဂါသီ၏ကြည်နူးဆွတ်ပျံ့ဖွယ်ရှိခြင်းတို့ကို မခံစားနိုင်၊ အာရုံမထင် နိုင်ကြ ...။

မြင်းပန်း၊ လူပန်း၊ စိတ်မောနှင့် မြင်းကြီးများကို ဇက်ပုံ ပေးထားသည့်တိုင် ... မြင်းများမှာ လေးလေးမှန်မှန်ပင် သွားနေ ကြပါ၏။ ဦးခေါင်းထက်တွင် မျက်နှာဖုံးလုနီးပါးဆောင်းထားသည့် မြက်ခမောက်ဝိုင်းကြီးများကြောင့် မျက်နှာသွင်ပြင်ကို မတွေ့ရ သည့်တိုင် ... ရှေ့ဆုံးမှပုဂ္ဂိုလ်၏နောက်ကျောတွင် လွယ်သိုင်း ထားသည့်ကတ္တီပါအိတ်ရှည်အနီမှ ထိုးထိုးထောင်ထောင်ထွက်ပြူနေ သည့် တုတ်တိုကြောင့် ... ယင်းတိုက်တာရွှေ ဗိုလ်ပေဖြစ်ကြောင်း သိလိုက်ရသည်။

ဟုတ်သည် ... ဆီဘူးကွဲတောင်အရှေ့ဘက်ခြမ်းမှ ... ဗိုလ်ကြဲတို့လူစုနှင့်ပူးပေါင်းကာ ... အုန်းကျော၊ ခင်းသာနယ် ဘက်တွင် သောင်းကျန်းနေကြသည့် ဂေါ်ရာစစ်တပ်ကို သွား ရောက်တိုက်ခိုက်ရာမှ စခန်းသို့ပြန်လာခဲ့ကြသည့် တပ်မှူးဗိုလ်ပေ၊ သက်ရှုံးငတွန်နှင့် အကြပ်ရဲမက်သေင်တို့ပင် ဖြစ်ကြပါ၏။ မြင်း



www.burmeseclassic.com

www.burmeseclassic.com



များကို ယင်းတိုက်တောင်ဘက်ဆီသို့ ခေါင်းတော့ထားပြီး နေခြည်နွေးနွေးအောက်တွင် စိတ်အတွေးတို့ကို လွှင့်ထုတ်ရင်း အငြိမ့်သာ လိုက်လာခဲ့သည်။

ယခု ... ကိုယ့်နိုင်ငံသည် တိုင်းတစ်ပါးနယ်ချဲ့ ကုလားဖြူတို့၏စစ်ဖိနပ်အောက်တွင် ရောက်ရှိနေခဲ့ပါပြီ။ ရန်သူနယ်ချဲ့ ကုလားဖြူတို့က လိုချင်သူဖြစ်ရာ ... လိုချင်၍ယူသူက ပြုလုပ်သမျှမှာ တရားသည်ချည်းပင်။ ရန်သူအယူမခံချင်လျှင် ရန်သူကိုလှမ်းမိုးအောင် ရန်သူထက်သာလွန်ရန် တွန်းလှန်မှုပြုလုပ်နိုင်ရမည်။

အကယ်၍ ရန်သူနယ်ချဲ့မိစ္ဆာကောင်တို့ အနိုင်ရရှိကာ နိုင်ငံတော်ကြီးတစ်ခုလုံးကို သိမ်းပိုက်အုပ်ချုပ်သွားခဲ့ပါမူ ... ရန်သူလက်အောက်မှ လွတ်ကင်းအောင်၊ လွတ်လပ်အောင် ပြုလုပ်ရပေမည်။ လွတ်လပ်ရေးကိုပြန်၍ရအောင် ဖြစ်သည့်နည်းဖြင့်ရယူရမည်။ တိုက်ယူသင့်လျှင် တိုက်ယူရမည်။ ခြောက်ယူသင့်လျှင်လည်း ခြောက်လှန့်ယူရမည်။ မည်သည့်နည်းနှင့်ရရ ... ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် မရရသည့်နည်းဖြင့်ယူငင်ရမှာ တစ်မျိုးသားလုံး၏ တာဝန်ပင်ဖြစ်သည်မဟုတ်ပါလား ...။

ခက်နေသည်က ... အသားထဲက လောက်ထွက်နေကြသည့် နယ်ချဲ့အလိုတော်ရိများ၊ သစ္စာဖောက်များ၊ ကိုယ်ကျိုးရှာအတ္တသမားများရှိနေကြခြင်းကြောင့် ... ခရီးတွင်သင့်သလောက် မတွင်တော့ဘဲ လေ့လော့ရင်းတက်ကျိူး၊ ဖော်စီးရင်း ရေတော်ခဲ့





ကြရပြန်ပါ၏။ တပ်မှူးဗိုလ်ပေ၏အာရုံတွင် ... ရဲရမန်းသူကြီးဦးကြောင်ဖားကို စက်ဆုပ်စွာမြင်ယောင်လာသကဲ့သို့ တစ်ဆက်တည်းမှာပင် သူ၏သမီးဖြစ်သူ ခင်ဘုန်း၏ သနားစဖွယ်မျက်နှာလေးကိုလည်း တရစ်ဝဲဝဲမြင်နေမိပါပြန်သည်။

ကံကြမ္မာသည် ဆန်းကြယ်လွန်းလှပေစွ ...။ နယ်ချဲ့အလိုတော်ရိများကိုမှ လွန်စွာမုန်းတီးရွံရှာသော ယင်းတိုက်တစ္ဆေ၏ နှလုံးသားတွင် သစ္စာဖောက် အလိုတော်ရိတစ်ယောက်၏ သမီးဖြစ်သူကိုမှ မြတ်နိုးတွယ်တာမိသောအဖြစ်က မယုံကြည်နိုင်စရာ ကံကြမ္မာလှည့်ကွက်တစ်ခုပေလား ...ဟု။

''တပ်မှူး ...စခန်းကိုရောက်တော့မယ်''

ကွန်၏သတိပေးစကားသံကြောင့် လွင့်မျောနေသည့်ဗိုလ်ပေ၏စိတ်အစဉ်က ပစ္စုပ္ပန်ရင်ခွင်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ဟုတ်သည် ...ရှေ့ခံတပ်စည်းဖြစ်သော တောင်ကြားလျှိုကိုပင် ကျော်လွန်လာခဲ့ပါပြီ။ ရှေ့ဆီတွင် ...သူတို့၏ လျှို့ဝှက် ယင်းတိုက်တော်လှန်ရေးသစ်လုံးတပ်စည်းရိုးကြီးကို တွေ့မြင်နေရပြီမဟုတ်ပါလား ...။

တပ်စခန်းအတွင်းသို့ ဝင်လျှင်ဝင်ချင်း ...ကင်းမှူးအကြပ်ရဲမက်ကြီးက တပ်မှူးဗိုလ်ပေအား သတင်းထူးတစ်ခုဆီးကြို၍ ပြောလိုက်ပါ၏။

''တပ်မှူးကြီးကို ပြန်ရောက်ရောက်ချင်း သူ့ဆီကိုလာခဲ့ဖို့ ဗိုလ်မှူးကျော်ခေါင်က မိန့်မှာထားပါတယ် ...တပ်မှူး''



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်တပ်မှူးဗိုလ်ငပေသည် သူ၏အရှင်သခင် စစ်ကဲကြီး လက်ယာတပ်မှူးကြီးနေမျိုးကျော်စွာ၏ ညီတော် ... ဗိုလ်မှူးကျော်ခေါင်၏အမိန့်ကိုလည်း အရှင်သခင်၏အမိန့်နည်းတူ နာခံရသူဖြစ်ပါ၏။ ထို့ကြောင့် ... သူ၏မြင်းကြီးကို တွန်းနှင့်လွှဲပေးလိုက်ပြီး ဗိုလ်မှူးကျော်ခေါင်၏ သစ်လုံးစံအိမ်သို့ ခရီးရောက်မဆိုက်ပင် သွားရောက်၍တွေ့ဆုံခဲ့ပါလေ၏။

သစ်လုံးစံအိမ်ထဲတွင် မြေပုံကြီးတစ်ချပ်နှင့် အလုပ်များနေဟန်တူသည့် ဗိုလ်မှူးကျော်ခေါင်နှင့် အကြွင်းစစ်ကဲငါးယောက်ခန့်ကို တွေ့မြင်လိုက်ရသည်။ ထို့နောက် တပ်မှူးဗိုလ်ပေမှာ ဗိုလ်မှူးကျော်ခေါင်ထံမှ အမိန့်ကိုနာခံရန်အတွက် ဒူးတုပ်ကာထိုင်ချလိုက်သည်။

"ဩော် ... သွေးသောက်ကြီးငပေတောင် ပြန်ရောက်လာပြီကိုး၊ ဆီဘူးကွဲတောင်က အထောက်တော်ဆီက ... ဂေါ်ရာစစ်တပ်ကိုအောင်နိုင်ခဲ့တဲ့သတင်းကို စောစောလေးကပဲ ကြားသိရလို့ ဂုဏ်ယူပါတယ် ... အင်း ... ခရီးရောက်မဆိုက်ပဲ သွေးသောက်ကြီးကိုတာဝန်ပေးရမှာဖြစ်လို့ စိတ်တောင်မကောင်းဘူး"

ဗိုလ်မှူးကျော်ခေါင်မှာ စကားပြောရာတွင်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက် စကားအချေအတင်ပြောဆိုရာတွင်လည်းကောင်း ကျွမ်းကျင်ပါးနပ်သူတစ်ယောက်ဖြစ်သည်။ သူ၏ နောင်တော်လက်ယာစစ်ကဲမှူးကြီးနှင့်မတူ။ စစ်ကဲမှူးကြီးကမူ ...





စကားပြောပြတ်သားသည် ... အပိုအလိုမပြောတတ် ...။

"ရပါတယ်ဗိုလ်မှူး ... စစ်ရေးကာလအတွင်းမှာ အချိန်ဟာ အသက်နဲ့အမျှအရေးကြီးတယ်ဆိုတာ နားလည်ခံယူထားပြီးသားပါ ... အမိန့်ကိုသာ နာခံရန်အသင့်ပါ ဗိုလ်မှူး"

ဗိုလ်မှူးကျော်ခေါင်မျက်နှာမှာ ချက်ချင်းပင် သောကအရိပ်အယောင်တို့ဖုံးလွှမ်းသွားပါ၏။ ပြီးမှ ... သက်ပြင်းတစ်ချက်ကို မသက်မသာနှင့်ချလိုက်ရင်း ...

"ဒီစကားက ... နောင်တော်ကြီးသာ နေထိုင်ကောင်းခဲ့ရင် သူကိုယ်တိုင်ပြောရမယ့် မိန့်မှာစကားပဲဖြစ်ရမှာ ... အခုတော့ နောင်တော်ကြီးရဲ့ကိုယ်စား ကျုပ်ကပဲ သွေးသောက်ကြီးကို တာဝန်ပေးရတော့မှာပဲပေါ့"

အမိန့်တာဝန်ဟူသော စကားတစ်ခွန်းက .. သွေးသောက်ကြီးငပေ၏ အသွေးအသားတို့ကို ဆူပွက်လှုံလာကြသည်ထင့်။ ခန္ဓာကိုယ်ကို ဒူးထောက်လျက်အနေအထားမှ ခပ်မတ်မတ်ပြင်ကာ အမိန့်သံကိုနားစွင့်နေပါ၏။

"သွေးသောက်ကြီး ... အခုချက်ချင်း မြင်စိုင်းဘက်ကို ခရီးရှည်ထွက်ရမယ်၊ အဲဒီမှာ အရေးပိုင်မင်း ဆာဗားနာဒ် ရောက်နေတယ်လို့ လျှို့ဝှက်သတင်းရတယ်၊ အဲဒါ သွေးသောက်ကြီးနဲ့ လက်ရွေးစင်ဆယ်ယောက် မြင်စိုင်းဘက်ကို လျှို့ဝှက်သွားပြီး ဆာဗားနာဒ်ကို သုတ်သင်ပစ်ရမယ်"

ထူးဆန်းသောအမိန့်ကြောင့် သွေးသောက်ကြီးငပေ ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားပါ၏။ သူ၏သခင်သည် ဝေးလံသောအရပ်သို့ တစ်ကြိမ်တစ်ခါမျှ သူ့အားတာဝန်ပေးခဲ့ဖူးခြင်းမရှိ။ ယခုကဲ့သို့ ... အရှင်သခင် ငှက်ဖျားဝေဒနာခံစားနေရချိန်တွင် ပို၍ပင် နယ်ဝေးသို့မလွှတ်ခဲ့။ အရှင်သခင်၏ ညာလက်ရုံး ကိုယ်ရံတော်တပ်မှူးတစ်ဦးပီပီ သခင်၏အပါးတွင်သာ တစ်ရံမလပ်ရှိနေသင့်သည် မဟုတ်ပါလော။

''ဒီကိစ္စသာအောင်မြင်သွားခဲ့ရင် စစ်ဗျူဟာတစ်မျိုးပြောင်းလဲသွားနိုင်တယ်တဲ့ ... အဲဒါ နောင်တော်ကြီးက သွေးသောက်ကြီးကိုပဲ ယုံကြည်စိတ်ချလို့ သီးသန့်တာဝန်ပေးတာတဲ့၊ အခုလည်း ... သမားတော်ကြီး ဆေးတိုက်ထားလို့ အိပ်မောကျနေတယ်၊ ဒီတစ်ကြိမ် ဝေဒနာကပြင်းလွန်းတော့ ဘယ်သူနဲ့မှ စကားပြောခွင့်မပေးသေးဘူးလေ ... အင်း ... ကြည့်ရတာ သမားတော်ကြီးက ကောင်းကောင်းအနားယူနိုင်းထားပုံရတယ်''

သွေးသောက်ကြီးငပေမှာ ခန္ဓာကိုယ်ကြီးက ဒူးထောက်လျက် အထက်အမိန့်ကို နာခံနေသည့်တိုင် ... စိတ်အတွေးတို့ကမူ ပြေးလွှားလှုပ်ရှားနေပါ၏။

''အင်း ... သခင့်ရဲ့ငှက်ဖျားရောဂါကလည်း ဒီတစ်ခါ တော်တော်သည်းပုံရတယ်၊ သခင်ရဲ့အမိန့်ဆိုတော့လည်း ဘာပဲဖြစ်ဖြစ် လိုက်နာရမှာပဲလေ ... ငါ့စိတ်ကိုက သက်သက်ထင်မြင်နေတာဖြစ်မှာပါ''

စစ်သူရဲကောင်းဆိုသည်မှာ ပေးအပ်သောအထက်အမိန့်





ကို မြေဝယ်မကျလိုက်နာခြင်းပင် မဟုတ်ပါလား ...။

''ကိုင်း ... အခုချက်ချင်းမဲ ခရီးထွက်ဖို့ ပြင်ဆင်ပေသော့၊ ရော့ ... ဒါက လျှို့ဝှက်စစ်ဆင်ရေးမှာ လိုအပ်ရင်အသုံးပြုဖို့''

ဗိုလ်မှူးကျော်ခေါင်က သူ့အနီးရှိသေတ္တာထဲမှ ... ငွေဒါးထုပ်တစ်ထုပ်ကို ကမ်းပေးလိုက်သည်။ သွေးသောက်ကြီးငပေမှာ လက်နှစ်ဖက်နှင့်ခံယူလိုက်ပြီး ဗိုလ်မှူးကျော်ခေါင်ကို အရိုအသေပြုကာ သစ်လုံးစံအိမ်ထဲမှ ထွက်လာခဲ့ပါတော့သည်။

ညဉ့်ဦးယံ လကလေးသည် လုံးလုံးလျားလျား ပျောက်ကွယ်သွားခဲ့ပါပြီ ...။

လပျောက်သွားသည့် ကြယ်မစုံညသည် အမှောင်နက်ကြီးထဲသို့ ဖွတ်အတင်းတိုးဝင်နေသည်သို့ ...။ မန်ကျည်းပင်များကြားသို့ လေတိုးသံကို သဲ့သဲ့စွင့်စွင့်ကြားနေရသည်။ နောင်၊ တမာ၊ ကုက္ကိုဝါပင်ကြီးများကလည်း ထို့အတူပင် မှောင်နေသည့်ညဉ့်ယံကို ပို၍နက်မှောင်အောင် ဖန်ဆင်းနေကြပါ၏။

ထနောင်းပင်ကြားမှ ဇီးကွက်တစ်ကောင် ထပျံသွား



www.burmeseclassic.com

www.burmeseclassic.com



သည်ကို အိပ်မပျော်နိုင်ရှာသေးသည့် ခင်ဘုန်း ... ကြားလိုက် သဖြင့် ထိတ်ခနဲပင် ရင်ခုန်သွားပါသည်။ ဟုတ်သည် ... သူမ၏အဖြစ်က မိန်းမသားတန်မဲ့ မမျှော်လင့်သင့်သည်ကို မျှော် လင့်နေလေသည်သို့ ...။

"သြော် ... ယင်းတိုက်တစ္ဆေကြီးရယ် ... မိန်းမသား တန်မဲ့ မြောင်းသွယ်ပေးနေတာတောင်မှ ရေစီးဖို့ရှိနေသလို လားရှင်ရယ် ... တကတဲ ... တုတ်တုတ်မှမလှုပ်တဲ့ သစ်ငုတ် ကြီးကျနေတာပဲ"

ယင်းတိုက်တစ္ဆေဟု သတင်းကြီးနေသည့် တော်လှန်ရေး သမားကြီးဗိုလ်ပေမှာ ... ခင်ဘုန်းအတွက်မူ ထိတ်လန့်ကြောက် ရွံ့စရာမဟုတ်ပါလား။ ညမှောင်မှောင်၊ မိုးမှောင်မှောင်အော နှစ်ယောက်တည်းသာရှိသည့်အချိန်ကာလတစ်ခုတွင် ... လုံး အခွင့်အရေးမယူ၊ နိုင့်ထက်ကလူမပြုဘဲ ယောကျ်ားကောင်းတစ် ယောက်၏ မြင့်မြတ်သောသစ္စာတရားကို လှစ်ဟပြသွားသည့် တပ်မှူးဗိုလ်ပေအား ... အပျိုစင်ရိုင်းလေးပီပီ ရင်ခုန်လိုက်မိ နေပါ၏။

"အင်း ... တကယ့်ကို ယောကျ်ားပီသသလော သစ္စာတရားနဲ့ သိက္ခာတရားကို အင်မတန်စောင့်ထိန်းနိုင် သူတစ်ယောက်ပဲ၊ အဲဒီညက သူ အခွင့်အရေးယူရင်တောင် ခင်ဘုန်း ... ဘာမှတတ်နိုင်မှာမဟုတ်ဘူး ... ဟင်း ... ခင်ဘုန်း ရဲ့စိတ်ကို စိုးမိုးလှချည်လား မောင်ကြီးရယ်"

---

ခု နစ် စဉ် ကြယ် တ ပေ



ခုတင်ဘောင်စောင်းထက်တွင် ဘယ်လူးညာလိမ့်နှင့် အိပ်မပျော်လေတိုင်း ... သစ်ငုတ်လူသား ဗိုလ်ပေအား တမ်း မက်မိန်းမူးရင်း အတွေးလွန်နေရှာသည့် ခင်ဘုန်းမှာ ပွင့်ဟနေ သောပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ဝင်လာသည့် ... ယင်းတိုက်တစ္ဆေဗိုလ်ပေကို သတိမထားမိပါလေ။

"ဘာတွေများ အတွေးနယ်ချဲ့နေတာလဲ ... ခင်ဘုန်း အမိလေးရဲ့"

"အာ ... အမလေး ... လန့် ... လန့်လိုက်တာ၊ အို ... မောင် ... မောင်ကြီး ဘာဖြစ်လို့ အန္တရာယ်တောထဲကို တစ်ခေါက်ထပ်ပြီးလာခဲ့ရတာလဲ ... ဟင်"

"ခင်ဘုန်းကို နှုတ်ဆက်ချင်သေးလို့ လှည့်ပြီးဝင်လာခဲ့ တာပါ"

"အို"

ခင်ဘုန်းမှာ ထိတ်လန့်ကြောက်ရွံ့နေသလောက် ... ယင်းတိုက်တစ္ဆေဗိုလ်ပေမှာမူ အသိအိမ်သို့ အေးအေးဆေးဆေး အလည်ရောက်လာသူတစ်ဦးနှယ် ... ဗီရိုတံခါးတွင် ကျောမှီကာ လက်နှစ်ဖက်ကိုပိုက်လျက် ခင်ဘုန်းကိုသာ စေ့စေ့စူးစူးကြည့်ငေး နေပါ၏။

"အို ... အရဲစွန့်လှချည်လား မောင်ကြီးရယ် ... အဘ တို့သာတွေ့သွားရင်တော့ ဒုက္ခတော့ဖြစ်ကုန်ရောမယ်"

"ဟုတ်တယ် ... ဒါပေမဲ့ လောလောဆယ် ကျွန်

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခက အရင်ဖြစ်နေလို့ ခင်ဘုန်းဆီကို မရောက်ရောက်အောင် လာခဲ့ရတာ၊ ကျုပ် မနေ့ညက ဇရပ်ပျက်ကြီးမှာ နှစ်ကိုယ်ချင်း တွေ့နေရကတည်းက ခင်ဘုန်းအပေါ်မှာ ချစ်နေမိတာပါ''

''အိုး''

သစ်ငုတ်တိုကြီးက လဲမယ့်လဲတော့ ဝုန်းခနဲပြိုလဲကျလာသဖြင့် ခင်ဘုန်း ... မျက်နှာတစ်ခုလုံး ရှက်သွေးဘို့ဖြင့် ရဲသွားပါလေ၏။

''မ ... အိုပါနဲ့ ခင်ဘုန်းရယ် ... ကျုပ် ဒီညမှာပဲ ခရီးထွက်ရတော့မှာမို့ ခရီးမသွားခင်လေးမှာ ခင်ဘုန်းဆီက ချစ်တယ်ဆိုတဲ့ အဖြေစကားလေးကို သိသွားပါရစေ''

''အိုး ... ဘယ်လိုကြီးလဲရှင်ရယ် ... တကတဲ ... ဖွတ်ကြီး, အတင်းကြီးပါလား မောင်ကြီးရယ်''

ခင်ဘုန်းခမျာ ... အတင့်ရဲစွာဖြင့် ဖွတ်အတင်းပြောဆိုရင်း အနီးသို့တိုးဝင်လာသည့် ဗိုလ်ပေကိုကြည့်ကာ တဒိတ်ဒိတ်ရင်ခုန်လျက်ရှိပါ၏။ အဘသိသွားခဲ့လျှင်လည်း ကိုယ်ကျိုးနည်းတော့မည်။ ခရီးသွားလုဆဲဆဲဟုဆိုသော ... ယင်းတိုက်တစ္ဆေကြီးကိုလည်း အခန်းထဲမှ ဘေးမသီရန်မခ လွတ်မြောက်သွားစေချင်သည်။ သူ ... သူ ... ဘာလုပ်ရမည်နည်း။

တဒိန်းဒိန်းလှုပ်ခါနေသော ရင်အစုံနှင့် စဉ်းစားနေဆဲမှာပင် ... ဗိုလ်ပေက ခင်ဘုန်း၏လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ ချက်ချင်းပင် ... ခင်ဘုန်းတစ်ယောက် ခြေဖျား





သက်ဖျားများ အေးစက်လာပြီး တဒုတ်ဒုတ်နှင့် တိုးဝင်လာသည့် သွေးခုန်နှုန်းတို့က နားထင်နားသယ်စပ်ဆီသို့တိုင် တဒိန်းဒိန်းနှင့်။

''ကျုပ်ကိုယုံပါ ခင်ဘုန်း ... မင်းကို ကျုပ် သံသရာ အဆက်ဆက်, ဘဝအဆက်ဆက်ထိ ချစ်သွားမှာပါ''

''မောင်ကြီးရယ် ... ဖြေဖို့လိုသေးလို့လားရှင်ရယ်''

ခင်ဘုန်း၏ တိုးတိုးညင်ညင်ထွက်ကျလာသော အဖြေစကားကြောင့် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားသည့် ဗိုလ်ပေ၏ ထက်မှာ ခင်ဘုန်း၏ခါးကျဉ်ကျဉ်လေးအား သိမ်းကျုံးဆွဲယူကာ ပ်တင်းတင်းပွေ့ဖက်လိုက်သည်။

''အိုး''

ထို့နောက် ရင်ခွင်ထဲတွင် ... တုန်တုန်ယင်ယင်ဖြစ်နေ ရှာသည့် ချစ်ရသူခင်ဘုန်း၏ ... သနပ်ခါးနံ့လေးသင်းနေသည့် ပါးပြင်ထက်သို့ အနမ်းမိုးရွာချလိုက်သည်။

ညဦးကမ္ဘာသည် တိတ်ဆိတ်ငြိမ်သက်လျက် ...။ မြေပြင်ထက်မှ သစ်ရွက်ကြွေတချို့ လေရှုပ်၍ဖြတ်တိုက်သံ၊ ထ ခေါင်းပင်ခွကြားမှ ညဉ့်ငှက်တစ်ကောင် လန့်၍ပျံသန်းထွက်ခွာ သွားသံတို့က ညဦးအမှောင်လေပြည်ထဲတွင် စီးမျောသွားကြသည် ပြီ ...။

နှစ်ဦးသား အတန်ကြာမိန်းမူးနေကြရာမှ ... ဗိုလ်ပေက ရင်ခွင်ထဲမှခင်ဘုန်းကို အသာအယာဖယ်ခွာလိုက်ပါ၏။

''ကိုင်း ... မောင်ကြီး ခရီးထွက်ရတော့မယ်၊ ခင်ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ချင်လွန်းလို့သာ တမင်သက်သက် ဝင်လာခဲ့တာ''

''မောင်ကြီးရဲ့ခရီးကြမ်းက ဘယ်တော့များမှ အဆ

သတ်နိုင်ပါ့မလဲနော်''

ခင်ဘုန်း၏ မေးခွန်းပုစ္ဆာအတွက် . . . တော်လှန်ရေးတ

မှူး ဗိုလ်ပေခေါ် ယင်းတိုက်တစ္ဆေထံတွင် အဖြေမရှိပါချေ။ ဟု

သည် . . .။ မပြီးဆုံးနိုင်မသေးသော တော်လှန်ရေးခရီးကြမ်းကြ

တစ်လျှောက် မြောက်မြားစွာသော မျိုးချစ်သူရဲကောင်းများ

အသက်သွေးတို့ကို ပေးဆပ်ပြီးခဲ့ပါပြီ။ ယခုလည်း ပေးဆပ်

လွှတ်ကြဆဲ။ နောင်တွင်လည်း ဆက်လက်၍ စွန့်လွှတ်ပေးဆ

ကြရဦးမည်သာတည်း။

''သွားပြီ ခင်ဘုန်းရေ''

တော်လှန်ရေးသမားကြီး ယင်းတိုက်တစ္ဆေ ဗိုလ်ပေက

ဝရန်တာမှ လွှားခနဲခုန်ချကာ . . . ညအမှောင်ထဲဝယ် တစ္ဆေတ

ကောင်နှယ် လျင်မြန်စွာပျောက်ကွယ်သွားပါချေတော့သည်။

တစ်ဆက်တည်းမှာပင် . . . အစာရှာထွက်ကြသော

ဘုတ်၊ ဖီးကွက်နှင့် ညဥ့်ငှက်သတ္တဝါတို့၏ တစုတ်စုတ်တကျ

ကျည်ဖြင့် ရူးရူးရရအော်မြည်သံများကသာ အမှောင်ညဥ့်က

တွင် ကျန်ရစ်ခဲ့ပါချေတော့သတည်း။

* * *



BURMESE CLASSIC .com



## ခွေးလေးတစ်ကောင်၏ အကြံအစည်

အချိန်ကား . . . နံနက်အရုဏ်လင်းကြက်တို့ တွန်ကျူး

တစ်ကြွေးပြီးစ . . .။ အရှေ့ဘက်တောင်တန်းကြီးများထက်မှ

လွတ်တလွတ်နှင့် ထွက်ပြူလာစ နေလုံးနီနီကြီးသည် နေခြည်

လင်းတန်းအချို့ကို မပံ့မရဲယှက်ဖြာလျက် . . . လောကအတွင်း

သို့ တိုးဝင်ရောက်ရှိလာပါ၏။

ညဥ့်နက်ပိုင်းလောက်ကမှ ခေတ္တယာယီကွန်းခိုအိပ်စက်ခဲ့

သော ဇရပ်ဆောင်တစ်ခုကို ကျောခိုင်း၍ထွက်ခွာလာခဲ့ကြသော

မြင်းစီးသမားတစ်စုသည် တောင်စောင်းဆင်ခြေလျှောလမ်းစိုစို

လေးအတိုင်း . . . မြင်းများကို စီးနင်းလာခဲ့ကြသည်။ သူတို့ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သန်းခဲ့ရာ တောင်စောင်း၊ တောင်ကြောတစ်လျှောက် နှင်းခဲ နှင်းတွေးကြီးများက ပိတ်ဆိုင်းကာဆီးထားကြသည်။

ယခု နံနက်ခင်းနေခြည်ဖြာဆင်းကျလာမှပင် . . . နှင်းခဲ နှင်းတွေးကြီးများက တောင်ခါးပန်းတစ်လျှောက် ပြိုကွဲအိဆင် ကျကုန်ပါလေ၏။ နေခြည်အလင်းတန်းကြောင့် ပြိုကွဲလုလု . . . နှင်းလုံး နှင်းပေါက်များမှာ မြင်းစီးသမားတစ်စု၏ မျက်နှာထက်သို့ မိုးသီးမိုးပေါက်များပမာ သွန်းဖြာကျလျက် . . .။ လေပြင်းတ ချက်ဝှေ့ယမ်းလိုက်တိုင်း တစ်ဖက်ချောက်ကမ်းပါးထဲသို့ နှင်းခဲ နှင်းဖတ်များ တဖွားဖွားလွင့်စဉ်ပြိုကျသွားကြပါ၏။

မြင်းနှင့်လူ . . . လူနှင့်မြင်းတို့ အသက်ရှူထုတ်လိုက်တိုင် ၎င်းတို့၏မျက်နှာတစ်ဝိုက်တွင် နှင်းနို့၊ နှင်းမြူတို့ ရိုက်ခတ်နေကြ သည်။ မြက်ခမောက်ဝိုင်းကြီးများသာ . . . ဦးခေါင်းတွင် ဆောင မထားပါက မျက်နှာတစ်ခုလုံး နှင်းဖတ်တို့ ဖုံးလွှမ်းသွားကြမည်မှ သေချာပါ၏။

မကြာလှပါ . . . နေလုံးကြီးက တဖြည်းဖြည်းမြင့်တက် လာသည့်အောက်တွင် တစ်စတစ်စနှင့် နှင်းဖတ်၊ နှင်းခဲများက အသွင်ပြောင်းကာ သစ်ရွက်၊ သစ်ခက်၊ မြက်ခင်းမြေကမှလာ ထက်သို့ ပြိုကွဲလျှောသက်သွားကြပါတော့သည်။ ထိုနေခြည် အလင်းအောက်တွင် ရှေ့ဆုံးမှ စီးနှင်းလာသည့် . . . သွေးသောက် တပ်မှူးကြီးဗိုလ်ပေ၏ တည်ငြိမ်ရင့်ကျက်သော မျက်နှာကို နှင်းမြ များအကွဲတွင် ဘွားခနဲ မြင်တွေ့လိုက်ရပါတော့သည်။





ဟုတ်သည် . . .။ ယင်းတိုက်တောင်တော်လှန်ရေးစခန်း မှ မြင်စိုင်းဘက်ဆီသို့ ခရီးနှင်လာကြသည့် . . . သွေးသောက်တပ် မှူးကြီးဗိုလ်ပေနှင့် သူ၏လက်ရွေးစင် စစ်သည်တစ်စု။

ရဲရမန်းမှ ခင်ဘုန်းနှင့်တွေ့ဆုံခဲ့ပြီးနောက် တောင်ခြေ ဇရပ်တစ်ဆောင်တွင် တစ်ညတာ နားခိုအိပ်စက်ပြီး နံနက်စော စော ခရီးထွက်လာခဲ့ကြခြင်းဖြစ်သည်။ သည်ခရီးစဉ်ကို . . . စကတည်းက ဘဝင်မကျလှ သူ၏အရှင်သခင်၏ နှုတ်ထွက် စကား အမိန့်သံမဟုတ် . . တစ်ဆင့်ခံမိန့်မှာတမ်းဖြစ်ခြင်းကြောင့် သွေးသောက်ကြီးငပေ . . . စိတ်ထင့်နေခြင်းဖြစ်ပါ၏။ သို့သော် တိတိကျကျဘာဆိုသည်ကိုမူ မသိ . . . သံသယစိတ်များဖြင့် သူ၏စိတ်တို့သည် လေးလံတွေဝေနေမိသည်။ ထိုအခိုက်

BURMESE CLASSIC .com

'ဝေါ . . ဂရား'

သတ္တဝါတစ်ကောင်၏ ထူးခြားစွာဟစ်အော်လိုက်သော အသံကြောင့် . . . မြင်းဖက်ကို တုံ့ကာ အသံထွက်ပေါ်လာရာ တောင်စောင်းထက်သို့ ဗိုလ်ပေ . . . လှမ်းကြည့်လိုက်သည်။

''ဟာ''

တောင်စောင်းထိပ်တွင် နက်မှောင်နေသည့် သတ္တဝါတစ် ကောင်ကို တွေ့မြင်လိုက်ရ၏။ ထိုသတ္တဝါကောင်သည် . . . ဗိုလ် ပေကြည့်နေစဉ်မှာပင် ကျောက်တုံးကျောက်ဆောင်များကို ကျော် သွားကာ သူတို့ရှိရာသို့ လွှားခနဲ လွှားခနဲ . . . ခုန်ဆင်းလာပါ၏။

ထိုစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးကြီးဗိုလ်ပေ၏ရှေ့ရှိ သစ်ပင်ရင်းတွင် ရသေ့အိုကြီးတစ်ပါးကို တောင်ဝှေးတစ်ချောင်းထောက်လျက် တွေ့မြင်လိုက်ရသည်မို့ ဗိုလ်ပေ . . . မြင်းထက်မှ လွှားခနဲခုန်ဆင်းလိုက်သည်။ ထိုအချိန်တွင် စောစောပိုင်းက . . . မည်းနက်နေသည့် သတ္တဝါကောင်ကြီးမှာ ရသေ့အိုကြီးနံဘေးသို့ ရောက်ရှိလာပြီး တပ်မှူးကြီးဗိုလ်ပေအား စူးစူးရဲရဲကြည့်နေပါ၏။

တပ်မှူးဗိုလ်ပေ၏စိတ်တို့သည် ထိုအချိန်လေးတွင် ထူးခြားစွာငြိမ်သက်နေလေသည်သို့ . . .။ ထို့နောက် ရသေ့အိုကြီးရှေ့သို့ တိုးဝင်ကာ လက်အုပ်ချီလိုက်မိသည်။ ထိုစဉ်မှာပင် မျက်လွှာချထားသည့် ရသေ့အိုကြီး၏မျက်လုံးအစုံက ဖျတ်ခနဲပွင့်လာပြီး . . . သူ၏ရှေ့မှ တပ်မှူးကြီးဗိုလ်ပေကို စေ့စေ့စူးစူးကြည့်ကာ . . .

"သတိထား ငပေ . . . မကြာခင် အန္တရာယ်ဆိုးတွေ ကျရောက်လာတော့မယ်၊ အနီရောင်သွေးပင်လယ်တွေ, အနီဒွာရ် အမြင့်လှိုင်းတွေ အမြင့်ဆုံးနဲ့ အဆိုးဝါးဆုံးအချိန်ကို ရောက်လာကြပြီ ငပေ"

ရသေ့အိုကြီး၏မျက်ဝန်းအစုံမှ ထွက်ကျလာလေသည်လား၊ နှုတ်ဖျားမှထွက်ကျလာလေသည်လား မပြောတတ်ပါ . . . ထူးခြားထက်မြက်သော သံစဉ်လှိုင်းများက သွေးသောက်တပ်မှူးကြီး ငပေ၏ အကြားအာရုံကိုဖြတ်သန်းတိုးဝင်၍ နှလုံးသည်းပွတ်ထိတိုင် တိုးဖောက်ဝင်ရောက်သွားလေသည်သို့ . . .။





သွေးသောက်တပ်မှူးကြီး ငပေ . . . ရုတ်တရက်မို့ အံ့သြမှင်တက်ငေးမောကြည့်နေစဉ်မှာပင် ထူးဆန်းသောရသေ့အိုကြီးနှင့် ကျားသစ်နက်ကဲ့သို့ သတ္တဝါကြီးမှာ တရွေ့ရွေ့နှင့် ဆုတ်ခွာလျက် တောစပ်ထဲသို့တိုးဝင်ပျောက်ကွယ်သွားကြပါတော့သည်။

သွေးသောက်တပ်မှူးကြီးငပေမှာမူ အံ့သြစိတ်တို့ဖြင့် . . . မှင်တက်ငေးမောနေဆဲ . . .။

✲

ထိုအချိန်တွင် . . .

သစ္စာဖောက်ဗိုလ်မှူးကျော်ခေါင်မှာ သူ၏လျှို့ဝှက် အစီအစဉ်ကို စတင်၍ အကောင်အထည်ဖော်ပါလေတော့သည်။ ပထမဦးဆုံး . . . ယင်းတိုက်တာရွှေခေါ် ညာလက်ရုံး သွေးသောက်တပ်မှူးကြီး ဗိုလ်ပေတို့သူရဲကောင်းတစ်စု . . . သူတို့နယ်မြေထဲမှ ထွက်ခွာ၍ မြင်စိုင်းဘက်သို့ချီတက်သွားပြီဟု သိရှိလိုက်ရသည်နှင့် . . .

ငှက်ဖျားဒဏ်နှိပ်စက်၍ အိပ်ရာထက်တွင် ဆေးဝါးကုသမှုခံယူနေရသည့် . . . သူ၏အစ်ကိုတော် လက်ယာစစ်ကဲကြီး နေမျိုးကျော်စွာရှိရာသို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်က . . . တပ်မှူးကြီးနေမျိုးကျော်စွာ ဆေးသောက်ပြီးစအချိန်ဖြစ်ပါ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"စောစောစီးစီး ဘာကိစ္စရှိလို့လဲ ...ညီတော်"

"အရေးကြီးတဲ့ သတင်းတစ်ခုရလို့ လာခဲ့တာပါ ... ဒီသတင်းဟာ နောင်တော့်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေလို့ပါ"

သူ၏ညီတော် ဗိုလ်မှူးကျော်ခေါင်၏ သတင်းစကားကြောင့် စစ်ကဲကြီးမှာ သောက်လက်စဆေးခွက်ကိုပင် ပြီးစီးအောင်မသောက်နိုင်ဘဲ ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"ဘယ်လိုသတင်းလဲ ... ဘာတွေအရေးကြီးသလဲ ... ပြောစမ်း"

"ဒီလိုပါ နောင်တော် ... မကြာခင် ရဲရမန်းမှာ တပ်စွဲထားတဲ့ အင်္ဂလိပ်မျက်နှာဖြူစစ်ဗိုလ် ဒေါ်နယ်စမစ်ဦးစီးတဲ့ ဂေါ်ရာစစ်တပ်ကြီးနဲ့ မြို့သူကြီးဦးကြောင်ဖားတို့ရဲ့ မြို့စောင့် ဂေါ်ရာစစ်သားတွေဟာ ကျွန်တော်တို့ရဲ့ သစ်လုံးတပ်ထဲကို လျှို့ဝှက်လမ်းကြောင်းကနေတစ်ဆင့် ဝင်ရောက်လာကြတော့မှာမို့ ... နောင်တော့်ကို ကြိုတင်ပြီး သတင်းပေးထားတာပါ"

"ဘာကွ ... အဓိပ္ပါယ်မရှိတဲ့ သတင်းစကားတစ်ခုပဲ ... ဒီလျှို့ဝှက်လမ်းကြောင်းကို ဒီနယ်ချဲ့မိစ္ဆာကောင်တွေ ဘယ်လိုလုပ်ပြီး သိမှာတဲ့လဲ"

စစ်ကဲမှူးကြီးမှာ သူ၏ညီတော်၏ အဓိပ္ပါယ်မဲ့ သတင်းစကားကြောင့် ဆေးခွက်ကိုဆောင့်ချလိုက်ပြီး ဟစ်အော်လိုက်မိသည်။





"စောစောစီးစီး ဘာမှအဓိပ္ပါယ်မရှိတဲ့သတင်းတွေ လာပြီး ပြောနေတယ်"

"အဓိပ္ပါယ်ရှိပါတယ် နောင်တော် ... သိပ်ကို အဓိပ္ပါယ်ရှိတာပေါ့ ... အဲဒီလျှို့ဝှက်လမ်းကြောင်းကို သူတို့သိအောင် ကျွန်တော်ကပဲ လမ်းပြပေးလိုက်တာလေ ... ဟင်း ဟင်း, ဟင်း ... အခုဆိုရင် သူတို့ဟာ ကျွန်တော်ရဲ့ တကယ့်မိတ်ဆွေရင်းတွေဖြစ်နေကြပြီ နောင်တော်ရဲ့ ... ဟင်း ဟင်း ဟင်း"

ဗိုလ်မှူးကျော်ခေါင်၏ နှုတ်ထွက်စကားများကြောင့် စစ်ကဲမှူးကြီးမျက်နှာတွင် အံ့အားသင့်သောအရိပ်အယောင်များ ယှက်သန်းသွားကြသည်။ နောက်တော့ မျက်နှာကြီးတစ်ခုလုံး ဒေါသကြောင့် နီမြန်းညိုပုပ်မည်းမှောင်လာကာ ... ခုတင်ခေါင်းရင်းမှ သူ၏လက်စွဲတော်ဓားကြီးကို ဆွဲထုတ်ယူလိုက်ပြီး ...

"ဟင် ... မင်း ... မင်း ... သစ် ... သစ္စာဖောက် လောက်ကောင်"

သို့သော် စစ်ကဲမှူးကြီးမှာ ၎င်းဖျားရောဂါအခံကြောင့် စိတ်သွားတိုင်းကိုယ်ပါနိုင်ခဲ့။ မဆိုစလောက် အနည်းငယ် နောက်ကျသွားသည်နှင့် ညီဖြစ်သူသစ္စာဖောက် ဗိုလ်မှူးကျော်ခေါင်၏ဓားမြှောင်က စစ်ကဲမှူးကြီး၏ရင်ဝတွင် စူးနစ်စိုက်ဝင်သွားပါတော့သည်။

'ဂုစ် .. ဒုတ်'

"အင့်"



www.burmeseclassic.com

www.burmeseclassic.com



''ဟင်း ဟင်း . . . သစ္စာ . . . သစ္စာဆိုတာတာ ဘာက
ခေါ်တာလဲ၊ ကျွန်တော်သိတဲ့သစ္စာကတော့ ကိုယ့်ကိုယ်ကိုယ
သစ္စာရှိရှိချစ်တတ်ဖို့ပဲ နောင်တော်ရေ . . . ဟင်း ဟင်း''

ညီဖြစ်သူ . . . သစ္စာဖောက်လောက်ကောင် ဗိုလ်မှူ
ကျော်ခေါင်၏ သစ္စာစကားကို . . . နောင်တော်စစ်ကဲမှူးကြ
နေမျိုးစည်သူတစ်ယောက် မကြားနိုင်ပါလေတော့ . . .။ တစ်အ
တုံဆင်း ညီရင်းအစ်ကိုအချင်းချင်းဖြစ်သည့်တိုင် ရာထူးဂုဏ်ရှိ
စည်းစိမ်အာဏာကို မက်မောတွယ်တာလွန်းလှသည့် သစ္စ
ဖောက် ညီဖြစ်သူ၏ အသားထဲကလောက်ထွက်သည့် အရုက်
ဖွယ်လုပ်ရပ်ကြီးကြောင့် ယင်းတိုက်တောင်လျှို့ဝှက်စစ်စခန်းကြ
သည် မီးဟုန်းဟုန်းတောက်လောင်ခဲ့ပါချေပြီတည်း။

ယခုတော့ . . . ယင်းတိုက်တစ္ဆေဟူသော ခံတပ်တံတို
ကြီးမရှိတော့သည့် ယင်းတိုက်တောင်တော်လုန်ရေးလျှို့ဝှ
စခန်းကြီးထဲမှာတော့ စစ်ကဲမှူးကြီး၏ . . . သစ္စာရှိ မျိုးချစ်တေ
လုန်ရေးရဲမက်စစ်သည်များနှင့် လျှို့ဝှက်လမ်းကြောင်းမှ ထ
ရောက်လာကြသည့် အင်္ဂလိပ်မျက်နှာဖြူစစ်ဗိုလ်ဒေါနယ်စမ်စ်နှ
မြို့သူကြီးဦးကြောင်ဖားတို့၏ ဂေါ်ရာစစ်သားများထိပ်တိုက်ရင်ဆို
တိုက်ပွဲကြီးဆင်နွှဲလျက်ရှိပါတော့သည်။

'ဒိုင်း . . ဒိုင်း . . ဂျိမ်း . . ဝုန်း

'ဒုတ် . . ဒုတ် . . ဒုတ် . . ဒုတ် . . ဒုတ်'

''ဟေး . . . သစ္စာဖောက်ဗိုလ်မှူးကျော်ခေါင်ကို သင





ကြ''

''ဟေး . . . ဟိုင်း . . . ဟား''

''ညီအစ်ကိုရင်းချင်းတောင် မညှာတာတဲ့ လူယုတ်မာကို
အသေသတ်ကြဟေ့''

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

'ဝုစ် . . ဒုတ် . . ဝုစ် . . ရွှမ်း'

''အ . . . အား . . . အီး . . . အု''


တိုက်ပွဲ၏အရှိန်အဟုန်သည် ကြောက်မက်ဖွယ် သွေး
ဖျက်ဖွယ်ရာကောင်းသည်အထိ အရှိန်မြင့်မားလာခဲ့ပါပြီ။ သေ
နတ်သံ၊ အမြောက်သံ၊ ဓားသံ၊ ဟစ်အော်ကြွေးဝါးသံ၊ ညည်းညူ
သံများနှင့် မီးညွန့်မီးလျှံများက . . . ဘဝဂ်သို့တိုင် ပဲ့တင်ညံခဲ့ပါ
ချေပြီတည်း။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## သစ္စာတရား၏ အကျိုးတော်သား

ထိုအချိန်တွင် ...

နေလုံးက ထန်းတစ်ဖျားခန့်ရှိပါပြီ။ နံနက်ခင်းနေခြည်တွင် ရွှေရည်လက်နေကြသည့် တောင်တန်းကြီးများ၊ နေရောင်ဟပ်နေသော ရေတံခွန်စိမ့်စိမ်းများက ... အသက်ကင်းမဲ့နေကြသည့် ပန်းချီကားတစ်ချပ်နှယ်ပါတည်း။ တိမ်တွေးများရစ်ပတ်ကာ နှင်းခဲနှင်းမှုန်များ အရည်ပျော်ကျနေပြီဖြစ်သည့် ညိုညို့ဆိုင်းဆိုင်းတောင်တန်းကြီးနှစ်ခုက ... ခပ်မှိုင်းမှိုင်းကြီး မှန်ကုပ်ကုပ်လုပ်နေကြသည်သို့ ...။

ဟုတ်သည် ...။





မြင်တွေ့နေရသော သက်မဲ့ပန်းချီကားတစ်ချပ်နှယ်ပင် စိတ်ရှုပ်ထွေးနေဟန်၊ အလိုမကျဟန်များနှင့် မြင်းကြီးကို ... စိတ်လက်မပါစွာနှင့် ဖက်ပုံချထားကာ မြင်းပေါ်မှလိုက်ပါစီးနင်းလာသည့် ... သွေးသောက်တပ်မှူး ဗိုလ်ပေ၏စိတ်အာရုံတို့က လွင့်ပါးနေကြသည်။ ဗိုလ်မှူးကျော်ခေါင်၏ တိတ်တဆိတ်စေခိုင်းခဲ့သည့်တာဝန်ကြောင့် ခရီးထွက်လာရသော်လည်း သူ၏စိတ်တို့က လေးလံလျက်ရှိသည်။

ထို့အပြင် .. ခရီးလမ်းတွင် သူ၏အိပ်မက်ထဲဝယ် မကြာခဏရောက်ရှိလာလေ့ရှိကြသည့် ရသေ့အိုကြီး၊သစ်ပါးနှင့် ကျားသစ်နက်ကြီးတစ်ကောင်ကို ပြင်ပလောကထဲတွင် ထပ်မံ၍ တွေ့မြင်လိုက်ရသဖြင့် ထိတ်ခနဲပင်ဖြစ်သွားပါ၏။ ရသေ့အိုကြီး ပြောဆိုမိန့်မှာလိုက်သောစကားတို့ကြောင့် လေးလံနေသည့်စိတ်တို့ကို ပို၍ပင်နောက်ကျိသွားစေခဲ့ပါလေ၏။ ထိုစဉ်မှာပင် ... အလေ့အကျင့်ရှိပြီးသားစိတ်အာရုံတွင် အန္တရာယ်၏အရိပ်အငွေ့တို့ကို ခံစားလိုက်ရသည်မို့ ...

ထို့ကြောင့် ... သူ၏နောက်ဘက်မှ ငတွန်နှင့်ရဲမက်တို့ကို လေသံနှင့်သတိပေးလိုက်သည်။

''သတိထား ...ငတွန်''

သွေးသောက်တပ်မှူး ဗိုလ်ပေမှာ မြင်းကြီးကို ဟန်မပျက်နင်ရင်း နားကိုစွင့်နေမိပါ၏။ ဟုတ်သည် ...။ တိုးတိမ်သဲ့ညင်သော အသံတစ်ခု ... သဘာဝမဟုတ်သော သစ်ရွက်တို့ လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ခတ်သွားသည့်အသံ။ တစ်ဆက်တည်းမှာပင် ရှေ့ဆင့်နောက်ဆင့် လေကိုခွင်း၍ပြေးဝင်လာသော အသံ နှစ်ခု။ သို့မဟုတ် . . . မြား နှစ်စင်း . . . ။

'ဝှစ် . . ရှစ် . . '

'ထောင် . . ထန်'

''ရန်သူ''

သွေးသောက်တပ်မှူးဗိုလ်ပေက သူ၏တပ်ဖွဲ့အား သတိပေးအော်ဟစ်လိုက်ရင်း ဖျတ်ခနဲ ဆွဲထုတ်လိုက်သည့် 'ဝါးကျစ်လိမ်တုတ်' ကို ညာလက်တစ်ဖက်တည်းနှင့် မွှေ့ယမ်းလိုက်သည်တွင် သူ့ထံသို့တည့်မတ်စွာပြေးဝင်လာနေသည့် မြားနှစ်စင်းက သူလာရာလမ်းအတိုင်း ပြန်လှည့်သွားကြကာ . . .

'ဝှစ် . . ရှစ် . . '

'ဒုတ် . . ဒုတ်'

''အာ . . . အ . . . ''

'ဖရော . . ဖျော'

'ဘုန်း . . ဘုန်း'

မြားပစ်လိုက်သည့် ရန်သူနှစ်ယောက် သူတို့ပစ်လိုက်သော မြားချက်ကပင် ရင်ဝကိုထိုးဖောက်ကာ သစ်ပင်ထက်မှ ဘုန်း ခနဲ ဘုန်းခနဲ . . . ပြုတ်ကျလာကြသည်။ တစ်ဆက်တည်းမှာပင် အရပ်လေးမျက်နှာမှ မြားပစ်သံ၊ သေနတ်ပစ်သံများနှင့်အတူ . . . သစ္စာဖောက် မြန်မာရဲမက်အချို့နှင့် ဂေါ်ရာစစ်သားများ





ကို တောအုပ်အစပ်တွင်တွေ့မြင်လိုက်ရပါတော့သည်။

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

'ဝှစ် . . ရှစ် . . ဝှစ် . . ဗိုး . . '

''အ . . . အု . . . အင့်''

ရတ်တရက် အလစ်ငိုက်တိုက်ပွဲ၊ ချုံခိုတိုက်ပွဲဖြစ်သဖြင့် သွေးသောက်တပ်မှူးကြီး ဗိုလ်ပေ၏ ရဲမက်သုံးယောက် မြင်းထက်မှ လွင့်စဉ်ပြုတ်ကျသွားကြပါ၏။ ဗိုလ်မှူးကျော်ခေါင်သည် . . . ကြိုတင်ကြံစည်၍ ထောင်ချောက်ဆင်ကာ ညာလက်ရုံးကြီး ယင်းတိုက်တာရွှေတို့၏ ရဲမက်များကို လက်စတုံးလုပ်ကြဖျောက်ဖျက်ခြင်းပင် . . . ။

''တပ်မှူး . . . သတိထား . . . ဒီကောင်တွေ ကြိုတင်ပြီး စောင့်နေကြတဲ့ကောင်တွေဗျ''

''ဟိုင်း . . ဟေး''

'ဝှစ် . . ဝှစ် . . ဒုတ်'

ကြိုတင်ကြံစည်ချက် . . . ။ ဤခရီးစဉ်ကို တိတ်တဆိတ်လျှတ်လိုက်သည်က ဗိုလ်မှူးကျော်ခေါင် . . . ။ ကြိုတင်ကြံစည်မှုနှင့် သတင်းပေါက်ကြားမှုသာ မှန်ခဲ့လျှင် သစ္စာဖောက် တရားခံသည် . . .

သွေးသောက်တပ်မှူး ငပေ၏အံကြိတ်သံကြီးက ဂျိခနဲ မြည်သွားသည်။ ပြီးလျှင် တဒိုင်းဒိုင်းပစ်ခတ်ကာ တက်လာသည့် ဂေါ်ရာစစ်သားများထံသို့ သူ၏တုတ်တိုကိုမွှေ့ယမ်းကာ မြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုဒုန်းစိုင်းလျက် ဝင်ရောက်သွားပါတော့သည်။

တစ်ဆက်တည်းမှာပင် . . . သူ၏နောက်မှ ငတွန်နှင့် လက်ရွေးစင်ရဲမက်တို့ကလည်း တစ်ရှိန်ထိုးပင် မြင်းများနှင့်ဝင်၍ အနီးကပ်တိုက်ခိုက်ကြသည်။

''ဟေး . . . ဟိုင်း . . ယား''

''သေကြစမ်း''

''အ . . . အိ . . . ''

'ဝုစ် . . ဒုတ်'

ယင်းတိုက်တစ္ဆေနှင့် သူ၏လက်ရွေးစင် လက်တစ်ဆုပ်ခန့်က . . . အင်္ဂလိပ်မျက်နှာဖြူဗိုလ်တစ်ယောက်ဦးစီးသည့် ဂေါ်ရာစစ်သားနှစ်ဆယ်ခန့်နှင့် သစ္စာဖောက်ပုဆိန်ရိုးဆယ်ယောက်ခန့်တို့ကို ရှပ်ရှပ်ချုံချုံပြန်လည်၍ အနီးကပ်တိုက်ပွဲဝင်နေသည်မှာ ကြောက်ခမန်းလိလိပင်။

ထိုစဉ် . . . သွေးသောက်ကြီးဗိုလ်ပေ၏စိတ်ထဲတွင် သူ၏သခင် စစ်ကဲမှူးကြီးအတွက် စိုးရိမ်စိတ်ဝင်သွားပါ၏။ ဤကိစ္စသည် ကြိုတင်ကြံစည်ခြင်းသာ မှန်ကန်ခဲ့လျှင် လှိုဏ်ဂူကဲ့စခန်းတွင် ငှက်ဖျားဒဏ်ရာဖြင့် ကျန်ရစ်ခဲ့ရှာသော သူ၏အရှင်သခင် စစ်ကဲမှူးကြီးနေမျိုးကျော်စွာ၏ အသက်အန္တရာယ်သည် လွန်စွာစိုးရိမ်ဖွယ်ရှိနေပါချေပြီ။

''ငတွန် . . . ဒီကောင်တွေကို အမြန်ဆုံး အပြတ်ရှင်းပြီး ရင်စခန်းကိုပြန်ကြမယ်၊ အရှင်သခင်ကို ဒီကောင်တွေ အကောက်





ကြံကြတော့မယ်ထင်တယ်''

ယင်းတိုက်တစ္ဆေကောင်ကြီး ဒေါသူပုန်ထလျက် သွေးများ ဆူဝေပွက်လျှံလာခဲ့ပါပြီ။ ကုလားဖြူခွေးတစ်အုပ်ထဲသို့ ဘိုးဝင်သွားကာ . . . သေနတ်ကိုင်လက်တို့ကို ဝါးကျစ်လိမ်တုတ်တိုပိုင်းနှင့် ရိုက်ချိုးပစ်သည်။ တုတ်ဖျားမွှေ့ယမ်းအခတ်တွင် လုံ့စွပ်ဓားသွားတို့ လိပ်၍ပဲ့စဉ်ကုန်ကြသည်။

'ထန် . . ချွင် . . ချွင် . . ထန် . . ထန်'

ပြီးလျှင် . . . ဝါးကျစ်လိမ် နဂါးပတ်ရိုက်ချက်အငွေ့တွင် ဦးခေါင်းများနှင့်ထိတွေ့လိုက်သည့်အသံများသည် ဝိုခနဲ၊ ဖွိခနဲ၊ ခွပ်ခနဲ အသံမျိုးစုံမြည်ကြွေးလျက် သွေးစိမ်းရှင်ရှင် ပန်းထွက်ကုန်ကြပါချေ၏။ တုတ်လျှင်ဝှေ့သံသည် တဝိုးဝိုး၊ တထောင်းထောင်းနှင့် . . . တစ္ဆေကောင်ဟစ်အော်မြည်ကြွေးနေသည်သို့။

တစ်ဖက်တွင် . . . ငတွန်နှင့်ကျန်စစ်သူရဲကောင်းငါးယောက်တို့က ဘီလူးသရဲငါးဆယ်ခန့်ကဲ့သို့ တရကြမ်း တိုက်စစ်ဆင်ကြသောအခါ သစ္စာဖောက်နှစ်ဦးကို အရှင်ဖမ်းမိ၍ ကျန်ဂေါ်ရာစစ်သားအားလုံး အတုံးအရုံးကျဆုံးသွားကြပါချေပြီကော . . . ။

''ပြောစမ်း . . . မင်းတို့ကို ဘယ်သူက လုပ်ကြံခိုင်းတာလဲ၊ တစ်ကနေ ငါးအထိ နံပါတ်စဉ်ရေလို့ အဖြေမထွက်ရင် ခေါင်းဖြတ်ပစ်လိုက် . . . ငတွန်''

ပြတ်သားသော သွေးသောက်တပ်မှူး၏စကားသံကြောင့် သစ္စာဖောက်နှစ်ယောက်မှာ မြေတွင်ပြားပြားဝပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



တုန်တုန်ယင်ယင်နှင့် ဖြေကြားလိုက်ကြသည်။

''ကျုပ် ... ကျုပ်တို့ကို ... မ ... မ ... မသတ်ပါနဲ့ ဟို ... ဟို ... ဗိုလ်မှူးကျော်ခေါင်ကို ကြောက် ... ကြောက်ရလို့ သူခိုင်းလို့ ... လုပ် ... လုပ်မိတာပါ''

''တောက် ... မိုက်ရိုင်းလိုက်လေ ကျော်ခေါင်ရယ် ... အသားထဲက လောက်ထွက်ရတယ်လို့ ... တွေ့ကြသေးတာပေါ့။ ဒင်းကိုမှမသတ်နိုင်ရင် သံသရာအဆက်ဆက် ငါမသေဘူးဟေ့''

သူ၏အရှင်သခင်ကို သူမရှိသည့်အချိန်တွင် လုပ်ကြံကြပေပြီ။ အရှင်သခင်၏ညီအရင်း ... တစ်မိဝမ်းတွင်းမှ ထွက်ခဲ့ကြသည့်တိုင် သန္ဓေဗီဇက မတူမျှကြ။ တစ်ယောက်က တိုင်းပြည်နှင့်လူမျိုးအတွက် မိမိအသက်ကိုမှမငဲ့ကွက်ဘဲ တိုက်ပွဲဝင်နေချိန်ဝယ် ကျန်တစ်ဦးက သူ၏အာဏာ၊ ရာထူး၊ ကိုယ်ကျိုးစီးပွားအတွက် အရှက်သိက္ခာမဲ့စွာ ကျူးလွန်ခဲ့ကြလေပြီကော။

❋ ❋ ❋



# ၇

## အနှိုင်းမဲ့သစ္စာတရား၏ဥဒါန်း

သွေးသောက်တပ်မှူးကြီး ဗိုလ်ပေနှင့် စစ်သူရဲတို့ ယင်းတိုက်လျှို့ဝှက်စခန်းသို့ ရောက်ရှိသွားချိန်တွင် ... သစ်လုံးတပ်စခန်းတစ်ခုလုံး မီးတောက်မီးလျှံများက ဝါးမျိုလျက် သေနတ်သံ၊ ဓားခုတ်သံ၊ ညည်းညူသံများနှင့် အနီဋ္ဌာရုံသွေးပင်လယ်ကြီးက ချောင်းစီးလျက်ရှိနေပါတော့သည်။ တစ်ဆက်တည်းမှာပင် ... ရသေ့အိုကြီး၏စကားသံများကို ပြန်လည်၍ ပဲ့တင်ကြားလာရပါ၏။

''သတိထား ငပေ ... မကြာခင် အန္တရာယ်ဆိုးတွေ ကျရောက်လာတော့မယ်၊ အနီရောင်သွေးပင်လယ်တွေ, အနိဋ္ဌာရုံ



www.burmeseclassic.com

www.burmeseclassic.com



အမြင့်လှိုင်းတွေ အမြင့်ဆုံးနဲ့ အဆိုးဝါးဆုံးအချိန်ကို ရောက်လာကြပြီ ပေ''

''တောက်''

သွေးသောက်တပ်မှူးကြီးပေ၏ နာကြည်းတက်ခေါက်သံအောက်တွင် စကားသံတို့လွင့်ပြယ်သွားကြသည်။ လောင်ကျွမ်းနေသောမီးတောက်မီးလျှံများနှင့်အပြိုင် ရင်ဃဲတွင် ဒေါသနာကြည်းစိတ်များက အလျှံညီးညီးတောက်လောင်လျက် ...။

သစ္စာဖောက်လောက်ကောင်၊ ကိုယ်ကျိုးရှာ အတ္တဘီလူးတွေ လက်ဦးသွားခဲ့ကြပါပြီ။ မိမိ၏အရှင်သခင် ... သူ၏အရှင်သခင်သည် ဤလူယုတ်မာအတ္တဘီလူးများလက်တွင်းမှ လွတ်များမှ လွတ်မြောက်ပါလေစ ...။

တစ်ချိန်တည်းမှာပင် ... မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်သည်။ ထို့နောက်မှာတော့ သစ်လုံးတပ်ထဲတွင် မည်းမည်းလှုပ်နေသော ဂေါ်ရာစစ်သားများထံသို့ ပြေးဝင်သွားကာ 'စက္ကန္ဒတုတ္တ'တုတ်ခင်းအတတ်နှင့် တစ်ညှိ၊ တစ်ပြေး၊ တစ်ဝှမ်း၊ တစ်ဝိုက်၊ လက်မြောက်ရိုက်ချက်ဖြင့် တုတ်တိုခင်းကို လျင်လျင်လွှတ်လိုက်ရာ တားဆီးကုန်ကြသော ဓား၊ လှံ၊ လှံစွပ်ဟူသမျှ ပဲ့စဉ်ကျိုးထွက်သွားကြပြီးလျှင် ဂေါ်ရာစစ်သားတချို့ တုတ်ခင်းမွှေ့သည့်ကြားတွင် တဝုန်းဝုန်းနှင့်ပြိုလဲကျကုန်သည်။

'ဒိန်း ..ဒိန်း ..ဒိန်း ..ဒိုင်း ..ဒိန်း'

''ဟိုင်း ..ဟေး''





ယင်းတိုက်တစ္ဆေတိုးဝင်သွားရာ လမ်းကြောင်းတစ်လျှောက် မုန်တိုင်းလေပြင်းတစ်ခု တိုက်ခိုက်သွားသကဲ့သို့ ... ရန်သူဂေါ်ရာစစ်သားတို့ အပြိုင်းပြိုင်း လဲပြိုကျန်ရစ်ခဲ့ကြသည်။ ဘစ္ဆေသရဲတစ်ကောင်နှယ် 'စက္ကန္ဒတုတ္တ' တုတ်ခင်းပညာနှင့်ကြို့-ကော်-ဖြတ်- ခတ်-ကျော်တက်-ပတ်ရိုက်) နည်းဖြင့်ဝါးကျစ်လိမ်တုတ်တိုကို မွှေ့ယမ်းပတ်ရိုက်ကာ တိုးဝင်လာသောယင်းတိုက်တစ္ဆေ ဗိုလ်ပေကိုကြည့်ကာ ဂေါ်ရာစစ်သားတို့ သွေးပျက်ကုန်ကြသည်။

'ဝုစ် ..ဝုစ် ..ဝုစ် ..ဝုစ် ..ဝုစ် ..'

'ထောင်း ..ထောင်း ..ထောင်း ..'

''အ ...အ ...အား''

သာမန်ဓားသမား၊ လေးသမားမဆိုထားဘိ ...ဓားအကျော်အမော်၊ လေးသည်တော်များပင်လျှင် ...စက္ကန္ဒတုတ္တတုတ်ခင်း၏ တုတ်ဝှေ့အပတ်တွင် ...ဓားပေါက်၊ မြားပေါက်ပင်ရှာ၍မရနိုင်သည်အထိ ...ရေပက်မဝင်နိုင်သော တုတ်ခင်းသာအတတ်ဖြစ်ပါ၏။ စက္ကန္ဒတုတ္တတုတ်ခင်းအတတ်၏ ပဥ္စဝုဓ-သိဿမအခင်းတော်၏ တုတ်ရေးမစဉ်မှာ ...

ပတ်သာ၊ လိမ်ကွင်း၊ ဖော့တုတ်ဆင်း၊ ဆင်းသည့်တုတ်ရောင်၊ တောကြောင်လက်ပုတ်၊ ရှေ့ထုတ်ဟန့်တား၊ အများဘလျှို၊ ရင်ဖိုခေါင်းဖိ၊ မောင်းတံညှိသို့၊ တက်ပိုးလိမ်ဖိ၊ ဆစ်အုပ်နှံသား၊ ကျင်းလျှားတုတ်ကျောက်၊ ငါးပေါက်တက်နှင့် ပတ်ဆီဖျင်



www.burmeseclassic.com

www.burmeseclassic.com



...ဟူသည့် တုတ်လိမ်ခင်းအရေးတော်နှင့် မုန်တိုင်းလျှပ်စီး ကြောင်းနှယ် တိုက်စစ်ဆင်ကာ ရန်သူများထံသို့ တဇွတ်ရှိုင်း တစ်ကောင်နှယ် ...ဖွတ်အတင်း တိုးဝင်ခဲ့သည်။

''ဟေး ဟိုင်း ယား''

သူတိုးဝင်ခဲ့ရာ လမ်းကြောင်းတစ်လျှောက် ရန်သူဂေါ်ရာ စစ်သားများ၏အလောင်းများက အလောင်းချင်းထပ်မျှ မြင် မကောင်းရှုမကောင်း ပုံအောနေပါ၏။ သို့သော် ...ရန်သူဂေါ်ရာ စစ်သားများ၏အရေအတွက်က အဆမတန်များပြားလွန်းလှပါချေ ပြီကော ...။

ယင်းတိုက်တစ္ဆေဗိုလ်ပေ၏ တစ်ကိုယ်လုံးမှာလည်း ရန် သူတို့၏သွေးများက စွန်းထင်းပေကျံလျက် ...။ ဝါးကျစ်လိမ် တုတ်ကိုင်ထားသည့် လက်အစုံတွင် ရန်သူဂေါ်ရာစစ်သားများ၏ နီရဲညိုညစ်သော သွေးများက ရွှဲရွှဲစိုစီးလျက် ...။

ခပ်လှမ်းလှမ်း တစ်နေရာတွင် ...သွေးစွန်းနေသော ဓားကြီးဖြင့် ဘီလူးတစ်ကောင်ကိုတိုက်ခိုက်နေသည့် ...တွန်ကို တွေ့ မြင်လိုက်ရသည်။ တွန်၏ခန္ဓာကိုယ်မှာလည်း ရန်သူတို့၏ ဓားချက်များက ထိထားသည်ထင့် ...ဒဏ်ရာဒဏ်ချက်များက ဗရပွနှင့် ...။

ထိုစဉ်မှာပင် ...သူ၏မျက်စိထောင့်စွန်းတွင် သစ္စာ ဖောက်ကျော်ခေါင်ကို တွေ့မြင်လိုက်ရသည်။ ထိုအတူ ဗိုလ်မှူး ကျော်ခေါင်ကလည်း သွေးသောက်တပ်မှူးကြီးဗိုလ်ပေကို တွေ့





ပြင်းသွားပါလေ၏။

''ဟေး ...ဟိုမှာ ...ယင်းတိုက်တစ္ဆေကောင်ကြီးကို တစ်စစီ၊ တစ်ပိုင်းစီဖြစ်အောင် သတ်ကြစမ်းဟေ့''

''ဟေး ...လူယုတ်မာ ...သစ္စာဖောက် ...မင်းကို ငါကိုယ်တိုင်ခေါင်းခွံကိုရိုက်ခွဲပြီးမှ သတ်ပစ်မယ် ...ငါလာပြီ ဟေ့''

ဟုတ်သည် ...။ သူရှိရာသို့ တုတ်တိုလေးတစ်ချောင်းကို မွှေ့ယမ်းဆွဲခါလျက် ...သူ၏ဂေါ်ရာစစ်သားများ၏ ဦးခေါင်း ခွံကို တခွမ်းခွမ်းနှင့်ရိုက်ခွဲရင်း ...တဖြည်းဖြည်း တိုးဝင်နီးကပ် လာသော ယင်းတိုက်တစ္ဆေဗိုလ်ပေကိုကြည့်ကာ ...ဗိုလ်မှူးကျော် ခေါင် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်လျက်ရှိပါချေပြီကော။

''ဟေး ...သေနတ်သမားတွေ ...ဒီကောင်ကိုဝိုင်းပြီး ပစ်ကြစမ်း''

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

''အင့် ...အု''

ယင်းတိုက်တစ္ဆေ၏ တုတ်လျှင်က တဝိုဝိုအော်မြည်နေ ကြသည်။ သည်းထန်သော လေပွေဝဲတစ်ခုကဲ့သို့ အရှိန်ပြင်းစွာ မွှေ့ယမ်းနေရာ ရန်သူများ၏ခေါင်းလုံတချို့ လေဝဲကတော့ထဲဝယ် ရွှဲမွှေ့ပါသွားကြသည်။

''ဟာ ...ဟယ် ...အို''

သို့သော် ...ယင်းတိုက်တစ္ဆေဗိုလ်ပေ ခေါ် မျိုးချစ်သူရဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကြီး၏ လှုပ်ရှားမှုများက စိတ်ရှိသလောက် မသွက်လက်တော့။ တချို့ ဓားချက်၊ လှံချက်၊ မြားချက်များကိုလွတ်လွတ်ကျွတ်ကျွတ်လွတ်သွားအောင် မရှောင်နိုင်တော့။ ခန္ဓာကိုယ်အနှံ့ထိခိုက်ထားသော . . . ဓားဒဏ်ရာ၊ မြားဒဏ်ရာနှင့် ကျည်ဆန်ထိမှန်ထားကြသော ဒဏ်ရာများမှသွေးများက သွေးစိမ်းရှင်ရှင်စီးကျလျက် . . .။

ပေါင်တွင်စိုက်ဝင်နေသည့် မြားတစ်စင်းနှင့် . . . နံစောင်းတွင်စူးနစ်နေသော မြားတစ်စင်းကို နှုတ်မယူနိုင်အားသဖြင့် တုတ်တိုနှင့်ပိုင်းချိုးပစ်လိုက်သည်။ မျက်နှာတွင်လည်းရှပ်ထိထားသော ဓားဒဏ်ရာများက သွေးများစီးကျနေဆဲ . . .

"ဟေး . . . ဟိုင်း . . . ယား"

"အ . . . အင့် . . . အု"

'ဒိုင်း . . ဒိုင်း . . ဒိုင်း'

ထိုစဉ် . . . ထိုးခုတ်တိုက်ခိုက်သတ်ဖြတ်နေရင်းမှ သူ၏လက်ရုံးတော်ကြီးတွန်မှာ ရန်သူကုလားဖြူစစ်သားများကြားတွင် လဲပြိုကျဆုံးသွားသည်ကို ရိပ်ခနဲ မြင်တွေ့လိုက်ရသည်။ သွေးသောက်ကြီးငပေ . . . သူ၏အခြေအနေကို နားလည်သဘောပေါက်လိုက်သည်။

သစ္စာဖောက် ဗိုလ်မှူးကျော်ခေါင်ကို သူ . . . ဘယ်လိုမှလက်စားချေသတ်ဖြတ်နိုင်ရန်မှာ မလွယ်တော့ပါ။ 'ဝါးကျစ်လိမ်တုတ်'ကိုကိုင်ထားသည့် လက်တို့မှာ မလှုပ်ချင်၊ မသယ်ချင်





လောက်အောင် လေးလံထုံကျင်လာသည်သို့ . . .။

ရန်သူဂေါ်ရာစစ်သားများနှင့် အင်္ဂလိပ်မျက်နှာဖြူ စစ်ဗိုလ် ဒေါ်နယ်စမစ်တို့က ယင်းတိုက်တောင်ကျွန်း၀ုက်စခန်းကိုအင်အားအလုံးအရင်းနှင့် ဝိုင်းရံတိုက်ခိုက်လျက်ရှိကြပါပြီ။ သည်တစ်ခါတော့ သစ္စာဖောက်ကျော်ခေါင်၏ အသားထဲက လောက်ထွက်ခဲ့သဖြင့် အင်္ဂလိပ်စစ်သားများက ပိုင်ပိုင်နိုင်နိုင်စီးနင်းလျက်အရေးသာလျက်ရှိကြသည်။

"တောက် . . . လူကို ခွေးသတ်ရတယ်လို့ကွာ . . . ဟင်း"

သွေးသောက်တပ်မှူး ဗိုလ်ငပေမှာ ကျိတ်မနိုင်ခဲမရနှင့်။ သူ၏ရှေ့မှာ ကာဆီးပိတ်ပင်ထားကြသော ရန်သူဂေါ်ရာစစ်သားများ၏ အရေအတွက်မှာ လျော့နည်းသွားခြင်းမရှိဘဲ တဖြည်းဖြည်း ပို၍ပို၍ပင် များပြားလာခဲ့လေသည်ထင့် . . .။

သွေးသောက်ကြီး ငပေ . . . ဆုံးဖြတ်ချက်တစ်ခုကိုပြတ်သားစွာချလိုက်သည်။ သူ၏အသက်ကို သစ္စာဖောက်လောက်ကောင်များနှင့် နယ်ချဲ့မိစ္ဆာများ၏လက်ချက်ဖြင့်တော့မည်သည့်နည်းနှင့်မျှ အသေမခံနိုင် . . .။

"ဟုတ်တယ် . . . ဒီခွေးကောင်တွေရဲ့ လက်ချက်နဲ့တော့ ငါ အသေမခံနိုင်ဘူးဟေ့"

"ဟိုင်း . . ငါလာပြီဟေ့"

ယင်းတိုက်တာရွှေဗိုလ်ငပေမှာ . . . ရုတ်တရက် မိုးခြိမ်းသံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကဲ့သို့ ဟစ်အော်လျက် ပိတ်ဆီးဆို့ကာထားသည့် ရန်သူ ဂေါ်ရာစစ်သားထံသို့ တုတ်ခင်းစကြာလှည့်လျက် ထိုးဖောက်ထွက်ရန်ကြိုးစားသည်။

'ဂွစ် ‥ ဗိုး ‥ ဗိုး ‥ ရှိုး ‥ ရှိုး'

ယင်းတိုက်တစ္ဆေ၏ တုတ်ခင်းအတတ်သည် လေဝဲစုပ်သကဲ့သို့ ကြောက်မက်ဖွယ်ကောင်းပြီး ဗိုးခနဲ၊ ဖြောင်းခနဲ၊ ဝေါခနဲ မုန်တိုင်းတိုက်ခတ်သလို တရကြမ်းဝင်လာသည်။ ဂေါ်ရာစစ်သားတချို့ နောက်ဘက်သို့ ကပျာကယာဆုတ်ခွာသွားကြပြီး … တုတ်စက်ကွင်းထဲသို့ မည်သူမျှမဝင်ရဲကြ။

ထိုအချက်ကို အခွင့်ကောင်းယူ၍ … သွေးသောက်ကြီး ငပေမှာ အခန်းလွတ်တစ်ခုအတွင်းသို့ လွှားခနဲဖြတ်ကျော်ကာ ခုန်ဝင်လိုက်သည်။ အခန်းထဲသို့ရောက်သည်နှင့် တံခါးမင်းတုံးကို ကပျာကယာထိုးပိတ်လိုက်ပါ၏။

'ဒုန်း ‥ ဝုန်း ‥ ဂျုံး ‥ ဒုန်း'

"ဟေ့ကောင်တွေ ဝင်လိုက်ကြ … ဒီအခန်းထဲမှာပဲ ရှိတယ် … မလွတ်စေနဲ့ဟေ့"

အခန်းအပြင်မှ တဒုန်းဒုန်းနှင့်ထုရိုက်သံ၊ အော်ဟစ်အမိန့်ပေးသံများကို ကြားနေရသည်။ ယင်းတိုက်တစ္ဆေခေါ် သွေးသောက်တပ်မှူး ဗိုလ်ငပေမှာ … ကြမ်းပြင်ထက်တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ရန်သူတို့၏သွေးတို့ဖြင့် စွန်းထေးစေးပိုင်နေသည့် သူ၏တုတ်တိုကို မြတ်နိုးစွာနမ်းရှုပ်၍ ကျောရှိ ကတ္တီပါအိတ်နီထဲသို့





ထည့်လိုက်သည်။

ထို့နောက် … ခါးကြားမှ နှစ်ဖက်သွားဓားမြှောင်ကိုဆွဲထုတ်လိုက်သည်။ လှူယုတ်မာသစ္စာဖောက်တို့လက်ချက်နှင့်တော့ သူ၏ သန့်စင်သောသစ္စာဝိညာဉ်ကို အစွန်းအထင်းအညစ်အနွမ်း မခံနိုင် …။

'ဒုန်း ‥ ဂျုံး ‥ ဒုန်း ‥ ဂျုန်း ‥'

အပြင်မှ သစ္စာဖောက်လူယုတ်မာ၏ နောက်လိုက်ခွေးများက တံခါးကိုတွန်းထိုးရိုက်ချိုး၍ ဖွင့်နေကြပါချေပြီ။

"ခွင့်လွှတ်ပါ အရှင်သခင် စစ်ကဲမှူးကြီး … အရှင့်အပေါ်မှာ တာဝန်မကျေပွန်နိုင်ခဲ့တာကို ခွင့်လွှတ်ပါ … အရှင့်အပေါ် သစ္စာမဲ့ ယုတ်မာကောက်ကျစ်တဲ့ သစ္စာဖောက်ကိုလည်း ဒီဘဝမှာ လက်စားချေအပြစ်မပေးနိုင်ခဲ့တဲ့အတွက် အကျွန့်အပေါ်မှာ နားလည်ခွင့်လွှတ်နိုင်ပါစေ … လို့ တောင်းပန်ပါတယ် အရှင်"

နှစ်ဖက်သွားဓားမြှောင်ကို လက်နှစ်ဖက်နှင့်စုံကိုင်၍ ပင့်မြှောက်လိုက်စဉ် …

'ဝုန်း ‥ ဒုန်း ‥'

ထုရိုက်ဖွင့်နေကြသည့် အခန်းတံခါးသည် ဝုန်းခနဲ ကျိုးပျက်ပွင့်ထွက်သွားပြီး အခန်းထဲသို့ ရန်သူတချို့ ဝေါခနဲ ပြေးဝင်လာကြသည်။ သို့သော် … အခန်းထဲတွင် မမျှော်လင့်သော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရသဖြင့် အားလုံးအံ့သြမှင်တက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။

''ဟင်'' ''ဟာ'' ''အို''

ဟုတ်သည် ...။ နှစ်ဖက်သွားစားမြောင်ကို ရင်ဘတ်တွင်ထောက်၍ ကျားရဲတစ်ကောင်နှယ် စူးရဲတည်ငြိမ်စွာစိုက်ကြည့်နေသည့် ယင်းတိုက်တစ္ဆေဗိုလ်ပေကို တွေ့မြင်လိုက်ကြရသည်မို့ သူ့စွာဖောက်ရဲမက်တချို့နှင့်ဂေါ်ရာစစ်သားများအားလုံး တုံ့ခနဲရပ်တန့်သွားကြသည်။

မြင့်မြတ်သော သူရဲကောင်းတစ်ယောက်၏ အနိုင်းမဲ့သစ္စာတရား သို့မဟုတ် ... မြင့်မြတ်သော ဘဝကူးပြောင်းမှုတစ်ခုကို ရန်သူများအားလုံး အံ့ပွယ်သရဲ မြင်တွေ့ကြရတော့မည်ဖြစ်ကြောင်း သဘောပေါက်လိုက်ကြပါ၏။ တစ်ဆက်တည်းမှာပင် သူရဲကောင်းတစ်ယောက်၏ သစ္စာတရားကိုပါ မျက်ဝါးထင်ထင်ပင် ကြက်သီးမွေးညင်းထခမန်း တွေ့မြင်လိုက်ရပါချေပြီတည်း ...။

''ဟေး ... သေပေတော့ ... ယင်းတိုက်တစ္ဆေကောင်ကို ငါကိုယ်တိုင်သတ်မယ် ... သတ်ပစ်မယ်ဟေ့ ... ဟားဟား ဟား''

သွေးစွန်းဓားကြီးကိုဝင့်ကာ တရမန်းကြမ်းပြေးဝင်လာသည့် သစ္စာဖောက် ဗိုလ်မှူးကျော်ခေါင်၏ရှေ့မှ ... သူ၏နောက်လိုက် ရဲမက်အကြပ်ငါးယောက်က ရှေ့မှနေ၍ပိတ်ရပ်လိုက်ကြပြီး ...

ခု နှစ် စဉ် ကြယ် တာ ပေ



''မနှောင့်ယှက်ပါနဲ့တော့ အရှင် ... သူရဲကောင်းတစ်ယောက်ရဲ့ မြင့်မြတ်တဲ့အဆုံးစီရင်မှုကို ခွင့်ပြုလိုက်လျောလိုက်ပါ''

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ...။ ယင်းတိုက်တစ္ဆေ ဗိုလ်ပေခေါ် စစ်ကဲမှူးကြီး၏ သစ္စာရှိသော ညာလက်ရုံးကြီး ငပေ ... သို့မဟုတ် သွေးသောက်တပ်မှူးကြီးဗိုလ်ပေမှာ သစ္စာဖောက် ဗိုလ်မှူးကျော်ခေါင်အား စူးရူးရဲရဲကြည့်လိုက်သည်။

ဟော်လှန်ရေးမျိုးချစ်သူရဲကောင်းကြီး ယင်းတိုက်တစ္ဆေ၏ မျက်ဝန်းထဲမှာတော့ ဒေါသ၊ အငြိုး၊ အမုန်းနှင့် နာကြည်းမှုများက ... မီးလျှံတစ်ခုလို တောက်လောက်လျက် ...။ စူးနစ်စွာစိုက်ကြည့်နေသော ယင်းတိုက်တစ္ဆေ၏ မျက်လုံးအကြည့်များက ဗိုလ်မှူးကျော်ခေါင်၏ နှလုံးသားထဲထိတိုင် ထိုးဖောက်ဝင်ရောက်လာသကဲ့သို့ ခံစားလိုက်ရသဖြင့် ဗိုလ်မှူးကျော်ခေါင်မျက်နှာကို လွှဲဖယ်လိုက်သည်။

ဒေါသနဲ့ ... အငြိုးတရား ...

မိုးထားတဲ့ဓားတစ်စင်းအောက်က ...

မကြေတဲ့ အမုန်းနဲ့ ဆုံးရှုံးစွန့်လွှတ်ပေးဆပ်လိုက်ရတဲ့

အရှင်သခင်နဲ့ နှလုံးသားများစွာအတွက် ... သူ၏ရင်ဝတွင် ဓားဦးကိုနှစ်လိုက်သည်။

''သံသရာ အဆက်ဆက် ...

ဘဝတွေ အဆက်ဆက် ...

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘ၀ ဘယ်ကမ္ဘာ ... ဘယ်နေရာရောက်ရော
ယုတ်မာကောက်ကျစ်တဲ့ သင်းတို့ကို ...
လက်စားချေဒဏ်ခတ်ဖို့ ...
ငါ့ရဲ့ သစ္စာသွေးနဲ့ ...
ငါကိုယ်တိုင် ရေးထိုးခဲ့တယ် ... ...''

ယင်းတိုက်တဗွေ ဗိုလ်ပေ၏ ... သစ္စာဥဒါန်းကျူး
သံ ဆုံးသွားသည်နှင့် သူ၏နှစ်ဖက်သွားစားမြှောင်တို့လေး
သူ၏ခန္ဓာကိုယ်ကြီးထဲသို့ တစ်ဆုံးထိုးသွင်းလိုက်ပြီး ဝမ်းဗိုက်
ကန့်လန့်ဖြတ်ထိုးခွဲချလိုက်ပါတော့သည်။

❊ ❊ ❊



# အပိုင်း (၅)

## ၁၉၄၃ ခုနှစ် ကမ္ဘာမကြေ ဥဒါန်း

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာဥဒါန်း၏ အတိတ်မြင်တွင်း

"အသက်ရှူကျင့်စဉ် ဝဂ်မနည်းနိသျ"

အသက်ရှည်မှုအတွက် . . . ဝါယုတ ဝါခက္ခမ-ဝါယော လေသည် တည်ရှိ၏။ စွမ်းအားအတွက် . . . ဝါယယုက္ခမ သိဝုတ္တာအာယုဂ်-ဝါယောသည် တည်လေ၏။ ထို ဝါယယက္ခမ သိဝုတ္တဝါယောသည် အလိုက်အလျောင် အကျိုးပြုလျှင်း အားလျော်စွာ ထိုဝါယောကို ပိုင်သအောင် . . . ဝဂ်မ-အသက်ရှူခြင်းကို ခြင်းအပ်စွ၏။

ဝါယယုက္ခ . . . သိဝုတ္တိ-ဝါယောသည် ချက်တိုင်ဝမ်း အတွက် လက်သုံးသစ်၌ တည်၏။ ထိုဝါယော ရှင်သန်မှုအတွက်





အတွင်းပယိဒရုပ်လွှာ၏ ပွင့်လင်းမှုကိုရရှိအောင် ကြိုးစားရမည်။ ထို့အတွက် ဝဂ်မနည်းနိသျသည် အဆင့်အားဖြင့် သုံးမျိုးသုံးတန် ခွဲအပ်၏။

ကာယဝိပယုတ္တ . . . တံတွေးကို အလျှင်မျိုပြီးမှ ကျင့်စဉ်ကို စ၍ကျင့်ဆောင်ရသည့်နည်းပုံစံသည် . . . အရှေ့ကမှုစွန်း၌ ရပ်တည်၍ ထွက်အပ်သောနေကိုကြည့်၍ ဝင်သက်ကို ရှုသွင်းအပ်၏။ လက်ဆန့်တန်း၍ လျင်စွာမြန်ဖောရှုသွင်း၍ ဖြည်းသက်စွာ ရှုထုတ်အပ် သည် . . .

စနေ . . . သည် နံနက်အရုဏ်မတက်မီကပင် ကျောက်ကမှုစွန်းတွင် ရပ်တည်၍ လက်နှစ်ဖက်ကိုဆန့်တန်းကာ . . . ကျောက်ဆစ်ရုပ်သဏ္ဍာန်တည်ငြိမ်မှုနှင့် တစ်စ တစ်စ . . . မြင့်တက်လာသည့်နေလုံးနီနီကြီးကို စူးရှူးစိုက်စိုက်ကြည့်ကာ အသက်ရှူကျင့်စဉ် ဝဂ်မနည်းနိသျကို လေ့ကျင့်ထုံမွမ်းလျက်ရှိသည်။

အပေါ်ပိုင်းခန္ဓာကိုယ် ဗလာကျင်းလျက် ဖျင်ကြမ်းထည် ဘောင်းဘီကိုဝတ်ကာ . . . နံနက်ခင်းနေခြည်အတက်တွင် လက်နှစ်ဖက်ဆန့်တန်းကာ မလှုပ်မယှက်ရပ်တည်နေပုံက ဇာမဏီငှက်တစ်ကောင် ရှန်းကြွပျံသန်းတက်တော့မည်ကဲ့သို့။ ခန္ဓာကိုယ်တွင် အဆီအသားအပိုအလိုမရှိ . . စိတ်ကြိုက်ပုံသွင်း ထုလုပ်ထားသည့် ကျစ်လျစ်သန်စွမ်းသော ခန္ဓာကိုယ်နှင့် ညီမျှောင်စိုပြည်သော အသားအရေရှိသော . . . စနေ၏ ငြိမ်သက်မှုသည် နှစ်ပေါင်းထောင်ချီ၍တည်တံ့ခဲ့သော သက်မဲ့ခါမကျောက်



www.burmeseclassic.com

www.burmeseclassic.com



ဆစ်ရုပ်တစ်ခုနှယ်ပါတည်း ...။

သို့သော် ... ဝင်္ဂမအသက်ရှူကျင့်စဉ်ကို ကျင့်နေသည့်တိုင် စနေ၏စိတ်အာရုံတို့က အထိန်းအကွပ်ကြားမှ ရုန်းကြွလူးလွန့်လျက် ထွက်ပေါက်ရှာနေကြသည့်နှယ် ...။ ခါတိုင်းနေ့များကဲ့သို့ စိတ်တို့က မတည်ငြိမ် ... မြင်းရိုင်းတစ်ကောင်နှယ် ရုန်းကြွခုန်ပေါက်နေကြသည်။ စိတ်အစဉ်က အတိတ်ရေပြင်တွင် ပြန်လည်ကူးခတ်နေချင်ကြသည်ထင့် ...။ သည်ကနေ့မှ စနေတစ်ယောက် ထူးထူးခြားခြား အနိဋ္ဌာရုံအတိတ်တံခါးချပ်ကို ... ဖွင့်လှစ်ကြည့်နေမိသည်။

ဘဝတွင် ဘယ်သောအခါကာလမှ မေ့ပျောက်၍ရတော့မည်မဟုတ်သော အတိတ်တစ်နေရာမှ အနိဋ္ဌာရုံအဖြစ်ဆိုးကြီး ...။ စနေ၏မေးကြောကြီးများက တထောင်းထောင်းနှင့် ပြတ်ထွက်လုမတတ် အံကိုတင်းတင်းကြိတ်ထားသည်။

မြင်ကွင်းက မကြည့်ရက်စရာ ...။ သွေးအိုင်ထဲတွင် လဲကျသေဆုံးလျက်ရှိသော အဖေနှင့်အမေ ...၊ မီးတောက်မီးလျှံများ တဟုန်းဟုန်းနှင့် ဝါးမျိုလောင်မြိုက်နေသော ... သူတို့၏ နှစ်ဆောင်ပြိုင်အိမ်ကြီး၊ စစ်မီးလျှံကြီးတောက်လောင်နေသည့် မြန်မာပြည်တွင်းမှ ကြေကွဲရင်နင့်ဖွယ်ဖြစ်ရပ်ဆိုးကြီးတစ်ခု ...။ ထို့အတူ စနေ၏မျက်ဝန်းပုံရိပ်တွင် ... တစ်သက် မမေ့နိုင်သည့် ဂျပန်စစ်ဗိုလ်တစ်ယောက်၏ ဒေါသဘီလူးစီးနေသည့် အဆီပြန်မျက်နှာကြီးတစ်ခု။ ထို့နောက် သူ့အား ဖွတ်အတင်းပါးစပ်ပိတ်





ဆွဲခေါ်ကာ ထွက်ပြေးလာခဲ့သည့် ... ဦးကြီးတော်ဝဏ္ဏ။ မြင်ကွင်းများက စနေ၏ ရုန်းကြွလူးလွန့်နေသည့်အာရုံတွင် အနေးရိုက်ရုပ်ရှင်ပြကွက်များသဖွယ် တစ်ခုစီ၊ တစ်ပိုင်းစီ၊ တစ်ရစ်စီ ... မြင်ယောင်လာမိပါတော့သည်။

''မင်းရဲ့အဖေနဲ့အမေကို ရက်ရက်စက်စက်သတ်ဖြတ်သွားရုံမက အိမ်ကိုပါ အငြိုးတကြီးနဲ့ မီးလောင်တိုက်သွင်းခဲ့တဲ့သူဟာ ... ဂျပန်ကင်ပေတိုင်ဗိုလ်မှူး ဆာတိုးယာမ ... ဆိုတာပဲ စနေ ...၊

ဆာတိုးယာမဟာ သွေးဆာနေတဲ့ ဘီလူးကြီးတစ်ကောင်လိုပဲ ... မင်းရဲ့အဖေကို မြေအောက်တော်လှန်ရေးသမားတွေနဲ့ အဆက်အသွယ်ရှိတယ်ဆိုပြီး ရိုက်နှက်ဖမ်းဆီးတာကို မင်းရဲ့အမေက ဝင်ပြီးဆွဲရှာတာ၊ ဒါကိုမကျေနပ်လို့ ဆာတိုးယာကိုယ်တိုင် မင်းရဲ့မိဘနှစ်ပါးစလုံးကို သေနတ်နဲ့ပစ်သတ်ရုံသာမက ... အိမ်ကိုပါ မီးလောင်တိုက်သွင်းသွားခဲ့တာကွ''

''အဲဒီတော့ ... မင်းငါ့ကို ကတိပေးစမ်းပါ စနေ ... ဆာတိုးယာမကို မင်းကိုယ်တိုင် လက်စားချေပါ့မယ် ... လို့လေ''

ရင်ဘတ်တွင် သေနတ်ဒဏ်ရာနှစ်ချက်ထိထားခဲ့သည့် ဦးဝဏ္ဏသည် ယင်းတိုက်တောကြီးထဲရှိ သူ၏အစ်ကိုတော် ရသေ့ကြီးဦးဇာဂရုရှိရာသို့ ... ဆယ့်ငါးနှစ်သားမျှသာရှိသေးသည့် စနေလေးကို ဂျပန်စစ်သားများရန်မှ လွတ်မြောက်အောင် ကယ်တင်ပေးခဲ့ရင်း ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . စိတ်ချ ဦးကြီး . . . ကျွန်တော်ရဲ့မိဘနှစ်ပါးကို ရက်ရက်စက်စက်သတ်ဖြတ်သွားခဲ့တဲ့ အဲဒီ ဂျပန်မိစ္ဆာကောင်ကြီးကို အခုပဲသွားသတ်ချင်နေတာဗျ . . . သူသေသေ ကိုယ်သေသေပေါ့"

ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးကျလာသည့် မျက်ရည်များကို သူ၏လက်မှုံနှင့် ခပ်ကြမ်းကြမ်းသုတ်ဖယ်လိုက်ရင်း ပြော လိုက်သည့်စကားကြောင့် ဒဏ်ရာများကြားမှ ဦးကြီးဝဏ္ဏ ပြုံး ယောင်သန်းသွားပါ၏။

"ဟင်း . . . မင်းရဲ့စိတ်ကို ငါအသိဆုံးပါ စနေရာ . . . သိပ်ပြီးမလောနဲ့၊ တစ်နေ့နေ့တော့ မင်းကိုယ်တိုင် လက်စားချေရမယ့်အချိန်ကို ရောက်လာမှာပေါ့ကွာ၊ ဟောဒီမှာ မင်းအတွက် ပေးရမယ့်ပစ္စည်း . . . ရော့ . . . အဲဒီသေတ္တာကို ဖွင့်ကြည့်လိုက်"

ထွက်ပြေးလာခဲ့ကြစဉ်က မြင်းကုန်းနှီးတွင်ချိတ်၍ ယူဆောင်လာခဲ့သည့် . . . ရှည်မျောမျောသေတ္တာဟောင်းကြီး တစ်လုံးကို စနေ၏ရှေ့သို့ တွန်းပို့ပေးလိုက်သည်။ ရသေ့ကြီး ဦးဇာဂရ၏ ဝါးတဲကျောင်းလေးက ယင်းတိုက်တောကြီး၏ ရေတံခွန်ကြီး တစ်ခုအနီးတွင် တည်ရှိနေပါ၏။ တဝေါဝေါကျဆင်းနေသည့် ရေတံခွန်စီးကျသံကသာ ဝါးတဲကျောင်းလေးအနီးတွင် ကြီးစိုးမင်းမူနေလျက်ရှိသည်။

"ဒါ . . . ဘာသေတ္တာကြီးလဲ ဦးကြီးဝဏ္ဏ"

"မင်းရဲ့အဖေက မင်းအတွက်ချန်ထားရစ်ခဲ့တဲ့ သမိုင်းဝင်မျိုးဆက်အမွေပေါ့၊ သော့ကတော့ မရှိတော့ဘူး . . . မင်းရဲ့ဓား မြှောင်နဲ့ ဖွင့်ကြည့်လိုက်ပေါ့ကွာ"





ဦးကြီးဝဏ္ဏ၏စကားကြောင့် စနေ . . . စိတ်ဝင်စားသွားကာ သံချေးများပင်တက်နေသည့် သေတ္တာမှသော့ကို ဓားဦးချွန်လေးဖြင့် ထိုးကော်၍ဖွင့်နေသည်။ မကြာမီ ကလစ်ဟူသော မြည်သံသဲ့သဲ့လေးနှင့်အတူ သေတ္တာရှည်လေး၏သော့က ပွင့်သွားပါချေပြီ။ အထဲတွင် သားရေနယ်တစ်မျိုးနှင့် ရစ်ပတ်ထားသည့် ရှည်မျောမျောအရာတစ်ခုကို တွေ့လိုက်ရသည်။

"ဟင် . . . ဘာပစ္စည်းမို့လို့ ဒီလောက်တောင် အထပ်ထပ် ရစ်ပတ်ထားရတာလဲမသိဘူး ဦးဝဏ္ဏ"

ဦးကြီးဝဏ္ဏကမူ နံရံတွင်ကျောမှီရင်း ဒဏ်ရာအရှိန်ဖြင့် မှိန်းနေပါ၏။ သူ၏အစ်ကိုတော်ရသေ့ကြီးဦးဇာဂရကမူ သစ်ရွက်တစ်မျိုးကို အရည်ညှစ်၍ သေနတ်ဒဏ်ရာတွင်ထည့်ကာ လျှော်တေသက်န်းစကိုဖြဲကာ ပတ်တီးစည်းပေးထားသည်။

စနေက သားရေနယ်ဖြင့် ရစ်ပတ်ထားသည်ကို ခွာချလိုက်တော့မှ . . . ကတ္တီပါအိတ်နီလေးတွင်ထည့်ထားသည့် ရှည်မျောမျောအရာတစ်ခု . . .။ ထိုအရာကို ဆွဲထုတ်ယူလိုက်တော့ ညိုညစ်ညစ်အရောင်များစွန်းထင်းနေသည့် တစ်တောင်နှစ်ပြန်ခန့်ရှိသော လုံးလုံးချောချောတုတ်တိုတစ်ချောင်းကို တွေ့လိုက်ရပါလေ၏။ ထိုအပြင် . . . ကတ္တီပါအိတ်ရှူ့ကို ခါချလိုက်သောအခါ ပေပုရပိုက်ချပ်တို့ပါ ထွက်ကျလာသည်ကို အံ့ဩစွာတွေ့မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပါတော့သည်။

''ဟင် ... တုတ်တိုတစ်ချောင်းနဲ့ ပုရပိုက်ချပ်တွေပါလား ဦးကြီးဝဏ္ဏ''

စနေ၏စကားကို ဦးကြီးဝဏ္ဏ စကားမပြန်နိုင်ရှာတော့ပါ။ ဂျပန်တို့ပစ်ခတ်လိုက်သည့် သေနတ်ဒဏ်ရာဖြင့် မိန်းမူးလျက်ရှိပါချေပြီ။ သူ၏တာဝန်အရ ... စနေ၏လက်တွင်းသို့ သူ၏ဖခင်ကြီး၏အမွေအနှစ်ကို ယ...ယိလက်ရောက်ပေးအပ်ခဲ့ပြီးပြီ မဟုတ်ပါလား ...။ ကျန်သည့်ကိစ္စအားလုံးကို သူ၏အစ်ကိုတော် ... ရသေ့ကြီးဦးဇာဂရက ဆက်လက်၍ တာဝန်ယူ ဖြေရှင်းသွားရမည်ကို ကြိုတင်သိရှိနေခဲ့သည့် ဦးကြီးဝဏ္ဏမှာ စိတ်လျှော့ချလိုက်ဟန်တူပါ၏။ ထိုနေ့ညနေစောင်းမှာပင် ဂျပန်တို့ပစ်ခတ်ခဲ့သည့် သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ရပါတော့သည်။

ထိုနေ့ ထိုရက် ထိုအချိန်မှစ၍ ... ယင်းတိုက်တောကြီးထဲမှ ဦးကြီးဖြစ်သူ ရသေ့ကြီးဦးဇာဂရထံတွင် ထူးခြားသောအမွေပစ္စည်းများနှင့်အတူ ... စနေ၏ ဒုတိယမြောက်ဘဝခရီးကို ခက်ခဲကြမ်းရှစွာ စတင်ဖွေးဖွားခဲ့ပါလေတော့သည်။

❋

ရသေ့ကြီးဦးဇာဂရက ... လက်ထဲမှ တစ်တောင်နှစ်ပြန်





မှုရှိသည့် ပွတ်လုံးလုံးတိုင်ကဲ့သို့ လုံးလုံးချောချောတုတ်တိုလေးကို နေရောင်တွင် ထောင်ကြည့်လိုက်သည်။ တုတ်တို၏အဖျားနှင့်အလယ်ဝန်းကျင်တွင် ညိုညစ်ညစ်စွန်းထင်းနေသည့် ... နှစ်ပေါင်းတစ်ရာနီးပါးမျှကြာမြင့်ခဲ့ပြီဖြစ်သော သွေးစွန်းတို့ကို ငေးမောကြည့်နေမိသည်။

သူ့နည်းတူပင် ... သူ၏တူတော်မောင် စနေကလည်း သွေးစွန်းတုတ်တိုကို နားမလည်နိုင်စွာဖြင့် ငေးစိုက်ကြည့်နေပါ၏။ ဤကဗ္ဗိုပါဒိတ်အနီနှင့်စွတ်ထားသည့် သွေးစွန်းတုတ်တိုတစ်ချောင်းနှင့် ပေစာတစ်ထုပ်က သူ့အတွက် လက်ဆင့်ကမ်းသမိုင်းအမွေပစ္စည်းဟု ... ဦးကြီးဝဏ္ဏက မသေခင်ပြောသွားခဲ့သည် မဟုတ်ပါလား ...။

ထိုစဉ်မှာပင် ဦးရှိးတော်ရသေ့ကြီးဦးဇာဂရ၏နှုတ်ဖျားမှစကားအချို့ ထွက်ကျလာခဲ့ပါ၏။

''ဒီတုတ်တိုဟာ မင်းတို့အဖေနဲ့အမေ မျိုးရိုးစဉ်ဆက်စောင့်ရှောက်ထိန်းသိမ်းခဲ့တဲ့ 'ယင်းတိုက်တစ္ဆေ ဗိုလ်ပေ'ရဲ့ နာမည်ကျော် 'ဝါးကျစ်လိမ်တုတ်' ပဲ စနေ''

'ယင်းတိုက်တစ္ဆေ ဗိုလ်ပေ' ဟူသောနာမည်ကို ကြားလိုက်ရသည်နှင့် စနေ၏နှလုံးသွေးတို့က ဆူဝေပွက်လျှံလာကြသည်ထင့် ...။ သည်နာမည်သည် သူ၏အသည်းနှလုံးကို ကြမ်းရှစွာ ဆွဲကိုင်လှုပ်ယမ်းလိုက်သည်။

'ယင်းတိုက်တစ္ဆေ ... ဗိုလ်ပေ'



www.burmeseclassic.com

www.burmeseclassic.com



'ယင်းတိုက်တာရွှေ ...ဗိုလ်ပေ'

ဟုတ်သည် ...သည်နာမည်သည် သူ၏နှလုံးသားတွင် ထူးဆန်းစွာရင်းနှီးကျွမ်းဝင်နေသည်ထင့် ...။

''ယင်းတိုက်တာရွှေဗိုလ်ပေဆိုတာ ...လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာနီးပါးလောက်က ငါတို့မြန်မာနိုင်ငံရဲ့ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ သီပေါဘုရင်လက်ထက်မှာ ...လက်ယာစစ်ကဲမှူးကြီး မဟာမင်းလှစည်သူဘွဲ့ရ တပ်မှူးကြီးနေမျိုးကျော်စွာရဲ့ ကိုယ်ရံတော် ညာလက်ရုံး သွေးသောက်တပ်မှူးကြီး ဗိုလ်ပေလို့ ခေါ်တဲ့ ...အင်မတန်အစွမ်းထက်လှတဲ့ 'စက္ကနှတုတ်ခင်း' သူရဲတစ်ဦးပဲ စနေ ...မင်းတို့အဖေဘက်က အဘိုးပေါ့၊ ဒီ ...'ဝါးကျစ်လိမ်တုတ်ခင်း' ဟာ ယင်းတိုက်တာရွှေ ဗိုလ်ပေရဲ့ လက်နက်ပဲ''

စနေသည် ဘရသေ့လှမ်းပေးလိုက်သည့် တုတ်တိုကို လက်နှစ်ဖက်ဖြင့်လှမ်းယူပြီး လက်ဖဝါးဖြင့် ဖြည်းဖြည်းချင်း ပွတ်သပ်နေမိသည်။ တစ်ချိန်တည်းမှာပင် စနေ၏ခန္ဓာကိုယ်အတွင်းသို့ အရှိန်အဟုန်ပြင်းလှသည့် သွေးစီးကြောင်းကြီးတစ်ခု တိုးဝင်ဖြတ်သန်းသွားသလို ခံစားလိုက်ရသည်။

တစ်ဖန် ...ယင်းတိုက်တာရွှေဗိုလ်ပေ၏ နာမည်ကျော်တိုက်ပွဲဝင် 'ဝါးကျစ်လိမ်တုတ်တို' ကို တက်သစ်စနေရောင်တွင် ထောင်ကြည့်လိုက်သည်။ ထိုရောအခါတွင် စနေ၏ဝိညာဉ်လှိုင်းထဲသို့ ယင်းတိုက်တာရွှေ၏ဝိညာဉ်အင်အားလှိုင်းများ စီးမျောစိမ့်





ဝင်ပေါင်းစည်းလာသည့်နှယ် ...။ စနေ၏နုနယ်စိုပြည်သော မျက်နှာပြင်သည်ပင် ခက်ထန်ကြမ်းရှသည့် 'ယင်းတိုက်တာရွှေ' ပူးဝင်လာသည်သို့ ...။

''ဒီမှာ စနေ ...ဒီ ...ဝါးကျစ်လိမ်တုတ်နဲ့ မင်းရဲ့ရန်သူတော်ကြီးကို လက်စားချေရမယ်၊ မင်းဟာ ဟောဒီ ...စက္ကနှတုတ်ခင်းရဲ့ ဝိညာဉ် ...စက္ကနှတုတ်ခင်းဟာ မင်းရဲ့ဘဝ ...သေသေချာချာမှတ်ထားပါ၊ မင်းဟာ ယင်းတိုက်တာရွှေ ဗိုလ်ပေ ...ယင်းတိုက်တာရွှေ ဗိုလ်ပေ''

မည်သည့်အရပ်ဆီက စီးမျောလာသည်မသိ ...။ တိုးညင်းသောသံစဉ်တစ်ခုက စနေ၏ ဟင်းလင်းပွင့်နေသည့် စိတ်အာရုံထဲသို့ တိုးဝင်လျက် ...။

ထိုအသံသည် စနေ၏ရင်ဘတ်ကြီးကိုထွင်းဖောက်ကာ နှလုံးသည်းပွတ်ထိတိုင် စူးနစ်စွာ ထိုးဖောက်ဝင်ရောက်သွားပါချေပြီတည်း။

''ဟောဒါက ဝါးကျစ်လိမ်တုတ်နဲ့ ယှဉ်တွဲပြီးလေ့ကျင့်ရမယ့် ...'စက္ကနှတုတ္တ' တုတ်ခင်းပညာရပ်တွေရေးထားတဲ့ ပေစာပုရပိုက်တွေကွဲ ...ရော့ စနေ ...ဖတ်ကြည့်စမ်း''

ဘရသေ့ကြီးဦးဇာဂရက စနေထံသို့ တုတ်တိုနှင့်အတူ ကတ္တီပါအိတ်နီထဲမှာပါလာသည့် ပုရပိုက်ချပ်များကို ဖတ်နိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စက္ကန္ဒတုတ္တ ... တုတ်ခင်းပညာရပ်"

တုတ်ခင်းသည်၏အတတ်သည် အလျင်တစော ရှိ၏။ ဓားရှက်ဆုပ်ရဲမက်ထက် ရဲရင့်ရမည်။ ငါ ဆရာရသေ့ ဂေါဝိန္ဒ အမှာချုပ်သည်။ သင် ... သားပေါင်း တုတ်ခင်းသည်တို့ ... ကောင်းစွာနာခံရစ်ကြလော့ ...။

အနောက်စုပ်ပလေကိုရှု၍ ရိုက်သောအရိုက်သည် ... မပြင်းစတောင်း၊ ထနောင်းလည်ပြတ်သည် မည်၏။

အရှေ့စုပ်ပလေကိုရှု၍ ရိုက်သောအရိုက်အလျင်သည် အရိုးကွင်းဆက်တို့ကို ကြေ၏။ ရိုက်အားလျင် လျင်းလျှင်သလောက် အရိုးအဆစ်ကွဲ၏။

မြောက်စုပ်ပလေကိုရှု၍ ရိုက်သောအရိုက်သည် သေအပ်သောရန်သူကို သုတ်သင်အပ်သောအချိန်၌ ရိုက်အပ်လျှင် မခုခံနိုင်စတောင်း။

တောင်စုပ်ပလေကိုရှု၍ ရိုက်သောအရိုက်သည် ထဘီလှန်သောလေကိုရှု၍ ရိုက်သည်မည်၏၊ ရိုက်သူမောပန်း၏ ... ရှောင်အပ်လှသည်။

စက္ကန္ဒတုတ္တတုတ်ခင်းသည်အတတ်သည် မြတ်သောအတတ်မည်၏။ လက်ဆုပ်၊ လက်သား၊ လက်ထိန်း၊ လက်ကွင်းဆက်အလှည့်ကို လေရှုစဉ်နိဿူနှင့်ရော၍ တောဖျိုင်း၏တောင်ပံဟန်နှင့် ရေစုပ်ငါး ဖျိုင်း၏အသွင်ကို ဆောင်ယူလော့ ...။ လှစ်ပြ၍ပေါက်သောတုတ်ထုံးသည် ရန်သူမမြင်နိုင်ကောင်း





အောင် လျင်စွာကျင့်အပ်၏။

ပေးအပ်သော အက္ခရာများကို မမေ့လျင်းနှင့်။
တုတ်အက္ခရာသည် ဓားအက္ခရာထက် ပြင်း၏။
ဓားအက္ခရာသည် လက်အက္ခရာထက် ရှုပ်၏။
လက်အက္ခရာသည် အထိန်းအကွပ်လိုသည်။
ကြိုးအက္ခရာသည် မ–စဉ်အားလုံး၏ အက္ခရာတမွတ်ပင်တည်း ...။

'စက္ကန္ဒတုတ္တတုတ်ခင်းပညာ၏ ကျင့်စဉ်များမှာ ... ဤနေရာမှစတင်၍ အက္ခရာစဉ်အလိုက် ကျင့်ကြံအားထုတ်ရမည်' ဟု စနေ ... နားလည်လိုက်ပါ၏။

"အိမ်း ... အဲဒီစက္ကန္ဒတုတ္တတုတ်ခင်းပညာရပ်နဲ့ တစ်တောင်နှစ်ပြန်ရှိတဲ့ ဝါးကျစ်လိမ်တုတ်တိုဟာ မင်းရဲ့အမွေပဲ စနေ၊ အမြဲမပြတ်သာ ဖွဲ့ခတ်ပြီး လေ့ကျင့်ပေတော့"

ဘရသေ့၏ အဆိုအမိန့်ကို စနေ ... နားလည်ပါ၏။ နှစ်လည်းနှစ်သက်ပါ၏။ သို့သော် ... ဤနက်နဲလှသော စက္ကန္ဒတုတ္တတုတ်ခင်းအတတ်ကို မည်သည့်ဆရာက သူ့အား လက်တွေ့ကျကျ သင်ကြားပေးချိမ့်မည်နည်း ...။

"ဒီမှာ စနေ ... စက္ကန္ဒတုတ္တတုတ်ခင်းပိုင်လျှင် အသို့ဖြစ်မည်ကို အလျင်ဦးဆုံး မြည်းစမ်းကြည့်စမ်း"

ဘရသေ့သည် ... စနေ၏လက်တွင်းမှ 'ဝါးကျစ်လိမ်တုတ်တို'ကို ဖျတ်ခနဲဆွဲယူလိုက်ပြီး မတ်တတ်အနေအထားမှ



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်မောင်းကျော်ခန့်အမြင့်ရှိသော ကျောက်ကမူစွန်းထက်သို့ လွှားခနဲခုန်တက်သွားသည်။ ချွန်မြနေသော ကျောက်စွန်းထိပ်တွင် သူ၏ခြေမနှစ်ချောင်းဖြင့်ကုတ်၍ ပေါ့ပါးစွာရပ်တည်နေပါ၏။

''ဟာ''

စနေသည် ...ထိုမြင်ကွင်းကိုမြင်တွေ့လိုက်ရသဖြင့် လွန်စွာသဘောကျသွားသည်။ စိတ်အစဉ်၌လည်း လွန်စွာအံ့သြစရာကောင်းသော ပညာရပ်ပါတကားဟု စွဲမှတ်သွားပါ၏။ ထိုစဉ်မှာပင် ...ဘရသေ့မှာ ညာလက်တစ်ဖက်တည်းဖြင့် တစ်တောင်နှစ်ပြန်မျှသာရှိသည့် တုတ်ကို ဆတ်ခနဲမွှေ့လိုက်သည်။

'ဝီ ..ဝီ ..ဝီ ..ဝီ ..ဝီ ..ဝီ ..'

'ဝေါ ..ဝေါ ..ဝေါ ..ဝေါ ..ဝေါ ..'

ပထမ ...လေတိုက်သံတဝီဝီကို ကြားလိုက်ရသည်။ နောက်တော့ လေပြင်းမုန်တိုင်းတိုက်ခတ်သံနှယ် တဝေါဝေါ တဝုန်းဝုန်းနှင့် အော်မြည်၍လာသည်။ ဘရသေ့၏ တုတ်လေမွှေ့သံသည် မိုးထစ်ချုန်းသံနှယ် သို့မဟုတ် ...မိုးသက်လေပြင်းတိုက်ခတ်သံကြီးနှယ် တဝေါဝေါအော်မြည်လျက်ရှိပါတော့သည်။

'ဝေါ ..ဝေါ ..ဝေါ ..ဝေါ ..'

တုတ်မွှေ့ချက်ကြောင့် ပတ်ဝန်းကျင်ရှိ သစ်ရွက်ခြောက်တို့မှာ တုတ်မွှေ့ဝှေသည့် လေစီးဝဲထဲသို့ ဝဲကတော့ကြီးသဖွယ် လွင့်ပျံစီးမျော၍ စုပ်ယူသွားပါလေ၏။ အတန်ကြာမှ ...ကျောက်ကမူစွန်းထိပ်မှ ဘရသေ့ လွှားခနဲပြန်ကျလာခဲ့သည်။





သို့သော် ရှိုးရှိုးပျံ့ဝဲကျလာခြင်းတော့ မဟုတ် ...တဝီဝီလည်မွှေ့နေသည့် တုတ်အရှိန်ကို ...ဖတ်ခနဲ၊ တိခနဲ ရပ်ပစ်ကာ စနေရပ်နေသည့် ကမူစွန်းကြားထဲသို့ ထိုးဝင်စိုက်နှက်လိုက်ပါလေ၏။

'ဗိုး ..ဖောက် ..'

''ဟာ''

ဗိုးခနဲ အော်မြည်သွားသည့် တုတ်အလျင်သံသည် လွန်စွာမှ ကြောက်မက်ဖွယ်ကောင်း၏။ လက်မှန်း၊ လက်ထိန်း၊ ချိန်ဆစ်မှတ်က ဆံချည်တစ်မျှင်မလွဲပါတည်း။

''အိမ်း ...စက္ကန္ဒတုတ်ခင်းပညာရဲ့ တစ်စိတ်တစ်ပိုင်းပဲ ရှိသေးတယ် စနေ၊ စ,လယ်,ဆုံး ပိုင်ပိုင်နိုင်နိုင်ကျွမ်းကျင်သွားပြီဆိုရင်တော့ ကိုယ်အလျင် ပေါ့ပါးဖျတ်လတ်လာမယ်၊ အကာအလွှား ကျော်နင်းမယ်၊ တုတ်အလျင်, တုတ်အတိုက်, အတော့, အစောင်း, အခေါက်, အမြို့, အထောက်အနင်း, အကြောဖြတ်, အကြောလှူးလို့ မင်းကိုယ့်ဉ်တဲ့ရန်သူဟာ ...မင်းပြုသမျှ နရတော့မယ့်ကိန်းပေပဲ ...လူစွမ်းပညာရပ်ကြီးတစ်ခုပဲကွယ့်''

စနေမှာ ပါးစပ်အဟောင်းသားနှင့်ဖြစ်သွားရပါချေပြီ။ သူ့တစ်သက် မမြင်ဖူး၊ မကြားဖူးသည့် လွန်စွာမှ အံ့မခန်းဖွယ်ရာ စက္ကန္ဒတုတ္တတုတ်ခင်းပညာစွမ်းများကို တအံ့တသြဖြင့် ငေးမောကြည့်နေပါတော့သတည်း။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်ထဲကဘဝ...ဘဝထဲကအိပ်မက်

ဤသို့ဖြင့် ...စနေတစ်ယောက် ယင်းတိုက်တောကြီး ထဲမှာပင် 'စက္ကန္ဒတုဗ္ဗတုတ်ခင်း' ပညာရပ်တွင်သာ စိတ်နှစ်၍ သင်ကြားလေ့ကျင့်နေရသည်။ နေ့စဉ် နိစ္စဓူဝ ချွေးပြိုင်းပြိုင်းကျ လှုပ်ရှားရုန်းကြွနေရသဖြင့် ဘာကိုမှ သတိမရနိုင်။

ငယ်ငယ်ရွယ်ရွယ်နှင့် ဘဝ၏လိုက်ဖိုရင်ခုန်ဖွယ် သဘာဝ အလှအပ၊ အနုအရွမျှားကို မခံစားနိုင် ...။ ကံကြမ္မာချိန်ခွင်ညှာ အလှည့်အပြောင်းတွင် ဘဝကပေးအပ်လာသော သမိုင်းပေးတာ ဝန်ကြီးအတွက် ကြမ်းရှပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားနေရသည် မဟုတ်ပါလား ...။





သူ့ပတ်ဝန်းကျင်တွင် ...ဝါးတဲကျောင်းသခ်မ်းတစ်ခု၊ ရေတံခွန်၊ စမ်းချောင်း၊ ဝါးချုံနွယ်ပေါက်နှင့် သစ်ခေါက်လျှော်တော ...ဒေါက်ခြာသားရေချပ်နှင့် ဘရသေ့တို့သာ ရှိနေပါ၏။

တဝေါဝေါစီးဖြာကျနေသည့် ...ရေတံခွန်၊ စမ်းချောင်း ရေနှင့်ကျောက်ကမူတို့သာလျှင် ...သူ၏ နေရာထိုင်ခင်း ဘူမိ နက်သန်ဖြစ်သည်။ နေ့စဉ် ဟာဝီဝီလည်နေသည့်၊ မွှေ့နေသည့် အော်မြည်နေသည့် ...တုတ်သံကိုသာ နာခံနေရပါ၏။

အချိန်နာရီတို့က တဖြုတ်ဖြုတ်ကုန်ဆုံးသွားကြသည်နှင့် စနေ၏ 'စက္ကန္ဒတုဗ္ဗ' တုတ်ခင်းပညာရပ်တို့ကလည်း တဖြည်း ဖြည်း ကျွမ်းဝင်သည်ထက် ပိုမိုကျွမ်းကျင်လာ၏။ သူ၏လက်ဖဝါး ပြင်တို့သည် ကြမ်းရှခက်မာလာသည်။ ဝါးကျစ်လိမ်တုတ်တိုတစ် ချောင်းကိုသာ နေ့စဉ် အကြိမ်တစ်ထောင်မက ...လည်ပတ်မွှေ နှောက်၊ ရိုက်ခြောက်ပေါက်ထုတ်ပြုလုပ်နေရသဖြင့်လည်း အမြှောင်းလိုက်ထ၍နေသော လက်အသားမာဖုများအပြင် လက် မောင်း၊ လက်အိုး၊ လက်ဖျံ၊ လက်ရင်းတို့သည် သစ်ဒေါက်တိုင် တစ်ခုပမာ မာကျစ်၍ အကြောအမျှင်များသည်ပင် အပြိုင်းပြိုင်း ထလျက်ရှိနေပါတော့သည်။

ပညာစဉ်ကျင့်စဉ်တစ်ခုကို ရက်ပေါင်းကိုးဆယ်တိတိ မရပ်မနား ကျင့်ကြံရသည်။ ထို့အပြင် ပုရပိုက်ပါ ပညာစဉ်၊ ပညာခန်းများကိုလည်း နှုတ်တိုက်ရွရွ မှတ်သားရသေးသည်။

ကစ်ခုသောနေ့လယ်ခင်း လေ့ကျင့်စဉ်အပြီးတွင် အ



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ထိုင်နေရာ ကျောက်ဖျာအနီးသို့ စနေ ...ချွေးသံတရွှဲရွှဲနှင့် ရောက်ရှိလာခဲ့ပါ၏။ ထိုအချိန်တွင် ဘရသေ့မှာ ကတ္တီပါအိတ်ရှုံလေးထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်ယူနေသည်ကို မြင်တွေ့လိုက်ရသည်။

မျှင်မျှင်တွဲတွဲနှင့် မည်းနက်သောအရာလေးတစ်ခု ...။ ထိုမည်းမည်းအရာလေးကို သူ့ရှေ့တွင်ချထားသည့် ရွှေငှက်ပျောသီးတစ်လုံးအား လက်မနှင့်ဖိထိုးခွဲပြီး အထဲသို့ထိုးထည့်လိုက်သည်။

"ကိုင်း ..ရော့ စနေ ...ဒီငှက်ပျောသီးကိုစားလိုက်၊ ထွေးမထုတ်နဲ့နော် ...ခါးသက်သက်အရသာကိုတော့ မင်းခံစားရမှာပဲ"

"ဟို ...ငှက်ပျောသီးထဲကို ထိုးထည့်လိုက်တဲ့ မည်းမည်းအရာတွေက ဘာတွေလဲ ...ဟင် ...ဘရသေ့"

"အင်း ...ဘာတဲ့ ...မွန်းတည့်နေတွင် သည်းခြေဝက်ဝံ အဆန်ခွံကို လျှာတွင်ပွတ်ထိ မျိုချဘိလော့ ...တဲ့ စနေရဲ့"

ဘရသေ့ရှင်းပြနေစဉ်မှာပင် ...ငှက်ပျောသီးကို စနေက ကိုက်စား၍မျိုချလိုက်ပါ၏။ ခါးခြင်း၊ ချိုခြင်းအရသာနှစ်ခုက ခါးခြင်းဘက်သို့ အားများသွားသည်ထင့် ...။ ပါးစပ်တစ်ခုလုံး ခါးသက်သက်နှင့်မို့ လည်ချောင်းအတွင်းသို့ ဒရောသောပါး မျိုချလိုက်ပါတော့သည်။





"ဝက်ဝံသည်းခြေဟာ ...လက်ရေးအတတ်၊ တုတ်ရေးအတတ်၊ ဓားရေးအတတ်တွေကို မနေမနားစွမ်းစွမ်းတမံဆောင်ရွက်ရတဲ့ လူစွမ်းတွေရဲ့ အားအမြိုက်ဆေးပဲ စနေ ...င်း အခုစားလိုက်ရတဲ့ 'ဝက်ဝံ့သည်းခြေ' ဟာ သစ်ဖောက်ဝက်ရဲ့ သည်းခြေပဲကွယ့်၊ နီကြင်ကြင်အရောင်ရှိတယ်၊ မွန်းတည့်နေ့မှာ အဲဒီဝက်ဝံသည်းခြေကို အစိမ်းအတိုင်း ငှက်ပျောသီးထဲထည့်ပြီး မျိုရတယ် ...ဒါဟာ ရှေးသမားတော်ကြီးတွေရဲ့ အဆိပ်ဖြေဆေးလမ်းစဉ်တစ်ခုပဲ စနေရေ"

စနေသည် ခါးသက်သော အရသာလေချဉ်နှင့်အတူ ချို၍တက်လာသည်ကို ရှု့မဲ့၍ခံယူလိုက်သည်။ ရသဟရဏီအကြောများမှတစ်ဆင့် သွေးကြောပြွန်အကြောအခြင်များ တစ်လျှောက် ဝက်ဝံသည်းခြေအရည်များ စိမ့်ဝင်ပျံ့နှံ့သွားပါတော့သည်။

ထို့နောက်မှာတော့ ...ရသေ့ကြီးဦးဇဂရသည် 'စက္ကန္ဓုဗ္ဗ'တုတ်ခင်းပညာရပ်၏ အသက်သွေးကြောဖြစ်သော သက်ရှူကျင့်စဉ် ဝင်္ဂမနည်း (ဝါယယုက္ခမသိဝုတ္တ) နိဿျကို လက်တွေ့ကျင့်ကြံအားထုတ်စေပြန်ပါ၏။

"ဝါးဆစ်ပေါက် ပညာလို့ခေါ်တယ် ...ဝါယယုက္ခမသိဝုတ္တပညာလို့လည်း ခေါ်တယ်ကွယ့်၊ ဝါယောကို မင်း ပိုင်နိုင်ခဲ့ရင် ကိုယ်ခန္ဓာအလျင် ပေါ့ပါးမယ်၊ အခုန်အပျံ့၊ အကာအလွှား ...သူမတူအောင် အစွမ်းထက်မယ်၊ လူစွမ်းတွေမှတတ်အပ်တဲ့



www.burmeseclassic.com

ပညာရပ်ပဲကွယ့်''

မှတ်ချက် ။ ။ "စက္ကုန္ဒတုတ္တ" တုတ်ခင်းအချို့လက်ာ ပေချပ်ပုရပိုက်မှာ လွန်စွာမှ များပြားကျယ်ဝန်းလှပါသဖြင့် . . . ချန်ရစ်ခဲ့အပ်ပါသည်။ ဇာတ်လမ်းနှင့်သင့်လျော်ဆီဆိုင်သမျှသာ ဖော်ပြအပ်ပါသည်။

(စာရေးသူ)

ဘရသေ့၏ . . . 'စက္ကုန္ဒတုတ္တ' တုတ်ခင်းပညာရပ်များကို နားထောင်နေရင်းမှ စနေသည် . . . ထူးခြားဖြစ်စဉ်တစ်ခုကို ဘရသေ့အား ပြောသင့်၊ မပြောသင့် ချိန်ဆနေပါ၏။ အကြောင်းချင်းရာအဖြစ်အပျက်တစ်ခုတည်းကိုသာ မကြာခဏဆိုသလို ထပ်ခါတလဲလဲမြင်မက်နေသည့် အိပ်မက်တစ်ခုကို ဘရသေ့အား ပြောပြမှသာ ဖြစ်ချေတော့မည်။

"စနေ . . . ပုရပိုက်ဖတ်ကြားပြတာကို စိတ်မရောက်ဘူး၊ မင်း မေးချင်ပြောချင်တာရှိရင် ပွင့်ပွင့်လင်းလင်းပြောစမ်း . . . ငါရှေ့ကနေ ပုရပိုက်တုတ်ခင်းဖတ်ပြရတာ အနှောင့်အယှက်ဖြစ်တယ်''

ဘရသေ့၏ ဒိုးဒိုးဒေါက်ဒေါက်ပြောချလိုက်သော စကားကြောင့် စနေမှာ . . . လန့်ဖျပ်သွားသည်။ သူ၏စိတ်ထဲမှ အကြံအစည်ကိုပင် ဘရသေ့က ကြိုတင်၍သိရှိနေလေသည်လား။





"ဟုတ် . . . ဟုတ်ပါတယ် ဘရသေ့ . . . ကျွန်တော့်မှာ ထူးထူးဆန်းဆန်းအိပ်မက်တစ်ခုကို ခဏ ခဏ . . . မြင်မက်နေတယ်''

"အိမ်း . . . ဟုတ်ပြီ . . . အဲဒီအိပ်မက်ကို ငါ့ကို သေသေချာချာပြောပြစမ်း''

"ဒီလိုပါ ဘရသေ့ . . . အိပ်မက်ထဲမှာ ကြီးမားလှတဲ့ကျားသစ်နက်ကြီးတစ်ကောင်နဲ့အတူ ရသေ့အိုကြီးတစ်ပါးကို ခဏ ခဏ မြင်မက်နေမိတယ်၊ အဲဒီဘရသေ့က ကျွန်တော့်ကို ခေါ်သွားပြီး တစ်နေရာကို သူ့လက်ထဲက တောင်ဝှေးကြီးနဲ့ ညွှန်ပြလိုက်တယ်၊ ကျွန်တော်ကြည့်လိုက်တော့ မီးခိုးငွေ့လိုလို၊ မြူငွေ့လိုလိုတွေကြားက လှုပ်ရှားနေကြတဲ့ ပုံရိပ်တချို့ကို တွေ့လိုက်ရတယ် ဘရသေ့''

စနေ၏အိပ်မက်ကို . . . ဘရသေ့က ကျောက်ဖျာထက်သည် တင်ပျဉ်ခွေကာ မျက်စိအစုံကိုမှေးမှိတ်လျက် ဝိညာဉ်လွှင့်သကဲ့သို့ မတုန်မလှုပ်နှင့် နားထောင်နေပေသည်သို့ . . .။

"မကြာခင် မြူနှင်းမီးခိုးငွေ့တွေရှင်းသွားတော့ လွန်ခဲ့တဲ့ကုန်းဘောင်မင်းဆက်ရဲ့ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ သီပေါမင်းဘုရားလက်ထက် မြန်မာနိုင်ငံကြီးရဲ့ ကျရှုံးခန်းတစ်ခုကို ထင်ထင်ရှားရှားတွေ့မြင်လိုက်ရတယ်၊ အင်္ဂလိပ်မျက်နှာဖြူနယ်ချဲ့တွေနဲ့ မြန်မာမျိုးချစ်တော်လှန်ရေးရဲမက်တွေရဲ့ သွေးချောင်းစီးတိုက်ပွဲတွေကို ဇာတ်ရှင်ကြည့်နေရသလို တွေ့လိုက်ရတယ် . . .၊

www.burmeseclassic.com



''အဲဒီမှာ ... ကျွန်တော်က လက်ယာစစ်ကဲမှူးကြီး နေမျိုးကျော်စွာရဲ့ ညာလက်ရုံးတပ်မှူးသွေးသောက်ကြီးငပေ ဖြ နေတယ်၊ ကျွန်တော်ရဲ့လက်ထဲမှာလည်း သွေးစွန်းနေတဲ့ 'ဝါ ကျစ်လိမ်တုတ်တို' ကိုတွေ့နေရတယ်၊ အိမ်မြင့်ကြီးလိုလို နန်း ဆောင်ကြီးလိုလို ... မီးတွေလောင်ကျွမ်းနေတဲ့ မီးလောင်ပြင်မှာ အော်ဟစ်သံတွေ့ ညည်းညူသံတွေ့ တိုက်ခိုက်ကြူးဝါးသံတွေ လည်း ကြားနေရတယ်''

စနေမှာ ... သွေးပျက်ဖွယ်၊ ရင်နင့်ကြေကွဲဖွယ်၊ နာ ကြည်းခံပြင်းဖွယ် အိပ်မက်ဇာတ်လမ်းကို ဆက်လက်၍ပြော နေပါသည်။ သူ၏မျက်ဝန်းအစုံမှာ ထူးထူးခြားခြားပင် စူးရှလင် လက်နေသည်သို့ ...။

''အင်း ... တစ်ခုကျန်သွားတယ် ... စစ်ကဲကြီးနေမျိုး ကျော်စွာရဲ့ ညီတော်ဖြစ်တဲ့ ဗိုလ်မှူးကျော်ခေါင်ဟာ မြေခွေးလို ကောက်ကျစ်ယုတ်မာတဲ့သူ ဖြစ်တယ်၊ ရာထူးအာဏာနဲ့ ကိုယ် ကျိုးရပိုင်ခွင့်တွေကိုလည်း မက်မောတွယ်တာတဲ့သူတစ်ယောက် အဲဒါကြောင့် ... ရာထူးအာဏာတွေ့ အခွင့်အရေးတွေပေးပြီး မက်လုံးဆွယ်တဲ့ .. နယ်ချဲ့မျက်နှာဖြူတွေ့ သစ္စာဖောက်လော ကောင်မြို့သူကြီးတွေနဲ့ လျှို့ဝှက်ပြီးဆက်သွယ်ထားတယ်လေ''

''အင်း ... အခွင့်အရေးရတာနဲ့ သစ္စာဖောက် ဗိုလ်မှူး ကျော်ခေါင်ဟာ စစ်ကဲကြီးနေမျိုးကျော်စွာရဲ့ ခံတပ်တံတိုင်းကြီး လိုဖြစ်နေတဲ့ ယင်းတိုက်တစ္ဆေဗိုလ်ပေဆိုပြီး နာမည်သတင်းကြီး





နေတဲ့ ကျွန်တော့်ကို ဥပါယ်တံမျဉ်နဲ့ ခရီးထွက်စေခဲ့ပြီး ... သူ့ရဲ့ အစ်ကိုတော် စစ်ကဲကြီးကို လုပ်ကြံသတ်ဖြတ်လိုက်တယ်၊ ယင်း တိုက်တောင်က လျှို့ဝှက်စစ်စခန်းရဲ့ လျှို့ဝှက်လမ်းကြောင်းကို လည်း ရန်သူ မျက်နှာဖြူနယ်ချဲ့တွေကို လမ်းညွှန်ခဲ့လေတော့ စောစောကမြင်တွေ့ခဲ့ရတဲ့ သွေးချောင်းစီးတိုက်ပွဲကြီးတွေ ဖြစ်ပွား ခဲ့ရတော့တာပေါ့ ...၊

အင်း ... ပြောရရင် ... စစ်ကဲမှူးကြီးရဲ့ သစ္စာရှိ တော်လှန်ရေးရဲမက်တွေဟာ မြေခွေးတစ်ကောင်ရဲ့ ယုတ်မာ ကောက်ကျစ်တဲ့ကလိန်ဉာဏ်ကြောင့် ဒီတိုက်ပွဲကြီးမှာ အသက် သွေးတွေစတေးပြီး ကျဆုံးခဲ့ကြရတယ်၊ နောင်တော်အရင်းကို သတ်ပြီး ရန်သူလက်ကိုအပ်ခဲ့တယ်၊ ယင်းတိုက်တစ္ဆေငပေ ပြန် ရောက်လာတော့ နောက်ကျသွားခဲ့ပြီလေ ... လောင်မြိုက်နေတဲ့ မီးမုန်တိုင်းကြီးနဲ့ အနိဋ္ဌာရုံသွေးပင်လယ်ကြီးကိုပဲ တွေ့ရတော့တာ ပေါ့ ...၊

နာကြည်းစိတ်၊ ပေါက်ကွဲစိတ်၊ မခံချင်စိတ်ဒေါသတွေနဲ့ မျက်နှာဖြူစစ်သားတွေကို 'ဝါးကျစ်လိမ်တုတ်တို' နဲ့ ဖြိုခွင်းတိုက် ခိုက်ခဲ့ပေမယ့် ရန်သူအလုံးအရင်းနဲ့ ဝင်ပြီးစီးထားနင့်တာရယ်. ရန်သူအင်အားများပြားလှတာရယ်ကြောင့် ... သူ့ရဲ့သစ္စာရှိသွေး သောက်ရဲမက်တွေအားလုံး တစ်ယောက်မကျန် အသက်ပေးသွား ခဲ့ကြရတယ် ...၊

အင်း ... ဒါပေမဲ့ ... ယင်းတိုက်တစ္ဆေဗိုလ်ပေကတော့



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့ရဲ့လက်ချက်နဲ့ အသေမခံဘဲ မြင့်မြတ်တဲ့သူရဲကောင်းတို့ရဲ့စွန့်လွှတ်ခြင်းနဲ့အတူ သွေးသစ္စာကျိန်ဆိုခဲ့ပြီး သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်၊ အဲဒီအိပ်မက်ထဲက သွေးသစ္စာကျိန်စာ အတိုင်းသာဆိုရင်တော့ နောင်နှစ်ပေါင်းတစ်ရာနီးပါးလောက်မှာ သစ္စာဖောက်လူယုတ်မာ ကျော်ခေါင်ကို ... ကျွန်တော်ကိုယ်တိုင် ပြန်ပြီးလက်စားချေခွင့်ရလိမ့်မယ်လို့ မြင်မက်ခဲ့တယ် ဘရသေ့၊

အဲ ... ထူးဆန်းတာတစ်ခုက အိပ်မက်ထဲက သစ္စာဖောက် ဗိုလ်မှူးကျော်ခေါင်နဲ့ ဟို ... ကျွန်တော့်မိဘနှစ်ပါးကို ရက်ရက်စက်စက်သတ်ခဲ့တဲ့ ဂျပန်ဗိုလ်မှူးကြီး ... 'ဆာတိုးယာမ'နဲ့ဟာ တစ်ထပ်တည်း, တစ်ယောက်တည်းဖြစ်နေပါတယ် ဘရသေ့ ...၊

နောက်ပြီး ... ယင်းတိုက်တစ္ဆေဗိုလ်ပေနဲ့ မြို့သူကြီးသမီး ခင်ဘုန်းတို့ရဲ့ ကြေကွဲဆွတ်ပျံ့ဖွယ် အချစ်ဇာတ်လမ်းလေး ကလည်း နှစ်ခန်းရပ်ဇာတ်လမ်းအဖြစ်နဲ့ မြင်မက်ခဲ့သေးတယ်၊ ဟုတ်တယ် ... ယင်းတိုင်တစ္ဆေငပေနဲ့ ခင်ဘုန်းတို့ဟာ နှစ်ကြိမ် တည်းသာ ဆုံစည်းခွင့်, ချစ်ခွင့်ရခဲ့ကြပြီး ... သေကွဲကွဲခဲ့ကြရ တယ်၊ သူတို့နှစ်ဦးဟာလည်း နောင်နှစ်ပေါင်းတစ်ရာနီးပါး ကြာ မြင့်တဲ့အချိန်မှာ မမျှော်လင့်ဘဲဆုံတွေ့ခွင့်ရကြပြီး မပြီးဆုံးခဲ့တဲ့ ချစ်ခရီးကြွေးကို ပြန်ပြီးဆပ်ခွင့်ရကြမယ်တဲ့ ... ဘရသေ့ရယ်''

စနေ၏အိပ်မက်ရှည်ကြီး ပြီးဆုံးသွားခဲ့သည့်တိုင် ... ကျောက်ဖျာထက်မှ ဘရသေ့မှာ မတုန်မလှုပ် ကျောက်ဆစ်ရုပ်





နယ်သာတည်း။ အတန်ကြာမှ ဟင်း ... ခနဲ သက်ပြင်းချသံ သဲ့သဲ့နှင့်အတူ လွင့်မျောနေသည့် နာမ်ဝိညာဉ်သည် ဘရသေ့၏ ခန္ဓာကိုယ်တွင်းသို့ ပြန်လည်၍ ပူးဝင်ရောက်ရှိလာသည့်သို့ ...။

''အင်း ... မကြာခင် ... နှစ်ပေါင်း တစ်ရာနီးပါးက ာဇဝင်ကြွေးတွေ, သွေးသစ္စာကြွေးတွေ အပြီးတိုင်ပေးဆပ်တဲ့ ကြီးတစ်ခု ယင်းတိုက်တောင်မှာ မွေးဖွားလာကြတော့မယ်၊ အဲဒီရာဇဝင်ကြွေးဆပ်တဲ့ပွဲကြီးမှာ ... မင်းဟာ ယင်းတိုက်တစ္ဆေ ကြီး ဗိုလ်ပေရဲ့ကိုယ်ပွား ... 'ယင်းတိုက်တစ္ဆေ ငစနေ' ဆိုတဲ့ ဘွဲ့နာမည်နဲ့ ဖက်ဆစ်ဂျပန်တွေကို တော်လှန်တိုက်ထုတ်ရလိမ့် ယ်၊ အခုချိန်ကတည်းက ရန်ကြွေးတွေ, သွေးကြွေးတွေကို ချေဖျက်ဖို့ တုတ်သွေးပြီး အားမွေးထားပေတော့ လူကလေးရေ''


ဘရသေ့၏ ထူးဆန်းအံ့သြဖွယ်ရာ စကားများက ... စနေ၏ရင်ဘတ်ကြီးကို ထွင်းဖောက်ကာ သွေးကြောအနှံ့တိုင် း၀င်သွားပြီး နှလုံးသည်းပွတ်အတွင်းထိတိုင် ဒုတ်ဒုတ်ထိ စူးနှစ် င်ရောက်သွားပါချေပြီတည်း ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



## နှလုံးသားတွင်စူးဝင်နေသော ...'ဆူး'တစ်ချောင်း

ရဲရမန်းမြို့ ...။

ရှမ်းပြည်နယ်နှင့် မြန်မာနယ်စပ်တွင်ရှိသော မြို့ကြီး တစ်မြို့။

တောင်စဉ်တောင်တန်း အသွယ်သွယ်၊ အဆင့်ဆင့် ခြံ သိုင်းကျူးရင့်နေသည့် ... ရဲရမန်းနယ်ကား ဒုဌဝတီခေါ် မြစ် ငယ်မြစ်၏မြစ်ဝှမ်းတစ်လျှောက်တွင် တည်ရှိသည်။ ဟဲလယ် နန်းဟူး၊ ကုန်းသာ၊ အုန်းကျော၊ သရက်ပင်၊ ဖရစ်ခဲ ...စသော ရွာကြီးရွာငယ်အသွယ်သွယ်တို့ဖြင့် ဝိုင်းပတ်ကာရံထားပြီး ရှမ်းနှင့် မြန်မာ ရောယှက်ပေါင်းစပ်နေသည့် နယ်ခြားအရပ်ဒေသဖြစ်





သည်။ ရေလမ်း,ကုန်းလမ်း ပေါင်းဆုံရာ၊ စီးပွားရေးအချက်အချာ ကျရာ မြို့ကြီးတစ်မြို့ဖြစ်သဖြင့် ကျူးကျော်နယ်ချဲ့အုပ်ချုပ်ခြင်းခံ ကြရသည့် ဂျပန်စစ်အုပ်ချုပ်ရေးကာလမှာပင် .. မစည်မကောင်း စည်ကားလျက်ရှိပါသည်။

ထိုရဲရမန်းမြို့၏ တောင်ကုန်းမြင့်တစ်ခုပေါ်တွင် အုတ် ဘိုက်နီနီကြီးနှင့် စုလစ်မွန်းချွန်ဆောက်လုပ်ထားသည့် ရဲတိုက် ဟောင်းကြီးတွင် ...ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးဆာတိုးယာမ က ဂျပန်ကင်ပေတိုင်စခန်းကြီးအဖြစ် ဖွင့်လှစ်ထားရှိခဲ့ပါ သည်။

နံနက်ခင်းနေခြည်သည် နှင်းမြူဇာပဝါပါးကို ထိုးဖောက် ၍ ဂျပန်ကင်ပေတိုင်စခန်းဝန်းကျင်တစ်ဝိုက်တွင် ဖြန့်ကျက်ကျ ဆင်းနေပါ၏။ စခန်းရှေ့မြက်ခင်းပြင်ထက်ရှိ အလံတိုင်ထိပ်ဖျား ဝယ် အဖြူပေါ်တွင် အနီရောင်နေဝန်းဆိပ်အဝိုင်းကြီးပါရှိသည့် ဂျပန်အလံက နံနက်ခင်းလေပြည်တွင် တဖျတ်ဖျတ်ရိုက်ခတ်လွင့် ပျံလျက် ...။

ဂျပန်ကင်ပေတိုင် ဗိုလ်မှူးဆာတိုးယာမမှာ ...သူ၏ အနားယူသောအခန်းတွင်း ထိုင်ရင်း သူ့ရှေ့ရှိ အရက်ပုလင်းထဲမှ အရက်တချို့ကို အရက်ခွက်ထဲသို့ စိတ်မရှည်စွာလောင်းထည့် လိုက်ပြီး တစ်ကျိုက်တည်းမော့သောက်လိုက်ပါ၏။

"အား ...ဖွီး"

ဝီစကီအရက်တချို့က ဆာတိုးယာမ၏ပါးစပ်အတွင်းသို့ ဖိတ်တချို့ စဉ်တချို့နှင့်ဝင်ရောက်သွားကြသည်။ သို့တိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဆာတိုးယာမ၏ သွေးပျက်ချောက်ချားနေကြသည့်စိတ်တို့က မတည်ငြိမ်နိုင်သေးပါ။ ညဦးယံအိပ်မက်ထဲတွင် ပုံတင်ထပ်မျှ ကြားခဲ့ရသည့် ရသေ့အိုကြီး၏စကားများကိုသာ ကြားယောင်နေမိသည်။

''သတိထား ဆာတိုးယာမ . . . ဒီနေ့ည သင်းရဲ့အိပ်မက်ထဲကို ဝိညာဉ်တစ္ဆေတစ်ကောင် ရောက်လာလိမ့်မယ်၊ အဲဒီဝိညာဉ်တစ္ဆေဟာ သင့်နောက်က အရိပ်လိုကပ်ပြီးလိုက်နေတဲ့ . . . သင်ကျူးလွန်ခဲ့တဲ့ သစ္စာမဲ့အတိတ်တစ်ခုရဲ့ ဝဋ်ကြွေးပဲ . . .၊

ဟုတ်တယ် . . . အခုလာမယ့် ရက်ပေါင်းသုံးဆယ်အတွင်းမှာ သင် သစ္စာမဲ့ခဲ့တဲ့ဝဋ်ကြွေးကို သင်ကိုယ်တိုင်ပြန်ပြီး ပေးဆပ်ရလိမ့်မယ်၊ အဲဒီအကြွေးကို လာယူမယ့်သူက ယင်းတိုက်တစ္ဆေ စေနေတဲ့ . . .၊

ယင်းတိုက်တစ္ဆေ စေနေတဲ့ . . . ယင်းတိုက်တစ္ဆေ . . . စေ . . . စ . . . နေ . . . တဲ့''

ရသေ့အိုကြီး၏စကားသံများနှင့်ရုပ်သွင်ကပါ အာရုံထဲသို့ အမြှောက်ထိုးဖောက်ဝင်ရောက်သည်မို့ ဆာတိုးယာမမှာ ဒေါသတကြီးနှင့် အရက်ခွက်ကို အခန်းနံရံဆီသို့ ပစ်ပေါက်ရိုက်ခွဲလိုက်သည်။

'ဗိုး . . ခွမ်း . . ခလွမ်း'

''ဟေး . . . မဆပ်ဘူးကွာ . . . မဆပ်ဘူးဟေ့ . . . ဘာအကြွေးမှ ငါ့မှာမရှိဘူးဟေ့''

အနားယူခန်းမှ အရက်ဖန်ခွက်ပစ်ပေါက်ကျကွဲသံ၊ ဆာ





တိုးယာမ၏ အဆက်အစပ်မရှိ ဒေါသတကြီးအော်ဟစ်သံများကြောင့် တပ်ကြပ်ကြီးယာမာမိုတိုနှင့် စကားပြန်ဂူမ္ဘာန်တို့ ဒရောသောပါး ပြေးဝင်လာကြသည်။

''မာစတာ . . . မာစတာ . . . ဘာ . . ဘာဖြစ်လို့ပါလဲ''

မျက်နှာကြီးတစ်ခုလုံး နီရဲလျက် ခန္ဓာကိုယ်ကြီးတစ်ခုလုံး တဆတ်ဆတ်လှုပ်ခါနေသည့် သူ၏သခင် ဆာတိုးယာမကို ကြည့်ကာ အိပ်မက်တစ္ဆေ နှောင့်ယှက်နေပြန်ပြီကောဟု ဂူမ္ဘာန် သိရှိလိုက်ရသည်။

''ယာမာမိုတို . . . ဂူမ္ဘာန် . . .''

''အမိန့်ရှိပါ မာစတာ''

''ဟိုက် . . . မာစတာ''

တုန်တုန်ယင်ယင်အသံနက်ကြီးဖြင့် အော်ဟစ်ခေါ်ငင်လိုက်သဖြင့် နှစ်ယောက်သား ထိတ်ထိတ်လန့်လန့်ဖြင့် ထူးလိုက်ရသည်။ ဂူမ္ဘာန်ကမူ အလိုက်တသိပင် ဖန်ခွက်အသစ်တစ်ခွက်တွင် ဝီစကီအနည်းငယ်ကို ထည့်လိုက်ပြီး ဆာတိုးယာမအား တရိုတသေနှင့်ပေးလိုက်ပါ၏။

ယခုမှ အတော်အတန် စိတ်တည်ငြိမ်လာဟန်တူသည့် ဆာတိုးယာမမှာ ဂူမ္ဘာန်ပေးသောအရက်ခွက်ကိုယူကာ တစ်ကျိုက်ခန့်သောက်လိုက်သည်။

''မင်းတို့ . . . ငါခိုင်းထားတဲ့ကိစ္စတွေအားလုံး စီစဉ်ပြီးကြပြီလား''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ မာစတာ ... အားလုံးနီးပါးတော့ စီစဉ်ထားပြီးပါပြီ၊ ဟောဒီကင်ပေတိုင်ဌာနချုပ်စခန်းရဲ့ ပတ်ပတ်လည်ကိုက်နှစ်ရာအတွင်းမှာ တောရှင်းပြီး မိုင်းတချို့ ထောင်ပြီးပါပြီ၊ ပတ်ပတ်လည်သံဆူးကြိုးကာဖို့ရယ်, လျှပ်စစ်မီးမောင်းတွေ ဆင်ဖို့ရယ်က နောက်တစ်ရက်နှစ်ရက်ဆိုရင် ပြီးစီးပါပြီ၊ နောက်ပြီး မာစတာရှာဖွေနိုင်းတဲ့ အမဲလိုက်ခွေး အကောင်နှစ်ဆယ်လည်း သန်ဘက်ခါဆိုရင် ဆီဘူးကွဲတောင်ကနေ လာပြီးပို့ကြပါလိမ့်မယ် ... ဒါ ... ဒါ ... ပေ ... မဲ့''

''ဘာလဲ ဂုမ္ဘာန် ... ဘာ ဒါပေမဲ့လဲ ... ငါနားမလည်ဘူး ... သေချာရှင်းပြစမ်း''

''ဟို ... ဟို ... ဘာမဟုတ်တဲ့ အိပ်မက်ထဲကနေ ခြိမ်းခြောက်နေတဲ့ကိစ္စလေးကို ... ဟို ... ဟို ... မာ ... မာစတာများ သိပ်ပြီးစိုးရိမ်ကြောင့်ကြစိတ်တွေ လွန်ကဲနေသလားလို့''

''ဘာပြောတယ် ဂုမ္ဘာန်''

ဆာတိုးယာမက သူ၏ခါးတွင်ချိတ်တွဲထားသည့် လေးဆယ့်ငါးဘို့ ပစ္စတိုကြီးကို ဖျတ်ခနဲဆွဲထုတ်ကာ စကားပြန်ဂုမ္ဘာန်၏ ရင်တည့်တည့်သို့ ချိန်ရွယ်လိုက်သည်။ ရုတ်တရက်မို့ စကားပြန်ဂုမ္ဘာန်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပါ၏။

'ဟိုက် မာစတာ ... ဟိုက် ... ဟိုက် ... ကျွန်တော်မှားသွားပါတယ် ... ခွင့် ... ခွင့်လွှတ်ပါ မာစတာ၊ အဲ ... အဲဒီ ယင်းတိုက်တစ္ဆေကောင်ကြီးရောက်လာခဲ့ရင် သူ့ရဲ့ဦးခေါင်းကို





တ်ပြီး ကျွန်တော်ကိုယ်တိုင် မာစတာကိုအပ်ပါ့မယ်လို့ ကတိ ပေးပါတယ်''

ဆာတိုးယာမ၏ခြေသလုံးကို ဖက်လုမတတ်တောင်းပန် နေသည်ကြောင့် ဆာတိုးယာမမှာ စားပွဲပေါ်သို့ ပစ္စတိုကြီးကို င်ချလိုက်သည်။

''ဒီမှာ ဂုမ္ဘာန် ... သေသေချာချာနားထောင် ... ငါ ကိုယ်တိုင် မြင်မက်ခဲ့တဲ့ အိပ်မက်ဟာ ရသေ့အိုကြီးပြောထားခဲ့တဲ့ ကားတွေအတိုင်း တစ်ထပ်တည်းတူနေတယ်လေ၊ ကိုင်း ... င်း ဘာလုပ်မလဲ ဂုမ္ဘာန်''

ထို့နောက်မှာတော့ ဆာတိုးယာမ ပြောပြနေသည့် ထူးဆန်းသောအိပ်မက်ထဲမှ အဖြစ်အပျက်များကို တပ်ကြပ်ကြီးယာ မိုတိုနှင့် စကားပြန်ဂုမ္ဘာန်တို့ စိတ်ဝင်တစား နားထောင်နေကြ ပါတော့သည်။

''အေး ... မနေ့ညကမြင်မက်ခဲ့တဲ့ ငါ့ရဲ့အိပ်မက်ထဲမှာ ဟာ မြန်မာဗိုလ်မှူးတစ်ယောက်ဖြစ်နေတယ် ... နာမည်က ကျော်ခေါင်တဲ့၊ စစ်ကဲမှူးကြီးနေမျိုးကျော်စွာရဲ့ သစ္စာဖောက် ညီတော်တစ်ယောက်တဲ့လေ၊ ကျော်ခေါင်ဟာ မျက်နှာဖြူ အင်္ဂလိပ်တွေနဲ့ လျှို့ဝှက်စွာပူးပေါင်းပြီး နယ်ချဲ့တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်တဲ့ သူ့ရဲ့နောင်တော် နေမျိုးကျော်စွာ ငှက်ဖျားမိနေခိုက်မှာ သူကိုယ်တိုင်သတ်ဖြတ်ခဲ့ပြီး အင်္ဂလိပ်မျက်နှာဖြူနယ်ချဲ့တွေနဲ့ ပူးပေါင်းလိုက်တယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင်ဟာ မျက်နှာဖြူတွေပေးအပ်တဲ့ ငွေကြေ တွေ့, အဆောင်အယောင်တွေ, ရာထူးအာဏာတွေ ရယူနိုင် ပေမယ့် သစ္စာဖောက်လောက်ကောင်ဆိုတဲ့ ဖျက်မရနိုင်တဲ့ သမိုင်း အမည်းစက်ကြီးကတော့ စွဲစွဲမြဲမြဲ ထင်ကျန်ရစ်ခဲ့တော့တာပဲပေါ့ နောက်တစ်ခုက . . . သူ့ရဲကောင်းတို့စွန့်လွှတ်ခြင်းနဲ့ ကိုယ့်ကို ကိုယ် အဆုံးစီရင်သွားခဲ့တဲ့ . . . 'ယင်းတိုက်တစ္ဆေဗိုလ်ပေ ထူးဆန်းတဲ့ 'ဝါးကျစ်လိမ်တုတ်' ကိုကျော်ခေါင်ကိုယ်တိုင် အမှ တရသိမ်းဆည်းထားခဲ့တယ် . . .၊

အဲဒီနောက်တော့ . . . ကျော်ခေါင်ဟာ နယ်ချဲ့မျက်နှာဖြူ တွေနဲ့ပူးပေါင်းပြီး သူ့ရရှိထားတဲ့ရာထူးအာဏာတွေကို မြင့်သ ထက်မြင့်အောင် ကြိုးစားခဲ့တယ်၊ အဲဒီလို သူတစ်ကိုယ်တည် ကောင်းစားရေးအတွက် . . . တိုင်းပြည်မျိုးချစ်သူရဲကောင်းတွေ အသက်အိုးအိမ်စည်းစိမ်တွေကို ဖျက်ဆီးခဲ့တယ်၊ တကယ်တော့ မြန်မာ့တပ်မှူးဟောင်း ဗိုလ်မှူးကျော်ခေါင်ဟာ သူ့အတွက်ဆိုရ . . . ဘနဖူးတောင် သိုက်တူးမယ့်သူတစ်ယောက်ဆိုတာ မကြာ ခင် ရုပ်လုံးပေါ်လာခဲ့တယ်လေ . . .၊

မျက်နှာဖြူအင်္ဂလိပ်တွေနဲ့ ပူးပေါင်းပြီး မြန်မာ့ကျော် မျက်ရတနာတွေကိုပါ ချုပ်ကိုင်ချယ်လှယ်ဖို့ ကြိုးစားလာခဲ့တယ် မိုးကုတ်ပတ္တမြားမြေကနေ တန်ဖိုးကြီးမားလွန်းလှတဲ့ ပတ္တမြားကြီး တစ်လုံးကို သူ . . . မမှတ်မထင်ရရှိခဲ့ရာက လောဘတစ္ဆေ ပူးကပ်လာတယ်၊ ဒီမှာတင် . . . ပတ္တမြားကြီးအကြောင်းကို သိ





မျက်နှာဖြူစစ်ဗိုလ်နှစ်ယောက်ကို အစာထဲမှာအဆိပ်ခတ်ပြီး တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်ခဲ့ပြန်တယ်၊ ဒါပေမဲ့ မိုးကုတ်မြေ ကနေ အဲဒီပတ္တမြားကြီးကို ထုတ်ယူဖို့ရာအခွင့်မသာခဲ့ဘူးလေ၊ သည်မှာတင် . . . အကြံပက်စက်သလောက် ဉာဏ်ပြေးလှတဲ့ ကျော်ခေါင်ဟာ ယင်းတိုက်တစ္ဆေဗိုလ်ပေ ကိုင်ခဲ့တဲ့ ဝါးကျစ်လိမ် တုတ်ရဲ့ထိပ်မှာ သံနဲ့အခွေးလုပ်ပြီး ပတ္တမြားကြီးကိုထည့်ပြီး ဝှက် လိုက်တယ်၊ ဒီလိုနဲ့ . . . တန်ဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားကြီးတစ်လုံး ဟာ လူမသိ သူမသိနဲ့ . . . 'ဝါးကျစ်လိမ်တုတ်'ကြီးထဲကို ရောက် ရှိသွားခဲ့တော့တယ် . . .၊

ဗိုလ်မှူးကျော်ခေါင်ဟာ အဲဒီအစီအစဉ်ကို သိပ်ပြီး သဘောကျသွားခဲ့တယ်၊ သူ့ရဲ့ပတ္တမြားကြီးရဲ့ လုံခြုံရေးကိုလည်း စိတ်ချသွားတယ် . . . ဟုတ်တယ်လေ ဘယ်သူကမှ ဝါးလုံးတစ် လုံး, တုတ်တိုတစ်ချောင်းရဲ့ သံခွေးတပ်အခေါင်းထဲမှာ တန်ဖိုးကြီး မားလှတဲ့ ပတ္တမြားကြီးတစ်လုံးရှိနေလိမ့်မယ်လို့ . . . ရိပ်စားထင် မြင်မိကြမှာလဲပေါ့ . . .၊

ဒါပေမဲ့ ကံကြမ္မာဆိုတာ မမြင်နိုင်, မသိနိုင်တဲ့ အရာမို့ တစ်နေ့မှာ . . . ယင်းတိုက်တစ္ဆေဗိုလ်ပေရဲ့ သစ္စာရှိ ရဲမက်အနွယ် တော်တစ်ယောက်က သူတို့ရဲ့တော်လှန်ရေးခေါင်းဆောင် ကိုင် ဆောင်ခဲ့တဲ့လက်နက်ကို တိုင်းပြည်ရဲ့ သစ္စာဖောက်လောက် ကောင်တစ်ယောက်ရဲ့လက်ထဲမှာ မထားနိုင်ဘူးဆိုပြီး စွန့်စွန့်စား စားနဲ့ ဝင်ရောက်ခိုးယူသွားခဲ့ပါတော့တယ် . . .၊ ဒီမှာတင် ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com




မှူးကျော်ခေါင်တစ်ယောက် ...ငယ်ထိပ်မြွေပေါက်ခံရသလို အရှုးမီးဝိုင်းဖြစ်ရပြီးပေါ့။ ‘ဝါးကျစ်လိမ်တုတ်တို’ ထဲမှာ ပတ္တမြားကြီးဝှက်ထားတယ်ဆိုတာကိုလည်း ဖွင့်ဟပြောလို့မဖြစ်နိုင် ...၊ ဒီတော့ ...ယင်းတိုက်တခွေဗိုလ်ပေရဲ့ ဂန္ထဝင် ဝါးကျစ်လိမ်တုတ်တိုကို သူ့ရဲ့တပည့်လူယုံတွေနဲ့ မိုးအဆုံး မြေအနှံ့ လိုက်ရှာပေမယ့် ပတ္တမြားကြီးပါသွားတဲ့ ...‘ဝါးကျစ်လိမ်တုတ်တို’ရဲ့ သတင်းကတော့ ခြေရာလည်းပျောက် ရေလည်းနောက် ဖြစ်ခဲ့ရတော့တယ်’’

ဗိုလ်မှူးကျော်ခေါင် ...ဒေါသအကြီးအကျယ်ထွက်ပြီး ယမ်းပုံမီးကျ အပူမီးလောင်မြိုက်တော့တာပါပဲ၊ တပည့် တပ်သား လူယုံတွေအပြင်‘ယင်းတိုက်တခွေဗိုလ်ပေရဲ့ ...ဂန္ထဝင် ဝါးကျစ်လိမ်တုတ်တိုကိုရှာတွေ့ခဲ့ရင် ဆုတော်ငွေ ဘယ်၍ဘယ်မျှပေးမယ်’ လို့တောင် သတင်းလွှင့်ပြီး ရှာဖွေခဲ့ကြပေမယ့် ဗိုလ်မှူးကျော်ခေါင်ရဲ့တစ်သက်မှာ ပတ္တမြားကြီးထည့်ဝှက်ထားခဲ့တဲ့ ‘ယင်းတိုက်တခွေရဲ့ ဝါးကျစ်လိမ်တုတ်တိုကို ဘယ်လိုမှ ပြန်လည်ရယူနိုင်ခြင်း မရှိတော့ပါပေ ...။

လူသားတို့၏ အသက်ပေါင်းများစွာကို ရက်ရက်စက်စက် စတေးခဲ့ပြီးမှ ရယူပိုင်ဆိုင်ခွင့်ရခဲ့ပါသော ...ပတ္တမြားကြီးသည် ယခုအခါမှာတော့ ဘယ်ဆီဘယ်ဝယ်မသိ ...ပျောက်ကွယ်တိမ်မြုပ်သွားခဲ့ပါတော့သတည်း။

❊ ❊ ❊





## စံထားအားကျဖွယ် ...ကျားသစ်နတ်သစ္စာ

ရုတ်တရက် တွေ့မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ... နေမှာ ထိတ်ခနဲပင်ဖြစ်သွားပါ၏။ ခါတိုင်းနေ့များဆိုလျှင် ဘရသေ့၏ ကျောင်းသခ်မ်းဝန်းကျင်တွင် ငန်းမြွေကြီးများ၊ စပါးကြီးမြွေကြီးများနှင့် ဝက်ဝံတချို့ကိုပင် အနီးကပ်သွားလာနေကြသည်ကို တွေ့မြင်နေကျဖြစ်သဖြင့် စနေအဖို့ မထူးဆန်းတော့ ...။

ယခု တွေ့မြင်နေရသည်က ... အလုံးအထည် ကြီးမားညီလျားလှသော ကျားသစ်နက်ကြီးတစ်ကောင်ဖြစ်နေသည်မို့ လုံးလက်စခြေလုမ်းများပင် တန့်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကစ်ဆက်တည်းမှာပင် . . . ပြီးခဲ့သည့်လပိုင်းက ရေ
ခွန်တောင်တွင် 'စက္ကန္ဒတုတ္တ' တုတ်ခင်းပညာရပ်များကို စ
တစ်ယောက်တည်းကျင့်ကြံနေစဉ် ရေတံခွန်တောင်ထိပ်တွင်
တွေ့ခဲ့ရသော မည်းနက်နေသည့်သတ္တဝါကောင်မှာ . . .
ကျားသစ်နက်ကြီးပင်ဖြစ်ပေမည်။ ထိုစဉ်က ကျားသစ်နက်ကြီး
အတူ ရသေ့အိုကြီးတစ်ပါးကို စနေ . . . မြင်တွေ့ခဲ့ရသ
မဟုတ်ပါလား။ ထိုစဉ်က . . . ကျားသစ်နက်ကြီးနှင့် ရသေ့
ကြီးတို့ကို ခဏမျှသာ တွေ့မြင်လိုက်ရပြီး ရေမှုန်ရေမွှားမြူ
မိုးငွေ့များကြားတွင် ထူးဆန်းစွာ ကွယ်ပျောက်၍သွားသည်ကို
စနေ . . . အမှတ်ရလာမိပါလေ၏။

''ဘုရား ဘုရား . . . ဒီကျားသစ်နက်ကြီးကိုကြည့်ရ
ငါ့ကိုရန်မူမယ့်ပုံတော့ မပေါ်ဘူး။ ဟို . . . ဟို . . . ရသေ့အိုကြ
ကရော ဘယ်ကိုရောက်သွားပြီလဲ''

ကျားသစ်နက်ကြီးမှာ ဝါးတဲရှေ့ရှိ ကျောက်ဖျာထက်
တွင်ပင် ရောက်ရှိနေပါပြီ။ ကျားသစ်နက်ကြီး တစ်ကိုယ်လုံး
အမွေးတို့မှာ ကတ္တီပါသားကဲ့သို့ နက်မှောင်တောက်ပလျက်
သည်။ မျက်လုံးနှစ်လုံးမှာမူ ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီလျက်ရှိပါ၏
ကျားသစ်နက်ကြီး၏ကိုယ်မှာ ဝင်လုဆဲနေခြည်အောက်
တွင် ဖိတ်ဖိတ်လင်းလက်နေသည်သို့ . . .။ သူ့အားအန္တရာယ်
လိုဟန်မရှိကြောင်း ရိပ်စားမိလိုက်သဖြင့် စနေမှာ ကျားသစ်န
ကြီးကို အရဲကိုး၍ သေချာစွာကြည့်နေပါသည်။

---

ခု နစ် စဉ် ကြယ် တာ ပေ



ဟုတ်ပါသည် . . .။ ကျားသစ်နက်ကြီးမှာ သူ၏ ကြီးမား
ည်လျားသောခါးကြီးကို နွဲ့ကာယိမ်းကာဖြင့် ဘရသေ့၏ကျောင်း
ခံမ်းကို တစ်ပတ်ပတ်လိုက်ပြီး စနေရှိရာသို့ လည်ပြန်တစ်ချက်
ရုးရဲရဲကြည့်ကာ . . . တောနက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်
ွားပါလေတော့သည်။

''မကြောက်ပါနဲ့ စနေ . . . ကျားသစ်နက်ကြီးက လူ
လေးကို ရန်ပြုဖို့လာတာမဟုတ်ပါဘူးကွယ်၊ အချိန်ကျပြီဆိုတာ
ာပြီးသတိပေးတာပါ၊ နောက်ပြီး ကျားသစ်နက်ရောက်လာတာ
ာ အင်မတန်ကောင်းတဲ့ နိမိတ်လက္ခဏာကွယ့်''

နောက်ဘက်မှ ဘရသေ့၏စကားသံထွက်ပေါ်လာသဖြင့်
နေက သူ၏နောက်သို့ လှည့်ကြည့်လိုက်သည်။ ဘရသေ့သည်
ု၏တောင်ဝေးကို ထောက်လျက် ပျောက်ကွယ်သွားသည့် ကျား
စ်ကြီးရှိရာသို့ လှမ်းမျှော်ကြည့်ရင်း ပြောလိုက်ဟန်တူပါ၏။

''ကျားသစ်နက်ဟာ သတ္တဝါတွေထဲမှာ သစ္စာအရှိဆုံးနဲ့
ထူးခြားဆုံးသတ္တဝါပဲကွယ့် . . . နောက်ပြီး ယင်းတိုက်တစ္ဆေ
ာ်ပေရဲ့ ဆွေဆက်မျိုးဆက်ပဋ္ဌာန်းဆက်လည်း ဖြစ်ပုံရတယ်
ာ၊ အထူးသဖြင့် တစ်စုံတစ်ခုထူးခြားတာတွေ ဖြစ်လာတော့
ယ်ဆိုရင် အဲဒီကျားသစ်နက်ကြီးနဲ့ သူတော်စင်ရသေ့အိုကြီး
စ်ပါးပေါ်လာပြီး သတိပေးစကားတွေပြောလေ့ရှိတယ် စနေရဲ့''

''နေပါဦး ဘရသေ့ရယ် . . . ကျားသစ်နက်ဟာ ထူးခြား
ဲ့ သတ္တဝါဆိုတာ ဘာပြုလို့ပြောရတာပါလဲ''

---

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



စနေ၏အမေးစကားကို မဖြေကြားသေးဘဲ ဘရသေ့မှ
တဲကျောင်းရှေ့ကျောက်ဖျာထက်တွင် တင်ပျဉ်ခွေ၍ ထိုင်လိုက်
သည်။ ထို့ကြောင့် စနေမှာလည်း သင့်ရာနေရာတစ်ခုတွင် ထိုင်ချ
လိုက်ပါ၏။

''သစ်နက်ဆိုတာ အင်မတန်ထူးခြားတဲ့ သတ္တဝါ ...
နောက်ပြီး အလွန်ရှားပါးတဲ့ သတ္တဝါမျိုးဖြစ်တယ်၊ သစ်နက်ရေ
ဆိုတာ ထူးထူးမြတ်မြတ်မင်္ဂလာပြုတဲ့အချိန်တွေမှာ သုံးလေ့ရှိကြ
တယ်၊ နောက်ပြီး တရားအားထုတ်ကြတဲ့ ရသေ့ရဟန်းတွေလည်း
အမြဲဆောင်လေ့ရှိကြတယ် ...၊

ဒါ့အပြင် သစ်နက်ဆိုတာ တစ်သက်မှာတစ်ကြိမ်ပဲ မွေး
ထုန်မှုပြုပြီး တစ်ကြိမ်ပဲ သားပေါက်လေ့ရှိတယ်၊ ကိလေသာပိုင်း
ဖြတ်တဲ့နေရာမှာလည်း စံနမူနာထားလောက်စရာပဲပေါ့ ...၊
ဒါကြောင့် တရားအားထုတ်ကြတဲ့သူတွေဟာ သစ်နက်ရေကို
ဆောင်ကြတာပဲဖြစ်တယ်၊ အဇိနစမ္မလို့ခေါ်တဲ့ ခွာနဲ့တကွသော
သားကောင်အရေသည်လည်း ရသေ့ ... စတဲ့ သူတော်ကောင်း
တို့ရဲ့ အသုံးအဆောင်ပစ္စည်းတစ်ပါးလို့ ဆိုကြတယ်ကွယ့်၊ အဲဒီ
'အဇိနစမ္မ' ဆိုတဲ့ပါဠိကို ရှေးဆရာတော်ကြီးတွေက 'သစ်နက်
ရေ' လို့ ဘညီတညွှတ်တည်း ပြန်ဆိုထားကြလေရဲ့ စနေရေ''

ကျားသစ်နက်၏ အံသြဖွယ်ရာထူးခြားချက်များကို စနေ
တစ်ယောက် စိတ်ဝင်တစားနားထောင်လျက်ရှိနေပါ၏။

''ဒီ့ထက်သေချာအောင်ပြောရရင် ... ဘုရားအလောင်း





သိဒ္ဓတ္ထမင်းသား ဖွားမြင်သောအခါ သုဒ္ဓဝါသဘုံသား ရဟန္တာ
ဗြဟ္မာကြီးတွေရဲ့လက်ကနေ စတုမဟာရာဇ်နတ်မင်းကြီးလေးပါး
တို့က လောကမှာ မင်္ဂလာရှိတယ်လို့သမုတ်အပ်တဲ့ ကောင်းလှစွာ
သော ထိုသားကောင်ရဲ့အရေ (သစ်နက်ရေ) နဲ့ခံယူတယ်လို့
ဗုဒ္ဓဝင်နိဒါန်းမှာလည်း ပြဆိုထားတယ်ကွဲ့ ...၊

ဒါ့အပြင် ရှင်မဟာသီလဝံသရဲ့ ဆုတောင်းခဏ်းပျို့မှာ
လည်း ... 'ပွင့်ကြီးငေးမြတ်၊ ပုန်းညက်သဖွယ်၊ ပန်းပြောက်ခြယ်
သို့၊ သပ္ပါယ်လှစွာ၊ ခြေသည်းမှာတိ၊ အရာမပျက်၊ သစ်နက်
အရေ၊ ဆောင်စနေကို၊ ပြေပြေပြစ်ပြစ်၊ ခေါက်စနစ်လျက်၊
တဘက်ကယ်တင်၊ ထားပြီးကျင်မှ ...' ဆိုပြီး သစ်နက်ရေကို
တိုက်ရိုက်စပ်ဆိုတော်မူထားတယ် ...၊

''အင်း ... အဲဒီသစ်နက်လို့ဆိုတဲ့ ကျားသစ်နက်ဟာ
အင်မတန်လည်း သစ္စာကြီးတဲ့ သတ္တဝါမျိုးကွယ့် စနေရဲ့၊ အစာ
ကို ခုတ်ယူဖမ်းဆီးတဲ့အခါမှာ လက်ယာဘက်ကိုကျတဲ့ အစာကိုပဲ
စားတယ်၊ လက်ဝဲဘက်ကိုကျသွားခဲ့ရင်တော့ ဘယ်လောက်ပဲ
ဆာလောင်နေပါစေ ... အဲဒီအစာကို မစားတော့ဘူး၊ အေး
... အဲဒီထုံးကို နှလုံးမူပြီး သူတော်စင်တွေ, ရသေ့ရဟန်းတွေဟာ
လည်း ... လက်ဝဲနဲ့တူတဲ့ မတရားသဖြင့်ရရှိတဲ့ ပစ္စည်းတွေကို
မသုံးဆောင်ဘဲ လက်ယာနဲ့တူတဲ့ တရားသဖြင့်ရရှိလာတဲ့ ပစ္စည်း
ကိုသာ သုံးဆောင်မယ်လို့ အဓိဋ္ဌာန်တင်ပြီး သစ်နက်ရေကိုဆောင်
တော်မူကြောင်း ... စာပေကျမ်းဂန်တွေမှာ ဖော်ပြထားသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ ...၊

အေး ... ဒီကျားသစ်နက်ကိုအကြောင်းပြုပြီး လူလောကမှာလည်း ကျားသစ်နက်ကဲ့သို့ သစ္စာတရားကြီးမားနိုင်ကျည်မှုကို အတုယူကျင့်သုံးပြီး ကောင်းမြတ်တဲ့ကျင့်စဉ်တွေ၊ ကောင်းမြတ်တဲ့အပြုအမူတွေ၊ ကောင်းမြတ်တဲ့စီးပွားရှာခြင်းတွေကိုသာ လူတိုင်း လူတိုင်း ကျင့်ကြံပွားများနိုင်ကြမယ်ဆိုရင် ... လောကကြီးတစ်ခုလုံး မင်္ဂလာတရားတော်နဲ့အညီ ပြည့်စုံလာရမှာပေါ့ကွယ်''

ဘရသေ့မှာ .. ကျားသစ်နက်၏ထူးခြားမှုများနှင့် အတုယူစံထားအပ်သောကျင့်များကို စနေအား ရှည်လျားစွာရှင်းပြပြောဆိုလိုက်ပြီး ကျောက်ဖျာထက်မှ ထရပ်လိုက်သည်။ ပြီးလျှင် ဝါးတဲကျောင်းလေးပေါ်သို့ပြန်ကြွရန် ဟန်ပြင်လိုက်ပြီးမှ ... စနေရှိရာသို့ လှည့်ကာ ...

''သမိုင်းကြောင်းမှာ သစ္စာတရားကြီးမားသူ၊ သစ္စာကို အနက်ရှိုင်းဆုံးအရာလို့ သဘောပိုက်ပြီး ... သူရဲ့ကောင်းတွေရဲ့ မြင့်မြတ်တဲ့သေဆုံးခြင်းနဲ့ စွန့်လွှတ်စွန့်စားသွားတဲ့ ... မင်းရဲ့ဘိုးဘေး ... 'ယင်းတိုက်တစ္ဆေ ဗိုလ်ငပေ' ဟာလည်း သစ္စာကြီးတဲ့ ကျားသစ်နက်လို အင်္ဂမတန်စံထားထိုက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပေါ့၊ အေး ... အဲဒီထုံးကိုနှလုံးမူပြီး မင်းလည်း ... 'ယင်းတိုက်တစ္ဆေ ငစနေ' ဆိုပြီး သစ္စာမော်ကွန်းရေးထိုးနိုင်ပါစေလို့ ... ဘရသေ့ ဆုတောင်းလိုက်ပါတယ်ကွယ်''

---

ခု နှစ် စဉ် ကြယ် ဘ ပေ



ဘရသေ့မှာ ... စနေအား လွန်စွာတန်ဖိုးရှိလှသည့် ဆုံးမစကားများကိုပြောဆိုပြီး သူ၏ဝါးတဲကျောင်းလေးပေါ်သို့ တက်သွားပါလေ၏။

စနေမှာမူ ထူးထူးခြားခြား ဘရသေ့ပေးသွားသည့် သူ၏ အမည်နာမကို တိုးတိုးညင်ညင်ရွတ်ဆိုရင်း ကျန်ရစ်ခဲ့ပါလေတော့သည်။

'ယင်းတိုက်တစ္ဆေ ... ငစနေ ...'
'ယင်းတိုက်တစ္ဆေ ... ငစနေ ...'


❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

### ၁၉၄၄ ...သစ္စာတိုင်စာဖွဲ့တင်သံ



## ဂုမ္ဘာန်တစ်ထောင် နေ့်းရုံစောင့်ကြပ်သော

သူတော်စင်ရသေ့ကြီး၏ နိမိတ်ဖတ်စကားတစ်ခွန်းသည် သူ၏အရှင်သခင် ဂျပန်ကင်ပေတိုင် ဗိုလ်မှူးကြီးဆာတိုးယာမ အပေါ်တွင် မည်မျှအထိ ဖိအားသက်ရောက်ခဲ့လေသည် မသိ ... လောလောဆယ် လက်တွေ့ပစ္စက္ခအချိန်မှာတော့ ဆာတိုးယာမ၏ ကင်ပေတိုင်ဌာနချုပ်ကြီးအား အစောင့်အထပ်ထပ်ချထားသည်မှာ ဂုမ္ဘာန်တစ်ထောင်စောင့်ကြပ်သည်ထက်ပင် ပိုလေမည်လားမသိပါ ...။

ဆာတိုးယာမ၏ တစ်ချက်လွှတ်အမိန့်သံအောက်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တပ်ကြပ်ကြီးယာမာမိုတိုနှင့် စကားပြန်ဂုမ္ဘာန်ကြီးတို့မှာ တစ်ချက်ကလေးမျှ အနားမနေရပါ။ စည်းရိုးအုတ်တံတိုင်းတစ်ထပ်၊ လျှပ်စစ်ဓာတ်များလွှတ်ထားသည့် ခြံစည်းရိုးတစ်ထပ်၊ ထို့အပြင် ကင်ပေတိုင်ဌာနချုပ်စခန်းကြီးထဲတွင် နေ့နေညည လွှတ်ထားသည့် အမဲလိုက်ခွေးကြီး အကောင်နှစ်ဆယ်နှင့် ခွေးထိန်းဂျပန်စစ်သားများနှင့် မုစုရုံးရုံးနှင့် ဘယ်သူဘယ်ဝါမှန်းမသိသေးသည့် 'ယင်းတိုက်တစ္ဆေကောင်ကြီး' ကို တစ်စစီ အရေခွံခွာဆုတ်ဖြဲပစ်ရန် စောင့်ကြိုနေကြပါချေပြီကော ...။

အရှင်သခင်အတွက် အသက်ပင်စွန့်ဝံ့သူ၊ သစ္စာဖောက်လောက်ကောင် ... စကားပြန်ဂုမ္ဘာန်မှာ ... 'ယင်းတိုက်တစ္ဆေစေနေ' ဆိုသူအား စုံစမ်းရေးကိစ္စကို တပည့်လူယုံများအား လွှဲအပ်နိုင်းစေထားပြီး သူကိုယ်တိုင်ကမူ သူ၏အရှင်သခင် ... ဆာတိုးယာမအနီးတွင် အချိန်ပြည့်၊ အနီးကပ် စောင့်ကြပ်လျက်ရှိနေပါ၏။ ဆိုရပါလျှင် ... သူ၏မာစတာ ဆာတိုးယာမမှာ အိပ်မက်ထဲမှ ရှူးကြောင်ကြောင်ရသေ့ကြီးတစ်ပါး၏ စကားကိုယုံကြည်ပြီး သွေးပျက်ချောက်ချားလုမတတ် ကြာန္ဒြေပျက်ယွင်းနေသည့်အဖြစ်ကို သူမည်သို့မျှနားမလည်နိုင်အောင် ဖြစ်နေပါလေ၏။

နံနက်မိုးလင်းလာသည်နှင့် ... မျက်နှာကြီးနီမြန်းလျက် အရက်သောက်လိုက်၊ ဖန်ခွက်များကို ကိုင်ပေါက်ရိုက်ခွဲလိုက်၊ သူ၏လက်စွဲတော် ... (၄၅) ဘိုပစ္စတိုသေနတ်ကြီးကို ကိုင်လိုက်၊





သွေးပျက်မတတ် အော်ဟစ်ခေါ်ငင်လိုက်နှင့် သူ၏သခင်၏ ရှူးသွပ်ထိတ်လန့်နေမှုများကိုလည်း ဂုမ္ဘာန် .. ဘဝင်မကျနိုင်လောက်အောင် ဖြစ်နေပါသည်။

''ယင်းတိုက်တစ္ဆေ ... စေနေ''

''ယင်းတိုက်တစ္ဆေ ... စေနေတဲ့ ...''

သူ့သခင်မာစတာကြီး ဆာတိုးယာမ အချိန်ပြည့် စိုးရိမ်ထိတ်လန့်နေသည့် ... ရန်သူတော်ကြီးနာမည် 'ယင်းတိုက်တစ္ဆေ စေနေ' ...တဲ့။

''တောက်''

ပြတင်းဝမှတစ်ဆင့် အပြင်သို့ ငေးမောကြည့်နေရင်း အတွေးလွန်နေသည့် ဂုမ္ဘာန် တောက်တစ်ချက်ကို ပြင်းစွာခေါက်လိုက်ပါ၏။

တွေ့လိုက်စမ်းချင်သည် ...။ ဒင်းက ဘာကောင်မို့သခင် ... ဤမျှ တုန်လှုပ်ချောက်ချားနေရပါသနည်း။ ဂုမ္ဘာန်တစ်ယောက် ပြတင်းဝမှပြန်၍လှည့်လာပြီး အခန်းထဲရှိ ကုလားထိုင်ထက်တွင် ဝုန်းခနဲထိုင်ချလိုက်သည်။

သူ၏မို့မောက်သန်စွမ်းသော ရင်အုံကြီးသည်ပင် စစ်ဆွယ်တာအင်္ကျီပွပွကြီးအောက်မှ နိမ့်ချည်မြင့်ချည်နှင့် ရှန်းကြွလှုပ်ခါနေပါ၏။ ထို့အတူ သူ၏ကြီးမားတုတ်ခိုင်လှသော လက်ချောင်းကြီးများကို ကွေးချည်ဆန့်ချည်နှင့် ...။ ယင်းတိုက်တစ္ဆေကောင်သာရှိလျှင် ... သူ၏လက်ကြီးနှစ်ဖက်ဖြင့် တစ်စစီ၊ တစ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



စီ၊ အပိုင်းပိုင်းအတစ်တစ်ဖြစ်အောင် ဆုတ်ဖြဲချေမွပစ်လိုက်မည် ဟုတ်သည့် ...။ လူ့ဘီလူးကြီးတမျှ သန်မာထွားကျိုင်းလှသော ဂုမ္ဘာန်၏ဘဝတွင် မည်သည့်လက်နက်မျှမသုံးဘဲ သူ၏လက်ချောင်းများနှင့် ဖျစ်ညှစ်သတ်ပစ်ခဲ့သောလူပေါင်းက မနည်းတော့ပြီ ...။

ယခုဆိုလျှင် ... ဂျပန်ကင်ပေတိုင်ဌာနချုပ်ရှိ ဂျပန်စစ်သားများအားလုံး နေ့ညမပြတ် စောင့်ကြပ်နေရသည်မှာ ဆယ်ရက်တင်းတင်းရှိခဲ့ပါပြီ။ ဂုမ္ဘာန် စိတ်မရှည်ချင်တော့ ...။ ကင်ပေတိုင်ဌာနချုပ်တစ်ခုလုံး နှစ်ဆယ့်လေးနာရီ တပ်လှန့်ထားရသည်အထိ သွေးပျက်တုန်လှုပ်လျက်ရှိသော သခင်ဖြစ်သူ ဆာတိုးယာမ၏အပူသောကအတွက် ဂုမ္ဘာန်၏ရင်ထဲတွင် ယင်းတိုက်တစ္ဆေကောင်ကို အရှင်လတ်လတ် အရေခွံခွာပစ်ချင်သည့်စိတ်များက ဟာဖွားဖွားနှင့် ဖြစ်နေပါချေပြီတည်း ...။

ထိုစဉ်မှာပင် ...

'ဒေါက် ..ဒေါက် ..ဒေါက် ..'

'ဆရာ ...ဆရာဂုမ္ဘာန် ...'

ရုတ်တရက်ထွက်ပေါ်လာသော တံခါးခေါက်သံနှင့် အော်ဟစ်ခေါ်ငင်သံကြောင့် ဂုမ္ဘာန်၏ နယ်ကျွံနေသည့်စိတ်အတွေးများက ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

''ငွေတိုးတို့လား ...ဝင်လာခဲ့လေ''

ဂုမ္ဘာန်၏ခွင့်ပြုစကားသံကြောင့် တံခါးက ကျွီခနဲပွင့်လာ





ပြီး မြန်မာလူမျိုးနှစ်ဦးတို့ အခန်းတွင်းသို့ ဝင်ရောက်လာကြသည်။ ထို့နောက် ဂုမ္ဘာန်၏ရှေ့ရှိကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်ကြပြီး ငွေတိုးဆိုသူက စတင်၍စကားပြောလာသည်။

''ယင်းတိုက်တစ္ဆေနဲ့ပတ်သက်ပြီး သတင်းတချို့တော့ ရခဲ့ပြီ ဆရာဂုမ္ဘာန်''

ငွေတိုး၏စကားကြောင့် ဂုမ္ဘာန် ထိတ်ခနဲဝမ်းသာရင်ခုန်သွားပါလေ၏၊ သူ၏တပည့်လက်သားဆယ်ယောက်ကို ... နှစ်ယောက်စီတွဲကာ ရဲရမန်းနယ်တစ်ကြောတွင် ယင်းတိုက်တစ္ဆေဟူသောနာမည်နှင့်ပတ်သက်သည့် အသ(၂၀)ခန့်လူရွယ်တစ်ယောက်ကို ရှာဖွေစုံစမ်းခိုင်းခဲ့သည် မဟုတ်ပါလား ...။

''အေး ... ဆိုစမ်း ... အခြေအနေအပြည့်အစုံကို ငါ့ကို သေချာရှင်းပြစမ်း''

ဤသို့ဖြင့် ... သူ၏တပည့်ကျော်ငွေတိုး၏ စကားများကို သေချာစွာနားထောင်လိုက်၊ မရှင်းလင်းသည်များကို ပြန်မေးလိုက်နှင့် နာရီဝက်နီးပါးမျှ စကားပြောဆိုပြီးကြချိန်မှာတော့ ငွေတိုးတို့နှစ်ယောက်အား ဂျပန်ငွေစက္ကူတစ်ထပ်ပစ်ပေးလိုက်ပြီး ...သူကိုယ်တိုင်ကမူ ဆာတိုးယာမရှိရာသို့ ခပ်သွက်သွက် ဝင်ရောက်သွားပါလေတော့သည်။

ထိုအချိန်တွင် ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီး ဆာတိုးယာမသည် ကြွက်အော်သံကဲ့သို့ တကျည်ကျည်မြည်နေသည့် အသံဖမ်းစက်တစ်လုံးနှင့် အလုပ်ရှုပ်နေသည်ကို ဂုမ္ဘာန် ...မြင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။

''ဟိုက် ... မာစတာ''

ဂုမ္ဘာန်၏အလေးပြုသံကိုကြားလိုက်ရမှ စက်ကိုပိတ်ကာ ဂုမ္ဘာန်ရှိရာစားပွဲဆီသို့ လျှောက်လာပြီး ကုလားထိုင်တွင်ထိုင်လိုက်သည်။

''ယင်းတိုက်တရွှေနဲ့ပတ်သက်ပြီး သံတင်းထူးတယ် မာစတာ ... ကံကောင်းရင် မာစတာကြီး အမြဲလိုလိုရှာဖွေနေတဲ့ ယင်းတိုက်တရွှေကိုင်နေကျ လက်နက်ဖြစ်တဲ့ 'ဝါးကျစ်လိမ်တုတ်' ကိုပါ ရနိုင်လောက်တယ်''

''ဘာ ... ဘာပြောတယ် ... ယင်းတိုက်တရွှေ ဗိုလ်ပေ ကိုင်နေကျ လက်နက် ... ဟုတ်လား''

ဆာတိုးယာမမှာ ဂုမ္ဘာန်၏စကားကြောင့် ကုလားထိုင်တွင်ထိုင်နေရာမှ ဝုန်းခနဲပင် ထရပ်လိုက်ပါသည်။ မျက်လုံးအစုံမှာလည်း ရွှေကိုင်းမျက်မှန်အဝိုင်းလေးအောက်မှ လင်းလက်တောက်ပြောင်လာကြသည်သို့ ...။

''ဟုတ်ပါတယ် မာစတာ ... ဒီအကြောင်းကို ကျွန်တော့်ရဲ့ စိတ်ချရတဲ့ အထောက်တော်တွေဆီကတစ်ဆင့် ရလာခဲ့တဲ့ ခိုင်လုံတဲ့သတင်းတစ်ခုပါ၊ အင်း ... မာစတာနားလည်အောင် ပြောရရင်တော့ နည်းနည်းလေးစကားရှည်မယ်''

သူ့သခင်၏ ရူးရူးဒိုင်းဒိုင်းစိတ်မရှည်မှုကို နားလည်သိရှိထားသည်မို့ ဂုမ္ဘာန် ... ကြိုတင်၍ ပြောကြားလိုက်ပါ၏။





''ကဲ ... ပြောစမ်း ... ငါ ဝီစကီသောက်ရင်းနားထောင်မယ်၊ ဒီသတင်းကိုကြားဖို့ ငါ အနှစ်နှစ်အလလစောင့်နေခဲ့တာဆိုတော့ ... ဟုတ်တယ် ... ငါစိတ်ရှည်ရှည်ထားမှ ဖြစ်မယ်၊ စိတ်ချဂုမ္ဘာန် ... မင်းသိသမျှ အကုန်သာပြောပြပေတော့''

စားပွဲနံဘေးတွင်အဆင်သင့်ရှိသော ဝီစကီပုလင်းကို ဖွင့်ကာ ခွက်ထဲသို့ နှစ်ပက်ခန့်ထည့်လိုက်ပြီး ... ဂုမ္ဘာန်ထံမှ စကားသံကို နားစွင့်နေလိုက်သည်။

''အင်း ... ကျွန်တော်တို့က တကယ်တော့ နီးလျက်နဲ့ဝေးနေကြတာ မာစတာရေ၊ အခု ကျွန်တော်တို့ ရုံးစိုက်တဲ့ ရဲရမန်းမြို့ကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာနီးပါးလောက်က ... 'ယင်းတိုက်တရွှေဗိုလ်ပေ' ဆိုတဲ့ သွေးသောက်တပ်မှူးကြီးတစ်ယောက် ရှင်သန်လှုပ်ရှားခဲ့တဲ့ နယ်မြေကြီးပဲ မာစတာရေ၊ နောက်ပြီး ... ဟောဒီနယ်မှာပဲ ယင်းတိုက်တောင်ဆိုတာ ရှိသေးတယ် ... ရဲရမန်းနဲ့တော့ အတော်လေးအလှမ်းဝေးတယ် ...၊

နောက်ပြီး ... မာစတာကြီး ဒီ ... ရဲရမန်းမှာ ကင်ပေတိုင်ဌာနချုပ်မဖွင့်ခင် ဂျပန်ဗိုလ်မှူး ယာမာရှိတာဆိုတဲ့ ဂျပန်စစ်ဗိုလ်တစ်ယောက် အုပ်ချုပ်ဖူးသေးတယ်၊ သူ့ရဲ့ မှတ်တမ်းမှတ်ရာတွေထဲမှာလည်း 'ယင်းတိုက်တရွှေဗိုလ်ပေ'ရဲ့အကြောင်းနဲ့ သူကိုင်တဲ့လက်နက်ဟာ ထူးထူးဆန်းဆန်း တုတ်တိုတစ်ချောင်းဖြစ်တယ်လို့လည်း ရေးထားပါတယ် မာစတာ ...၊

နောက်ပိုင်း ကျွန်တော့်လူတွေကတစ်ဆင့် သိခဲ့ရတာက



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးအရေးကြီးမယ်ထင်တယ် . . . လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော် လောက်က ရမန်းနယ်ထဲက ဖရစ်ခဲဆိုတဲ့ရွာကြီးတစ်ရွာမှာ အိမ် ရှင်လင်မယားနှစ်ယောက်ကို တော်လှန်ရေးသမားတွေနဲ့ ဆက် နွယ်မှုရှိတယ်ဆိုပြီး မာစတာကိုယ်တိုင် သေနတ်နဲ့ပစ်သတ်ခဲ့တာ မှတ်မိဦးမလား မသိဘူး''

ဆာတိုးယာမက ဒီစကီသောက်ရင်း ဂုမ္ဘာန်ပြောသည့် ဇာတ်ကြောင်းကို နဖူးကျောကြီးများရှုံ့အောင် စဉ်းစားနေမိသည်။ သူ သတ်ဖြတ်ပစ်ခဲ့သောလူများမှာ မရေမတွက်နိုင်အောင် ရှိနေ သည်မို့ တော်တော်နှင့်စဉ်းစားမရဖြစ်နေပါ၏။

''မာစတာ သတိမေ့နေတာပါ . . . လင်ယောကျ်ားကို သတ်ပစ်တော့ သူ့ရဲ့မိန်းမက မာစတာ့ကို ဓားမြှောင်နဲ့ထိုးမလို့ ပြေးဝင်လာတာလေ . . . အဲဒါ မာစတာကိုယ်တိုင် သေနတ်နဲ့ပစ် သတ်ခဲ့ပြီး အိမ်ကိုပါမီးတင်ရှို့ခဲ့တာလေ . . .''

ဂုမ္ဘာန်စကားလမ်းကြောင်းပေးမှပင် ဆာတိုးယာမ မှတ်မိ လာခဲ့သည်။ ဟုတ်သည် . . .။ သူ ရဲရမန်းနယ်မြေတွင် တာဝန် ကျစကာလက ဖရစ်ခဲဆိုသည့်ရွာမှ ခပ်ထန်ထန်နှင့် ထက်ထက် မြက်မြက်ရှိမည့် လင်မယားနှစ်ယောက်ကို သတင်းမေးမရသဖြင့် ဖမ်းဆီးမည်ပြုရာ ယောကျ်ားဖြစ်သူက ခုခံတိုက်ခိုက်သဖြင့် သူ ကိုယ်တိုင် သေနတ်နှင့်ပင် ပစ်သတ်ဖြတ်ခဲ့သည်။ ထို့နောက် သူ၏မိန်းမဖြစ်သူကပါ အန္တရာယ်ပြုလာသဖြင့် မလွှဲမရှောင်သာ သတ်ပစ်ခဲ့ပြီး နေအိမ်ကိုလည်း မီးတင်ရှို့ခဲ့သေးသည်ကို ဆာတိုး





ယာမ . . . အမှတ်ရလာခဲ့ပါသည်။

''ဟိုင်း . . ယောရောရှိ . . . ငါ မှတ်မိပြီ . . . ကောင်း ကောင်းမှတ်မိပြီ၊ အေး . . . အခုကိစ္စက အဲဒီလင်မယားနဲ့ သက် ဆိုင်နေလို့လား . . . ဂုမ္ဘာန်''

''သိပ်ပြီးသက်ဆိုင်တာပေါ့ မာစတာရယ် . . . သူတို့ဟာ 'ယင်းတိုက်တစ္ဆေ ဗိုလ်ပေ'ရဲ့ အဆက်အနွယ်တွေပဲ၊ သူတို့မှာ သားလေးတစ်ယောက်လည်း ရှိသေးတယ် . . . အခုအချိန်ဆိုရင် အဲဒီသားလေးဟာ အသက်နှစ်ဆယ်လောက် ရှိတော့မယ်''

''ဘာ . . . သားတစ်ယောက်ကျန်ရစ်ခဲ့တယ် . . . အသက်နှစ်ဆယ်လောက်ရှိမယ် . . . ဟုတ်လား ဂုမ္ဘာန်''

ဆာတိုးယာမ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ တစ် ဆက်တည်းမှာပင် အိပ်မက်ထဲမှရသေ့ကြီး၏ နိမိတ်ဖတ်စကား များကို ကြားယောင်လာမိသည်။

''သင့်ကိုဝင်ရောက်ဆပ်မယ့်သူကတော့ . . . အသက်နှစ် ဆယ်လောက်သာ ရှိသေးတဲ့ ဟောဒီမြန်မာပြည်ထဲက . . . မြန် မာနိုင်ငံသားတစ်ယောက်ပဲ . . . သူ့နာမည်က ငစနေတဲ့ . . . 'ယင်းတိုက်တစ္ဆေ . . . ငစနေ . . . တဲ့''

အနီးကပ်ကြားယောင်လာသည့် စကားသံကြီးနှင့်အတူ ဆာတိုးယာမ၏မျက်နှာမှာလည်း ဒေါသမှုန်မှုန်၊ အရက်မူးမူးနှင့် နီရဲညိုမည်းလာကာ အရူးကြီးတစ်ယောက်နှယ် ရူးရူးရားရားနှင့် ဖြစ်နေပါချေပြီကော . . .။



www.burmeseclassic.com

www.burmeseclassic.com



''အေး ... နာမည် ... နာမည် ... သူ့နာမည်က ဘယ်သူလဲ ... အခု ဘယ်မှာရှိနေသလဲဂုမ္ဘာန် ... ပြော ... ပြောစမ်း''

''သူ့နာမည်က စနေ ... တဲ့၊ သူ ဘယ်မှာရှိနေသလဲ ဆိုတာတော့ အခုအချိန်ထိ ဘယ်သူမှရေရေရာရာ မပြောနိုင်ကြဘူး၊ နောက်ဆုံးရထားတဲ့ သတင်းရဆိုရင်တော့ သူ့ရဲ့မိဘနှစ်ပါးစလုံးသေဆုံးခဲ့ပြီး အိမ်ကြီးပါ မီးရှို့ဖျက်ဆီးခံလိုက်ရတဲ့အချိန်မှာ သူ့ရဲ့ဦးကြီးဖြစ်သူနဲ့အတူ ငိုကြွေးရင်းနဲ့ မြင်းကြီးပေါ်ကို ပါသွားတယ်ဆိုတာလောက်ပဲ သိခဲ့ရပါတယ် မာစတာ ...၊

အဲ ... နောက်တစ်ခုကျန်သွားတာက ... သူ့ဦးကြီးရဲ့ လက်ထဲမှာ ဓား သို့မဟုတ် ... တုတ်တိုလိုယူဆနိုင်တဲ့ အရာတစ်ခုခုထည့်ထားတဲ့ ရှည်မျောမျောသေတ္တာလေးဟာ ဘာဖြစ်နိုင်သလဲဆိုတာကတော့ စဉ်းစားစရာပဲပေါ့''

ဂုမ္ဘာန်၏စကားဆုံးသွားချိန်မှာတော့ ... ဆာတိုးယာမ တစ်ယောက် သောက်လက်စအရက်ခွက်ကြီးတန်းလန်းနှင့် စဉ်းစားခန်းဝင်နေသည်ထင့် ...။ ထူးထူးခြားခြားပင် ငြိမ်သက်သွားပါလေ၏။ သေချာပြီ ... ယင်းတိုက်တရွှေဗိုလ်ပေ၏ 'ဝါးကျစ်လိမ်တုတ်လက်နက်'တွင် ... သူကိုယ်တိုင် သပ်သပ်ယပ်ယပ်သံအခွေးစွပ်၍ ပတ္တမြားကြီးကို လျှို့ဝှက်သိမ်းဆည်းကာ သေတ္တာရှည်ထဲတွင်ထည့်သွင်းထားခဲ့သည်မဟုတ်ပါလား ...။

ဆာတိုးယာမမှာ ... ဂုမ္ဘာန်၏ နောက်ဆုံးကြားလိုက်ရ





သောသတင်းစကားကြောင့် ရွှေကိုင်းမျက်မှန်အဝိုင်းလေးအောက်မှ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားသည်။ သူ ... အမြဲထာဝရ စိတ်ကူးယဉ်အိပ်မက်မက်ခဲ့သော ... 'ဝါးကျစ်လိမ်တုတ် လက်နက်လေး'။ ၎င်း ... တုတ်တိုလေးထဲတွင် မည်သူမျှမသိရှိအောင် လျှို့ဝှက်သိမ်းဆည်းထားခဲ့သည့် ... တန်ဖိုးမဖြတ်နိုင်သော ပတ္တမြားကြီးတစ်လုံးက ပိုင်ရှင်အစစ်အမှန်ကို စောင့်မျှော်နေလေသည်သို့ ...။

''စဉ်းစားစရာမလိုတော့ဘူး ဂုမ္ဘာန် ... အရေးကြီးတာက အဲဒီ ... ယင်းတိုက်တရွှေ ငစနေကို အမြန်ဆုံးတွေ့ရဖို့ပဲ၊ သူ့ကိုတွေ့ရင် ဟို ... ဝါးကျစ်လိမ်တုတ် လက်နက်ကိုလည်း တွေ့ရမှာသေချာတယ်၊ အဲဒီ ... 'ဝါးကျစ်လိမ်တုတ်လက်နက်ကို ရရှိဖို့အတွက် ဟိုး ... ကုန်ခဲ့တဲ့ ဘဝအဆက်ဆက်ကတည်းက ... ငါ ကြိုးစားလာခဲ့တာ''

''ဒီမှာ ဂုမ္ဘာန်''

''အမိန့်ရှိပါ မာစတာ''

''အဲဒီ ဝါးကျစ်လိမ်တုတ်လက်နက်ကို ပြန်ရဖို့ဆိုရင် ငါကိုယ်တိုင် ဘာကိုပဲ စွန့်ရစွန့်ရ ... အဆင်သင့်ပဲဟေ့၊ ဒီတော့ ဟို ... ယင်းတိုက်တရွှေငစနေရဲ့သတင်းကို အမြန်ဆုံးရအောင် စုံစမ်းပါ၊ အဲဒီကိစ္စအတွက် မင်းကို အာဏာကုန်လွှဲအပ်ပြီးသား၊ အလုပ်ကို ပြတ်ပြတ်သားသားနဲ့ မြန်မြန်ဆန်ဆန်လုပ်ပါ ဂုမ္ဘာန်''

ဂုမ္ဘာန်ခမျာ ... သူ၏သခင် ဆာတိုးယာမ၏ ရုတ်ခြည်း



www.burmeseclassic.com


www.burmeseclassic.com



ပြောင်းလဲသွားသောမျက်နှာ (သို့မဟုတ်) ကြည်လင်လန်းဆန်း ပေါ့ပါးသွားသော မျက်နှာကြီးကိုကြည့်ရင်း သူ၏တွေးဆချက် မှန်ကန်သွားပြီဖြစ်ကြောင်း ရိပ်စားမိလိုက်ပါတော့သည်။

အပြင်ဘက်မှာတော့ . . . နေ့လယ်ခင်းလေပြည်အောက်တွင် အလံတိုင်ထိပ်ဖျားမှာ ဂျပန်အလံလေးက တလွင့်လွင့်နှင့် ဝဲပျံရိုက်ခတ်နေဆဲ . . .။

❊ ❊ ❊



## အဖြာရောင်သစ္စာတို့၏ ပေါင်းစည်းမှုသမိုင်းအစ

ညနေခင်းတစ်ခု၏ နေခြည်တန်းအောက်တွင် မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် စနေတစ်ယောက် . . . လှမ်းလက်စခြေလှမ်းများကို ရပ်တန့်လိုက်ပြီး သစ်ပင်ကွယ်မှ အံ့သြစွာကြည့်နေမိသည်။

ဟုတ်ပါသည် . . .

ဘုရားသေ၏ဝါးကျောင်းတဲရှေ့မြေကွက်လပ်တွင် အသက်နှစ်ဆယ်ခန့်အရွယ်ရှိ မိန်းမရွယ်လေးတစ်ယောက်က . . . မျက်လုံးအစုံကို အဝတ်နက်ဖြင့်စည်းထားကာ ခြေကိုခွဲ၍ အသင့်ရပ်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်ပါ၏။ ထိုမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ပျိုလေးနှင့် ပေသုံးဆယ်ခန့်တွင် ထွားကျိုင်းလှသော လူထွားကြီး တစ်ယောက်က လုံတိုလှံရှည်များနှင့် ပုဆိန်ကြီးငယ်တို့ကို အနီးတွင်စုပုံထားပြီး လောလောဆယ် လှံရှည်ကြီးတစ်ချောင်းကို ကိုင်စွဲကာ မိန်းမပျိုလေးထံပစ်ခတ်ရန် ချိန်ရွယ်လျက်ရှိသည်။

ထိုစဉ် ... လူထွားကြီးက မိန်းမရွယ်လေးထံသို့ လှံရှည်ကြီးကို ဆတ်ခနဲ ပစ်လွှတ်လိုက်သည်။

'ဝှစ် ..'

တစ်ဆက်တည်းမှာပင် လှံရှည်ကြီးပစ်လွှတ်ပြီးသည်နှင့် လှံတိုနှစ်ချောင်းကို လူထွားကြီးက ဆက်တိုက်ပစ်လွှတ်လိုက်သည်မို့ စနေပင် ဟာခနဲဖြစ်သွားပါ၏။

'ဗိုး ..ဗိုး ..'

အနက်ရောင်ဝတ်စုံနှင့် မိန်းမပျိုလေးမှာ သူ့ထံပြေးဝင်လာသည့် အရှိန်ပြင်းပြင်းနှင့်အသံများကို နားစွင့်လျက် သူမ၏ ခန္ဓာကိုယ်လေးကို လူး၍၊ လွန့်၍၊ နွဲ့၍၊ ယိမ်း၍ ... ပွတ်ကာသီကာ ရှောင်တိမ်းသွားပါလေ၏။

အနက်ရောင်ဝတ်စုံရှင်မလေးမှာ ... လိပ်ပြာလေးတစ်ကောင်နှယ် ဟိုသည်ပျံဝဲလျက် ... သူ့ထံပြေးဝင်လာနေသည့် လက်နက်များကို လှပစွာရှောင်တိမ်းနေသည်ကို ... စနေ တွေ့မြင်ရသဖြင့် အံ့သြမှင်တက်နေမိသည်။

''အားပါး ... တော်တော်လေးအဆင့်မြင့်တဲ့ ကစားကွက်တွေပါလား၊ တစ်ချက်ကလေးမှားသွားတာနဲ့ ... အသက်





ပျောက်သွားနိုင်တဲ့ ပစ်ချက်တွေပဲ''

ဟုတ်သည် ...။

ပစ်ခတ်တိုက်ခိုက်နေသည့် လူထွားကြီးသည် သူ့ရှေ့မှ လက်နက်များနှင့် ကြုံသလိုပစ်ခတ်နေသည်မဟုတ်ပါလား။ ပစ်အားကမူ တစ်ချက်မှမလျော့ ...။

ရုံဖန်ရံခါ ကြောက်မက်ဖွယ်ရာအသံကြီးများက သူမ၏ မျက်နှာအနီးမှ မကြာခဏဆိုသလို ဂိုးခနဲ ဂိုးခနဲ ... အော်မြည်ဖြတ်သန်းသွားတတ်သည်မို့ မိန်းမပျိုလေးမှာ အထူးသတိထား၍ ရှောင်တိမ်းနေရသည်။

'ဝှစ် ..ဝှစ် ..ဂို ..'

''ဟိုင်း ..ဟေး''

တစ်ချိန်တွင် သူမထံသို့ ထက်မြနေသော ပုဆိန်ကြီးက တဝီဝီအော်မြည်ကာ ပြေးဝင်သွားသဖြင့် ...

''ဟာ''

စနေ ... ဟာခနဲပင် ဖြစ်သွားချိန်မှာပင် သူမက ခန္ဓာကိုယ်လေးကို လှပစွာခုန်ပျံ၍ ရှောင်ထွက်သွားသဖြင့် ထက်မြသောပုဆိန်သွားကြီးက ကညင်ပင်ကြီးတွင် ဒုတ်ခနဲ စိုက်ဝင်သွားပါလေ၏။ တစ်ချက်ကလေးမဆိုစလောက်မျှ မှားယွင်းချွတ်ချော်သွားသည်နှင့် ကြောက်မက်ဖွယ်အော်မြည်သံကြီးများနှင့် ဖြတ်သန်းတိုးဝင်လာနေကြသည့် လက်နက်ပေါင်းစုံက ... သူမ၏ လှပသောခန္ဓာကိုယ်လေးအား ထိုးဖောက်စိုက်ဝင်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ပေလိမ့်မည်။

'ဝှစ် ..ဝိုး ..ဝိုး ..'

'ဟေး ...ဟေး ...'

စင်စစ် ... ဤကစားကွက်သည် အသက်နှင့်စက်၍ ကစားရသောပွဲ ဖြစ်သည်။ ကြမ်းတမ်းသည်။ ရက်စက်သည် အကောင်အထည်ဒြပ်ဝတ္ထုမမြင်ရပါဘဲနှင့် လေတိုးသံ၊ လေဖြတ်သံကို အာရုံစုစည်းနားစွင့်၍ ရှောင်တိမ်းထွက်ခွာရသော ... 'စက္ခုမဲ့ပါလ' ကစားကွက်ပင်ဖြစ်ပါလေ၏။ ထို့ကြောင့်လည်း သူမဆီသို့ အသံမျိုးစုံနှင့် တဝိုးဝိုးပြေးဝင်လာနေကြသည့်အထဲ ... အနီးဆုံးသောအသံကိုသာ အာရုံစိုက် ဦးစားပေး၍ ယိမ်းကာနွဲ့ကာ၊ ပွတ်ကာသီကာနှင့် ရှောင်ရှားနေရပါသည်ကော ...

'ဝိုး ..ဝိုး ..'

'ဝီး ..ဝီး'

ထိုစဉ် လူထွားကြီးက နောက်ဆုံးကျန်ရှိသော လုံရှည်ကြီးကို မိန်းမပျိုလေး၏ခါးလယ်ဆီသို့ တစ်ရှိန်ထိုးပစ်လွှတ်လိုက်သည်။

'ဝိုး ..'

ထို့အတူပင် ...စနေကလည်း အနက်ရောင်ဝတ်စုံနှင့် အရွယ်နှင့်မမျှအောင် ပညာစွမ်းပြလျက်ရှိသော ကောင်မလေးထံသို့ရှေ့ရှိ ကျောက်တုံးကြီးငယ်နှစ်တုံးကို ရှေ့ဆင့်နောက်ဆင့် ကန်လွှတ်လိုက်သည်။

---

ခု နစ် စဉ် ကြယ် တာ ပေ



'ဒုန်း ..ဒုန်း'

အသံရှည်သော လက်နက်တစ်ခုကို ... သူမ လေတွင် ပျံဝဲ၍ရှောင်တိမ်းလိုက်ချိန်တွင် ရင်းနှီးကျွမ်းဝင်မှုမရှိသော အသံစိမ်းတစ်ခုကပါ သူမ၏အကြားအာရုံဆီသို့ တိုးဝင်လာပါ၏။

''ဟင် ...ဒါ ...ဘာအသံပါလိမ့်''

ဟုတ်သည် ...။ နောက်ဆက်တွဲ စနေပစ်ကန်လိုက်သော ကျောက်တုံးကြီးငယ်နှစ်လုံးသည် သူမထံသို့ အရှိန်ပြင်းစွာနှင့် ပြေးဝင်လျက် ...။

သူမ အာရုံရှူးစိုက်လိုက်သည်။ အသံရှင်သည် ထုထည်လုံးကျစ်ပြီး လေးလံသလောက် ထိရောက်မှုပြင်းထန်စေမည့် အရာ ...။ ထိုအသံမှာ တစ်ခုတည်းမဟုတ် ... ရှေ့နောက်ဆင့်၍ သူမထံသို့ လေထုကိုခွင်း၍ ပြေးဝင်လာနေသည်ကော။

သူမ ...ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။

သူမထံသို့ ပထမဦးဆုံးပြေးဝင်လာသည့် အသံရှင်ကို ဖျတ်ခနဲ ခန္ဓာကိုယ်ကိုပျောင်းနွဲ့ကာ ရှောင်တိမ်းလိုက်ပြီး ...

'ဝိုး ...'

''ဟိုင်း''

ဆက်တိုက်ဆိုသလို ပြေးဝင်လာသည့် ဒုတိယအသံရှင်ကိုမူ လုံးဝမရှောင်တော့ဘဲ ညာခြေစောင်းဖြင့် အဖြောင့်ကန်ထည့်လိုက်သည့် ခဏ ...

'ဖျောင်း ..'

---

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ..'

မာကျောလုံးဝန်းသော အရာဝတ္ထုတစ်ခု၏ တစ်စစီပဲ့ကြွေစဉ်သွားသည့်အသံများက ဝန်းကျင်တွင် ပဲ့တင်ရိုက်ခတ်သွားပါချေတော့သည်။ ပြီးမှ ... ဝါးတဲကျောင်းရှေ့ မြေကွက်လပ်တွင် ငှက်ကလေးတစ်ကောင်နှယ် ပေါ့ပါးစွာပျံဝဲ၍ကျလာသည်။ မိန်းမပျိုလေးမှာ မြေပြင်တွင် ခြေစုံရပ်မိသည်နှင့် မျက်နှာတွင်စည်းနှောင်ထားသည့် အနက်ရောင်ပဝါကို ဆတ်ခနဲဆွဲဖြုတ်ကာ ...

ကျောက်တုံးနှစ်တုံးလားရာအရပ်ဆီသို့ ပြေးဝင်ကာလွှားခနဲခုန်၍ ကန်လိုက်သည်။

''ဟေး ... ဟိုင်း''

ရိပ်ခနဲ သုတ်ပြေးဝင်လာသည့် ဝတ်စုံနက်ရှင်၏ တိုက်ကွက်ကို စနေ ... ကပျာကယာ ရှောင်တိမ်းလိုက်သဖြင့် ... မိန်းကလေး၏ ပြင်းထန်သောညာခြေစောင်းကန်ချက်က လက်မောင်းလုံးခန့်ရှိသော သစ်ကိုင်းကို ကျိုးပြတ်လွင့်စဉ်သွားစေခဲ့သည်။

'ဗိုး ..ဖျောင်း ..'

မြန်လိုက်သည့် ဖြစ်ခြင်း ...။ ဝဲပျံလာသော ခန္ဓာကိုယ်မြေသို့မကျခင်မှာပင် အဖြောင့်ကန်ချက်နှစ်ချက်က စနေ၏ ဦးခေါင်းနှင့် ရင်ဝဆီသို့ တန်းခနဲဝင်လာသည်။ စနေမှာ သူ့အရှိန်နှင့် အသာမျောလိုက်သွားပြီး ဖျတ်ခနဲ ခြေထောက်ဖြူဖြူလေးကို ဖမ်းဆွဲကာ ပြန်၍တွန်းလွှတ်လိုက်သည်။

---





''ဟေး ... ဟိုင်း''

'ဖျတ် ..'

ဝါးတဲကျောင်းရှေ့ ကျောက်ဖျာထက်တွင် ဝတ်စုံနက်ရှင်မလေးက လှပစွာ ဝဲပျံကျလာပါလေ၏။

''နင် ... ဘယ်သူလဲ ... ငါ့ကို ဘာဖြစ်လို့ အလစ်မှာကျောက်တုံးနဲ့ပစ်ရတာလဲ''

''ငါ့နာမည် စနေ ... နင့်ကိုသဘောကျလို့ ကျောက်တုံးနဲ့ကန်ပစ်လိုက်တာ၊ ကြိုက်သွားပြီ ... နင့်ရဲ့ပညာစွမ်းကိုတော့ ... ဟင်း ဟင်း''

''ကိုင်း ... တော်ပြီ စနေ ... ဒီလောက်ကျိုစယ်ရရင်တော်ပြီပေါ့၊ ကြိုးကြာကလည်းပင်ပန်းသွားပြီး ... နားလိုက်တော့၊ ငှက်ခါး ... မင်းညီမကိုခေါ်ပြီး စမ်းချောင်းမှာ ရေချိုးပါစေတော့၊ မင်းတို့ ဒီည ... ငါ့ရဲ့ကျောင်းမှာပဲ ညအိပ်ကြရမှာ''

ဘရသေ့က စနေနှင့် ကြိုးကြာတို့မောင်နှမကို လှူချင်းခွဲ၍လွှတ်လိုက်သည့်တိုင် အနက်ရောင်ဝတ်စုံနှင့် အသားဝါမလေးကြိုးကြာက စနေကို မကျေမချမ်းနှင့် စောင်း၍ကြည့်သွားသည်ကြောင့် ... စနေမှာ ပခုံးတွန့်ရင်း ဝါးတဲကျောင်းအနောက်သို့ထွက်သွားပါတော့သည်။

❊

---



www.burmeseclassic.com

www.burmeseclassic.com



ယင်းတိုက်တောင်၏ညအခင်းကို လမင်းဝိုင်းဝိုင်းကြီးက အားဖြည့်၍သာပေးနေသဖြင့် . . . ဘရသေ့၏ ဝါးတဲကျောင်းဝန်းကျင်တစ်ဝိုက်တွင် လရောင်အလင်းဖြင့် ထင်ထင်လင်းလင်းရှိနေပါ၏။ သို့သော် ဝါးတဲကျောင်းပေါ်မှာတော့ သစ်သားနှင့် ဘောင်ခတ်ထားသည့် မီးလင်းဖိုတစ်ခုရှိသည်။

မီးလင်းဖိုနံဘေးမှာတော့ ကြုံးကြာနှင့် ငှက်ခါးတို့မောင်နှမက . . . ဘရသေ့နှင့် စကားစမြည်ပြောဆိုနေကြသည်။ စနေမှာသာ ဘုရားစင်တွင် ဘုရားမီးပူဇော်ခြင်း၊ သောက်တော်ရေချမ်းများလဲလှယ်ခြင်း . . . စသည်တို့ကို ပြုလုပ်နေပါ၏။ အတန်ကြာမှ ထင်းခြောက်တစ်ပွေ့ခန့်ပွေ့ယူလာပြီး မီးလင်းဖိုအနီးတွင်ချကာ ဘရသေ့အနီးတွင် ထိုင်ချလိုက်သည်။

''ကိုင်း . . စနေ . . . မင်းကတော့ သူတို့ကိုသိမှာမဟုတ်ဘူး၊ အခုဟာက အချိန်ကျလာပြီဆိုတော့ ကိုယ်နဲ့ဆက်နွယ်ခဲ့တဲ့သူတွေအားလုံး ဟောဒီယင်းတိုက်တောင်ရဲ့အောင်မြေမှာ ပေါင်းဆုံကြတာကွယ့်၊ ငှက်ခါးကို မင်း . . . သေသေချာချာ ကြည့်စမ်း . . . ပြီးရင် ဘယ်လိုခံစားလာရသလဲဆိုတာကို ငါ့ကိုပြောပြ''

ဘရသေ့၏ ထူးခြားသောစကားကြောင့် . . . စနေမှာ ငှက်ခါး၏မျက်နှာကို စေ့စေ့ရှုရှုကြည့်လိုက်သည်။ ဟုတ်သည်။ ဤမျက်နှာကို တစ်နေရာရာတွင် ရင်းနှီးကျွမ်းဝင်စွာ တွေ့မြင်ဖူးသလိုလို . . .။ ငှက်ခါးကလည်း စနေ၏မျက်နှာကို လွမ်းမောစွာ





ကြည့်နေသည်သို့ . . .။

တစ်ချိန်တည်းမှာပင် စနေ၏မြင်ကွင်းအာရုံထဲတွင် စစ်ကဲမှူးကြီး နေမျိုးကျော်စွာ၊ သူ၏ညီတော် သစ္စာဖောက် ဗိုလ်မှူးကျော်ခေါင်၊ နေမျိုးကျော်ခေါင်၏ညာလက်ရုံးကြီး သွေးသောက်တပ်မှူးကြီးဗိုလ်ပေခေါ် ယင်းတိုက်တာရွှေဗိုလ်ပေ . . .၊ ထို့နောက် တပ်မှူးကြီး ယင်းတိုက်တာရွှေ၏လက်ရုံး . . . ဗိုလ်တွန့်ခေါ် တွန့်၊ ဗိုလ်မှူးကျော်ခေါင်၏ သစ္စာမဲ့လွန်းသောလုပ်ကြံမှုကြီး . . .၊ နောက် . . . နှစ်ပေါင်းတစ်ရာတိုင် မပျောက်ပျက်သော သစ္စာတရားတစ်ခုအကြောင်း . . .။

နောက် . . . မီးညွန့်မီးစွယ်များ တဝုန်းဝုန်းတောက်လောင်နေသည့် ယင်းတိုက်တော်လှန်ရေးစခန်းကြီး၊ ဒေါသမာန်တင်းသံများ၊ သံပြိုင်ဟစ်ကြွေးသံများ၊ နာကြည်းတက်ခေါက်သံများနှင့်အတုံးအရုံးလဲကျသေဆုံးနေကြရသော တော်လှန်ရေးရဲမက်များ . . . စသည် စသည်တို့ကို စနေ၏အာရုံဝယ် ပြက်ပြက်ထင်ထင် မြင်တွေ့လာရသည်ဟု ခံစားမိလာသည်နှင့် . . .

သူ၏ရှေ့မှ . . . ငှက်ခါးနှင့် လက်ရုံးကြီးဗိုလ်တွန့်တို့ကို ပူးလိုက်ခွာလိုက်နှင့် တွေ့မြင်နေရသည်။ တစ်ချိန်တည်းမှာပင် စနေ၏ မသိစိတ်တို့က ဗိုလ်တွန့်တစ်ဖြစ်လဲ . . . ငှက်ခါး၏ပခုံးနှစ်ဖက်ကို အားရပါးရဆုပ်ကိုင်လိုက်ပြီး . . .

''ဗိုလ်တွန့်''

''အရှင်''



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် . . . စနေ၏အာရုံတွင် မြင်ကွင်းများအားလုံး ပျောက်ကွယ်သွားကြသည်။ အသက်ရှူသံပြင်းပြင်း၊ ရင်ခုန်သံ ကြမ်းလှစွာနှင့် လက်ရှိပစ္စုပ္ပန်ကာလသို့ ပြန်လည်ရောက်ရှိလာခဲ့ပါ၏။ သူ့ရှေ့မှ ငှက်ခါးကိုကြည့်ရင်း သူ၏သွေးတို့သည် ပွက်ပွက်ဆူ လာကြသည်သို့ . . .။

''ဟုတ်တယ် . . . မင်းဟာ ငါ့ရဲ့လက်ရုံးကြီး ဗိုလ်တွန်ပဲ . . . ငှက်ခါး''

ငှက်ခါးက စနေကို ဘာမှပြန်မပြော။ စနေ၏မျက်နှာ ကိုသာ စေစေ့ငေးငေးကြည့်နေပါ၏။ ငှက်ခါး၏အကြည့်မျက်လုံး တွင် စနေ၏စကားများနှင့် စနေ့အပေါ်တွင် ချစ်ခင်ယုံကြည်သက် ဝင်နေသည့်နှယ်ပါတည်း။

ထိုစဉ်မှာပင် . . . ဘရသေ့၏စကားများက ထွက်ပေါ် လာခဲ့သည်။

''သံသရာဆိုတာ အမြဲတမ်းလည်ပတ်နေတဲ့ ခြားရဟတ် ကြီးတစ်ခုလိုပဲကွယ့် . . တစ်ချိန်ချိန်၊ တစ်နေရာရာမှာ အကြောင်း တိုက်ဆိုင်ပြီး တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး ဆုံ တွေ့ကြရတယ်ဆိုတာ အတိတ်ဘဝက ပဋ္ဌာန်းဆက်၊ ဘဝဆက်၊ သံသရာဆက်တွေပဲ စနေ၊ ငါတို့ရဲ့ အဖဘုရားရှင် ဟောကြား တော်မူခဲ့တဲ့ ကံ . . . ဆိုတာကိုလက်ခံရင် အတိတ်ဘဝတို့၊ သံ သရာတို့၊ သစ္စာတရားတို့၊ ဝဋ်ကြွေးတို့ဆိုတဲ့ တရားတွေကိုလည်း ယုံကြည်လက်ခံရမယ်ကွယ့် . . .''





စနေနှင့် ငှက်ခါးတို့မှာ ဘရသေ့၏ ပြောဆိုဆုံးမစကား များကို နားထောင်ရင်း တစ်ဦးလက်ကို တစ်ယောက်က . . . အားပါးတရဆုပ်ကိုင်ကာ ထိုလက်ချောင်းများမှ တစိမ့်စိမ့်နှင့် စီးဝင်နေကြသော သစ္စာသွေးများက . . . နှစ်ဦးသား၏သွေးကြော များမှတစ်ဆင့် နှလုံးသားထဲထိတိုင် တိုးဝင်စီးမျောသွားကြပါတော့ သည်။ ထိုအခိုက် . . . နှစ်ဦးသားနှုတ်ဖျားမှ တစ်စုံတစ်ရာသည် ပြိုင်တူထွက်ကျလာကြပါ၏။

''ဆာ . . . တိုး . . . ယာ . . . မ''

ကြိုးကြာမှာ . . . စိတ်ဝိညာဉ်နှင့်ခန္ဓာကိုယ်တို့ ကင်းကွာ နေကြဟန်တူသည့် သူ၏အစ်ကိုတော်နှင့် စနေ . . . ဆိုသူတို့ကို ကြည့်ကာ တအံ့တသြဖြစ်နေပါ၏။ တိုက်တိုက်ဆိုင်ဆိုင် နှစ်ဦး သား၏နှုတ်ဖျားမှ ထွက်လျှံကျလာသည့် 'ဆာတိုးယာမ' သည် သူတို့မောင်နှမနှစ်ယောက်၏ အဓိကရန်သူတော်ကြီးတစ်ယောက် ဖြစ်သည်။

ဆာတိုးယာမကြောင့် သူတို့မောင်နှမ မိဘမဲ့ဖြစ်ခဲ့ကြရ သည်။

ဆာတိုးယာမကြောင့် . . . သူတို့၏ပျော်ရွှင်ချမ်းမြေ့ဖွယ် မိသားစုကမ္ဘာလေး ပျက်စီးခဲ့ရသည်။ ဆာတိုးယာမကြောင့် . . . သူတို့မောင်နှမနှစ်ယောက်၏ နှလုံးသားတစ်စစီတစ်ဖဲ့စီ ကြေပြုန်း ပျက်စီးခဲ့ရသည် မဟုတ်ပါလား . . .။

''ဟုတ်တယ် ငှက်ခါး . . . ဂျပန်ကင်ပေတိုင်ဗိုလ်မှူး



www.burmeseclassic.com

ဆာတိုးယာမဟာ သစ္စာဖောက်လောက်ကောင် ကျော်ခေါင်ဆို တာပဲ၊ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာနီးပါးလောက်ဆီက ဟောဒီ . . . ယင်းတိုက်တောင်ကြီးရဲ့တစ်နေရာမှာ ငါတို့ရဲ့ အရှင်သခင် စစ်ကဲမှူးကြီးနေမျိုးကျော်စွာရဲ့အသက်ကို ရက်ရက်စက်စက် ချေ ဖြုတ်ပစ်ခဲ့တယ်၊ ဟော . . . အခုဘဝမှာလည်း ဆာတိုးယာမဟာ ငါတို့မင်းတို့ရဲ့မိဘတွေကို သတ်ဖြတ်ရုံနဲ့ အားမရနိုင်ဘဲ . . . မီးလောင်တိုက်သွင်းပစ်ခဲ့တယ်၊ ဒါကြောင့် မင်းနဲ့ ငါနဲ့ပူးပေါင်း ပြီး အတိတ်ဘဝက သစ္စာမဲ့ခဲ့တဲ့အကြွေးရော, လက်ရှိဘဝက အကြွေးတွေပါပေါင်းပြီး ဆာတိုးယာမဆီကနေ အရင်းရော အတိုး ပါတောင်းယူရမယ် . . . ဟင်း ဟင်း ဟင်း''

စနေ၏ခန္ဓာကိုယ်တွင်းရှိ နှလုံးသားမှပေါက်ကွဲထွက် လာသော စကားများက ရင်ဘတ်ကြီးမှ ဖောက်ထွက်လာသည် ထင့် . . .။ ငှက်ခါး၏အကြားအာရုံမှတစ်ဆင့် ဒဏ်ရာရနေ ပုံး သားအတွင်းထိတိုင် ဒုတ်ဒုတ်ထိ စူးနစ်ဝင်ရောက်သွားကြမလ သည်သို့ . . .။

ထိုအချိန်တွင် . . .

ရွှန်းလဲ့ဝင်းဖြာနေသည့် လရောင်အောက်တွင် ထူးခြားမှု တစ်ခုကို စနေတွေ့မြင်လိုက်ရသဖြင့် ပါးစပ်အဟောင်းသားနှင့် ငေးမောကြည့်နေမိသည်။ ဟုတ်သည် . . .။ လရောင်အောက် တွင် တဖွဲဖွဲကျဆင်းနေသည့် ငွေနှင်းမှုန်ခပ်ပါးပါးကို ဖောက်ထွင်း ကာ ဘရသေ့၏ဝါးတဲကျောင်းဆီသို့ ဦးတည်လာနေကြသော





အရိပ်သဏ္ဍာန်နှစ်ခု . . .။

ရုံဖန်ရံခါဆိုသလို . . . စနေမြင်တွေ့နေကျ မြင်ကွင်း တစ်ခု။ ရေတံခွန်တောင်ထိပ်မှာ တစ်ကြိမ်၊ ဘရသေ့၏ဝါး ကျောင်းရှေ့တွင် တစ်ကြိမ် . . . နှစ်ကြိမ်တိုင်တိုင် တွေ့ခဲ့ဖူးသည့် တိုင် သည်တစ်ကြိမ်မှာမူ စိတ်တို့က ထူးထူးခြားခြားလှုပ်ရှားနေ ကြသည်။

ဟုတ်ပါသည် . . .။

လရောင်အလင်းအောက်တွင် မဟူရာအနက်ရောင် ဖိတ်ဖိတ်လက်နေသည့် ကြီးမားလှသော ကျားသစ်နက်ကြီး တစ် ကောင်နှင့် ရသေ့အိုကြီးတစ်ပါးတို့က ဘရသေ့၏ ဝါးကျောင်းရှေ့ ကျောက်ဖျာထက်သို့ ဝင်ရောက်ရှိနေကြသည်ကို အံ့ဩတုန်လှုပ် စွာ တွေ့မြင်လိုက်ရပါလေ၏။

''ဟင် . . . ဟို . . . ဟိုမှာ ရသေ့ကြီးနဲ့ ကျား . . . ကျားသစ်နက်ကြီး ကျောင်းရှေ့တောင် ရောက်နေကြပါလား''

''ဟို . . . ဟို . . . ဘ . . . ဘရသေ့ . . . ဘရသေ့''

အံ့ဩထိတ်လန့်စွာဖြင့် စနေ အော်ဟစ်ခေါ်ငင်လိုက် သည့်တိုင် အသံက နှုတ်ဖျားမှထွက်ပေါ်မလာခဲ့။ လည်ချောင်းဝ မှာပင် ပျောက်ကွယ်သွားကြလေသည်သို့ . . .။

''သတိထား . . . မကြာခင်မှာ အန္တရာယ်တွေကျရောက် လာတော့မယ် ငပေ၊ မင်းတို့နှစ်ယောက် ပူးပေါင်းပြီး နှစ်ပေါင်း တစ်ရာနီးပါးက တင်ကျန်ရစ်ခဲ့တဲ့ သစ္စာကြွေးတစ်ခုကို အခု



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အပြီးတိုင် ပေးဆပ်ကြရမယ်၊ သစ္စာကြွေးကို သွေးနဲ့ ရင်းပြီးဆပ်ကြပေတော့"

ရသေ့အိုကြီးက သည်တစ်ကြိမ်တွင်မူ ပျောက်ကွယ်မသွားသေးဘဲ ဝါးတဲကျောင်းပေါ်ထိ တက်ရောက်လာပြီး . . . ဘရသေ့နှင့် စကားအနည်းငယ်ပြောခဲ့ပါ၏။ ပြီးလျှင် . . . စနေငှက်ခါးနှင့် ကြိုးကြာတို့၏ဦးခေါင်းများထက်သို့ လက်ဖဝါးနှင့်အုပ်လိုက်ပြီး အတန်ကြာမျှ တတွတ်တွတ်နှင့်ရွတ်ဆိုကာ . . . ဝါးတဲကျောင်းပေါ်မှ တောင်ဝှေးတဒေါက်ဒေါက်နှင့် ဆင်းသွားပါတော့သည်။ သူ၏နောက်မှ ကျားသစ်နက်ကြီးကမူ . . . စနေတို့ဘက်သို့ ကြောင်ငယ်လေးတစ်ကောင်ပမာ လိုက်ပါသွားခဲ့ပါတော့သည်။

ယင်းတိုက်တောင်၏ညဥ့်သည် ရွှန်းလဲ့သော လရောင်အောက်တွင် မြူနှင်းမှုန်တချို့ကို သယ်ဆောင်ရင်း ဆက် ပက်ခရီးနှင်နေဆဲ . . .॥

❋ ❋ ❋

ခု နစ် စဉ် ကြယ် တာ ပေ

# အပိုင်း (၇)

## ၁၃၅၅ ခုနှစ် ဝဋ်ကြွေးမုန်တိုင်းသံသရာ

www.burmeseclassic.com

www.burmeseclassic.com

## သံသသရာအကြွေးတစ်ခု၏နိဒါန်း

'ဝုန်း ‥ ဖျောင်း'

ဂျပန်ကင်ပေတိုင်ဗိုလ်မှူးဆာတိုးယာမ၏ဒေါသရိုက်ချက်ကြောင့် စားပွဲထက်မှ ဖိုင်တွဲတချို့နှင့် ပစ္စည်းများမှာ လေတွင်ဝဲပျံသွားကြသည်။ ဒေါသဘီလူးပူးဝင်လာမှုကြောင့် မျက်နှာကြီးတစ်ခုလုံး နီရဲပုတ်မောင်နေပါ၏။ တစ်ဆက်တည်းမှာပင် သူ့အပေါ် သစ္စာဖောက်သွားသည့် သူ့လက်အောက်မှ ဂျပန်စစ်ဗိုလ်တာကာနာအပေါ်တွင်လည်း ဒေါသအမျက်ခြောင်းခြောင်းထွက်ခဲ့သည်။

''ဘယ်မှာလဲ တာကာနာ …ဘာဂဲရိုး သစ္စာဖောက်





သူယုတ်မာ ငါ့ရှေ့ကို ခေါ်လာခဲ့စမ်း။ နောက်ပြီး ပစ္စည်းသေတ္တာပါ တစ်ခါတည်းယူလာခဲ့ကြ …သွား …သွားကြလေ အခုချက်ချင်း ငါတွေ့ချင်တယ်''

''ဟိုက် မာစတာ …ဟိုက် …ဟိုက်''

တပ်ကြပ်ကြီးယာမာမိုတိုမှာ မျက်စိမျက်နှာပျက်လျက်တဟိုက်တည်း ဟိုက်နေပါ၏။ ဆာတိုးယာမ၏လက်စွဲလူယုံတော်စကားပြန်ဂုမ္ဘာန်၏မျက်နှာကို အားကိုးတကြီး ကြည့်လိုက်ပါ၏။ ထို့နောက် ရှုံးရှုံးရှဲရှဲနှင့် ဒေါသကြီးကာ မာန်ဖီနေသည့်သူတို့၏အရှင်သခင် ဆာတိုးမယာမကိုလည်း ထိတ်ထိတ်လန့်လန့်နှင့်ကြည့်နေပါ၏။

''ဒီလိုရှိပါတယ် မာစတာ …စိတ်ကိုအေးအေးထားပါ၊ ဂျပန်စစ်ဗိုလ်တာကာနာဟာ မြို့ပြင်က သင်္ချိုင်းဇရပ်ပျက်မှာထူးခြားတဲ့ဒဏ်ရာတွေနဲ့ သေဆုံးနေတာကို တွေ့ရပါတယ်၊ ဒါ့အပြင် သူ့ရဲ့စကားပြန်ကျော်ဒိုးရယ်, သူနဲ့အတူ လိုက်ပါသွားတဲ့ဂျပန်စစ်သားတွေရယ် …အားလုံးဟာ အဲဒီဇရပ်ပျက်ကြီးမှာပဲ သေဆုံးကုန်ကြပါပြီ၊ ထူးခြားတာကတော့ တာကာနာ တိတ်တဆိတ်ခိုးယူသွားတဲ့ ရှေးဟောင်းပစ္စည်းတွေနဲ့ ရတနာပစ္စည်းထည့်ထားတဲ့ သေတ္တာကြီးကိုတော့ မတွေ့ခဲ့ရတော့ပါဘူး။ နောက်ဆုံးကြားရတဲ့သတင်းအရဆိုရင်တော့ …''

ဂုမ္ဘာန်က စကားကိုဖြတ်ကာ သူ၏သခင် ဆာတိုးယာမအား ဖျတ်ခနဲကြည့်လိုက်သည်။ စိတ်ဝင်တစားနားထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဆာတိုးယာမက ဂုမ္ဘာန်ကို တစ်ချက်ပြန်ကြည့်ကာ . . .

"အေး . . . ပြော . . . ပြောစမ်း . . . နောက်ဆုံးကြားရတဲ့သတင်းက ဘာလဲဂုမ္ဘာန် . . . ငါ့ပစ္စည်းတွေကို ပြန်တွေ့ပြီတဲ့လား . . . ဟင်"

"ပစ္စည်းတွေကို ပြန်တွေ့ရတာမဟုတ်ပါဘူး၊ ဒါပေမဲ့ တာကာနာတို့တစ်ဖွဲ့လုံးကို တုတ်တိုတစ်ချောင်းနဲ့ ရိုက်သတ်သွားတဲ့သူဟာ 'ယင်းတိုက်တစ္ဆေ' လို့ ပြောနေကြပါတယ်"

"ဘာ . . . ယင်းတိုက် . . . ယင်းတိုက်တစ္ဆေက သတ်သွားတာ . . . ဟုတ်လား"

ဆာတိုးယာမ၏မျက်နှာမှာ 'ယင်းတိုက်တစ္ဆေ' ဟူသော နာမည်ကို ကြားလိုက်ရသည်နှင့် ဘီလူးသရဲတစ်ကောင်ကို တွေ့လိုက်ရသကဲ့သို့ မျက်စိမျက်နှာပျက်သွားပါ၏။

"ဟုတ်ပါတယ် မာစတာ၊ ဒါ့အပြင် ဂျပန်စစ်ဗိုလ် တာကာနာရဲ့ စစ်အင်္ကျီယူနီဖောင်းမှာ စာတစ်စောင်လည်း ချိတ်ဆွဲသွားခဲ့ပါတယ်၊ အဲ . . . အဲဒီစာရွက်က . . .

ဂုမ္ဘာန်က သူ၏သခင် ဆာတိုးယာမအား သွေးဖြင့်ရေးထားသည့် စာတစ်စောင်ကို ကမ်းပေးလိုက်သည်။ ဆာတိုးယာမက ကပျာကယာယူ၍ ဖတ်ကြည့်လိုက်ပါ၏။ ဂျပန်စာဖြင့်ရေးထားသည့် ထိုစာတစ်စောင်က ဆာတိုးယာမ၏မျက်နှာကြီးအား လင်ပုတ်ဖမ်းသွားစေသည်သို့ . . .





ဆာတိုးယာမ . . .

သင် . . . လူ့လောကထဲမှာ အသက်ရှင်
နေထိုင်ဖို့ ရက်ပေါင်းနှစ်ဆယ်ပဲ လိုတော့တယ်။
ယင်းတိုက်တစ္ဆေစေနေ

"ဟိုင်း ဘာဂဲရိုး . . . ဘာတွေလဲကွ၊ ဘာတွေရေးထားတာလဲ . . . ကိုင်းကွာ ကိုင်း"

'ဗြို . . ဗြို . . ဗြန်း . . ဂွမ်း'

ဆာတိုးယာမမှာ သူ့အား စိန်ခေါ်ထားသည့် ယင်းတိုက်တစ္ဆေ စေနေ၏စာအား ဒေါသတကြီးနှင့် ဆွဲဖြဲပစ်လိုက်ပါလေ၏။ အခြေအနေသည် တစ်စတစ်စ ရှုပ်ထွေး၍လာပါ၏။ ဤအချိန်သည် ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီးဆာတိုးယာမအတွက် ကျဉ်းထဲကျပ်တည်းသို့ ရောက်ရှိနေချိန်လည်း ဖြစ်ပါ၏။ စစ်ရေးအခြေအနေက မကောင်း။ အချိန်တိုင်း စစ်သတင်းများကို ကြွက်အော်သံကဲ့သို့ တကျွိကျွိမြည်နေသော အသံဖမ်းစက်တစ်လုံးနှင့် နေ့ညမပြတ် နားထောင်နေရသည် မဟုတ်ပါလား။ သည်ကြားထဲ သူ၏လက်အောက်တွင် တာဝန်ထမ်းဆောင်နေသည့် ဂျပန်စစ်ဗိုလ်တာကာနာနှင့်ဂျပန်စစ်သားအချို့သည် သူစုဆောင်းသိုဝှက်ထားသည့် ရှေးဟောင်းပစ္စည်းများနှင့် ရတနာပစ္စည်းများကို သူ၏အလစ်အငိုက်တွင် တိတ်တဆိတ် ခိုးယူသွားခဲ့ပြန်ပါ၏။

သို့သော် တာကာနာ ကံမကောင်းခဲ့။ တောင်ခြေမှ



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းဇရပ်ပျက်ကြီးတစ်ခုသို့အရောက်တွင် ယင်းတိုက်တာရွှေ ကောင်နှင့် တည့်တည့်တိုးမိကာ အသက်ဆုံးရှုံးသွားခဲ့ရသည် မဟုတ်ပါလား။ ထို့အပြင် ဂျပန်ကင်ပေတိုင်ဗိုလ်မှူးဆာတိုးယာမ ဆီမှ ခိုးယူသွားခဲ့သည့် ရတနာပစ္စည်းများမှာ သူခိုးလက်မှ သူဝှက် လုယူသွားခြင်းခံလိုက်ရသည်သို့ ပျောက်ခြင်းမလှ ပျောက်ကွယ် သွားခဲ့ပါချေပြီကော။ ထိုဖြစ်ရပ်ထဲမှအမြတ်သည်ကား ထိုသချိုင်း ဇရပ်ပျက်အနီးအနားမှာ ရွာသားများ၏ပြောပြချက်အရ ယင်း တိုက်တာရွှေ၏လှုပ်ရှားသွားလာမှု တစ်စိတ်တစ်ပိုင်းကို သိရှိလိုက် ကြရခြင်းပင်တည်း။

ထိုအချိန်မှစ၍ ဆာတိုးယာမသည် သူ၏ကင်ပေတိုင် ဌာနချုပ်စခန်းကို လုံခြုံရေး ပိုမိုတင်းကျပ်စေခဲ့ပြီး ဂုမ္ဘာန်စီစဉ် ထားသည်ထက်ပင် အစောင့်အကြပ်များ ပို၍ချထားလိုက်ပါတော့ သည်။ ထို့အပြင် တပ်ကြပ်ကြီးယာမာမိုတိုဦးစီးစေပြီး သူ၏လ ရွေးစင်ဂျပန်စစ်သားများနှင့်အတူ သချိုင်းဇရပ်ပျက်ကြီးနှင့် မနီး မဝေးတွင် တည်ရှိသော ယင်းတိုက်တောင်ကြောကြီးအား ပိုက် စိပ်တိုက်ကာ တောနင်းရှာဖွေစေခဲ့ပါတော့သတည်း။

ဤသို့ဖြင့် ဂျပန်တပ်ကြပ်ကြီးယာမာမိုတိုဦးစီးသော တပ် စိတ်တစ်စိတ်သည် နက်ရှိုင်းညို့မှောင်လျက်ရှိသော ယင်းတိုက် တောကြီးအတွင်းသို့ စစ်ဆင်ရေးတစ်ခုအသွင်ဖြင့် တိုးဝင်လာခဲ့ ကြပါတော့သည်။

❊





ထိုအချိန်တွင် မြန်မာမျိုးချစ်တော်လှန်ရေးသမားများ သည် ဗြိတိသျှအင်္ဂလိပ်မဟာမိတ်များနှင့်ပူးပေါင်းကာ ဖက်ဆစ် ဂျပန်များကို တိုက်ထုတ်ရန် ကြံရွယ်နေကြချိန်ဖြစ်ပါ၏။ တစ် နည်းဆိုရသော် ဂျပန်တို့ဦးနှောက်ကိုက် ခေါင်းခဲနေကြချိန်လည်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယင်းတိုက်တာရွှေ စနေ၏ဦးတည် ချက်သည်ကား လွဲဖယ်သွားမည်မဟုတ်ပါ။ ယခုဆိုလျှင် သူနှင့် အတူ ငှက်ခါးတို့မောင်နှမသည်လည်း သံသရာအဆက်ဆက်၊ ဘဝအဆက်ဆက်မှ ရန်သူတော်ကြီး ဆာတိုးယာမအား သုတ် သင်သတ်ဖြတ်ရေးအတွက် အကွက်ချကာ စီစဉ်နေကြပါ၏။

"အင်း . . . မင်းအတွက်တော့ သတင်းကောင်းပဲ စနေ၊ ယင်းတိုက်တောင်အနောက်ဘက်ခြမ်းမှာ ဂျပန်ကိုတော်လှန်တိုက် ခိုက်နေကြတဲ့ ပြောက်ကြားတော်လှန်ရေးရဲဘော်တစ်စု ခိုအောင်း နေကြတယ်၊ သူတို့ရဲ့ခေါင်းဆောင်ကတော့ ဗိုလ်အောင်ဖေလို့ သိရတယ်၊ ဒီကောင်တွေလည်း ဆာတိုးယာမရဲ့စခန်းကို ဝင် ရောက်တိုက်ဖို့ ကြံစည်နေကြတယ်"

ငှက်ခါးက ဝင်းမည်းလုနီးပါးဖြစ်နေသည့် ငှက်ပျောနိုင် တစ်ခိုင်ကို ခုတ်ယူလိုက်ရင်း စစ်ရေးသတင်းအချို့ကို စနေအား ပြောပြနေပါ၏။ သည်နေ့ ယင်းတိုက်တောကြီး၏ငှက်ပျောတော ဘက်တွင် ရိက္ခာအလို့ငှာ ငှက်ပျောနိုင်၊ သစ်သီးဝလံများကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေခုတ်ယူနေကြခြင်းဖြစ်ပါ၏။

"ကောင်းတာပေါ့ ငှက်ခါး . . . ဒီဂျပန်မိစ္ဆာကောင်တွေ ငါတို့ရဲ့မြေပေါ်က မြန်မြန်ထွက်ခွာသွားလေ ကောင်းလေပဲပေါ့ကွာ၊ အေး . . . တစ်ခုပဲရှိတယ် . . . ဆာတိုးယာမကိုတော့ ငါ့လက်နဲ့ ကိုယ်တိုင်သတ်ဖြတ်ပြီးမှ ဒင်းတို့ မိစ္ဆာကောင်တွေအကုန်လုံး တစ်ယောက်မကျန် တိုက်ထုတ်ပစ်ရမယ် ငှက်ခါးရေ"

စနေကလည်း ငှက်ပျောခိုင်တစ်ခိုင်ကိုထမ်းလာရင်း ရုံထဲမှ ဒဏ်ရာတချို့ကို လှစ်ဟပြဆိုနေပါ၏။ ကြိုးကြာကမူ ခပ်လှမ်းလှမ်းလျှိုကြီးထဲရှိ စမ်းချောင်းတွင် ကိုယ်လက်သန့်စင်ရင်း သစ်သီးများကို ဆေးကြောနေသည်။

စနေနှင့်ငှက်ခါးတို့မှာ ငှက်ပျောတောကြီးထဲတွင် လှည့်လည်၍ ငှက်ပျောခိုင်ရှာဖွေရင်း ကြိုးကြာနှင့် အတန်ငယ်အလှမ်းဝေးလာခဲ့သည်။ ယင်းတိုက်တောင်ကြီးသည် လျှိုမြောင်စိမ့်စိမ်းပေါများသည်။ သစ်သီးဝလံများလည်း ပေါများပါ၏။ သစ်ကြီးဝါးကြီးများနှင့် အုံ့ဆိုင်းညို့မှိုင်းနေသဖြင့် သားကောင်ကြီးငယ်များလည်း၊ ခိုအောင်းကျက်စားလေ့ရှိပါ၏။ ရုံဖန်ရံခါဆိုသလိုတောပစ်မုဆိုးတချို့ မျက်စိလည်လမ်းမှားကာ ဘရသေ့၏ကျောင်းသခမ်းသို့ပင် ရောက်ရှိလာလေ့ရှိကြသည်။

"ရှေ့အပတ်ထဲကျရင် ငါတို့ ရဲရမန်းကို တက်ကြမယ် ပြီးရင် ဆာတိုးယာမ စံပျော်တဲ့ ရဲတိုက်ကြီးရဲ့အခြေအနေ့အဝင်အထွက်တွေကိုသွားပြီး စနည်းနာကြမယ်၊ ဆာတိုးယာမရဲ့နောက်





ဆုံးနေ့ရက်ကတော့ လာမယ့်မတ်လ (၅) ရက်နေ့ပဲ ငှက်ခါးရေ"

"စိတ်ချ စနေ . . . ငါ့ဘက်က အားလုံးအဆင်သင့်ပဲ၊ ဒီဂျပန်မိစ္ဆာကောင်ဆာတိုးယာမကို ဒီဘဝမှာ အပြီးပိုင်လက်စားချေနိုင်မှုဖြစ်မယ်၊ အဲဒီအတွက် ငါတို့မောင်နှမနှစ်ယောက်စလုံး သတ်ဖို့လည်းအသင့်, သေဖို့လည်းအသင့်ပဲ စနေ"

ဟုတ်သည်။ သူ၏ဆရာ ကျားသစ်နက်နှင့်ရသေ့အိုကြီး၏ နိမိတ်ဖတ်စကားအတိုင်းသာဆိုလျှင် ဆာတိုးယာမအား သွေးကြွေးဆပ်သည့်ပွဲတွင် သူတို့သုံးယောက်ထဲမှ တစ်ယောက်အသက်သေ၍ ကျန်ရစ်ခဲ့မည်ဟု ဆိုသည်။

ထိုသူသည် မည်သူဖြစ်မည်နည်း။

ယင်းတိုက်တာရွှေ ငပေ ဝင်စားသည့် စနေပင်လေလား၊

ငပေ၏လက်ရုံး ဗိုလ်တွန်ဝင်စားသည့် သူပင်လေလား၊

သို့တည်းမဟုတ် ငပေ၏ချစ်သူ ခင်ဘုန်းဝင်စားသည့် သီမငယ် ကြိုးကြာလေလား . . . မည်သူမျှ ခွဲခြားသတ်မှတ်၍ မပြောနိုင်ပါ။ သို့သော် တစ်ယောက်ကျန် အသက်ပေးရမည့်သူမှာ သူပင်ဖြစ်စေဦးတော့ ဆာတိုးယာမ စံပျော်ရာ ရဲတိုက်နီကြီးသို့ ထိုးဖောက်ဝင်ရောက်ရန်အတွက်မူ ခြေလှမ်းတစ်ချက်ကလေးမှ တွန့်ဆုတ်သွားလေမည်မဟုတ်။

သူ အသက်ရှင်ရပ်တည်နေသ၍ သူလေးစားအားထားသော ယင်းတိုက်တာရွှေဗိုလ်ပေဝင်စားသည့် စနေဆိုသော ကောင်လေးအပေါ်တွင် မည်သည့်ဘေးဆိုး၊ ကပ်ဆိုး၊ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးများ မကျရောက်စေရ . . . ဟူသော နိုင်ကျည်သော သွေး သစ္စာတို့ဖြင့် . . . ။

ထိုစဉ် . . .

"အား . . . ကိုကြီးရေ . . . စနေရေ"

ထိတ်လန့်တကြားဟစ်အော်လိုက်သည့် ကြိုးကြာ၏အော် ဟစ်သံလေးနှင့်မရှေး၊ နောင်းမှာပင် သေနတ်သံများက ဆူညံစွာ ထွက်ပေါ်လာခဲ့သည်

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

'ဟေး . . ဟိုင်း . . ဘိရုမာ . . မီးမ . . မီးမ . .'

"ဟိုမှာပြေးပြီ . . . လိုက် . . . လိုက် . . . လိုက်ကြမယ်"

တစ်ချိန်တည်းမှာပင် ဆူဆူညံညံအော်ဟစ်လိုက်သည့် ဂျပန်စစ်သားများ၏အော်ဟစ်သံ၊ တဝုန်းဝုန်းနှင့် တောတိုးသံများ က လျှိုကြီးထိပ်စမ်းချောင်းဘက်ဆီမှ ကြားလိုက်ရသည်။

"စနေရေ . . . ဂျပန်တွေ ယင်းတိုက်တောင်ထိတောင် ရောက်နေကြပြီရော . . . ဟို . . . ဟို . . . ဟိုမှာ ကြိုးကြာ ငါတို့ဘက်ကိုပြေးလာနေပြီ"

"အေး မြင်ဘယ် . . . ကောင်း ကြိုးကြာဟာ ဂျပန် ကောင်တွေကို သတ်ကွင်းထဲကို တမင်သက်သက် မြှားပြီးခေါ် လာတာဖြစ်မယ်၊ ငှက်ခါးရေ . . . ကိုင်း . . . လူချင်းခွဲ အသင့်ပြင် ထား"

စနေက သူ၏ကျောတွင် လွယ်ထားသည့် ကတ္တီပါအိတ်





ထဲမှ ပြောင်လက်လုံးချောနေသည့် 'ဝါးကျစ်လိမ်တုတ်တို' ကို ဖုတ်ခနဲဆွဲယူလိုက်သလို လူထွားကြီးငှက်ခါးကလည်း ကျောတွင် လွယ်ထားသည့် ငှက်ကြီးတောင်ဓားကြီးကို ရွှမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်ပါ၏။

ငှက်ပျောပင်များကြားတွင် ကွေ့ကာဝိုက်ကာနှင့် ရန်သူ ဂျပန်များကို ကျုံးသွင်း၍ခေါ်ငင်လာရင်း ပြေးလွှားလာသည့် ကြိုးကြာ၊ သူတို့ကိုလွန်သွားသည်နှင့် . . .

'ဟေး . . ဟိုင်း'

'ဝှစ် . . ဝှစ် . . ဝှစ် . . အား . . ရှင် . .'

"အား . . ဟီး"

စနေက ငှက်ပျောပင်များကြားမှ လွှားခနဲခုန်ထွက်ကာ ရှေ့ဆုံးမှ ဂျပန်စစ်သားနှစ်ဦးကို 'ဝါးကျစ်လိမ်တုတ်'နှင့် မိတ် ဆက်ပေးလိုက်သည်။ သူ့လိုပင် လူထွားကြီးငှက်ခါးကလည်း သူ့အနီးမှဖြတ်ပြေးလာသည့် ဂျပန်စစ်သားအား ငှက်ပျောပင် ပါရော၍ ပိုင်းခုတ်ပစ်လိုက်သည်။

'ရှင် . . အား . . ဘိုင်း'

'ဟိုင်း . . ခူးရကာ . . ဘိရုမာ . . ပစ် . . ပစ်'

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

ရုတ်တရက် ရန်သူနှင့်ထိပ်တိုက်တွေ့လိုက်ရသဖြင့် ငှက် ပျောတောကြီးထဲတွင် သေနတ်သံ၊ ပစ်ခတ်သံများနှင့် ညည်းတွား သံတို့က ကမ္ဘာပျက်သည့်နှယ် ထွက်ပေါ်လာခဲ့ပါသည်။ မမျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်ဘဲ ရန်သူ၏အငိုက်မိသွားသဖြင့် တပ်ကြပ်ကြီးယာမာမိုတိုမှာ သူ၏စစ်ကြောင်းကို ရပ်တန့်လိုက်သည်။

``ဟိုင်း . . . ရန်သူဟာ ငှက်ပျောတောထဲမှာပဲရှိတယ် လူခွဲမတက်နဲ့ . . . ရင်ခေါင်တန်းပြီးတက်၊ တွေ့တာနဲ့ ပစ်သတ်လိုက်''

တပ်ကြပ်ကြီး ယာမာမိုတို၏ အော်ဟစ်အမိန့်ပေးသံကြီးနှင့်အတူ ဂျပန်စစ်သားများ ငှက်ပျောတောထဲသို့ တိုးဝင်မွှေနှောက်သံများကို စင်ကြားနေရသည်။ စနေမှာ သူရောက်ရှိနေသည့် ငှက်ပျောပင်ကောက်မှ အသာအယာဆုတ်ကာ ငှက်ပျောတောထဲမှ ထွက်လိုက်သည်။ ထိုအချိန်တွင် . . .

`ဝုစ် . . ရှွင် . . ဒုတ် . . ဒုတ် . .

``အီး . . . : အား'

`ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

အရှေ့ဘက် ငှက်ပျောတောအစပ်မှ ညည်းညူလဲကျသံများ၊ သေနတ်ပစ်သံများကို ဆက်တိုက်ကြားလိုက်ရပြီး ပြန်လည်၍ ငြိမ်သက်သွားပါ၏။ တပ်ကြပ်ကြီးယာမာမိုတိုမှာ မျက်လုံးမျက်ဆန်ပြူးလျက် ရှိပါချေပြီ။ ငှက်ပျောတောထဲမှ ကိုယ်ပျောက်ရန်သူသည် သူ၏စစ်သားများကို အမှည့်ခြွေ ခြွေလျက်ရှိပါပြီကော။

``ထွက် . . . ထွက်မယ်ဟေ့ . . . ငှက်ပျောတောထဲက မြန်မြန်ထွက်၊ တောင်းရာဆီမှာ စုကြ''





`ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

စိတ်ထင်ရာ ရမ်းသန်းပစ်ရင်း တပ်ကြပ်ကြီးယာမာမိုတိုမှာ ငှက်ပျောတောကြီးထဲမှ သူ၏စစ်သားများ ဆုတ်ခွာနိုင်ရန်အတွက် ကာပစ် ပစ်ပေးလျက်ရှိသည်။

'ဝုစ် . . ဝုစ် . . ဝုစ် . . ဝိုး . . ဝိုး . . ဝိုး . . ဝိုး . . ဝိုး'

ထိုစဉ်မှာပင် လေတိုးသံကြီးလိုလို၊ လေတိုက်သံလိုလို တဝီဝီနှင့်အော်မြည်ပွဲတင်လာရင်း ငှက်ပျောရွက်များကိုလည်း တဖျန်းဖျန်းနှင့် ဆွဲခါလှုပ်ယမ်းသွားပြန်သည်။

``ဟာ . . . ဘာသံကြီးလဲမသိဘူး တဝီးဝီးနဲ့ အော်မြည်နေတာ . . . မုန်တိုင်းတိုက်တာများလား''

တဝီးဝီးနှင့် လေတိုက်သံကြီးကို ရုတ်တရက်ကြားလိုက်ရသဖြင့် တပ်ကြပ်ကြီးယာမာမိုတိုနှင့် သူ၏လက်ကျန်စစ်သားခြောက်ယောက်တို့ ငှက်ပျောတောထဲမှ ပြေးထွက်လာကြသည်။

ထိုစဉ် ငှက်ပျောတောအစပ်ရှိ ကညင်ပင်ကြီးအောက်တွင် နစ်ပြန်သာသာမျှရှိသော တုတ်တိုတစ်ချောင်းကို မြေတွင်ထောက်ကာ ခြေကိုကား၍ရပ်နေသည့် ရှမ်းဘောင်းဘီအနက်နှင့် လူရွယ်တစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

ဖျင်အင်္ကျီလက်တိုကိုဝတ်ကာ မြက်ခမောက်အဝိုင်းကြီးကို မျက်နှာဖုံးအုပ်လုမတတ် ဆောင်းထားသည့်အသက်နှစ်ဆယ်အရွယ်ခန့်ရှိ လူရွယ်တစ်ယောက်က ဆီးကြို၍ တပ်ကြပ်ကြီးယာမာမိုတိုကို မေးမြန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''မင်းတို့ ဆာတိုယာမရဲ့လူတွေလား၊ မှန်မှန်ပြောစမ်း''

''မင်း . . . မင်းက ဘယ်သူလဲ၊ ဘာဖြစ်လို့ ဆာတိုး ယာမကို မေးနေရတာလဲ''

တပ်ကြပ်ကြီးယာမာမိုတိုက သူ၏စစ်သားများအား မျက်ရိပ်ပြလိုက်ပြီး သူကိုယ်တိုင်ကလည်း သူ၏သေနတ်တွင် ကျည်ဆန်ထိုးလိုက်သည်။

ထိုအချိန်တွင် လူထွားကြီးငှက်ခါးနှင့်ကြိုးကြာတို့က ဂျပန်စစ်သားများ၏နောက်ဘက် ငှက်ပျောတောစပ်တွင် ဆိတ်ငြိမ်စွာစောင့်ဆိုင်းလျက် . . .

''မင်းတို့အရှင်သခင် ဆာတိုးယာမရဲ့အသက်ကိုချွေမယ့် ယင်းတိုက်တစ္ဆေဆိုတာ ငါပဲဟေ့ . . . ကိုင်း . . . ကိုင်း''

စနေမှာ သူ့ရှေ့မှတုတ်ကို ခြေခွင်ရိုက်တင်လိုက်ပြီး လက်နှစ်ဖက်ဖြင့် တုတ်ကို စကောဝိုင်းပတ်သကဲ့သို့ တဝိုးဝိုးနှင့် မွှေ့ယမ်းလိုက်ပါတော့သည်။ တဝီးဝီးနှင့်တုတ်မွှေသံသည် မုန်တိုင်းတိုက်ခတ်သံအလား ငှက်ပျောတောအစပ်ရှိ ငှက်ပျောရွက်များ လေပွေမွှေ့ဝဲစီးကြောင်းကြောင့် တဖျပ်ဖျပ်နှင့် စုတ်ပြတ်လွင့်စဉ်ကုန်ကြသည်။

'ဝိုး . . ဝိုး . . ဝိုး . . ဖြန်း . . ဖရန် . . ဖြန်း . . ဖြန်း'

သစ်ကိုင်းသစ်ခတ်တို့ ကျိုးပြတ်လွင့်စဉ်ကုန်သည်။ မြက်ရိုင်းပင်တို့ မြေတွင် ပြားပြားဝပ်စင်းကုန်ကြသည်။ ငှက်ပျောခက်၊ ငှက်ပျောလက်တို့ လေတွင်လွင့်ပျံစုတ်ပြဲကုန်ကြသည်၊ တစ်ဆက်





ကည်းမှာပင် လည်၍နေသောတုတ်ကို လက်တွင်းသိမ်းဆွဲ၍ ခြေနင်းကွက်ကို လေးကွက်လေးဌာန နဂါးလိမ်လျှောက်၍ အရပ်လေးမျက်နှာသို့ တရစပ်ရိုက်ချလိုက်သည်။

'ဝေါ . . ဖျောင်း . . ဖျောင်း . . . ဂျိုင်း'

တပ်ကြပ်ကြီးယာမာမိုတိုနှင့် ဂျပန်စစ်သားများမှာ သေနတ်ကြီးများဖြင့် ချိန်ရွယ်လျက် ပစ်ခတ်ခြင်းပင် မပြုနိုင်ဘဲ တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးသော တုတ်သိုင်းပညာစွမ်းကို အံ့သြမှင်တက်လျက် ငေးမောကြည့်နေပါလေ၏။

စနေ ခင်းထည့်လိုက်သော 'ဝါးကျစ်လိမ်တုတ်တို' ၏ လေအလျှင်သည် လေဝဲတွင်စုပ်၍ ပေါ်လာပြီးလျှင် အရပ်လေးမျက်နှာရှိ သစ်ကိုင်း၊ သစ်ခက်၊ ကျောက်တုံး၊ ကျောက်မှုန်များကို တဖွမ်းဖွမ်းဖြင့် အစိတ်စိတ်အမြွှာမြွှာ ကွဲစေခဲ့ပါချေပြီကော။ အရှိန်ပြင်းစွာ လွင့်စဉ်လာကြသော ကျောက်စကျောက်မှုန်၊ သစ်ကိုင်း၊ သစ်ခက်များက ရှေ့တူရူမှာ သေနတ်များနှင့် ချိန်ရွယ်ထားသော ဂျပန်စစ်သားသုံးယောက်ကို တဖျန်းဖျန်းနှင့် ထိမှန်သွားကြသည်။

'အ . . အိ . . အင့်'

ထိုအချိန်ကျမှ တပ်ကြပ်ကြီးယာမာမိုတိုနှင့် ကျန်ဂျပန်စစ်သားများက ယင်းတိုက်တစ္ဆေစနေအား ဝိုင်းဝန်း၍ပစ်ခတ်ကြပါလေတော့သည်။ သို့သော် နောက်ကျသွားခဲ့ပါပြီ။ ငှက်ခါးနှင့်ကြိုးကြာတို့၏လက်ထဲမှ ဝါးဆစ်ချွန်လေးများက ဂျပန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦး၏နောက်ကျောသို့ · စိုက်ဝင်သွားကြပါတော့သည်။

'ဝှစ် ‥ရှင်'

'အာ ‥အား'

တစ်ယောက်တည်းသာ ကျန်ရှိတော့သော တပ်ကြပ်ကြီးယာမာမိုတို၏လက်တွင်မှ စနေ၏ကျောက်ခဲစများ ထိမှန်သွားသဖြင့် သေနတ်ကိုပင် မကိုင်နိုင်တော့ပါ။ ထိုဂျပန်စစ်သားထံသို့ စနေက လျှောက်သွားပြီး အင်္ကျီကော်လံစကိုကိုင်ကာ ဆွဲယူလိုက်သည်။

''ဒီမှာ ...မင်းရဲ့အရှင်သခင် ဆာတိုးယာမကို ပြောလိုက် ...အခုလာမယ့် မတ်လငါးရက်နေ့မှာ အကြွေး ပြန်ဆပ်ဖို့ ငါလာခဲ့မယ်လို့ ...သွားတော့''

ထို့နောက်မှာတော့ တပ်ကြပ်ကြီးယာမာမိုတိုတို့အား စနေက ဆောင့်၍တွန်းထုတ်လိုက်သည်။ တပ်ကြပ်ကြီးယာမာမိုတိုမှာ သူ၏လက်မဒဏ်ရာကို ကျန်တစ်ဖက်နှင့်ဆုပ်ကိုင်၍ ယင်းတိုက်တန်ဆောင်ကြီးအား ထိတ်လန့်ချောက်ချားစွာကြည့်ရင်း ယင်းတိုက်တောကြီးအတွင်းမှ သေပြေးရှင်ပြေး ထွက်ပြေးသွားပါလေတော့သည်။

❊ ❊ ❊





## အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ရှင်းတမ်း

၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက် ....။

ဤရက်များအတွင်းဝယ် နတ်စစ်သည်တစ်ပါးလို အံ့မခန်းလိလိ 'စက္ကန္တတုတ္တ' တုတ်ခင်းပညာရပ်များနှင့် ခုန်ပျံလှုပ်ရှားကာ ပြင်းပြင်းထန်ထန်လေ့ကျင့်ပေါက်ကွဲပြခဲ့သော 'စနေ' ၏ပညာစွမ်းကို ကြိုးကြာတစ်ယောက် မျက်ဝါးထင်ထင် နီးကပ်စွာ မြင်တွေ့ခွင့်ရရှိခဲ့သည်။

ထို့နောက် စနေ လွမ်းလွမ်းဋ္ဌေးဋ္ဌေးပြောပြခဲ့သော လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာနီးပါးခန့်က သစ္စာတရားတစ်ခုအကြောင်းကိုလည်း အံ့ဩစဖွယ် ကြားသိခဲ့ရသဖြင့် တစ်ခါတစ်ရံ စနေ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသောကိစ္စရပ်များကို ကြိုးကြာ ဉာဏ်မမီသော်လည်း အလေးအနက်ထားကာ စူးစူးနစ်နစ်ယုံကြည်ခဲ့သည်။ သူ၏ အစ်ကိုငှက်ခါးကမူ စနေအတွက်သာဆိုလျှင် အသက်ကိုပင် စွန့်လွှတ်ပြီးသား ‥ဟု ဟိုစဉ်ကတည်းက သဘောပိုက်ထားသူ တစ်ယောက်ဖြစ်သည်။

သူ၏အစ်ကိုငှက်ခါးနှင့် စနေ၏အတိတ်ဘဝဖြစ်ရပ်များ တူညီတိုက်ဆိုင်နေခြင်းကလည်း လွန်စွာမှအံ့ဩဖွယ်ရာ၊ မယုံကြည်နိုင်ဖွယ်ရာ အံ့မခန်းဖြစ်ရပ်ကြီးတစ်ခုနှယ် ဟုတ်ပါသည်။ ထို့ကြောင့်လည်း ရသေ့အိုကြီးဘိုးခိပ္ပက သူတို့မောင်နှမနှစ်ယောက်အား ငယ်စဉ်ကတည်းကပင် သူတကာနှင့်မတူ ထူးခြားလှသည့်ပညာရပ်များကို ဂရုတစိုက် သင်ကြားပေးခဲ့ခြင်းဖြစ်ပါလိမ့်မည်။

စင်စစ် သူတို့မောင်နှမသည် နွယ်လောင်ကွဲရွာကြီးမှ ဖြစ်ကြသည်။ ရသေ့အိုကြီးဘိုးခိပ္ပသည် သူတို့မောင်နှမ၏အဘိုးတော်စပ်သူဖြစ်သည်။ ဘိုးခိပ္ပသည် ရှမ်းပြည်နယ်စပ်ရှိ နွယ်လိမ်တောင်တွင် တရားအားထုတ်နေသူဖြစ်သော်လည်း သူ၏အစ်ကိုတော် ငှက်ခါးကို လွန်စွာချစ်မြတ်နိုးသူဖြစ်သည်။ ထို့ကြောင့်လည်း သူ၏အစ်ကိုငှက်ခါးမှာ ဘိုးခိပ္ပနှင့်သာ အနေများသူဖြစ်ပြီး ကြိုးကြာကမူ မိန်းကလေးဖြစ်နေသဖြင့် နွယ်လောင်ကွဲရွာတွင် မိဘများနှင့်သာ ရင်အုပ်မကွာနေထိုင်ခဲ့ရပါ၏။ ရံဖန်ရံခါမှသာ အဘိုးနှင့်အစ်ကိုရှိရာ နွယ်လိမ်တောင်သို့ ရိကွာပို့ရင်း





သွားလာနေထိုင်ခွင့်ရခဲ့သည်။

ရသေ့ကြီးဦးခိပ္ပတွင် ထူးခြားလှသော ကျားသစ်နက်ကြီးတစ်ကောင်ရှိသည်။ ဘိုးခိပ္ပသွားလေရာ တကောက်ကောက်လိုက်လေ့ရှိပြီး အန္တရာယ်ကိုလည်း ကာကွယ်ပေးနိုင်စွမ်းရှိသည်။ ငှက်ခါးကိုလည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် ရည်ရွယ်ချက်ရှိသည်ဆိုကာ တောတွင်းသားအတတ်နှင့် ကာယပညာသုဒပုံဆောင်ကာယလုပ်ငန်းပညာရပ်များကို ပြင်းပြင်းထန်ထန်လေ့ကျင့်ခိုင်းစေခဲ့သည်။

ထိုအချိန်တွင် မြန်မာနိုင်ငံအတွင်းသို့ စစ်ရိပ်စစ်ငွေ့များ သန်းလာကြပြီး မြန်မာ့မြေပေါ်မှ အင်္ဂလိပ်နယ်ချဲ့တို့မှာ ဖက်ဆစ်ဂျပန်တို့၏ထိုးစစ်ကြောင့် ဆုတ်ခွာသွားခဲ့ကြရသည့်အချိန် ဖြစ်နေပါ၏။ ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ရန်ကုန်မြို့ကို ဂျပန်တို့၏ဗုံးကြဲလေယာဉ် (၁၀၀) ကျော်ခန့် ဗုံးကြဲတိုက်ခိုက်ပြီး အချိန်မှစ၍ အင်္ဂလိပ်တို့သည် မြန်မာ့မြေပေါ်မှနေ၍ အိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ ဆုတ်ခွာသွားခဲ့ကြသည် မဟုတ်ပါလား။ ထိုသည့်အချိန်မှစ၍ ငှက်ခါးတို့နေထိုင်ရာ နွယ်လောင်ကွဲရွာကြီးသည် ဂျပန်တို့စစ်ချီတက်ရာ စစ်လမ်းကြောင်း ကျခဲ့ရပါလေတော့သည်။

ဤကဲ့သို့ စစ်လမ်းကြောင်းကျခဲ့ရသဖြင့်လည်း ငှက်ခါးနှင့်ကြိုးကြာတို့၏မိဘနှစ်ပါးနှင့်အတူ နွယ်လောင်ကွဲရွာတစ်ရွာလုံး သေသူသေ၊ ဒဏ်ရာရသူရနှင့် ရွာလုံးကျွတ် ဂျပန်ဖက်ဆစ်တို့၏ မီးလောင်တိုက်သွင်းခြင်းကို ခါးသီးစွာခံခဲ့ကြရပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏မိဘနှစ်ပါးတို့ အင်္ဂလိပ်စပိုင်ဟုစွပ်စွဲကာ ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်း၍ နောက်ဆုံးတွင် ဂျပန်စစ်ဗိုလ်မှူး ဆာတိုးယာမကိုယ်တိုင်သတ်ပစ်ခဲ့သည်ကို ငှက်ခါးကိုယ်တိုင် ခါးသီးစွာ မြင်ရခဲ့ပါ၏။ ထိုစဉ်က အသက် (၁၇) နှစ်သားအရွယ်ရှိ ငှက်ခါးမှာ သူ၏ဓားမြောင်တိုလေးနှင့်ပင် ဂျပန်ဗိုလ်မှူးဆာတိုးယာမကို သတ်ပစ်ဖို့အထိပင် ကြံစည်ခဲ့ဖူးပါသည်။

ထိုစဉ်က အခြေအနေမပေးခဲ့သဖြင့် ဆာတိုးယာမ လူ့လောကတွင် ဆက်လက်၍ရှင်သန်ခွင့်ရခဲ့ပါလေ၏။ ဤသို့ဖြင့် ငှက်ခါးရော၊ ကြိုးကြာပါ ရသေ့အိုကြီးဘိုးခိပ္ပထံသို့ရောက်ရှိသွားခဲ့ခြင်းဖြစ်ပါတော့သည်။ ထိုမှတစ်ဆင့် စနေကဲ့သို့ပင် တောတွင်းသားကျင့်စဉ်များကို မောင်နှမနှစ်ယောက်စလုံး သင်ယူလေ့ကျင့်စေခဲ့ပါ၏။ နေ့စဉ်လိုလို သစ်လုံးများကို ထမ်းပိုးဆိုးမြောက်ခြင်းအမှုကိုပြုရသည်။

အင်္ကျီဝတ်ဆင်ခြင်းမပြုရဘဲ ပကတိစင်းလုံးချော်အသားမြှောင်းအသားမျှင်များဖြင့် ဗလာကိုယ်ချွတ်နေသည့်အကျင့်ကိုလည်း ငှက်ခါးတစ်ယောက် နှစ်စွဲရှုဝလုပ်ရသည်။ နေ့စဉ် မြင့်မားသော ကျောက်စွန်းတစ်ခု၏ထိပ်တွင်ရပ်၍ အရှေ့ဘက်သို့ လှည့်ကာ လေရှူသွင်းခြင်း၊ လေရှူထုတ်ခြင်းတို့ကိုလည်း လေ့ကျင့်ရသည်။

ထို့နောက် မြေကြီးခဲကိုကောက်ကိုင်၍ ကြေမွသွားသည်အထိ လက်ဖြင့်ချေနေရသည်။ သစ်ပင်များကို ဖောက်ထိုးနိုစိး





ခြင်း၊ တစ်ပင်မှတစ်ပင်သို့ ခုန်ကူးခြင်း စသော ပညာရပ်များကို ကျင့်ကြံလာခဲ့ရာမှ တစ်စ တစ်စ . . . ငှက်ခါး၏ခန္ဓာကိုယ်ကြီးမှာ တောတွင်းတိရစ္ဆာန်ကြီးတစ်ကောင်နှယ် သန်လာ၏။ မာလာ၏။ ခန္ဓာကိုယ်ကြီးတစ်ခုလုံး အသက်အရွယ်နှင့်မလိုက်အောင်ပင် ကြီးထွားခက်ထန်လာသည်။ ငှက်ခါး၏ခြေဖဝါးနှင့်လက်ဖဝါးတို့ပင် ကျောက်ဆောင်ကျောက်သား၏မျက်နှာပြင်ကဲ့သို့ ကြမ်းရှ ခက်မာလာခဲ့ပါတော့သည်။

ထို့အတူ ကြိုးကြာမှာလည်း မျက်လုံးနှစ်လုံးစလုံးပိတ်၍ သို့မဟုတ် အဝတ်နက်တစ်ထည်နှင့်စည်းနှောင်ကာ လက်နက်တို့၏ အသံ၊ လှုပ်ရှားနေသောအသံများကို အာရုံပြုနားစိုက်ကာ ကျင့်ကြံအားထုတ်စေခဲ့သည်။ အကြားအာရုံကိုသာပြု၍ သံတို၊ သံရှည်၊ ဓားပစ်သံ၊ တုတ်ပေါက်သံ စသည်တို့ကို ခွဲခြားသတ်မှတ်နိုင်စေပြီးမှ လက်နက်မျိုးစုံနှင့် ပစ်ခတ်တိုက်ခိုက်၍ စမ်းသပ်စေသည်မဟုတ်ပါလား။

ဤသို့ဖြင့် နှစ်နှစ်ခန့်ကြာသောအခါတွင်မူ ငှက်ခါးအား ခေါ်ယူ၍ လွှန်ခဲ့သောနှစ်ပေါင်းတစ်ရာနီးပါးက ကြွင်းကျန်ရစ်ခဲ့သော သင်္ကြန်တုရား၏ဝင်္ကြေ့ကြွေးတစ်ခုကို အပြီးတိုင်ပေးဆပ်ရန်ဟူသော ကြီးမားလှသည့်တာဝန်ကြီးတစ်ခုကို ပေးအပ်ခဲ့သည်။ ထိုမှတစ်ဆင့် ယင်းတိုက်တောကြီးအတွင်းရှိ ရသေ့ကြီးဦးဇာဂရသံ ကျင့်ကြံအားထုတ်နေသည့် စနေခေါ် ယင်းတိုက်တာရွှေဆိုသူနှင့် တွေ့ဆုံပေခဲ့ရာမှ ငှက်ခါးမှာ သူ၏လွန်ခဲ့ပြီသော အတိတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုဆီမှ ကြွင်းကျန်ခဲ့သော သစ္စာမဲ့သူ၏ပုံရိပ်အချို့ကို ပြက်ပြက်ထင်ထင်မြင်လာခဲ့ရသည် မဟုတ်ပါလား။

လေနှင်ရာသို့ လွင့်မျောနေသည့် ကြိုးကြာ၏စိတ်အာရုံများက ပစ္စက္ခသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ အားမာန်သွင်း၍ 'စက္ကန္ဒတုဋ္ဌ' တုတ်ခင်းပညာရပ်မှ တုတ်လိမ်၊ တုတ်ထမ်း၊ ဇော်တုတ်၊ ကျေးတုတ်၊ ကုလားမင်း၊ ဥသဘတုတ်၊ လက်သာ၊ လက်တွင်း၊ သစ်မင်း၊ ကုလားခေါက်၊ ပိတောက်နှစ်နှင့် ဝါးမျိုးဆယ်မည်၊ မီးထင်းစည်၍၊ မွေ့သည့်အပ်ချုန်၊ စိန်လက်မှုန်သို့၊ မိကျောင်းရုပ်တွင်း၊ ဘီလူးတုပ်တုပ်၊ ရုတ်ရုတ်သဲသဲ၊ ခဲခဲဖြည်ဖျင်း၊ ရန်သူမည်က၊ ခွင်းသည့်တုတ်ပေါင်း၊ အကြောင်းသိစေ ... ဟူသော တုတ်ခင်းရိုက်ချက်များကို ရေပက်မဝင်စွမ်းစွမ်းတမံ လေ့ကျင့်လှုပ်ရှားနေသည့် စနေ၏ချွေးပြိုင်းပြိုင်းကျနေသော ခန္ဓာကိုယ်ကြီးကို ကြိုးကြာ ... ငေးမောကြည့်နေမိပါသည်။

စင်စစ် စနေမှာ လေးလံဖိစီးနေသည့် ဝန်ကြီးတစ်ခုကို မနိုင်အဂ်ါထမ်းရွက်ထားလေသည်သို့ ကြိုးမားလေးလံလှသော သစ္စာတရားတစ်ခု၏တာဝန်ကြီးတစ်ခုကို အရွယ်နှင့်မမျှ ထမ်းရွက်ထားရသည့် စနေအပေါ်တွင် ပထမဦးဆုံးအကြိမ် ကြိုးကြာ ကရုဏာသက်မိလာခဲ့ပါသည်ကော။

ထိုအချိန်တွင် စနေ ကစားနေသည့်နေရာသို့ ဘရသေ့ကိုယ်တိုင်ရောက်ရှိလာပြီး ပြင်းပြင်းထန်ထန်လေ့ကျင့်နေသည့် တပည့်ဖြစ်သူကို အနားပေးလိုက်ပါ၏။ လုံးကျစ်ဖွံ့ထွားနေသည့်





အပေါ်ပိုင်းအဝတ်မဲ့ခန္ဓာကိုယ်တွင် ချွေးသီးချွေးဥလေးများက နေရောင်တွင် ရွှေရည်ရွှေစက်ကလေးများအလား၊ စနေ၏မို့မောက်စွင့်ကားနေသည့် ရင်အုပ်ညိုညိုကြီးကိုကြည့်ကာ ကြိုးကြာ ရင်ခုန်သံမြန်ချင်လာသလိုလို ...။

ထိုစဉ်မှာပင် စနေနှင့်ဘရသေ့တို့သည် ကြိုးကြာထိုင်နေသည့် ကျောက်ဖျာကြီးအနီးသို့ရောက်ရှိလာကြသည်။

"ဒီမှာ စနေရဲ့ အခု မင်းတတ်တဲ့ စက္ကန္ဒတုဋ္ဌတုတ်ခင်း၊ အသတ်အလျှို့အတတ်ရဲ့စက္က ဝ တ်ရေးတုတ်များပုံသဏ္ဌာန်နဲ့ လေဝဲစုပ်သံမြည်နိုင်စွမ်းတဲ့ ကုတ်အလျင်၊ တုတ်အတတ်ကို နောင်းလူတွေမယုံနိုင်လောက်အောင်ကို ကျန်ရစ်ခဲ့လိမ့်မယ် စနေ၊

အာယုကပ်တို့ရဲ့ သက်လျော့ခြင်းအပေါ် မူတည်ပြီး ဖြစ်ပေါ်တတ်တဲ့သဘောလက္ခဏာတွေပဲကွယ့်၊ ဒီမှာ သေချာ နားထောင်ကြ ... ငါတို့ရဲ့ပဒုမမြတ်စွာဘုရားရှင်ဟာ အနှစ်တစ်သိန်း အသက်ရှည်လျားပြီး အရပ်တော်ဟာ ငါးဆယ့်ရှစ်တောင်မြင့်တယ်၊ နာရဒဘုရားရှင်ဟာ အရပ်တော်ရှစ်ဆယ့်ရှစ်တောင်မြင့်ပြီး အသက်တော်ဟာ နှစ်ပေါင်းကိုးသောင်းတိုင်တယ်၊ သောဘိတဘုရားအလောင်းတော်ဟာ စံနန်းတော်နဲ့အတူ ကောင်းကင်ယံကို ပျံတက်စေပြီးမှ တောထွက်တော်မူခဲ့တယ် ...၊

အိမ်း ... အဲဒီလိုပဲ အလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသားဟာလည်း အဠာရသသိပ္ပကို သင်စရာမလို ပဋိသန္ဓေတည်ကတည်းက အလိုလိုတတ်မြောက်ပြီးသားဖြစ်တယ်၊ အလောင်း



www.burmeseclassic.com

www.burmeseclassic.com



တော်ရဲ့ လေးသည်အတတ်ဖြစ်တဲ့ ပစ်လာသမျှမြားအပေါင်းကို ဝဇီရစိန်သွားတပ်သော မြားတစ်စင်းတည်းဖြင့် ပယ်ရှားအပ်တဲ့ 'သရပ္ပဋိဗာဟန' အတတ်၊ စီကာစဉ်ကာ စိုက်ထားအပ်တဲ့ ငှက်ပျောပင်တို့ကို တစ်ကြိမ်တည်း ပစ်အပ်သောမြားဖြင့် အားလုံးကို မှန်စေပြီးမှ လက်တွင်းသို့ တစ်ဖန်မြားကျလာစေအပ်သော 'စက္ကဝေဓိအတတ်'၊ လျှပ်တစ်ပြက်အတွင်း မြားချက်ပေါင်းသောင်းသိန်းမက ပစ်ခြင်းတည်းဟုသော 'အက္ခဏဝေဓိအတတ်'၊ ပသာစက္ခုဖြင့် ကြည့်ရှုမမြင်ရပါဘဲ အသံကိုနားထောင်၍ ထိမှန်အောင် ပစ်နိုင်တဲ့ ...'သဒ္ဒဝေဓိအတတ်နဲ့သရလဋ္ဌိ, သရဇ္ဇ, သရပ သဿဒ, သရသောပါန, သရပ္ပနိဋ္ဌိဗာဟန, သရဝဏ္ဏပ, ဘရ ပါကာရ, သရပေါက္ခဏီ, သရပဒုမ, သရဝဿ, စက္ကဝိဒ္ဓရ သရဝဋ္ဋန ...စတဲ့ မြားရေး၏တစ်ဆယ့်နှစ်ရပ်စတဲ့ အံ့ဖွယ်သရဲ ရှိလှတဲ့ အလောင်းတော်သိဒ္ဓတ္ထကို မင်းတို့လူငယ်လူရွယ်တွေက မယုံကြည်နိုင်ပါဘူးလို့ ဆိုကြမည်လား''

စနေသည် ငြိမ်လျက်ရှိပါ၏။ သူ၏ဘုရားရှင်ဘရသေ ကြီးသည် ဗုဒ္ဓဝင်လာ အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ပညာ ခန်းကို သူ၏ 'စက္ကနုတ္တ' တတ်ခင်းပညာစွမ်းဖြင့် နှိုင်းယှဉ်၍ ပြောဆိုနေခြင်းဖြစ်သဖြင့် ဆိတ်ဆိတ်သာ နားထောင်နေမိသည်

လိုအခိုက် လူထွားကြီးငှက်ခါးနှင့် သေနတ်များလွယ်ထား သည့် လူစိမ်းနှစ်ယောက်တို့ ရောက်ရှိလာကြပြီး ဘရသေ ရှိသေစွာဝတ်ဖြည့်ကန်တော့လိုက်ကြသည်။ ဘရသေ့ကမူ တစ်





ချက်မျှ လှည့်ကြည့်လိုက်ပြီး သူ၏ မဆုံးသေးသောစကားစကို ဆက်လက်၍ ပြောဆိုနေပါ၏။

''ငါဆိုလိုတဲ့သဘောက ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားရဲ့ပါရမီပညာခန်းနဲ့ စက္ကနုတ္တခင်းအတတ်ကို နှိုင်းယှဉ်ပြီး ပြောနေတာမဟုတ်ဘူးနော်၊ ဒါပေမဲ့ အခု မင်းကိုသိတိုင်ဘတ်ကျွမ်းသွားခဲ့တဲ့ စက္ကနုတ္တတတ်ခင်းပညာရပ်နဲ့ တိုင်းပြည်နိုင်ငံရဲ့ရန်စူးရန်ညှောင့်တွေ, သစ္စာဖောက်လောက်ကောင်တွေ, အမျိုးမစစ်တဲ့ကောင်တွေကို အကာအကွယ်ပြုတိုက်ခိုက်ရာမှာ စွမ်းစွမ်းတလျင်ရှိတယ်ဆိုတာ မင်းလည်း သိနေပြီပဲ မဟုတ်လား၊ ဒီတော့ နိုင်ငံထူထောင်ရေး, သူ့ကျွန်ဘဝက လွတ်မြောက်ရေး အတွက် အရေးကြီးတဲ့အချိန်အခါမှာ လူစွမ်းကောင်း, သူရဲကောင်းဆိုတာ သိပ်ပြီးလိုအပ်တယ်၊ အေး ...လူစွမ်းကောင်းဆိုတာ တိုင်းပြည်လူမျိုးနဲ့ ဘာသာ.သာသနာအရေးအတွက် နှန့်စွန့်စားစား ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်မျိုးကိုသာ ဆိုတာကွယ့် ...၊

အခုကြည့်စမ်း ...ငါတို့မြန်မာမျိုးရိုးစဉ်ဆက် အင်းဝပျက်သုဉ်းပြီးကတည်းက နောက် ထီးကျိုးစည်ပေါက် တိုင်းပြည်ကျွန်သဘောက်ဘဝကိုရောက်ခဲ့ပြီးမှ သူပုန်သူကန်တွေ, လူပြိန်းအနွတွေနဲ့ မျိုးမစစ်တဲ့ သစ္စာဖောက်လောက်ကောင်တွေ များလွန်းလှပြီ၊ အဲဒီတော့ မြန်မာတို့ရဲ့နောက်ဆုံး ကုန်းဘောင်မင်းဆက်ဖြစ်တဲ့ သီပေါအရှင်လက်ထက် 'လက်ယာစစ်ကဲမှူးကြီး



www.burmeseclassic.com

www.burmeseclassic.com



မဟာမင်းလုစည်သူဘွဲ့ရတပ်မှူးကြီးနေမျိုးကျော်ဇွာရဲ့ညာလက်ရုံးကြီး သွေးသောက်တပ်မှူး ယင်းတိုက်တစ္ဆေဗိုလ်ပေရဲ့သွေးစစ်စစ်ဖြစ်တဲ့အပြင် ...

မြန်မာလူမျိုးတည်းဟူသော ရှေးတမ္ပဒီပတိုင်းသားနွယ်ဝင်တို့ရဲ့ မိခင်ပညာရင်းစစ်စစ်ဖြစ်တဲ့ 'စက္ကနှတုဏ္ဍ' တုတ်ခင်းပညာရပ်တို့ ထုံးလိုမွှေ ရေလိုနှောက်နိုင်တဲ့ လူကလေးဟာ 'ယင်းတိုက်တစ္ဆေ စနေ' ဆိုတဲ့ လူစွမ်းကောင်းဂုဏ်ပုဒ်ကို အသက်နဲ့လဲပြီး ထိန်းသိမ်းစောင့်ရှောက်ရမယ်၊ သစ္စာတရားတစ်ခုအတွက် ပေးဆပ်ရဲရမယ် စနေရေ''

စနေမှာ ဘရသေ့၏ဆုံးမသြဝါဒစကားများကို နာယူရင်း၊ သူ၏ရင်ထဲမှ သွေးတို့သည် ဆူဝေပွက်လျှံလာကြပါချေပြီတည်း။ ထို့အတူ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာနီးပါးမှ သစ္စာတရား၏ဝံသရာကြွေးတစ်ခုကိုလည်း မဖြစ်မနေပေးဆပ်မည်ဟု နိုင်ကျည်စွာ အဓိဋ္ဌာန်ပြုလိုက်ရင်း ...

❋ ❋ ❋





## အန္တရာယ်ခံ တွင်းသို့အဝင်

၁၉၄၅ ခုနှစ် မတ်လ (၁) ရက် ...။

နံနက်ခင်းနေခြည်သည် တစ်စ တစ်စမြင့်တက်လာခဲ့ပါပြီ။ တိမ်မြူမီးခိုးတို့ ကင်းရှင်းနေကြသဖြင့် ပြာလဲ့လဲ့ကောင်းကင်ပြင်ကြီးက ရှင်းသန့်နေပါ၏။ ရဲရမန်းမြို့လယ်ရှိ ဂျပန်ကင်ပေတိုင်ဌာနချုပ်အဖြစ်ထားရှိရာ ရဲတိုက်နီကြီးရှိရာသို့ တောင်စောင်းထိပ်တစ်နေရာမှ လူသုံးယောက်က စစ်သုံးမှန်ဘီလူးတစ်လက်ဖြင့် မသိမသာတစေ့စောင်း အကဲခတ်ကြည့်နေကြပါ၏။ ထိုလူသုံးယောက်မှာ စနေ၊ ငှက်ခါးနှင့် ဂျပန်တော်လှန်ရေးသမား



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်အောင်ဖေတို့ပင် ဖြစ်ကြသည်။

ငှက်ခါးက စစ်သုံးမှန်ပြောင်းတစ်လက်ဖြင့် သစ်ပင်အကွယ်မှနေ၍ ကင်ပေတိုင်ဌာနချုပ်စခန်းတစ်ခုလုံးအား အသေးစိတ်ချောင်းမြောင်းကြည့်ရှုနေပါ၏။

''ဘယ်လိုလဲ ငှက်ခါး . . . ဂိတ်တွင်း၊ ဂိတ်ပြင်နဲ့ စည်းရိုးတွေကို သေသေချာချာကြည့်စမ်း၊ ငါ့စိတ်ထင် သံဆူးကြိုးတန်းအသစ်စက်စက်တွေဆိုတော့ လျှပ်စစ်ဓာတ်တွေတော့ လွှတ်ထားမယ်ထင်တယ်''

''ဟုတ်တယ် စနေရေ . . . အစောင့်အကြပ်တွေနဲ့ အတားအဆီးတွေကတော့ ဌာနချုပ်ဝင်းထဲရော အပြင်မှာရော ဂျပန်စစ်သားတွေ မည်းမည်းလှုပ်နေတာပဲဟေ့၊ ဂျပန်စစ်တပ်ကြီးတစ်ခုလုံးများ ခေါ်ထားသလားအောက်မေ့ရတယ်''

ငှက်ခါးမှာ မှန်ပြောင်းကို ဗိုလ်အောင်ဖေထံသို့ လက်ဆင့်ကမ်းပေးရင်း စနေအား ပြောပြလိုက်ခြင်း ဖြစ်သည်။

''အင်း . . . မင်းပြောသလို ဒီကောင်ကြီး တော်တော်လေး သွေးပျက်ချောက်ချားနေပုံရတယ်ကွ၊ ခွေးတွေရော၊ ဂျပန်စစ်သားတွေနဲ့ရော ရဲတိုက်ကြီးရှေ့မှာ မည်းမည်းလှုပ်နေတာပဲ၊ အဲဒီဂျပန်တွေရဲ့ဌာနချုပ်ထဲကို ဘယ်လိုနည်းနဲ့ထိုးဖောက်ပြီး ဝင်မယ်လို့ မင်းစဉ်းစားထားသလဲ စနေ''

''အင်း . . . ရှိတော့ရှိတယ်၊ ဒါပေမဲ့ ဘယ်အရာက အကောင်းဆုံးနဲ့ အထိရောက်ဆုံးလဲဆိုတာ စဉ်းစားနေတာ၊ ဝင်မယ့်အစီအစဉ် အသေးစိတ်ကိုတော့ အဲဒီနေ့ကျမှပဲ ဆွေးနွေးဆုံးဖြတ်ကြတာပေါ့''

''ဟုတ်တယ် စနေ . . . ခြံတံခါးဝရှေ့နောက်မှာရော၊ တိုက်ခေါင်မိုးပေါ်မှာရော၊ အစောင့်တွေကို အများကြီးတွေ့ရတယ်၊ အင်း . . . သံဆူးကြိုးတွေက အသစ်စက်စက်တွေဆိုတော့လည်း မသင်္ကာစရာဖြစ်နေတယ်၊ ပတ်ပတ်လည်မြေပြင်အခြေအနေကလည်း လောလောလတ်လတ်ရှင်းထားပုံရတယ်၊ ကေန္တမိုင်းတွေမြှုပ်နှံထားလိမ့်မယ် . . . စနေ''

ဗိုလ်အောင်ဖေကလည်း ကင်ပေတိုင်ဌာနချုပ်ဝန်းကျင်တွင် ပြုပြုနွေးနွေးရှင်းလင်းထားသည်မို့ သင်္ကာမကင်းဖြစ်နေခြင်းဖြစ်သည်။ သူတို့သုံးယောက် ဤတောင်စောင်းပေါ်မှ စောင့်ကြည့်နေကြသည်မှာ အတော်ကြာပြီဖြစ်ပါ၏။ ကင်ပေတိုင်ဌာနချုပ်နှင့် ပတ်သက်သည့် မြင်ကွင်းများကိုလည်း သိရှိနားလည်ပြီကြပြီမို့ ပြန်ကြရန် သတိပေးလိုက်ပါသည်။

'စနေရေ ပြန်ကြစို့ . . . ဒီနေရာမှာ သိပ်ကြာကြာရပ်နေရင် သူတို့ရိပ်မိသွားကြလိမ့်မယ်၊ စီစဉ်စရာတွေလည်း စီစဉ်ထားနှင့်ရအောင် ပြန်ကြစို့ရဲ့''

အပြန်ခရီးမှာတော့ အတွေးကိုယ်စီနှင့် ငြိမ်သက်တိတ်ဆိတ်လျက် ရန်သူတော် ဆာတိုးယာမသည် သူ၏ဌာနချုပ်ကို သေသေချာချာဂရုတစိုက် စီမံကွပ်ကဲထားဟန်တူပါ၏။ မည်းမည်းလှုပ်မျှ စောင့်ကြပ်နေကြသော ဂျပန်စစ်သားများ၊ အမြဲ







www.burmeseclassic.com

www.burmeseclassic.com

တစေလွှတ်ထားသည့် ခွေးကြီးများကလည်း နေရာအနှံ့လှည့်လည်သွားနေကြသည်။ စခန်းကို ဝိုင်းဝန်းကာရံထားသည့် သံဆူးကြိုးများကိုလည်း သိပ်မယုံ။ လျှပ်စစ်လွှတ်ထားမည်မှာ မလွဲပါတည်း။ ငှက်ခါးစဉ်းစားသည်။ စနေဆိုသည့် 'စဏ္ဍနှုတ္တ' တုတ်ခင်းပညာရှင်လေး ဆာတိုးယာမ၏အန္တရာယ်ခံတွင်းထဲသို့ မည်သည့်နည်းဖြင့် ထိုးဖောက်ဝင်ရောက်မည်နည်း။ သိပ်တော့လွယ်ကူလိမ့်မည်မဟုတ်။ မည်သည့်နေ့၊ မည်သည့်အချိန်တွင် အရောက်လာမည်ဟုလည်း ဆာတိုးယာမထံသတင်းပေးထားသဖြင့်လည်း စနေ လုပ်ရကိုင်ရ ခက်ခဲမည်မှန်း သူသိသည်။

သို့သော် စနေကို သူယုံကြည်သည်။ စနေ၏အကြောင်းကို သူသိသည်။ ဘယ်လိုပဲဖြစ်စေဦးတော့ ချိန်ထားသည့်နေ့ရက်၊ ချိန်းထားသည့်အချိန်တွင် ဆာတိုးယာမရှိရာသို့ စနေမရောက်ရောက်အောင်သွားရောက်မည်မှာ မြေကြီးလက်ခပ်မလွဲပါတည်း။

ဤသို့ဖြင့် ဘရသေ့၏ဝါးတဲကျောင်းသို့ ပြန်လည်၍ရောက်ရှိလာသောအခါမှာတော့ လက်နက်အင်အား၊ စစ်သည်အင်အားအပြည့်အစုံနှင့် ကြိုတင်၍စောင့်စားနေသော ဂျပန်ကင်ပေတိုင်ဗိုလ်မှူးကြီး ဆာတိုးယာမ၏ကင်ပေတိုင်ဌာနချုပ်စခန်းအတွင်းသို့ ဝင်ရောက်တိုက်ခိုက်နိုင်မည့် နည်းဗျူဟာအမျိုးမျိုးကို စနေ၊ ငှက်ခါးနှင့်ဗိုလ်အောင်ဖေတို့သုံးဦးသား ခေါင်းချင်းဆိုင်၍ တိုင်ပင်ဆွေးနွေးကြပါတော့သည်။

လိုအပ်လျှင် ကင်ပေတိုင်ဌာနချုပ်တည်ရှိရာနေရာကို





မြေပုံကြမ်းများပင် ရေးဆွဲ၍ စခန်းအဝင်အထွက်လမ်းများ၊ သတ်ကွင်းကျရာနယ်မြေ၊ လွတ်မြောက်နယ်မြေစသည်များကို တွက်ချက်ကြည့်ကြသည်။

''အင်း . . . ဌာနချုပ်ကြီးရဲ့ ပထဝီမြေအနေအထားအရဆိုရင် စခန်းရဲ့ရှေ့ဘေးဘယ်ညာကို ငါတို့ လုံးဝစဉ်းစားလို့မရတော့ဘူး၊ ဘာကြောင့်လည်းဆိုတော့ သတ်ကွင်းဖြစ်နေတာရယ်၊ ကျည်ကွယ်မျက်ကွယ်မရှိတာရယ်၊ နောက်ပြီး မိုင်းကျင်တွေရှိနိုင်တာရယ်ကြောင့် အဲဒီသုံးဘက်သုံးတန်ကို ပယ်ဖျက်လိုက်ရမယ် . . .၊

အဲဒီတော့ စခန်းရဲ့နောက်ဘက်မှာ ပြောင်ချောနေတဲ့ ချောက်ကမ်းပါးယံကြီးရှိတယ်၊ ဘယ်လိုမှဆင်းလို့တက်လို့ မလွယ်ကူတဲ့လမ်းကြောမို့ ရန်သူဟာ အဲဒီနောက်ဘက်မှာ လုံခြုံရေးအင်အားလျှော့နည်းတယ်၊ သဘာဝအတားအဆီးကြီးကရှိနေလေတော့ အဲဒီနေရာကနေ ဝင်လို့ရမယ်၊ ဒါပေမဲ့ စွန့်စားရမယ်၊ လက်မမြဲရင် ပြုတ်ကျပြီးသေမယ်''

စနေက ဌာနချုပ်၏နောက်ဘက်ပြောင်ချောနေသည့် ချောက်ကမ်းပါးကြီး၏ မြေပုံကြမ်းကိုဆွဲပြကာ ငှက်ခါးတို့မောင်နှမနှင့်ပါ တိုင်ပင်ဆွေးနွေးလျက်ရှိပါ၏။ ဗိုလ်အောင်ဖေတွင် တော်လှန်ရေးရဲဘော်အင်အား ငါးဆယ်ကျော်ခန့်ရှိသည်။ ကျန်ရှိသောချောက်ကမ်းပါးကြီးထက်မှ လူခွဲ၍ အယောင်ပြကာ ဆင်နွှဲမည်။ ထိုအချိန်တွင် ချောက်ကမ်းပါးကြီးထက်မှ စနေ၊ ငှက်ခါး



www.burmeseclassic.com

www.burmeseclassic.com

နှင့် ကြိုးကြာတို့က ဆင်းသက်ရမည်ဖြစ်ပါ၏။ တိုက်ပွဲအတွက် အစီအစဉ်ရေးဆွဲနေဆဲမှာပင် စနေ၏ခွန်အားဝိညာဉ်တို့က သွေးကြောအနှံ့လည်ပတ်စီးမျောနေသည်သို့။

"ဘဝဆိုတာ တိုက်ပွဲပဲ စနေ၊ အေး . . . တိုက်ပွဲတကာ့ တိုက်ပွဲမှာ တစ်မျိုးသားလုံး သူ့ကျွန်ဘဝက လွတ်မြောက်အောင် လုပ်ရတဲ့တိုက်ပွဲက ဘဝလောကခံတိုက်ပွဲထက် ပိုပြီးပြင်းထန်တယ်၊ ပိုပြီးစွန့်လွှတ်ရတယ်၊ ပိုပြီး မျက်ရည်ကျရတယ်၊ ပိုပြီး အသည်းနာရတယ်၊ ငါတို့လူမျိုးတွေရဲ့အသက်သွေးချွေးတွေ စတေးကြရဦးမယ်၊ ဒီတိုက်ပွဲမှာ ငါတို့မင်းတို့ ကျဆုံးသွားခဲ့ရင် ငါတို့ရဲ့ရဲဘော်တွေ၊ မျိုးဆက်သစ်တွေက အောင်ပွဲခံရအောင်ထိ ဆက်လက်တိုက်ပွဲဝင်ကြရမှာပဲ၊ အေး . . . တစ်ခုတော့ရှိတယ်၊ စနေနဲ့ငှက်ခါးတို့ကျတော့ မတူဘူး၊ သူတို့နှစ်ယောက်ကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀) နီးပါးလောက်က သစ္စာတရားရဲ့ပုံရိပ် တစ်ခုကို ပြန်ပြီးပေးဆပ်ကြရတယ်၊ ဒီဘဝဟာ သူတို့နှစ်ယောက်အတွက် နောက်ဆုံးအခွင့်အရေးပဲ။

ဘရသေ့က ဝါးတဲကျောင်းထက်မှဆင်းလာကာ စနေနှင့်ငှက်ခါးတို့မောင်နှမအနီးသို့ လျှောက်လာပြီး အားပေးစကားများဖြင့် ပြောဆိုလာပါ၏။ သစ္စာတရားတစ်ခုအတွက်သို့မဟုတ် သစ္စာမဲ့သူတစ်ယောက်အတွက် ဗိုင်းဝန်းကူညီပါရမီဖြည့်ဆည်းပေးကြမည့် သွေးသောက်မောင်နှမနှစ်ဦး၊ ဘရသေ့၏ နိမိတ်ဖတ်စကားအရဆိုလျှင်တော့ အသက်ပေးလှူရမည့် သွေး





သောက်တစ်ယောက်အတွက်မူ စနေ စိတ်မကောင်းမိပါချေ။

ငှက်ခါးတစ်ကောင်သည် သရက်ရိပ်၌ခိုကာ ပျင်းရိဘွယ်ရာ တကီးကီးနှင့် အော်မြည်နေပါ၏။ ဝါးတဲကျောင်းလေးအနီးမှ ဖြတ်သန်းစီးဆင်းလျက်ရှိသော စမ်းချောင်းငယ်လေး၏ရေစီးသံကသာ တေးပဒ္ဒင်တစ်ပုဒ်ကိုဆိုညည်းရင်း ကမ္ဘာမြေပြင်ကိုတစ်ဖက်တစ်လမ်းမှ အလှဆင်ရန် ကြိုးစားနေသည်သို့ . . .။

၁၉၄၅ ခုနှစ် မတ်လ (၂) ရက်။

မြန်မာပြည်၏စစ်ရေးအခြေအနေက ဂျပန်တို့အတွက် အရေးမလှသကဲ့သို့ဖြစ်နေပါချေပြီ။ ဗြိတိသျှအင်္ဂလိပ်နှင့်မြန်မာ တော်လှန်ရေးသမားတို့ ပူးပေါင်း၍ ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အပြီးပိုင်တိုက်ထုတ်ရန် ကြိုးစားဆင်နွှဲနေကြပြီ မဟုတ်ပါလား။ မြန်မာနိုင်ငံအနှံ့အပြားတွင် ဂျပန်တို့သည် ပြောက်ကျားစစ်များကြောင့် အပျက်အစီး၊ အဆုံးအရှုံးများလာကြသည်။ မြန်မာမျိုးချစ်တော်လှန်ရေးသမားများသည် ဂျပန်တို့၏ရိက္ခာကိုဒေါင်များ၊ လက်နက်တိုက်များကို အလစ်အငိုက်တွင် ဝင်ရောက်စီးနင်းကာ မီးရှို့ဖျက်ဆီးကြသည်။

ထို့ကြောင့် ရဲရမန်းမြို့ကြီးကို ကိုင်တွယ်အုပ်ချုပ်ရသည့် ဂျပန်ကင်ပေတိုင်ဗိုလ်မှူးဆာတိုးယာမသည် သူ၏ဂျပန်စစ်တပ်ကို အမြဲတမ်း (၂၄) နာရီတပ်လှန့်ထားရသည် မဟုတ်ပါလား။ သည်ကြားထဲ လွန်ခဲ့သောနှစ်ပေါင်း (၁၀၀) နီးပါးက ရန်ကြွေးကိုလည်း အသည်းအသန်ပေးဆပ်ချင်နေသည့် 'ယင်းတိုက်တာရွှေ


www.burmeseclassic.com

www.burmeseclassic.com



စေနေ' ၏ခြိမ်းခြောက်မှုကလည်း စဉ်ဆက်မပြတ်ကြားသိနေရပါသည်။

ယင်းတိုက်တောင်တိုက်ပွဲတွင် တစ်ဦးတည်းသာအသက်ရှင်ကျန်ခွင့်ရရှိခဲ့သည့် တပ်ကြပ်ကြီး ယာမာမိုတိုနှင့်လည်း စကားလက်ဆောင်ပါးလိုက်သေးသည် မဟုတ်ပါလား။

''မင်းရဲ့အရှင်သခင် ဆာတိုးယာမကိုပြောလိုက် အခုလာမယ့် မတ်လ (၅) ရက်နေ့မှာ အကြွေးဆပ်ဖို့ ပါလာခဲ့မယ်လို့''

ဆာတိုးယာမ၏အကြားအာရုံတွင် ပဲ့တင်ထပ်မျှကြားနေရသည့်စကားသံတစ်ခု၊ အနားတွင် တကျွီကျွီနှင့် ကြွက်တစ်ကောင်နှယ် အော်မြည်နေသည့် ဝါယာလက်(စ်)အသံဖမ်းစက်မှ မြည်သံ၊ အရေးပေါ်စစ်သတင်းများပေးပို့နေသံများက ဆာတိုးယာမ၏အရက်တို့ဖြင့် ပြည့်လျှံနေသည့် အာရုံကြောလိုင်းများဆီသို့ အဆက်မပြတ် တိုးဝင်လာချိန်မှာတော့ ...

'ဝိုး ..ခွမ်း'

ထုံးစံအတိုင်း လက်ထဲမှ သောက်လက်စအရက်ခွက်ကို နံရံဆီသို့ပင် ပေါက်ရိုက်ခွဲလိုက်ပါလေတော့သည်။ ပြီးလျှင် သွေးပျက်ချောက်ချားသောအသံနက်ကြီးဖြင့် ...

''ဂုမ္ဘာန် ..ဂုမ္ဘာန် ..ဂုမ္ဘာန်'

အခန်းတံခါးက ဖျတ်ခနဲပွင့်လာပြီး ကြီးမားထွားကျိုင်းလှသည့် လူ့ဘီလူးကြီးတစ်ယောက် ဆာတိုးယာမရှေ့သို့ လှစ်ခနဲ





ရောက်ရှိလာခဲ့သည်။

''ဟိုက် ...အမိန့်ရှိပါ မာစတာ''

သူ၏ရှေ့တွင် ဖျတ်ခနဲတွေ့မြင်လိုက်ရသည့်အရိပ်ကိုပင် ဆာတိုးယာမ ထိတ်လန့်တကြားဖြင့် မော့ကြည့်လိုက်သည်။ အရိပ်ရှင်မှာ သူ၏ညာလက်ရုံး စကားပြန် ဂုမ္ဘာန်ဖြစ်နေသဖြင့် ကပျာကယာ ဩခြေဆည်လိုက်ပြီးမှ ...

''ဒီ ...ဒီနေ့ဟာ ဘယ်နှစ်ရက်နေ့လဲ ဂုမ္ဘာန်''

''မတ်လ (၂) ရက်နေ့ပါ မာစတာ၊ ဘာဖြစ်လို့ပါလဲ မာစတာ''

''လုံခြုံရေးတွေကို (၂၄) နာရီအပြည့်ချထားပါ၊ ခွေးကြီးတွေကိုလည်း နေ့ညမပြတ် လွှတ်ထားပါ၊ သံဆူးကြိုးကလျှပ်စစ်ဓာတ်အားလွှတ်ထားတာကိုလည်း စစ်ဆေးကြည့်၊ မီးမောင်းတွေဆင်ထားတာကိုလည်း စစ်ဆေးဖို့ မမေ့နဲ့၊ စခန်းထဲကို မည်းမည်းဝင်လာတာနဲ့ အကုန်ပစ်သတ်ဖို့ခိုင်းထားပါ ...ဒါပဲ''

နေ့စဉ်လိုလို အပ်ကြောင်းထပ်မျှ ကြားနေရသော စကားများမို့ ဂုမ္ဘာန် တဟိုက်ဟိုက်နှင့် ခေါင်းကိုသာ ညိတ်နေပါ၏။ တစ်ဆက်တည်းမှာပင် စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်ကာ တိုက်ပွဲဝင်နေသည့် 'ယင်းတိုက်တဆွေစေနေ' ဆိုသူအားလည်း မှန်မှန်ညက်ညက်ဖြစ်သည်အထိ ချေမှုန်းပစ်ချင်နေမိပါတော့သည်။

'၁၉၄၅ ခုနှစ် မလတ် (၄) ရက်နေ့ည'



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်သည် ထူးထူးခြားခြားတိတ်ဆိတ်နေသည်။ ခါတိုင်းကြားနေကျသတ္တဝါကောင်ငယ်လေးများ၏ကျိုးကျိုးကျည်ကျည်အော်မြည်သံလေးများပင် မကြားရသည်အထိ တိတ်ဆိတ်ညိမ်သက်နေပါ၏။ မိုးတိမ်မိုးသားများ ကြည်လင်နေသဖြင့် ရွှန်းမြဝင်းပနေသည့် ငွေလရောင်က ကြိုးကြာအိပ်စက်နေသည့်တဲတန်းလျားလေးထဲထိတိုင် လင်းဖြာကျနေသဖြင့် သူမ.အိပ်စက်၍မရပါလေတော့။

ကြိုးကြာတစ်ယောက် အိပ်မပျော်နိုင်သည်မို့ လရောင်ဖြာကျနေသည့် စမ်းချောင်းလေးအနီးသို့ လျှောက်လှမ်းလာခဲ့သည်။ သို့သော် စမ်းချောင်းအနီးရှိ သစ်မြစ်ဆုံထက်တွင် သူ့ထက်အရင်ရောက်နှင့်နေသူတစ်ဦးကို ကြိုးကြာမြင်လိုက်ရသည်။

''ဟင် . . . စနေ''

''ဘယ်လိုလဲ ကြိုးကြာ နင်ရော အိပ်မပျော်ဘူးလား''

ကြိုးကြာရှိရာသို့ လုံးဝလှည့်မကြည့်ဘဲ စနေက လှမ်း၍ပြောလိုက်သဖြင့် စနေ၏ပါးနပ်မှု၊ သိမြင်နိုင်မှုတို့ကို ကြိုးကြာအံ့သြမိလိုက်သည်။ ထို့အတူ ခြေလှမ်းများက စနေထိုင်နေသည့်သစ်မြစ်ဆုံအနီးသို့ရောက်လာခဲ့ပါ၏။

''အိပ်မပျော်ဘူးလား စနေ . . . ဘာလဲ ရည်းစားကိုလွမ်းနေတာလား''

ကြိုးကြာ၏မေးခွန်းအတွက် စနေမှာ အဖြေမရှိပါ။ ထို့ကြောင့် ကြိုးကြာဘက်သို့လှည့်ကြည့်လိုက်ရင်း ပြုံးလိုက်မိသည်။





ကြိုးကြာမှာလည်း စနေအနီးမှ သစ်မြစ်ဆုံထက်တွင်ဝင်၍ထိုင်လိုက်ပါ၏။

''အင်း . . . ကြိုးကြာရဲ့မေးခွန်းအတွက် ငါ့မှာ အဖြေမရှိဘူးလေ၊ ကြိုးကြာပြောမှပဲ အလွမ်းဖြေဖို့ ရည်းစားတစ်ယောက်တော့ လိုနေပြီဆိုတာ သတိရမိတော့တယ်၊ ငါတွေးနေတာကဆာတိုးယာမကို ဘယ်လိုသတ်ရင်ကောင်းမလဲဆိုတာကိုပဲ ကြိုးကြာ''

သစ်ပင်ကြီး၏ပင်စည်တွင် ကျောမှီရင်း ကောင်းကင်ပြာကြီးကိုကြည့်ကာ အပြာရောင်သစ္စာစကားကိုသာဆိုနေပါ၏။ ကျက်ခဲကြီးမားလှသော သစ္စာတရား၏တာဝန်ကြီးတစ်ခု၊ အရွယ်နှင့်မမျှ ရင့်ကျက်တည်ငြိမ်လွန်းလှသည့် စနေ၏တာဝန်ယူသမျှကြိုးကြာ ခွဲဝေယူလို့ရလျှင် မျှဝေ၍ယူငင်ပေးချင်နေမိပါ၏။

စနေကိုငေးကြည့်ရင်း သူမရင်တို့ တလှပ်လှပ်ခုန်လှုပ်လာကြသည်။ နှလုံးသားဘွင် တမ်းမူးစွာ မြင်မက်ခဲ့သော ရုပ်ပုံလွှာတစ်ခုက စနေများဖြစ်နေလေမည်လားဟု လရောင်ရေးရေးအောက်မှ စနေ၏မျက်နှာကို ငေးမောကြည့်နေမိရင်းမှ ကြိုးကြာ၏ မို့ယောင်ယောင်ရင်အုံစို့စို့လေးမှာ ပျင်အင်္ကျီအနက်အောက်မှကြွ၍ ဖောင်းချည်၊ နိမ့်ချည်, မြင့်ချည်နှင့် . . . ။

ရုတ်တရက် စနေက ကြိုးကြာထံ ငုံ့အကြည့်တွင် နှစ်ဦးသား မျက်နှာချင်းထိလုနီးပါးဖြစ်သွားကြသည်။ စနေမှာလည်း ကြိုးကြာ၏ခပ်မော့မော့မျက်နှာဖူးဖူးလေးကို အမှတ်မထင် ငေး



www.burmeseclassic.com

www.burmeseclassic.com



မောကြည့်နေရာမှ ရင်တွေတဒိန်းဒိန်းခုန်လာမိသည်။ စမ်းချောင်းလေးအနီးမှာတော့ အရာရာသည် တိတ်ဆိတ်ငြိမ်သက်လျက်။

မျက်ရည်ကြည်တို့ဝေ့သီလာသော မျက်ဝန်းအစုံဖြင့် စနေကို မော့ကြည့်နေသည့် ကြိုးကြာမှာ၊ စနေ၏ရင်ခွင်ထဲသို့ ငိုက်ခနဲကျဆင်းသွားပါလေ၏။ တစ်ချိန်တည်းမှာပင် ရစ်သိုင်း ဖက်တွယ်လာသော စနေ၏လက်များက ကြိုးကြာအား မြတ်နိုးခြင်းကြီးစွာနှင့် ပွေ့ထက်ထားလိုက်ပါတော့သည်။

ညဥ့်ကောင်းကင်မှ ငွေလဝန်းကြီးနှင့် ငြိမ့်ငြိမ့်ညင်ညင် စီးဆင်းနေသော စမ်းချောင်းငယ်လေးတို့ကမူ လွန်ခဲ့သောနှစ်ပေါင်း (၁၀၀) နီးပါးက ကြွင်းကျန်ရစ်ခဲ့သော သစ္စာရင်ခွင်မှ အချစ်ပုံပြင်တစ်ပုဒ်ကို တီးတိုးရွတ်ဆိုကာ ပြောပြနေလေသည်သို့။

စမ်းချောင်းငယ်လေးနှင့်လမင်းကြီးတို့ ပြောပြနေကြသည့် ချစ်ပုံပြင်တစ်ပုဒ်ကို သရက်ပင်အောက်မှ တစ်စုံတစ်ယောက်ကလည်း ကြားသိသွားပါလေ၏။ ထိုသူကား ငှက်ခါးပင်တည်း။

စနေတစ်ယောက် အိပ်မပျော်နိုင်ဘဲ ဘယ်လူးညာလိမ့်နှင့် ရှိနေရာမှ စမ်းချောင်းဘက်သို့ထသွားသည်ကိုလည်း သိသည်။ သို့သော် စိတ်အနှောင့်အယှက်ဖြစ်သွားမည်မှို မလှမ်းမကမ်းမှသာ စနေ၏လုံခြုံရေးအတွက် စောင့်ကြည့်နေခဲ့ခြင်းသာ ဖြစ်ပါ၏။

---

ခု နှစ် စဉ် ကြယ် တာ ပေ



သည်ကဲ့သို့ အရေးကြီးဆုံးသောအချိန်သို့ရောက်ကာမှ စနေကို လုံးဝအဖိတ်အစဉ်မခံနိုင်။ နှစ်ပေါင်း (၁၀၀) နီးပါး သစ္စာရန်ကြွေးတစ်ခုသည် စနေကိုယ်တိုင် ဦးဆောင်လှုပ်ရှားနိုင်ပါမှ အောင်မြင်ခြင်းသို့ရောက်ရှိပေလိမ့်မည်။ သူ့ ချစ်ခင်လေးစားသော စနေအပေါ် ကျရောက်လာနိုင်သောဘေးဆိုး၊ အန္တရာယ်တို့များအတွက် အသက်ပေး၍ ကာကွယ်စောင့်ရှောက်ပေးရန် သူ၏ဆရာရသေ့အိုကြီးက အထပ်ထပ်မှာကြားထားခဲ့သည် မဟုတ်ပါလား။

စနေနှင့်ကြိုးကြာတို့ ပြောဆိုနေကြသော စကားမှန်သမျှကို ငှက်ခါးကြားသိနေရပါသည်။ စမ်းချောင်းလေးအနီးတွင် အချစ်၏သာယာတေးသံလေးများကသာ သီကျူးနေကြပြီဖြစ်သည်မို့ ငှက်ခါးတစ်ယောက် လွှန့်လွှန့်လေးပြုံးရင်း အမှောင်ရိပ်ထဲသို့ တိုးတိုးညင်ညင် တိုးဝင်ပျောက်ကွယ်သွားပါလေတော့သည်။

❊ ❊ ❊

---

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၈)

## ၁၉၄၅ ခုနှစ် သံသရာ့ကြွေးဟောင်းဆပ်ခွဲ



## မိုးတစ်ညစစ်ဆင်ရေး ...သို့မဟုတ်

၁၉၄၅ ခုနှစ်၊ မတ်လ (၅) ရက်၊ ညဉ့်ဆယ့်တစ်နာရီ ...တီတီ။

'ဒင် ..ဒင် ..ဒင် ..ဒင် ..ဒင် ..ဒင်'

တဒင်ဒင်နှင့်ဆယ့်တစ်ချက်တီတီ ရိုက်ခတ်မြည်ဟီးသွားသော သံစုံနာရီကြီး၏အော်မြည်သံက တိတ်ဆိတ်ငြိမ်သက်နေသည့် ကင်ပေတိုင်ဌာနချုပ်စခန်းတည်ရှိရာ ရဲတိုက်ကြီးထဲတွင် မိုင်းဗုံးတစ်လုံးပေါက်ကွဲသံကြီးနှယ် ဆူညံလျက်သွားပါလေ၏။

ရုတ်တရက်ထအော်မြည်လာသည့် နာရီသံကြီးကြောင့် ဆာတိုးယာမ၏ငြိမ်သက်နေသောခန္ဓာကိုယ်ကြီးမှာ ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထောင်လာသည်။ သည့်နေ့၊ သည်ရက်၊ သည်အချိန်ကို အမြန်ဆုံး ကုန်ဆုံးသွားချင်ပါ၏။ ဖြစ်နိုင်လျှင် နာရီလက်တံကြီးကို ခပ်မြန်မြန်ဆွဲကာ ညဆယ့်နှစ်နာရီကိုကျော်လွန်ပစ်လိုက်ချင်နေမိသည်။

ဟုတ်ပါသည်။ ၁၉၄၅ ခုနှစ်၊ မတ်လ (၅) ရက်၊ ညဥ့်ဆယ့်နှစ်နာရီကျော်လွန်သွားသည်နှင့် ရသေ့အိုကြီး၏ကျိန်စာသည်လည်းလုံးပျက်ပြယ်သွားပေတော့မည်ဖြစ်ပါ၏။ မတ်လ (၅) ရက်နေ့ကို မကြာခင်ကျော်လွန်ပေတော့မည်။ ဤနေ့ဤရက်ကို မကျော်လွန်မချင်း 'ဆာတိုးယာမ' တစ်ယောက် ကျိန်စာသင့်ခံရသော လူသားတစ်ယောက်နှယ် ဖြစ်နေသည်မဟုတ်ပါလား။

အရက်သောက်လျှင်လည်း ဤကျိန်စာကို သတိရနေမိသည်။

အစာစားနေလျှင်လည်း ဤကျိန်စာကို သတိရနေမိသည်။

အိပ်ရာထက်တွင် ကျောခင်းလျှင်လည်း ဤကျိန်စာကို သတိရနေမိသည်။

နေ့နေ့ညည . . . ဆာတိုးယာမတစ်ယောက် ဤကျိန်စာကြီးကိုသာ သတိရနေမိသည်မဟုတ်ပါလား။ အိပ်ပျက်ညပေါင်းများလာသဖြင့် ဒေါသစိတ်တို့က ရင်မှာဖိစီးလာကြသည်။ သောကကြောင့် ဒေါသဖြစ်လာရလေသည်လား၊ ဒေါသကြောင့် သောကဖြစ်လာရလေသည်လား မပြောတတ်။ ကြာလာတော့





ဆာတိုးယာမမှာ အရက်ကိုသာ စွဲစွဲနစ်နစ်သောက်သုံးလာခဲ့သည်။ ယခုလည်း ခွက်ထဲတွင် တစ်ပက်ခန့်သာ ကျန်တော့သည့် ဝီစကီအရက်ကို တစ်ကျိုက်တည်း မော့သောက်ချလိုက်ပါ၏။

ဂျပန်ကင်ပေတိုင်ဌာနချုပ်ကြီးတစ်ခုလုံး (၂၄)နာရီအထူးတပ်လှန့်နိုးဆော်ထားခဲ့သည်။ ထို့နောက် စခန်းပတ်ပတ်လည်တစ်ခုလုံး ကြွက်တွင်းဝနှင့် ခွေးတိုးပေါက်ပင်မချန် . . . အစောင့်အရှောက်အင်အား၊ လက်နက်အင်အားများစွာဖြင့် ကျိန်စာရှင်သို့မဟုတ် . . . 'ယင်းတိုက်တာရွှေ စေနေ' အား ကြိုတင်၍ စောင့်ကြိုနေကြပါချေပြီတည်း။

"ဟင်း ဟင်း ဟင်း . . . လာခဲ့စမ်းပါ ယင်းတိုက်တာရွှေကောင်ရယ်၊ ငါ့နာမည်က . . . 'ဆာတိုးယာမ' တဲ့ကွ . . . မင်းကိုသံသရာအဆက်ဆက် အနိုင်ယူလာခဲ့တဲ့သူပါကွာ၊ ကိုင်း . . . တစ်နာရီလောက်တောင်မကျန်တော့တဲ့အချိန်မှာ မင်း . . . ဘယ်လမ်းကနေ ဘယ်လိုများဝင်လာမလဲဆိုတာ ငါသိချင်စမ်းပါဘိ ယင်းတိုက်တာရွှေရယ် . . . ဟင်း ဟင်း"

သို့သော် . . . ဆာတိုးယာမ၏အပြုံးသည် မလုံမလဲနှင့်တစ်စုံတစ်ရာကို စိုးထိတ်ကြောက်ရွံ့နေသည်နှယ်ပါတည်း။

ယနေ့ညဥ့်မှ ထူးထူးခြားခြား . . လတစ်ခြမ်းပဲ့လေးရော မှိတ်တုတ်မှိတ်တုတ်ကြယ်စင်စုလေးများပါ ပျောက်ဆုံးနေကြသည်။ ထို့ကြောင့် သန်းခေါင်ယံညဥ့်သည် မဟူရာညသားပြင်ကဲ့သို့ ပိန်းပိတ်အောင် နက်မှောင်လျက်ရှိပါချေ၏။ သည်ကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီကာလမဟုတ်ပါဘဲလျက် မည်းနက်နေသည့် မိုးရိပ်မိုးသားများကလည်း ... တလိပ်လိပ်နှင့်တက်လာသဖြင့် မကြာမီ ညှို့ကောင်းကင်တစ်ခုလုံးကို အမှောင်နက်နက်ထဲသို့ ဘွန်းချ တော့မည်ဆင့် ...။

ထိုအမှောင်နက်နက်ထဲမှာမှ အမည်းရောင်ဝတ်စုံနှင့် လူသားသုံးဦးတို့က မြင့်မားမတ်စောက်လှသော ချောက်ကမ်းပါး ယံကြီးပေါ်မှ တောင်တက်ကြိုးများအကူအညီဖြင့် ဖြည်းဖြည်း ချင်းဆင်းသက်လျက်ရှိပါသည်။ သူတို့နှင့် အတန်ဝေးကွာလှသော မြေပြင်ထက်မှာတော့ မီးထိန်ထိန်လင်းနေသည့် ရဲတိုက်နီ အဆောက်အအုံကြီးက မှောင်မည်းနေသည့်ညှို့အခင်းကို နေ့ အသွင်သို့ ကူးပြောင်းပေးထားသည့်သို့ ...။

ရှေ့ဆုံးမှ ဦးဆောင်၍ဆင်းနေသူ 'စနေ'က ... လက်ထဲမှ ညကြည့်နာရီကို တစ်ချက်ကြည့်လိုက်သည် ... ဆယ့်တစ် နာရီနှင့်ဆယ်မိနစ်ဟိတိ။ နောက်ထပ် နာရီဝက်ခန့်ဆိုလျှင် ချောက်ကမ်းပါးယံအောက်ခြေရှိ ... ဆာတိုးယာမဂေါ်ကင်ပေတိုင် စခန်းဆီသို့ အောင်မြင်စွာခြေချနိုင်ပေတော့မည်။

သူနောက်မှာ လိုက်ပါဆင်းသက်လာသူက ... အနက် ရောင် တစ္ဆေမလေး ကြိုးကြာနှင့် နောက်ဆုံးမှ ဆင်းလာသူက တော့ ငှက်ခါးတို့ပင်တည်း။ တရွေ့ရွေ့နှင့်အမှောင်ထဲတွင် စနစ် တကျ ရွေ့လျားရင်း လွန်စွာမှအန္တရာယ်ကြီးလှသည့် ပြောင်ချော နေသော ချောက်ကမ်းပါးပြတ်ကြီးထဲသို့ အသက်ကိုရင်းလျက်





ဆင်းလာခဲ့ခြင်းဖြစ်ပါ၏။

ရသေ့အိုကြီးသင်ကြားပေးခဲ့သည့် တောတွင်းသားအတတ် နှင့် ကာယပသုဒပုံဆောင် ကာယကျင့်စဉ်ပညာရပ်တို့က ယခုမှပင် ... လက်တွေ့အသုံးဝင်ခဲ့သဖြင့် ဆရာသခင်တို့ကို ရည်မှန်း၍ကန်တော့လိုက်မိပါသည်။

''ဒီမှာ ... မင်းရဲ့လက်တွေဟာ နွယ်ကြိုးမျှင်နဲ့သစ်ပင် တက်တဲ့အခါ, တောင်တွေ ချောက်ကမ်းပါးတွေတက်တဲ့အခါမှာ နနယ်နေရင် သစ်ပင်ပေါ်, တောင်တွေပေါ်က လိမ့်ကျလို့ အသက်ဆုံးရလိမ့်မယ်၊ အဲဒါ ပထမအချက်ပဲ၊ သစ်ပင်တွေ, ချောက်ကမ်းပါးတွေကို တက်ခြင်းဆင်းခြင်းရဲ့ အဓိကသော့ချက် ဟာ ... လက်ခြေမြဲမြံခြင်းနှင့် ခြေထောက်မှာရှိတဲ့ အသား အဖုထနေရမယ်၊ ဒါဟာ တောတွင်းသားပညာရပ်ရဲ့ ပညတ် ချက်ပဲ ...'

ငှက်ခါးမှာ သူ၏ အသားမာထနေသော လက်များဖြင့် ချောက်ကမ်းပါးပြတ်စွန်းကို အုပ်ကိုင်လိုက်သည်။ ထို့နောက် ကြိုးမှတစ်ဆင့် ခိုကွယ်ကာ လျှောချရင်း ... ရည်မှန်းချက်ရှိရာသို့ တရွေ့ရွေ့ဆင်းလာခဲ့ပါတော့သည်။

သူ့ရှေ့မှ ကြိုးကြာနှင့်စနေကိုမူ မတွေ့ရမမြင်ရပါလေ တော့။ သို့သော် တလှုပ်လှုပ်ဖြစ်နေသော ကြိုးစကြောင့် ... သူတို့နှစ်ယောက် အောက်ဘက်သို့ လျှောဆင်းနေကြသေးမှန်း သိနေရပါ၏။ တစ်စ တစ်စ ... နှင့် မီးရောင်ထိန်ထိန်လင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကင်ပေတိုင်ဌာနချုပ်စခန်းကြီးနှင့် နီးကပ်လာခဲ့ပါချေပြီ ကော ...။

ထိုအချိန်တွင် ...

ကင်ပေတိုင်စခန်းဌာနချုပ်၏ ညာဘက်အမှောင်ရိပ်ထဲမှ နွားခလောက်သံအချို့ တဝွမ်ဝွမ်နှင့်ထွက်ပေါ်လာသဖြင့် စခန်းရှေ့ ရှိဂျပန်စစ်သားများ ဟိုကြည့်သည်ကြည့်နှင့် အမှောင်ထဲတွင် သေနတ်များဖြင့်ချိန်ရွယ်လိုက်ကြစဉ် ...

'ဒေါင်း ..ဂလွမ် ..ဂလွမ် ..ဒေါင် ..ဒေါင်'

'ခွပ် ..ခွပ် ..ခွပ် ..ဖျောင်း ..ဖျောင်း ..ခွပ် ..ခွပ်'

'ဝုန်း'

'ဒုန်း'

မကြာခင်မှာပင် နွားခလောက်သံများနှင့်အတူ တဝုန်းဝုန်း တဖျောင်းဖျောင်းနှင့် ခွာသံ၊ အော်သံများ ဆူညံစွာထွက်ပေါ်လာပြီး ကာရံထားသည့်သံဆန်ခါစည်းရိုးတန်းများကို တိုးဝှေ့သံကြီးများ ကြားလိုက်ရပြီး ဝုန်းခနဲ ဝုန်းခနဲ ...ပေါက်ကွဲသံကြီးများက တိတ်ဆိတ်သောသန်းခေါင်ယံညဥ့်ကို ဖောက်ထွင်း ပဲ့တင်သွားကြပါတော့သည်။

'ဝုန်း ..ဂျိန်း'

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

'ဒက် ..ဒက် ..ဒက် ..ဒက် ..ဒက်'

---





ဝုန်းခနဲ ဂျိမ်းခနဲ ...ပေါက်ကွဲသံများနှင့်အတူ ဆက်တိုက်ထွက်ပေါ်လာသော သေနတ်သံများကြောင့် အခန်းထဲတွင်ထိုင်နေသည့် ဆာတိုးယာမ၏ခန္ဓာကိုယ်ကြီးမှာ ကုလားထိုင်ထက်မှ ဝုန်းခနဲခုန်ထလိုက်ပါ၏။

''လာကုန်ကြပြီ ..လာကုန်ပြီ ..လာကုန်ကြပြီ''

''ဂုမ္ဘာန် ...ဂုမ္ဘာန်''

လူထွားကြီးဂုမ္ဘာန် အခန်းထဲသို့ ဝုန်းခနဲပြေးဝင်လာသည်။

''ဟိုင်း ..မာစတာ ...အမိန့်ရှိပါ''

''ဟိုတစ္ဆေကောင် ရောက်လာပြီထင်တယ် ...ဌာနချုပ်ရဲ့ညာဘက်ခြမ်းမှာ သေနတ်သံတွေကြားတယ်''

''ဟောဒီအခန်းထဲထိ ဒီတစ္ဆေကောင်ရဲ့ခေါင်းကိုဖြတ်ပြီး မာစတာဆီကို ကျွန်တော်လက်ဆောင်ပို့လိုက်ပါ့မယ်၊ လုံခြုံရေးတွေလည်း အပြည့်ချထားပါတယ် ... စိတ်အေးလက်အေးသာ ဆာကေးသောက်နေပါ မာစတာ''

ဂုမ္ဘာန်က သူ၏သခင် ...ဆာတိုးယာမအား ဟန်မာန်အပြည့်နှင့် အစီရင်ခံလိုက်ပြီး အခန်းထဲမှ ပြေးထွက်၍သွားပါတော့သည်။ ကင်ပေတိုင်ဌာနချုပ်စခန်း၏ ရှေ့ဘေးဘယ်ညာမှာတော့ တော်လှန်ရေးခေါင်းဆောင် ဗိုလ်အောင်ဖေတို့က ...လူအင်အားဖြန့်ခင်းကာ ဆာတိုးယာမ၏ ဂျပန်စစ်သားများအား စတင်၍တိုက်ခိုက်ကြပါတော့သည်။

---



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

'ဒက် ..ဒက် ..ဒက် ..ဒက် ..ဒက် ..'

'ဝုန်း ..ကျိမ်း ..'

စင်စစ် ညာဘက်ခြမ်းမှနေ၍ လူအင်အားမသုံး၊ လက်နက်အင်အားမသုံးဘဲ နွားဆယ်ကောင်တွင် နွားခလောက်များ တပ်ဆင်ကာ ... ဆာတိုးယာမပြင်ဆင်ထားသည့် သတ်ကွင်းထဲသို့ မောင်းသွင်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် ... စနေတို့နှင့် ကြိုတင်အချိန်ကိုက်ညှိထားသည့်အတိုင်း ညဉ့် (၁၁) နာရီ မိနစ် (၄၀) တိတိတွင် ဂျပန်ဖက်ဆစ်တို့အား စတင်၍ တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်ပါ၏။

ထိုအချိန်တွင် ... စနေ၊ ကြိုးကြာနှင့် ငှက်ခါးတို့သည် ချောက်ကမ်းပါးပြတ်ကြီးပေါ်မှ အောင်မြင်စွာဆင်းသက်လာနိုင်ခဲ့ကြပြီး ရဲတိုက်နီကြီးပေါ်သို့ပင် 'ကြိုးများဖြင့် ချိတ်တွယ်ကာ ... တက်ရောက်လျက်ရှိကြပါသည်။

ထိုစဉ် ... စနေကပင် စတင်၍ ပြတင်းပေါက်မှန်တံခါးကို ကန်ကျောက်ခွဲကာ အနီးဆုံးအခန်းအတွင်းသို့ လိမ့်၍ဝင်လိုက်သည်။ တစ်ဆက်တည်းမှာပင် သူ၏ကျောတွင်လွယ်ထားသည့် အနီရောင်ကတ္တီပါအိတ်ထဲမှ 'ဝါးကျစ်လိမ်တုတ်' ကိုပါ တစ်ပါတည်း ဆွဲထုတ်သွားပါ၏။

'ဝုန်း ..ချွမ်း ..ချလွမ် ..'

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..'





အခန်းထဲသို့ ဝုန်းခနဲဝင်ရောက်လာသည့် မည်းမည်းသဏ္ဍာန်ကြီးအား ဂျပန်စစ်သားများက ... ကပျာကယာပစ်ခတ်လိုက်ကြသည်။ သို့သော် နောက်တစ်ကြိမ်ပစ်ခတ်ရန် ပြင်ဆင်လိုက်ချိန်တွင် သူတို့ရှေ့မှ အရိပ်မည်းကောင်ကြီးက ပျောက်ကွယ်သွားသည်။ ထိုစဉ်မှာပင် ...

'ဗိုး ..ဗိုး ..ဗိုး ..ဗိုး ..'

'ဖျောင်း ..ခွပ် ..ခွပ်'

''အား ...အား''

မှန်တိုင်းတိုက်သံကြီးကို ကြားလိုက်ရပြီး ဂျပန်စစ်သားအချို့ တဝုန်းဝုန်းနှင့် ပြိုလဲကျသွားကြသည်။ တိုက်ခိုက်သူနှင့် ခုခံတော်လှန်သူတို့ ထိပ်တိုက်တွေ့ဆုံပွဲကြီးတွင် ချိန်ခါမဲ့မိုးကြီးကလည်း တဂ်ါဝေါနှင့် ဂုဏ်ပြုချီးကျူးလိုက်သည်ထင့် ...။

ညဉ့်ကောင်းကင်ကြီးတစ်ခုလုံး လျှပ်စီးတန်းများ တဝင်းဝင်း တလက်လက်နှင့် ...။ မိုးခြိမ်းသံကြီးများကလည်း တဝုန်းဝုန်း တကျိမ်းကျိမ်းနှင့် ...။ ညဉ့်ကမ္ဘာကြီးတစ်ခုလုံး ငရဲပွက်သကဲ့သို့ ဆူညံလျက်ရှိပါတော့သည်။

မိုးသီးမိုးပေါက်များကလည်း ရေကာတာကြီးတစ်ခုကို ရိုက်ချိုးသကဲ့သို့ မိုးရေများက ဝေါခနဲ တဝုန်းဝုန်းနှင့် ပြိုဆင်းကျလာကြသည်။ မိုးရေများနှင့်အတူ အခန်းထဲသို့ပြေးဝင်လာသည့် ငှက်ခါးကလည်း လက်ထဲမှသေနတ်ကို မွှေ့ယမ်းပစ်ခတ်လျက် တရကြမ်းပြေးဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒိန်း . . ဒိန်း . . ဒိန်း . . ဒိန်း . . ဒိန်း . .'

'ဝေါင်း . . ဂရော . . ဝေါင်း . . ဝေါင်း . . ဂါး . .'

သို့သော် . . . ကံဆိုးချင်တော့ ခွေးထိန်းဂျပန်စစ်သားများနှင့် ခွေးကြီးများရှိရာအခန်းဖြစ်နေသဖြင့် ငှက်ခါးမှာ . . . လွှားခနဲခုန်ကာ အခြားအခန်းထဲသို့ ပစ်ခတ်ရင် လိမ့်ဝင်လိုက်ရသည်။ သို့တိုင်အောင် သူ့နောက်သို့ ကျည်ဆန်များက . . . ဝေါခနဲ ပြေးလိုက်လာကြပြန်သည်။

'ဒက် . . ဒက် . . ဒက် . . ဒက် . . ဒက် . .'

'ဝေါင်း . . ဂရား . . ဝေါင်း . .'

ကင်ပေတိုင်ဌာနချုပ်စခန်းကြီးတစ်ခုလုံး ဝေသာလီပြည် ဘီလူးဝင်စီးသကဲ့သို့ ရုတ်ရုတ်သဲသဲနှင့် ကသောင်းကနင်းဖြစ်နေပါချေပြီ။ သေနတ်ပစ်ခတ်သံ၊ ပေါက်ကွဲသံ၊ ညည်းညူသံကြီးများက အနိဋ္ဌာရုံညဥ့်တစ်ညဥ့်ကို ဖော်ကျူးလှစ်ဟပြနေပါချေပြီတည်း . . .။

❊ ❊ ❊





ကျားတို့ ရင်ဆိုင် . . . ဓားကိုယှဉ်ပြိုင်

'ဝုန်း . . ဂျိမ်း . .'

ဝုန်းခနဲ ဂျိမ်းခနဲ . . . အော်မြည်သံကြီးများနှင့်အတူ ဝင်းခနဲလင်းလက်သွားသည့် အလင်းတန်းကြီးများက . . . ကင်ပေတိုင်ဌာနချုပ်စခန်းတွင်းဝယ် နေရာအနှံ့မှ ဆူညံစွာ ထွက်ပေါ်လာကြသည်။ ငှက်ခါးက ဗိုလ်အောင်ဖေပေးထားသည့် လက်ပစ်ဗုံးတစ်လုံးကို ဂျပန်စစ်သားအုပ်စုရှိရာသို့ လှမ်း၍ပစ်ကာ သူကိုယ်တိုင်လည်း အခြားအခန်းတစ်ခုထဲသို့ လိမ့်၍ဝင်သွားပါလေ၏။

'ဝုန်း . . ဂျိမ်း . .'



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ရုတ်ရုတ်သဲသဲဖြစ်နေချိန်တွင် . . . စနေတစ်ယောက် ရန်သူတော်ကြီးဆာတိုးယာမကို အသည်းအသန် လိုက်ရှာနေပါသည်။ စနေ၏အမူအရာမှာ သွေးဆာငတ်မွတ်နေသော ကျားရိုင်းတစ်ကောင်နှယ် . . .။ သူ၏ညာလက်လက်တွင် သွေးစွန်းနေပြီဖြစ်သော 'ဝါးကျစ်လိမ်တုတ်'က တစ်ဖက် . . .၊ ဘယ်လက်တွင် ဂျပန်စက်သေနတ်တစ်လက်ကို ပိုက်လျက် . . . ပစ်ခတ်ရင်း တရကြမ်းမန်းတက်လာခဲ့ပါ၏။

'ဒက် . . ဒက် . . ဒက် . . ဒက် . . ဒက်'

''အား . . . အား . . . အီး . . . အီး . . . အု''

တားဆီးဟန့်ထားသူမှန်သမျှသည် တဘိုင်းဘိုင်းနှင့် ပြို လဲကျရှုံးခဲ့သည်။ တစ်ယောက်မကျန် ပြတ်ပြတ်သားသားရင်ဆိုင် သတ်ဖြတ်နေခဲ့သဖြင့် ဂျပန်စစ်သားများ အလောင်းချင်းထပ်လျက် ရှိပါချေပြီးကော . . .။

'ဒိုင်း . . ဒက် . . ဒိုင်း . . ဒိုင်း . .'

''အား . . . အု''

တစ်နေရာတွင် ဓားတစ်စင်းကို လွယ်လျက်သေနတ်တစ်လက်နှင့် ပစ်ခက်တိုက်ခိုက်နေသည့် ကြိုးကြာကို ဖျတ်ခနဲ စနေတွေ့လိုက်ရသည်။ စကားပြောချိန်မရ . . .။ လက်တစ်ဖက်ကို မြှောက်ပြရင်း အခန်းတစ်ခုထဲသို့ ခုန်ဝင်သွားသည်ကိုသာ တွေ့လိုက်ရသည်။

ဂုမ္ဘာန်မှာ သူ့မျက်စိရှေ့တွင် တစ်ယောက်ပြီးတစ်





ယောက် လဲကျသေဆုံးကုန်ကြသည့် ဂျပန်စစ်သားများကိုကြည့်ကာ ဒေါသဘီလူးစီးလျက်ရှိပါ၏။ ထိုအချိန်တွင် သေနတ်တစ်လက်၊ ဓားတစ်စင်းနှင့် သဲသဲမဲမဲစစ်ခင်းနေသည့် ကြိုးကြာကို ဂျပန်စစ်သားနှစ်ယောက်ကြားတွင် မြင်လိုက်ရသည်။

''ဟင်း . . . မိုန်းမချောတစ်ယောက်ပါလား . . တယ်ပြီး အစွမ်းထက်နေတာကိုး''

ဟုတ်သည် . . . ဂုမ္ဘာန်တံခါးဝတွင်ခြေစုံရပ်ရင်းကြည့်နေစဉ်မှာ ပင်သူ့ရှေ့မှဂျပန်တစ်ယောက်ကို သေနတ်နှင့်ပစ်ချလိုက်ပြီး ဒူးထောက်ကာလဲကျနေသည့် သေနတ်ထိသွားသော ဂျပန်၏ဦးခေါင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ ထိုဂျပန်ကောင်၏ . . . ရင်ဝတည့်တည့်သို့ ခြေစောင်းဖြင့် ပစ်ကန်လိုက်သည်။

''ဟိုင်း . . ယား . . . ပ ား''

''အား . . .''

'ဘုန်း'

တစ်ချိန်တည်းမှာပင် တံခါးဝဆီမှ ပြေးဝင်လာကြသည့် ခွေးကြီးနှစ်ကောင်နှင့် ဂျပန်သုံးလေးယောက်ထံသို့ ဆက်တိုက် ပစ်ခတ်လိုက်သည်။

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း

'ဝေါင်း . . ဂါး . .'

''အား''

ခွေးကြီးနှစ်ကောင် နောက်သို့လန်ကျသွားပြီး ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



စစ်သားနှစ်ယောက်လွင့်စဉ် လဲကျသွားကြသည်။ ကျန်သည့်ဂျပန်စစ်သားက လက်ထဲမှသေနတ်နှင့် ဆက်တိုက်ပစ်ချလိုက်ပါ၏။

'ဒက် ..ဒက် ..ဒက် ..ဒက် ..ဒက်'

သို့သော် ...အနက်ရောင်ဝတ်စုံနှင့်ကောင်မလေးက သူရှိရာအခန်းထဲသို့ လှစ်ခနဲခုန်ဝင်လိုက်သဖြင့် ကျည်ဆန်များက နံရံအတွင်းသို့သာ နစ်မြုပ်သွားကြသည်။ အခန်းထဲသို့ ခြေအကျမှာပင် ကြိုးကြာ၏မျက်ဝန်းတွင် ...ဂုမ္ဘာန်၏အရိပ်ကို ဖျတ်ခနဲတွေ့မြင်လိုက်ရသဖြင့် သေနတ်နှင့်လက်တန်းထိုးပစ်ချလိုက်ပါ၏။

'ချောက် ..ချောက် ..ချောက်'

အရေးထဲ ကျည်ကုန်သွားသဖြင့် ကြိုးကြာ မချင့်မရဲဖြစ်နေစဉ်မှာပင် ...ဂုမ္ဘာန်ထံမှ ဓားမြှောင်နှစ်စင်းက ...သူမထံသို့ လျှပ်တစ်ပြက်ပြေးဝင်လာကြသည်။

'ဝှစ် ..ဝှစ် ..'

မြန်လိုက်သည့်[illegible]ခြင်း ...။ ပထမဦးဆုံးပြေးဝင်လာနေသည့်ဓားမြှောင်ကို ခန္ဓာကိုယ်အား ဆတ်ခနဲ နောက်လှန်ချကာရှောင်လိုက်ပြီးနောက်မှာ ထက်ကြပ်မကွာပြေးဝင်လာသည့် ဓားမြှောင်ကိုမူ ကျည်ကုန်နေသည့်သေနတ်ဒင်နှင့် ရိုက်ထုတ်လိုက်သည်။

'ဝှစ် ..ဒေါင် ...ဗို'

''ဟာ''

ဂုမ္ဘာန်မှ၊ သူ၏ရင်ဝတည့်တည့်ဆီသို့ တန်ပြန်ရိုက်ချက်





နှင့် ပြေးဝင်လာနေသည့်ဓားမြှောင်အား လက်ထဲမှ ကင်ဒိုဓားရှည်ကြီးဖြင့် ကပျာကယာခတ်ထုတ်လိုက်သဖြင့်သာ ...ဓားမြှောင်လေးက သူ၏သွေးကိုသောက်ခွင့်မရလိုက် ...။

ကြိုးကြာ၏ လျှပ်တစ်ပြက်ပညာအစွမ်းကြောင့် ဂုမ္ဘာန်ဒေါပွလာသည်ထင့် ...။ ကင်ဒိုဓားကြီးနှင့် ကြိုးကြာ၏ခါးလယ်မှ ဖြတ်ပိုင်းချလိုက်သည်။

သို့သော် ...လိပ်ပြာလေးတစ်ကောင်နှယ် လှပစွာရှောင်တိမ်းရင်း လက်ထဲမှဓားရှည်နှင့် နောက်ပြန်တွက်သွားသော ကြိုးကြာ၏ဓားဖျားက အရှိန်နှင့်ဝင်လာသည့် ဂုမ္ဘာန်၏အင်္ကျီအား ဝမ်းဗိုက်အနီးမှ ဆွဲဖြဲသွားပါသည်ကော ...။

'ဝှစ် ..ရွှစ် ..'

''ဟာ''

ဂုမ္ဘာန် ထိတ်ထိတ်လန့်လန့်နှင့် နောက်သို့ ကပျာကသီပို့လိုက်သဖြင့်သာ သက်သာသွားသည်။ နို့မို့ဆိုလျှင် အင်္ကျီအစား ဝမ်းဗိုက်ပွင့်ကာ အူတစ်ထွေးကြီးထွက်ကျလာမည်မှာ အသေအချာပင်။

''အံမယ် ...ဒင်းကများ ငါ့ကို ...ဟွန်း ...တွေ့[illegible]သေးတာပေါ့''

ဂုမ္ဘာန် ဒေါသတကြီးနှင့် သူ၏ကင်ဒိုဓားကြီးကို လွှဲ[illegible] ပက်ကာ၊ တိုးကာ၊ ဝိုက်ကာနှင့် ကြိုးကြာအား ဘရေ[illegible]ပိုင်းနေသဖြင့် ကြိုးကြာခမျာ ဘယ်လက်မှလေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်လျက် ခုခံရှောင်တိမ်းနေရသည်။

အပြင်မှာတော့ ချိန်ခါမဲ့မိုးက အငြိုးနှင့် တဝေါဝေါရွာ နေသကဲ့သို့ သူ၏နောက်မှကပ်၍လိုက်ပါလာသည့် မုန်တိုင်းက လည်း တဝုန်းဝုန်းနှင့် ကဆုန်စိုင်းကာလိုက်ပါလာခဲ့ပါ၏။

ဆာတိုးယာမ၏ဂျပန်စစ်သားများမှာ စခန်းပြင်ပမှာ ဗိုလ်အောင်ဖေဦးစီးသော တော်လှန်ရေးရဲဘော်များ၏ရန်ကို ခုခံ ကာကွယ်တိုက်ခိုက်နေရသကဲ့သို့ ... ကင်ပေတိုင်ဌာနချုပ်စခန်း အတွင်းစည်းထဲထိတိုင် ထိုးဖောက်ဝင်ရောက်လာသည့် ... ဘီ လူးသုံးကောင် သို့မဟုတ် ... ယင်းတိုက်တစ္ဆေကောင်ကြီးများ၏ သဲသဲမဲမဲတိုက်ခိုက်ခြင်းများကိုပါ အလူးအလဲခံနေကြရသည် မ ဟုတ်ပါလား ...။

ထိုအချိန်တွင် ပစ်ရင်းခတ်ရင်း ကျည်ကုန်သွားသဖြင့် ကျည်ကပ်လဲရန် အခန်းလွတ်အတွင်းသို့ ခုန်ဝင်လာသည့် ... ငှက်ခါးမှာ သူ၏ညီမ, ကြူးကြာအား သဲသဲမဲမဲခုတ်ပိုင်းနေသည့် လူထွားကြီးနှင့် ဓားတိုက်ပွဲကို တွေ့လိုက်ရသည်။

''အောင်မာ ... ဟေ့ကောင် ... သစ္စာဖောက် အတွ ကောင်ကြီး ... မိန်းမသားတစ်ယောက်ကို ဓားကြီးတစ်ချောင်းနဲ့ သဲသဲမဲမဲလိုက်ခုတ်နေတာ မရှက်ဘူးလား၊ ဒီမှာ လာစမ်း ... ငါ နဲ့ ယောကျ်ားချင်း ရင်ဆိုင်ရအောင် ... လာခဲ့စမ်း''

ငှက်ခါး ဒေါပွပွနှင့် ကျည်ကတ်အသစ်ပြင်ပလဲတော့ဘဲ သေနတ်ကိုပစ်ချလိုက်ကာ ... လူထွားကြီးအား အော်ဟစ်စိန်ခေါ်

---

ခု နှစ် စဉ် ကြယ် စာ ပေ



လိုက်ပါ၏။ ရုတ်တရက် နောက်ဘက်မှကြားလိုက်ရသော အော် သံကြီးကြောင့် ဂုမ္ဘာန် ... ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ သူ့အား ဓားတစ်စင်းကိုင်စွဲကာ စိန်ခေါ်နေသည့် လူထွားကြီး ငှက်ခါးကို တွေ့မြင်လိုက်ရသည်။

''ဟီး ဟီး ... မင်းလားကွ ... ငါ့ကိုစိန်ခေါ်တာ ဟင်''

''အစ်ကိုကြီး ... သတိထား''

အခန့်ထောင့်တွင် ခွေခွေလေးလဲကျနေသည့် ကြူးကြာ မှာ ခပ်လှမ်းလှမ်းတွင် ကျနေသည့် သူ၏ဓားကို ပြေး၍ကောက် ရင်း အစ်ကိုဖြစ်သူ ငှက်ခါးကို သတိပေးလိုက်သည်။

''ရတယ် ကြူးကြာ ... အပေါ်ထပ်ကိုသွား ... စနေ့ ကို သွားကူလိုက်''

ငှက်ခါးမှာ အော်ဟစ်ညွှန်ကြားလိုက်ရင်း ဂုမ္ဘာန်၏ရှေ့သို့ သွားခနဲခုန်ဝင်လိုက်သည်။

ငှက်ခါး၏စေခိုင်းမှုကြောင့် ကြူးကြာ လုစ်ခနဲ အခန်းထဲမှ ပြေးထွက်သွားသည်။ အပြင်သို့ရောက်တော့ ကင်ပေတိုင်ဌာနချုပ် စခန်းအတွင်း ထိုးဖောက်ဝင်ရောက်လာနိုင်ကြပြီဖြစ်သည့် ဗိုလ် အောင်ဖေ၏ တော်လှန်ရေးရဲဘော်များကိုပင် ကြူးကြာ ... မြင် တွေ့လိုက်ရသဖြင့် အားတက်သွားပါ၏။

ထို့နောက် လှေကားထိပ်မှ ဆီးကြို၍တိုက်ခိုက်နေသည့် ဂျပန်နှစ်ယောက်ကိုရှင်းကာ အပေါ်ထပ်သို့ ကြူးကြာ ... ပြေး တက်သွားပါတော့သည်။

---

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့သော အခန်းထဲမှာပေ့ါ ... သက်ရှည်တူ ဒေါက်တူမောင်းတူ လူထွားကြီးနှစ်ယောက်၏ တိုက်ပွဲက ... သိကြားနှင့်အသူရာ စစ်ခင်းနေကြသည့်နှယ် ...။ ဂုမ္ဘာန်က ဓားဖျားကို ညာသို့ စွယ်ယောင်ပြကာ ... ဖျတ်ခနဲ ငှက်ခါး၏ ခါးဆီသို့ ပိုင်းချလိုက်သည်။

ငှက်ခါး ... ဓားနှင့်ဆီးခံလိုက်သဖြင့် ဓား နှစ်စင်းထိခတ်၍ မီးပွင့်သွားသည့်အသံကြီးက ဂျိမ်းခနဲ ဒိုင်းခနဲ ... မိုးခြိမ်းသံကြီးများနှင့်အပြိုင် ထွက်ပေါ်လာခဲ့သည်။

'ဂျိန်း ..ဒလိန်း'

'ချွင် ..ထန်း ..'

ဂုမ္ဘာန်က ... သူ၏ကင်ဒိုဓားကြီးနှင့် ဆွဲသည်၊ သုတ်သည်၊ ခုတ်သည်၊ ပက်သည် ...။ ငှက်ခါးကလည်း သူ၏ မြန်မာငှက်ကြီးတောင်ဓားကြီးနှင့် ကာသည်၊ ပက်သည်၊ လွှဲသည်။ ဓားနှစ်စင်းတို့ ထိခတ်မိတိုင်း တဖွားဖွားနှင့်လွင့်ပျံနေကြသည့် မီးဖွားမီးပန်းများက လင်းခနဲ ... ပျက်ခနဲ ...။ ကျားကျားချင်း၊ ဓားဓားချင်း ... ယှဉ်ပြိုင်ရင်ဆိုင်၍ အသက်လုပွဲက ... တစ်ချက်မှားလျှင် အသက်ရှုံးရပ်သွားပေမည်။

'ချွမ်း ..ထန်း''

''ဟိုင်း ..ယား ... လာပြီဟေ့ ... ဒီနေ့ဟာ မင်းလိုသစ္စာဖောက်ကောင်ရဲ့ နောက်ဆုံးနေ့ပဲ''

ငှက်ခါးက ရင်ခေါင်းသံကြီးနှင်ကြွေးကြော်ရင်း ...





ဂုမ္ဘာန်၏ဓားကြောကိုဖြတ်ရန် ကာယပံသုအားကိုထည့်၍ တိုက်ခိုက်လိုက်သည်နှင့် ဂုမ္ဘာန်၏ခြေကန်ချက်ကလည်း ငှက်ခါး၏ ဓားကိုင်လက်ကို ထိသွားသဖြင့် ငှက်ခါးဓားလည်း လွတ်ကျသွားပါ၏။

''ဟင်း ဟင်း ... လာခဲ့စမ်း ... မင်းလည်တိုင်ကို ဟာဒီလက်နဲ့ ချိုးဖဲ့ပစ်ရမယ် ... ဟီး ဟီး''

ဖျတ်ခနဲ ခန္ဓာကိုယ်ချင်းပူးဝင်ကာ ငှက်ခါး၏လည်ပင်းကို ဂုမ္ဘာန်၏ သန်မာသောလက်ကြီးနှစ်ဖက်က ဆုပ်ကိုင်မိသွားသည်။ လည်ပင်းရိုးတစ်လျှောက် ကြေမွသွားနိုင်သည့် ခွန်အားမျိုးဖြင့် ညှစ်အားက ပြင်းထန်လာသည်။

ငှက်ခါး မျက်လုံးအစုံပြူးကျယ်လာပြီး ဖောချွေးများပင် ပုံလာခဲ့သည်။ ချက်ချင်းပင် လက်နှစ်ချောင်းကို ပူးယှက်၍ ဂုမ္ဘာန်၏လည်မျိုကို ဆောင့်ထိုးချလိုက်သည်။

'ဝုစ် ..ဒုတ်'

အံ့ဩဖွယ်ရာပင် ... ငှက်ခါး၏အသေတိုက်ကွက်က လည်ပင်းညှစ်အား အနည်းငယ် လျော့ကျသွားသည်မှအပ ... လူဘီလူးကြီးဂုမ္ဘာန်က မတုန်လှုပ်ခဲ့ပါ။ နောက်တစ်ကြိမ်အား စိုက်၍ ဂုမ္ဘာန်၏လည်မျိုကို လက်နှစ်ဖက်ဖြင့် ညှပ်ကာရိုက်ချလိုက်တော့မှ ဂုမ္ဘာန်မှာ ... ချွေးတစ်ကောင်နှယ် ညည်း ညူရင်း လည်ပင်းမှလက်အစုံမှာ ပြုတ်ထွက်သွားသည်၊

'မောင်း ..'



www.burmeseclassic.com

www.burmeseclassic.com



''အ ...အီး''

ဂုမ္ဘာန်သည် တစ်ချက်ကောင်း ထိထိမိမိ ခံစားလိုက်ရသည်မို့ ဒဏ်ရာရကျားတစ်ကောင်နှယ် စိတ်ရိုင်းဝင်လာခဲ့ပြီး ငှက်ခါးကို အမိအရဖမ်းကာ လှေကားထိပ်မှနေ၍ ဒေါသတကြီး အောက်သို့ ပစ်ချလိုက်ပါတော့သည်။

''ဟိုင်း ..သေစမ်းကွာ''

ငှက်ခါးမှာလည်း အလစ်အငိုက်တွင် မိမိရရချုပ်နှောင်၍ ပစ်ပေါက်ခံလိုက်ရသဖြင့် လွင့်မြောက်ပါသွားစဉ် သူ၏ခြေစောင်းနှင့် နောက်ဆုံးအားထုတ်ကာ ဂုမ္ဘာန်၏လည်မျိုအား ဖြတ်ကန်လိုက်သည်။

'ဖျောင်း ...'

''အား''

ကန်ချက်က ပြင်းသဖြင့် ဂုမ္ဘာန်ခမျာ ခြေလွတ်လက်လွတ်ဖြင့် လှေကားထိပ်မှ ပြုတ်ကသွားပါလေတော့သည်။ ငှက်ခါးမှာလည်း ပစ်ပေါက်လိုက်သောအရှိန်ဖြင့် လှေကားအောက်ခြေထိ ရောက်ကာ ကြမ်းပြင်နှင့်ဦးခေါင်းဆောင့်မိပြီး ခွေခေါက်ငြိမ်သက်သွားပါတော့သည်။

'ဘုန်း ..ဘုန်း'

တစ်ချိန်တည်းမှာပင် လှေကားထိပ်မှ လည်မျိုကွဲကာ လွင့်ကျလာသည့် ဂုမ္ဘာန်၏ခန္ဓာကိုယ်ကြီးမှာလည်း အုတ်နံရံကို အုန်းခနဲဝင်ဆောင့်ကာ ကြမ်းပြင်ထက်သို့ ဘုန်းခနဲပြုတ်ကျပြီး





တစ်ချက်နှစ်ချက်တွန့်ကာ ငြိမ်သက်သွားပါလေတော့သည်။

'ဘုန်း ..'

''အင့်''

ထိုမြင်ကွင်းကို ဝရန်တာမှမြင်လိုက်ရသူက ...စနေ။ မျက်လုံးများပင် ပြာဝေသွားပြီး ငှက်ခါးရှိရာသို့ ဝရန်တာပေါ်မှ လွှားခနဲ ခုန်ချလိုက်သည်။ ပြီးလျှင်လှေကားခြေရင်းတွင်လဲကျနေသည့် ငှက်ခါးကို ပွေ့ထူလိုက်သည်။

''ငှက်ခါး ...ငှက်ခါး ...ငှက်ခါး''

''အီး ...အင်း ...ငါ ...ငါ ...တာဝန် ...ကျေကျေ ...ပါတယ်နော် ...တပ်မှူး''

ငှက်ခါးမှာ လည်ပင်းရိုးထိသွားသည်ထင့် ...။ ဦးခေါင်းတွင်လည်း သွေးများက ရွှဲနစ်နေသည်။ စကားပြောရာတွင်ပင် မပီသချင်တော့။ မျက်လုံးအစုံမှာ ပြာဝေလျက်ရှိပြီး သူ၏အမြင်အာရုံထဲတွင် စနေ ...လေလား၊ သူ၏သွေးသောက်တပ်မှူးကြီး ယင်းတိုက်တစ္ဆေ ...မိုလ်ပေ ...လေလား မကွဲပြားတော့။

''မိုး ...မိုးကောင်းကင်ကြီးကို သစ္စာဆိုထားလို့ ထင်တယ် ...ငါတို့ဘက်ကနေပြီး ကောင်းချီးသြဘာတွေပေး ...ပေးနေကြတယ် ...သစ် ...သစ္စာတရားရဲ့ ...ရန်ကြွေး ...ဆာ ...တိုး ...ယာ ...မ ကို သုတ်သင် ...ပေး ...ပါ တပ် ...တပ်မှူး''

''စိတ်ချ ...သစ္စာဖောက်လောက်ကောင် ...ဆာတိုး



www.burmeseclassic.com

www.burmeseclassic.com



ယာမရဲ့သွေးကို မင်းရဲ့ ဟောဒီ ... ဓားကြီးနဲ့ ငါကိုယ်တိုင် ဖောက်ထုတ်ပစ်ပေးမယ်''

စနေ၏ကတိစကားနှင့် စနေကိုယ်တိုင် ဆုပ်ကိုင်ထားသည့် သူ၏သွေးစွန်းဓားကြီးကိုကြည့်ကာ ငှက်ခါး ... ယဲ့ယဲ့လေး ပြုံးလိုက်သည် ...။

''ကျော်ခေါင် ... သစ္စာဖောက်မိုလ်မျူးကျော်ခေါင် ... ဆာတိုးယာမ ... ဆာ ... တိုး ... ယာမ ... သေ ... သေရမယ်တပ်မှူး ... တပ်မှူး ... ခင် ... ခင်ဘုန်းကို မေစာင့်ရှောက် ... ပေး ... ပါ ... အား''

နောက်ဆုံးစကားများကို မှာကြားခဲ့ပြီး ငှက်ခါးတစ်ယောက် ... ငြိမ်သက်သွားပါတော့သည်။ စနေ၏စိတ်အာရုံတို့သည် ဆွေးမြည့်နာကျင်နေကြသည်။ အမြင်အာရုံတွင် လွှန်ခဲ့သော နှစ်ပေါင်းတစ်ရာနီးပါးက နောက်ဆုံးတိုက်ပွဲတစ်ပွဲကို မြင်ယောင်လာမိသည်။ ကုလားဖြူဂေါ်ရာစစ်သားများနှင့် သစ္စာဖောက်လူရမ်းကားတို့ကြားတွင် အသက်ပေးသွားသည့် ... သူ၏လက်ရုံးကြီး မိုလ်တွန်၏မျက်နှာကို ပြန်လည်၍မြင်ယောင်လာပါ၏။ စနေ ... မသိလိုက်စဉ်မှာပင် သူ၏နှုတ်ဖျားမှ စကားလုံးတချို့ ထွက်ကျသွားကြသည်။

''မင်း ... မင်း ... တာဝန် ကျေ ... ကျေပါတယ် ဘတွန်ရယ်''

ဆွေးမြည့်နာကျင်စွာဖြင့် ငှက်ခါး၏အလောင်းကို အသာ





အယာချလိုက်သည်။ ပြီးလျှင် ငှက်ခါး၏ သွေးစွန်းဓားကြီးကို ကောက်ယူကာ ... သူ၏လက်စွဲ 'ဝါးကျစ်လိမ်တုတ်တို' ကို ညာလက်တွင်ကိုင်ကာ ရန်သူတော်ကြီး ဆာတိုးယာမ ... သို့ မဟုတ် နှစ်ပေါင်းတစ်ရာနီးပါးက သစ္စာဖောက်မိုလ်မှူးကျော်ခေါင်ရှိရာသို့ တိုးဝင်လာခဲ့ပါတော့သည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာတရားတစ်ခု၏ . . . ကျိန်စာ

အပြင်ဘက်ညဥ့်ကမ္ဘာမှာတော့ မည်းမှောင်သော မုန်တိုင်းမိုးသည်းညသည် ရှူးရှူးဝါးဝါးနှင့် ချောက်ချားသွေးပျက်ဖွယ် ကောင်းအောင် အော်ဟစ်မြည်ကြွေးရင်း စစ်သားရာထောင်တို့ လုံးစွပ်တိုက်ပွဲဆင်နွှဲနေသကဲ့သို့ ကြောက်ခမန်းလိလိ ကြိမ်းဝါးဟစ်ကြွေးကာ မိုးပေါက်မိုးခဲတို့ကို လေပြင်းအကူအညီဖြင့် ကြမ်းဘမ်းစွာ ရိုက်ပုတ်သွန်းချနေကြသည်။

ပိန်းပိတ်အောင်နက်မှောင်နေသည့် မိုးကောင်းကင်ထက်မှာတော့ ဆာတိုးယာမတစ်ယောက် ဝတ်စုံနက်ရှင် မိန်းမချောလေးတစ်ယောက်၏ ကျိုးစယ်ဆော့ကစားမှုကို . . . မချင့်မရဲနှင့်





ခံစားနေရပါသည်။ တစ်နည်းအားဖြင့် သူထွက်ပြေးရန် ကြံရွယ်ထားသည့် နောက်ဆုံးတံခါးပေါက်ဝကို ပိတ်ကာ ဝတ်စုံနက် နတ်မိမယ်လေးက . . . ဓားတစ်စင်းဖြင့် ပိတ်ဆို့ထားခြင်းပင်တည်း . . . ။

အသားဝါဝါ၊ မျက်နှာသွယ်ယောင်ယောင်၊ ပါးကလေးနှစ်ဖက်က နီမြန်းနေကြသည်။ နဖူးဝင်းဝင်းလေးတွင် ခပ်ရိုင်းရိုင်းဖြာကျနေသည့် ဆံနွယ်စလေးများတွင် ချွေးသီးချွေးစလေးများက တွဲရရွဲခိုလျက် . . . ။ ဆံပင်ကို နောက်တွဲထုံး၍သိမ်းထားသည်။ ရွှန်းလက်စိုဝင်းနေသည့် မျက်လုံးလေးများက . . . ကျားသစ်ပေါက်တစ်ကောင်နှယ် စူးစူးရဲရဲနှင့် . . . ။ နီရဲနေသည့် နှုတ်ခမ်းဖူးဖူးလေးက အံကိုတင်းတင်းကြိတ်လျက် . . . ။

မှိုမောက်နေသောရင်အစုံက ဖျင်အင်္ကျီအမည်းအောက်မှ ရုန်းကြွထွက်လာတော့မည့်နှယ် . . . နိမ့်ချည်မြင့်ချည်နှင့်။ သေးကျင်သောခါးတွင် စည်းနှောင်ထားသည့် ရှမ်းဘောင်းဘီအမည်းရောင်အောက်မှ ကားစွင့်သောတင်သားနှင့် ဖြောင့်စင်းသောပေါင်တံများကို ခပ်ကားကားရပ်ကာ . . . သားကောင်ကိုချောင်းမြောင်းနေသည့် ကြိုးကြာ၏သွင်ပြင်ကိုကြည့်ရင်း ဆာတိုးယာမ . . . ရှေ့သို့ တစ်လှမ်းတက်လိုက်သည်။

''ဖယ်စမ်း . . နင့်ရဲ့အသက်ကိုနမြောရင် ဖယ်စမ်း . . . ငါ့မှာ အချိန်မရှိဘူး''

''ဟင်း ဟင်း . . . လာလေ . . . ငါ့ကိုကျော်နိုင်မှ နင်



www.burmeseclassic.com

www.burmeseclassic.com



. . . ဒီအခန်းထဲက ထွက်ခွင့်ရမယ်''

''ကိုင်းဟာ . . .''

'ရှစ် . . ရှစ် . . ထန်း . .'

ဆာတိုးယာမ စိတ်မရှည်တော့။ သူ့ဓါကင်ဒိုဓားကြီးနှင့် ပိုင်းချလိုက်သည်။ ပြီးလျှင် . . . လက်ပြန် တွက်သည်၊ ပက်သည်။ တရှမ်းရှမ်း တချက်ချက် . . . ဖြင့် မီးပွားတွေ ပြိုးပြိုးပြက်ပြက်လင်းဖြာထွက်သွားသည်။

ကြိုးကြာ နေရာမှမခွာ . . .။ ခြေကွက်ကလေးသော်မှ တစ်စက်မျှမရွေ့ . . .။ ယာခြေမြဲလျှင် ဘယ်ခြေလှုပ်၍ ဘယ်ခြေမြဲလျှင် ယာခြေသုတ်ပြီး သေးကျင်သောခါးကလေးကိုသာနွဲ့၍ ယိမ်း၍ ဆာတိုးယာမဓါဓားချက်များကို ပယ်ထုတ်သည်။

''ဟေး . . . ဟိုင်း''

''ဟိုက် . . . သေစမ်းဟာ''

ဆာတိုးယာမ ဒေါသဘီလူးစီးလာသည့်ထင့် . . . ဓားချက်များက အသေကွက်များကိုသာ ဖိ၍ . . . နင်း၍ . . . ခုတ်သည်၊ ပိုင်းသည်၊ ထိုးသည်။

'ဝှစ် . . ဝှစ် . . ဝှစ် . .'

'ထန်း . . ချွမ်း . .'

ကြိုးကြာ . . . နဖူးမှချွေးစက်များ ဖြိုင်ဖြိုင်စီးကျလာသည်။ နှာတံလေးဘေးမှ စီးကျလာသော ချွေးစက်လေးများက အံခဲထားသည့် နှုတ်ခမ်းထောင့်စွန်းကြားမှ ငံကျိကျိနှင့်စီးဝင်လာ





ကြသည်။ ဆာတိုးယာမဓါ ကင်ဒိုဓားကြီးက . . . ကြိုးကြာဓါ ခန္ဓာကိုယ်အနီးတွင် ပတ်ချာလှည့်နေသည်။ ဆာတိုးယာမ သွင်းခုတ်လာသမျှဓားချက်များကို . . . အံခဲ၍ခံသည်။

'ဝှစ် . . ထန်း . . ထန်း . .'

''အ''

သို့သော် ပြင်းထန်သောဓားချက်ကြောင့် ကြိုးကြာပခုံးကို ရှပ်ထိသွားပြီး ဒူးညွှတ်ကာလဲကျမည်ကဲ့သို့ဖြစ်သွားစဉ် . . . ဆာတိုးယာမက နောက်ဆုံးဓားချက်ကို ကြိုးကြာဓါရင်ဝဆီသို့ လျှပ်တစ်ပြက် ထိုးသွင်းလိုက်သည်။

'ဝှစ် . . ထန်း'

ရိပ်ခနဲပြေးဝင်လာသည့်အရာတစ်ခုက . . . ဆာတိုးယာမဓါ ဓားကိုင်လက်ကိုထိသွားပြီး ဓားလမ်းကြောင်းက ကြိုးကြာဓါ ရင်ဝအနီးမှ ကပ်၍လွဲဖယ်သွားပါဓါ။

''ဟိုး . . . ဟိုးထား . . . ဘယ့်နှယ့် ယောကျ်ားရင့်မာကြီးတစ်ယောက်က မိန်းမသားတစ်ယောက်ကို ရက်ရက်စက်စက် ဓားကြီးနဲ့ ခုတ်ရတယ်လို့၊ ဂျပန်မျိုးနွယ်စုတွေသာကြားခဲ့ရင် နားရှက်စရာတွေ ဖြစ်တော့မယ် . . . ဟင်း ဟင်း''

ရုတ်တရက် နောက်ဘက်မှထွက်ပေါ်လာသည့် စကားသံကြီးကြောင့် ဆာတိုးယာမ . . . ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ အနက်ရောင်ကိုယ်ကျပ်ဝတ်စုံနှင့် မြက်ခမောက်ပိုင်းကြီးကို ဆောင်းကာ လက်ထဲတွင် . . . 'ဝါးကျစ်လိမ်တုတ်တို'ကို ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လျက် ကျောတွင် ဆောင်ဓားတစ်ချောင်းကိုလွယ်ကာ သူ့အား စူးစူးနစ်နစ်ကြည့်နေသည့် အသက်နှစ်ဆယ်ရွယ်ခန့် လူရွယ်တစ်ယောက်ကို တွေ့လိုက်ရသည်။

''ဟင်း ...မင်း ...မင်း ...မင်း''

''ဟုတ်တယ် ...ကျုပ်ဟာ ယင်းတိုက်တာရွှေ စနေပဲ၊ လွန်ခဲ့တဲ့နှစ်တစ်ရာလောက်က တင်ကျန်ခဲ့တဲ့ ခင်ဗျားကြီးဆီက သစ္စာတရားမဲ့မှုအတွက် အကြွေးတစ်ခုကို လာပြီးဆပ်တာ''

စနေမှာ ထိုသို့ ဟစ်ကြွေးပြောဆိုလိုက်ပြီး လက်ထဲမှ ဝါးကျစ်လိမ်တုတ်တိုကို မျဉ်းတင်သာထောင် ..ထောင်လိုက်သည်။ ခြေကွက်ကို ဘယ်တင်ညာလှည့်ကာ ဆာတိုးယာမကို စောင့်ကြည့်နေသည်။ ထိုအခိုက် ကြိုးကြာမှာ ...သူ့ပခုံးမှ ဓားဒဏ်ရာကို လက်နှင့်ဖိကာ အခန်းထောင့်ဆီသို့ နေရာရွှေ့လိုက်သည်။

''ဟင်း ဟင်း ...မင်း ငါ့ကို ဘယ်တုန်းကမှ အနိုင်မယူနိုင်ခဲ့ပါဘူးကွာ၊ အခုလည်း မရဘူး ...နောင်သံသရာတွေမှာလည်း ဘယ်တော့မှ အနိုင်မရဘူး ဟေ့ ...ကိုင်း''

'ဂုစ် ..ဂုစ် ..ဂုစ် ..ရွှစ် ..'

ဆာတိုးယာမမှာ မထူးတော့ပြီးမို့ ...'ယင်းတိုက်တာရွှေကောင်' ထံသို့ ပြေးဝင်ခုတ်ပိုင်းပါလေ၏။ သူ၏ကင်ဒိုဓားချက်များက ...ပိတုန်းကောင်နှယ် တဝီဝီအော်မြည်ရင်း စနေ၏ခန္ဓာကိုယ်ဒန်နှံ့အပြားသို့ ဖယ်ဆက်သလို တိုးဝင်လာကြသည်။





ယင်းတိုက်တာရွှေငစနေက ...သူ၏ဝမ်းဗိုက်သားကို ချပ်၍ ဓားဦးလွတ်သည်ဆိုရုံမျှ ရှောင်ကွင်းလိုက်ပြီး မျဉ်းတင်သာထောင်ထားသည့် ဝါးကျစ်လိမ်ထုတ်တိုကို ညာလက်တစ်ဖက်တည်းဖြင့် မွှေ့ယမ်းလိုက်သည်။

'ဝိုး ..ဝိုး ..ဝိုး ..ဝိုး ..'

ယင်းတိုက်တာရွှေ၏ တုတ်လေမွှေ့သံယည် အပြင်ယံမှ ထစ်ချုန်းမြည်ဟည်းနေသည့် မိုးခြိမ်းသံနှင့် လေပြင်းတိုက်ခတ်သံနှယ် ... တဝိုးဝိုးနှင့် အော်မြည်ဟစ်ကြွေးလျက်။ တုတ်မွှေ့သံအရှိန်ကြောင့် ခြေခင်းကာ ရှေ့သို့တိုးဝင်လာသည့် ...ဆာတိုးယာမ၏ဓားကြီးပင် သွက်သွက်ခါယမ်းသွားသည်သို့ ...။

'ဝိုး ..ဖျန်း ..ဖျန်း ..ဖရမ်း ..'

ဆာတိုးယာမ လန့်ဖျပ်ကာ နောက်သို့ပင်ဆုတ်သွားရသည်။ ထို့နောက် ဆာတိုးယာမသည် သူ၏ကင်ဒိုဓားစွမ်းဖြင့် ပတ်သာ၊ မွှေ့သာ၊ လှူးသာ ဓားချက်များဖြင့် အောက်ခြေမှလည်းကောင်း၊ ခါးလယ်မှလည်းကောင်း ဝိုက်၍၊ ပတ်၍ ဓားဖျားကို လွှတ်သည်။ တစ်ဖန် ခါးနှင့်ဦးခေါင်းပိုင်းကို မလွတ်စတမ်းဖြတ်၍ ဓားစက်ကွင်းကိုပြုန်သည်။

'ဝိုး ..ဝိုး ..ရွှီး ..ဝိုး ..ရွှီး ..'

ဟုတ်သည် ...။ ဆာတိုးယာမ၏ ဓားစက်ကွင်းသည် ဒေလယ်မှဖြတ်၍ ဓားဦးထိုး၍၊ ဖြန့်၍ဝင်လာသဖြင့် ...အတန်ငယ် ယို့၍မျှမလွတ်။ စနေမှာ တိမ်း၍ယိမ်း၍ရှောင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



စက်ပိုင်းသာဓားချက်များဖြစ်သဖြင့် ဓားခင်းကိုဖြိုရန် မလွယ်ကူ။

ထို့ကြောင့် တုတ်တိုကို ညာပြောင်းလှည့်ရာမှ ဘယ်နှင့်ဆုပ်ကာ တုတ်ဖျားကို ဓားစကြားကြားမှ လျှင်လျှင်သွင်းလိုက်သည်။ ရုတ်တရက် တိုးဝင်လာသော တုတ်ဖျားကိုကြည့်ကာ ဆာတိုးယာမ ...နောက်သို့ လွှားခနဲ ဆုတ်လိုက်ရသည်။

'ဗိုး ..ဝှစ် ..'

ထိုသို့မှုမဆုတ်လျှင် စနေ၏တုတ်ဖျားက ...ဆာတိုးယာမ၏လည်မျိုကို ဖောက်သွားမည်မှာ မလွဲပင်တည်း ...။

ထိုစဉ်မှာပင် လည်ချောင်းရိုးကျိုးကာ သေဆုံးခဲ့သည့် ငှက်ခါး၏ပုံရိပ်က စနေ၏အာရုံအတွင်းသို့ တိုးဝင်လာပါ၏။ စနေ၏တစ်ကိုယ်လုံး အမျက်ဒေါသသွေးတို့က ...တဝုန်းဝုန်းနှင့် ဆူဝေလောင်မြိုက်လာကြသည်။ လက်ထဲမှ မှော်ဝင်ဝါးကျစ်လိမ် တုတ်တိုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပါ၏။

စနေ၏ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးကြောများအားလုံး ပေါက်ကွဲလွင့်စဉ်မတတ် ...။ နှစ်ပေါင်းတစ်ရာလောက်ဆီက သွေးရိုင်းများက ဆူဝေပွက်လျှံလာကြသည်။

''ဟေး''

စနေသည် သူ၏ခြေကိုခင်း၍ 'စက္ကန္ဒတုတ္တ ...' တုတ်ခင်းပညာထဲမှ မြွေဟောက်မာန်ဖီတုတ်ခင်းအတိုင်း ဝါးကျစ်လိမ်တုတ်တိုကို ဘယ်ခင်း၍ထောင်လိုက်သည်။ တစ်ခေတ်တစ်ခါက ...စစ်မှူးကြီးနေမျိုးကျော်စွာ၏ ညာလက်ရုံး သွေး





သောက်တပ်မှူး ဗိုလ်ပေခေါ် 'ယင်းတိုက်တရွှေ ငပေ'၏ စီးဝင်ပူးကပ်မှုတို့က သွေးကြောမြွှာများအနှံ့ စီးမျောတိုးဝင်လာနေကြပါပြီကော။

စနေတစ်ယောက် ...မိမိကိုယ်မိမိ ရာစုသစ်လူသားတစ်ယောက်အနေဖြင့် မခံစားရတော့ဘဲ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာနီးပါးက နယ်ချဲ့တော်လှန်ရေးသမားကြီး ...'ယင်းတိုက်တရွှေငပေ' ...အဖြစ် တိတိပပ စူးစူးနစ်နစ် ခံစားလာရပါတော့သည်။

''ဟေး ...ဟောဒီဝါးကျစ်လိမ်တုတ်တိုဟာ ရာဇဝင်ကြွေး သစ္စာကြွေးတစ်ခုကို ပေးဆပ်ဖို့ နှစ်ပေါင်းတစ်ရာလောက်စောင့်နေရတာကွ ...ဟင်း ဟင်း ...အခုတော့ အဲဒီသစ္စာကြွေးကို မင်း ...ရှောင်ပြေးလို့ မလွတ်ပါဘူးကွာ''

စနေက ...'ဝါးကျစ်လိမ်တုတ်တို' ကိုခင်းကာ ရှေ့သို့တစ်လှမ်းချင်းတိုးဝင်လာသကဲ့သို့ ...ဆာတိုးယာမက ထိတ်လန့်စိတ်ဖြင့် ကယောင်ကတမ်းဖြစ်ကာ နောက်သို့ဆုတ်သွားရသည်။

အမြင်အာရုံများလည်း မှောက်မှားစပြုလာခဲ့ပြီး သူ၏အာရုံထဲတွင် ယင်းတိုက်တရွှေငပေ၏မျက်နှာကြီးကို မြင်ယောင်လာပြီး လွန်ခဲ့သောနှစ်ပေါင်းတစ်ရာလောက်ဆီက သစ္စာတရားတစ်ခု၏ ဥဒါန်းကျူးရင့်သံကိုလည်း ပြန်လည်၍ကြားယောင်လာမိသလိုလို ...။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်သန့် အငြိုးတရား ...၊

မိုးထားတဲ့ ဓားတစ်စင်းအောက်က ...၊

မကြေတဲ့ ... အမုန်း ...၊

ဆုံးရှုံးသွားခဲ့တဲ့ ... နှလုံးသားများစွာအတွက် ...၊

သံသရာ အဆက်ဆက် ...

ဘဝတွေ အဆက်ဆက် ...

BURMESE CLASSIC .com

ဘယ်ဘဝ ... ဘယ်ကမ္ဘာ ... ဘယ်နေရာရောက်ရောက်၊

ယုတ်မာကောက်ကျစ်တဲ့ ... 'သင်း' တို့ကို ...

လက်စားချေဒဏ်ခတ်ဖို့ ...၊

ငါ့ရဲ့သစ္စာသွေးနဲ့ ...

ငါကိုယ်တိုင် ... ရေးထိုးခဲ့တယ် ...။

တစ်ဆက်တည်းမှာပင် သူ၏ရှေ့မှ ယင်းတိုက်တာရွှေငပေကလည်း ဆာတိုးယာမ၏မျက်နှာကြီးကို စေ့စေ့ရှုရှုကြည့်ကာ ဟစ်အော်ပြောဆိုလိုက်သည်။

"ဟုတ်တယ် ဆာတိုးယာမ ... လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာလောက်ဆီက သစ္စာကြွေးတစ်ခုကို မင်း ... မလွဲမသွေ ပေးဆပ်ရတော့မယ် ဆာတိုးယာမရေ"

စနေ၏အသံတွင် ... ရှေးအတိတ်နှစ်ပေါင်းတစ်ရာက ဆုဝေပွက်လျှံခဲ့သော 'ယင်းတိုက်တာရွှေငပေ'၏ ဒေါသမာန်လှိုင်းများက ပုံးဝင်စီးကပ်လာခဲ့ပါသည်။





"ဘာကွ ... သစ္စာကြွေး ... ဟုတ်လား"

"ဟုတ်တယ် ... အစ်ကိုအရင်း၊ နောင်တော်အရင်းဖြစ်တဲ့ စစ်ကဲမှူးကြီးနေမျိုးကျော်စွာကို သတ်ဖြတ်ပြီး နယ်ချဲ့ကုလားဖြူတွေကို ဆက်သခဲ့တဲ့ အကြွေးလေ ... ဟင်း ဟင်း ... ဘာလဲ ... မေ့နေပြီလား။ ဒါမှမဟုတ် မေ့ချင်ယောင်ဆောင်နေတာလား သစ္စာဖောက်ကျော်ခေါင်"

ကျော်ခေါင်ဟု ခေါ်ငင်လိုက်သည့် စနေ၏အော်သံကြီးက ဆာတိုးယာမကို ထိတ်လန့်ချောက်ချားသွားစေသည်သို့။ ဆတ်ခနဲ သူ၏ကင်ဒိုဓားကြီးကိုမြှောက်က.. ၊ စနေ၏ လွတ်ကွက်၊ ဟာကွက်ကို စောင့်နေသည်။

"ပြီးတော့ ... လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ငါ့မိဘနှစ်ပါးကိုသတ်ခဲ့တဲ့အကြွေး ...'

"ဟိုင်း"

"ဟား"

ကျော်ခေါင်ဝင်စားခဲ့သည်ဆိုသော ဆာတိုးယာမ မျက်လုံးများသည် အရှုးတစ်ယောက်သဖွယ် ... ဂနာမငြိမ်တော့။ ဆက်အောက်စုံဆန် လည်ပတ်လျက်ရှိပါပြီ။ ထို့အတူ ဆာတိုးယာမ၏ ဓားချက်များကလည်း မှုမမှန်ချင်တော့ ...။

'ဂှစ် .. ဂှစ် .. ဂှစ် .. ထန်း .. ထန်း .. ရွှစ် ..'

မုန်းတီးစက်ဆုပ်မှု၊ ခံပြင်းနာကြည်းမှု၊ အငြိုးအမုန်း အာဃာတအခိုးအလျှံများက မျက်လုံးနှစ်စုံ၏ မျက်ဝန်းများထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ပြည့်လျှမ်းလျက် ...။ အင်အားပြိုင်လျက်ရှိသော မျက်ဝန်း နှစ်စုံသည် အပြန်ပြန်အလှန်လှန် စူးစူးနစ်နစ်ကြည့်နေကြသည်။

ထိုအချိန်တွင် ...

''ဟိုက် ...ယား''

ဆာတိုးယာမက ...စနေ လစ်ပြီအထင်နှင့် ဓားသုံး ချက်တိတိကို တစ်ချိန်တည်း တစ်ပြိုင်တည်း ထိုးစိုက်ပိုင်းခုတ် လိုက်သည်။ သို့သော် ...စနေက တစ်တောင်နှစ်ပြန်မျှသာရှိ သော ဝါးကျစ်လိမ်တုတ်တို့ကို ဆွဲယူမွှေ့ယမ်းလိုက်သည့်ခဏ ... 'ဝေါ ..ဝေါ ..ဝုန်း ..ဝုန်း ..ဝေါ ..'

မိုးထစ်ချုန်းသံ၊ လေပြင်းတိုက်ခတ်သံ၊ လေဝဲစုပ်ယူသံ များ တဝီဝီ တဝေါဝေါ ...အော်မြည်လာသည်အထိ။ စနေ ...တုတ်ခင်းစကြာကို လှည့်လိုက်၊ မွှေ့လိုက်သည်။ ကြောက် မက်ဖွယ်ထွက်ပေါ်လာသည့် တုတ်မွှေ့သံကြီးနှင့်အတူ ...


ဆာတိုးယာမ၏ ကြောက်ကြောက်လန့်လန့် ဓားကြီးနှင့် လေပွေမွှေ့ရာသို့ တိုးဝင်ခုတ်ဖြတ်လိုက်သည်နှင့် ...

'ထန်း ..ချွမ် ..ချွမ် ..ဂလွမ် ..ဒေါက်'

စနေ၏ ဝါးကျစ်လိမ်တုတ်မှ ...သံချွေးတပ်ထားသည့် အဖျားပိုင်းမှ သံချွေးသည် ပြုတ်ထွက်သွားပြီး ထိုသံချွေးအပတ် ထဲတွင် နီရဲလင်းဖြာနေသည့် ပတ္တမြားကြီးတစ်လုံး လွင့်စဉ်ထွက် ကျသွားပါလေတော့သည်။

* * *





# ယင်းတိုက်တစ္ဆေနီကိုး

''ဟာ ...ပ ...ပတ္တမြား ...ပတ္တမြားကြီး ...ဒါ ...ဒါ ...ငါ့ပစ္စည်း ...ငါ့ပစ္စည်း''

ဝါးကျစ်လိမ်တုတ်တို၏ သံချွေးပြုတ်ထွက်ရာမှ လွင့်စဉ် ကျလာသည့် နီရဲလင်းဖြာနေသည့် ပတ္တမြားကြီးကို စနေ အံ့အား သင့်စွာငေးကြည့်နေစဉ်မှာပင် ...ဆာတိုးယာမက လှစ်ခနဲပြေး ထွက်သွားကာ ကြမ်းပြင်ထက်မှပတ္တမြားကြီးကို ဖျတ်ခနဲ ကောက် ယူလိုက်သည်။

တစ်ချိန်တည်းမှာပင် ...ယင်းတိုက်တစ္ဆေ စနေ၏ လက်မှ ဝါးကျစ်လိမ်တုတ်က ကုန်းကောက်နေသည့် ဆာတိုး



www.burmeseclassic.com

www.burmeseclassic.com



ယာမ၏ကျောကုန်းထက်သို့ ဘုန်းခနဲ ရုပ်ထိသွားပါ၏။

'ဝုတ် ‥ဘုန်း ‥'

''အား …အင့်''

ဝါးကျစ်လိမ်တုတ်က ကျောကုန်းကို ရုပ်ထိသွားသည့်တိုင် ဆာတိုးယာမပါးစပ်မှ သွေးတို့က ပွက်ခနဲအံကျလာခဲ့သည်။ သို့တိုင်အောင် မာန်ပြင်းသော ဆာတိုးယာမက …ဆတ်ခနဲ ကုန်း၍ထကာ ဝရန်တာဘက်သို့ ကမူးရှူးထိုး ထွက်ပြေးသွားပါလေ၏။

ဝရန်တာဘက်မှာတော့ မိုးလေတို့က တဝေါဝေါနှင့် အငြိုးတကြီးရွာသွန်းချနေဆဲ …။

''စနေ …ဟိုမှာ …ဆာတိုးယာမ ပြေးပြီ''

ကြိုးကြာ၏ သတိပေးအော်ဟစ်သံကြောင့် …စနေမှာ သတိဝင်လာပြီး နောက်ကျောတွင်လွယ်ထားသည့် ငှက်ခါး၏ ဓားရှည်ကြီးကို ဆွဲထုတ်ကာ ဆာတိုးယာမထံ ပစ်ပေါက်လိုက်သည်။

'ဝုတ် ‥ဒုတ် ‥'

''အ''

ပတ္တမြားကြီးကို ကိုင်မြှောက်ကာ မိုးရွာထဲတွင် သူရူးတစ်ယောက်နှယ် အော်ဟစ်ခုန်ပေါက်နေသည့် ဆာတိုးယာမ၏ ကျောပြင်ကြီးထဲသို့ ငှက်ခါး၏ဓားရှည်ကြီးက နက်ရှိုင်းစွာ စိုက်ဝင်စူးနစ်သွားပါလေ၏။

---

ခု နစ် စဉ် ကြယ် တာ ပေ



တစ်ဆက်တည်းမှာပင် …သစ္စာကြွေးတို့ ထပ်နေပြီဖြစ်သည့် 'ဆာတိုးယာမ'၏ အနှစ်မဲ့ခန္ဓာကိုယ်ကြီးကလည်း ဝရန်တာထက်မှ လွင့်စဉ်ပြုတ်ကျလာပြီး မြင့်မားလှသော ရဲတိုက်နံကြီးထက်မှ အဆီးအတားမဲ့ ထိုးကျသွားပါတော့သည်။

''အ …အား''

'ဘုန်း ‥ဝုန်း'

သွေးပျက်ချောက်ချားဖွယ်အသံနက်ကြီးဖြင့် ထိတ်လန့်တကြားဟစ်အော်လိုက်သည့် သစ္စာမဲ့သူ၏ပုံရိပ် …ဆာတိုးယာမ၏ အော်ဟစ်သံကြီးက မိုးသံလေသံများကိုပင် ထွင်းဖောက်ကာ အမှောင်နက်နက်ဆီသို့ ပဲ့တင်လွင့်ပျံ့သွားပါချေတော့သည်။

နှစ်ပေါင်း တစ်ရာနီးပါးခန့်က …ပေးဆပ်ရန်ကျန်ရှိခဲ့သည့် သစ္စာတရားတစ်ခု …။ ထိုနက်ရှိုင်းသော …'သစ္စာတရားတစ်ခု၏ အနှိုင်းမဲ့ဟစ်ကြွေးသံတို့သည်လည်း မိုးယံမှသည် စကြဝဠာတစ်နံတစ်လျားထိတိုင် ရိုက်ခတ်မြည်ဟည်းသွားပါချေပြီကော …။

ပိန်းပိတ်အောင်မည်းမှောင်နေသည့် ညဥ့်ကမ္ဘာတွင် …သဲသဲမဲမဲရွာသွန်းတိုက်ခတ်နေသည့် မိုးပစ္စုန်သည်ပင် သစ္စာတရားတစ်ခု၏ အောင်မြင်မှုကို ကောင်းချီးပြုသည့်အနေဖြင့် တဝေါဝေါ တဝုန်းဝုန်း …နှင့်ရွာသွန်းချနေရာမှ တစ်စ တစ်စ …မိုးသက်လေလျော့ပါးလာပြီး မိုးသည် ခပ်ဖွဲဖွဲသာ ရွာချလျက်ရှိပါလေ၏။

---

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



စောစောပိုင်းက အသံမျိုးစုံတို့ဖြင့် မြည်ဟည်းထစ်ချုန်းခဲ့သော မိုးရိပ်မိုးသားများပင် . . . ဘယ်ဝယ်ဘယ်ဆီသို့ လွင့်မျောပျောက်ကွယ်သွားကြလေပြီ မသိ။ အေးမြရွှန်းလက်သော လရောင်သည်ပင် အမှောင်တိုက်များကိုဖယ်ခွင်းကာ လင်းလက်လာခဲ့ပါပြီတည်း။ အောက်ဘက်မြေပြင်ဆီမှ 'ဆာတိုးယာမ' ၏ ကင်ပေတိုင်ဌာနချုပ်စခန်းကြီးကို အောင်မြင်စွာစီးနင်းသိမ်းပိုက်နိုင်ပြီမို့ . . . ဗိုလ်အောင်ဖေ၏တော်လှန်ရေးတပ်သားများ၏ အောင်မြင်စွာဟစ်ကြွေးသံကြီးများကလည်း မိုးယံသို့တိုင် ပဲ့တင်ညံသွားကြပါသည်။

စနေမှာ အခန်းအလယ်တွင် ကျနေသည့် ကြိုးကြာ၏မားရှည်ကို ကောက်ယူလိုက်သည်။ ပြီးလျှင် . . . အခန်းထောင့်တွင် ဒဏ်ရာနှင့်မှိုထိုင်နေသည့် ကြိုးကြာ၏ခန္ဓာကိုယ်လေးကို အသာအယာဖေးကူကာ တွဲထူလိုက်ပါ၏။

သူ့အား ရွှန်းလက်သောမျက်ဝန်းအစုံနှင့် မော့၍ကြည့်နေရှာသည့် . . . ကြိုးကြာ၏ခါးကျင်ကျင်လေးအား အသာထွေးပွေ့လိုက်သည်။ ကြိုးကြာကလည်း . . . စနေ၏ ရင်ခွင်ကျယ်ကြီးထဲတွင် နွဲ့မှီနားလိုက်ပါလေ၏။

အရှေ့ဆီမှာတော့ . . .

နေ့သစ်တစ်နေ့ကို မွေးဖွားပေးတော့မည့် နံနက်ခင်းတစ်ခု၏အရုဏ်ဦးသည် ရောင်နီများ ယှက်သန်းလင်းဖြာလျက် တိုးဝင်ဖြန့်ကျက်လာခဲ့ပါချေပြီတည်း။





ထိုအတူ . . .

အရုဏ်ဦး လေပြည်ညင်းကလေးကလည်း ညင်းညင်းသွဲ့သွဲ့တိုက်ခတ်နေဆဲ . . .။

**ယောနိသောမနသိကာရ**

**သက်မင်းဂျူလိုင်**

၂၈-၁၂-၂၀၀၈

နံနက် ၄း၃၀ နာရီ



BURMESE CLASSIC .com
www.burmeseclassic.com